www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နီကိုရဲ

# အူကြောင်ကျား

မောင်မျိုး (စီစဉ်သည်)

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၄ ခုနှစ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

# မောင်မျိုး
## (ကြောင်နှစ်ကောင်)
စီစဉ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

ကြက်ဥက ကြက်မ ဖြစ်တာလား?
ကြက်မက ကြက်ဥ ဖြစ်တာလား?
ဘယ်သူမှ တိတိကျကျ မပြောတတ်ပေမယ့်
ကြက်မဖြစ်ဖို့ သန္ဓေတည်အစဟာ ကြက်ဥပဲဆိုပါစို့. . . ။
ပြောချင်တာက သန္ဓေတည်ရာအစပါ. . . ၊
ရဲဝေဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့
သန္ဓေတည်ရာအစ . . . . .
. . . . .
. . . . .



www.burmeseclassic.com

www.burmeseclassic.com

... ... ...

*တစ်ခါတုန်းက ဖြစ်ပါသည်။*

... ... ...



"အရေးတော်ပုံ" "အောင်ရမည်"

"သခင်မျိုးဟေ့" "တို့ဗမာ"

အဲသည်တုန်းက အားလုံးလိုလိုဟာ အိမ်စောင့်နတ်တွေကများ နှင် ချထားသလား အောက်မေ့ရ၊ လုပ်ငန်းတွေလည်း ရပ်ဆိုင်းထားကြ အားလုံးလိုလိုပဲ လမ်းပေါ်ရောက်နေကြ၊ ရွာတန်းရှည်ကြီးလို စီတန်း လှည့်လည်၊ မိုက်တိုင်ဆန်ရဲ့ လက်သီးတွေလို ကျစ်ကျစ်လက်သီးဆုပ် တွေက မိုးနတ်မင်းကို မျက်နှာပြု စစ်ရေးပြ၊ ကြွေးကြော်သံတွေ မိုးလုံး ဟိန်းဖွင့်ချ၊ နံဘေးပလက်ဖောင်းတွေပေါ်က လူထီး လူမတွေရဲ့ အား ပေး လက်ခုပ်သံတွေကလည်း ဖြောင်းဖြောင်းထလို့၊ အပေါ်ဘက်က စီးမိုးကြည့်မယ်ဆိုရင်တော့ မျက်နှာပြင်ထက်ကို ခုန်ထ ကြွတက်နေတဲ့ ညနေခင်းရဲ့ လူပင်လယ်ကြီးက လှုပ်လှုပ်ရွရွ၊ ခေတ်စနစ်တစ်ခုကို ပြောင်းလဲပစ်ဖို့ ပြည်သူတွေအားလုံး အုန်းအုန်းထ အရေးဆိုကြတဲ့ လူထု ဆန္ဒ ဖော်ထုတ်ကြတဲ့ကာလ၊ မှတ်မှတ်ရရ ၁၉၈၉ ခုနှစ်ရောက်ခါ လေးလသာသာပဲ လိုတော့တဲ့အချိန်။

လူတွေက လမ်းပေါ်မှာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်နေကြ သည်။ စနစ်တကျ အစီအစဉ်ဆွဲလျက် တည်ဖွဲ့လေ့ကျင့်ထား ထွက်လာ

www.burmeseclassic.com



ကြခြင်းမျိုးမဟုတ်ဘဲ ဝုန်းခနဲ ပေါက်ကွဲ ဆူကြွပွင့်ထွက်လာခြင်း ဖြစ်သည်။ သည်တော့လည်း ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ် ကိုယ့်အထာနှင့် ကိုယ် ဖြစ်နေသည်။ ဦးဆောင်သမ္မုပြုသူတွေက ယုံကြည်ချက်နှင့် ရှေ့က သွားနေသည်ဆိုသော်ငြား တော်တော်များများကတော့ နှစ်နှစ်ဆယ်ကျော် လူ့ပါးဝ နင်းခြေခံခဲ့ရသည်တို့ကို မကျေနပ်သော စိတ်နှင့် နောက်မှ လိုက်နေကြသည်မှလွဲ၍ ဘယ်ကို ဦးတည်နေမှန်း ခြေခြေမြစ်မြစ် မသိမြင်ကြ။ သူများယောင်၍ လိုက်ယောင်ကြသူတွေက ဒုနှင့်ဒေး၊ ဤ ဒုနှင့်ဒေးတွေထဲမှာ သည်ရပ်ကွက်လေးလည်းပါသည်။

သည်ရပ်ကွက်လေးနှင့် အသွေးတူ အချင်းတူ သူ မသာ ကိုယ် အသုဘဖြစ်လေသော ရပ်ကွက်သုံးကွက်ကလည်း ပတ်လည်မှာ ရှိနေသည်။ အရှေ့-အနောက်လမ်းမကြီးနှင့် တောင်မြောက်လမ်းမကြီးတို့ ပိုင်းဖြတ်ရာ လမ်းဆုံ၏ ထောင့်လေးထောင့်တွင် ဤရပ်ကွက်လေးခုက ထောင့်ချင်းဆိုင်လျက် တည်ရှိသည်။ အနှီရပ်ကွက် လေးရပ်ကွက်အား လွယ်လွယ်ပဲ အမည်သတ်မှတ်လိုက်ပါမည်။

ဆိုပါစို့။ (က) ရပ်ကွက်၊
(ခ) ရပ်ကွက်
(ဂ) ရပ်ကွက်
(ဃ) ရပ်ကွက်. . . ဟူ၍. . . ။

○

ဆိုခဲ့သည့်အတိုင်းပါပဲ။ ကာလအခြေအနေအရ သူများယောင်၍ လိုက်ယောင်ခဲ့ခြင်းဖြစ်သည်။ (က) ရပ်ကွက်၏ ထိပ်တွင် ဟောပြောရန် စင်မြင့်တစ်ခုရှိသည်။ ဘယ်သူတွေ တက်ဟောဟော ပြောပြော ဟောလို့ ပြောလို့ရသည်။ ရပ်ကွက်ကို ကြောက်၍သာ အသံချဲ့စက်ကို အသုံးပြုခွင့်ပေးထားသော ဦးဖိုးကြာက သူ့အသံချဲ့စက်ကို စိတ်မချ၍





သဘာပတိနေရာမှ ဒူးနှစ်လုံးထောင်ကာ တောင့်တောင့်ကြီးထိုင်လျက် ခေတ်ပျက်မှာ သဘာပတိဖြစ်နေရှာသည်။

မနက်တုန်းကတော့ ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော ရုပ်ရှင်မင်းသား ကျော်မောင်ကိုဦးက စင်ပေါ်တက်ကာ သရုပ်ပါပါ ဟောပြောသွားခဲ့သည့်အချိန်ကြောင့် ပရိသတ်က လမ်းနှစ်လမ်းလုံး ပြည့်သိပ်သွားခဲ့သည်မှာ ယခုအချိန်ထိ ဖုံခဲနေဆဲဖြစ်သည်။ လူဦးရေ နှစ်သောင်းကျော်မျှရှိသော ပမာဏ။

ဤမျှ များပြားလှသော လူပရိသတ်ကြောင့်ပင် အုကြောင်ကျား အတ္ထုပ္ပတ္တိတစ်ရပ်၏ မြစ်ဖျားခံရာ ကန့်လန့်ကာအဖွင့်မှာ ဤ (က) ရပ်ကွက်ထိပ် ဟောပြောစင်မြင့်ထက်မှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။

○

"လေးစားအပ်ပါသော သဘာပတိကြီးရှင်"

"ဗျာ. . . ဗျား"

ဦးဖိုးကြာမှာလည်း ဤသည်က တစ်ဒုက္ခဖြစ်သည်။ သူ့အသံချဲ့စက်လေး ကြေမွသွားသော အော်လံယူနစ်အပိုင်းအစများ ဖြစ်သွားမည်စိုး၍သာ သဘာပတိလုပ်နေရရှာသည်။ သူ့ခမျာ သူ့ကိုယ်သူ ဘာသဘာပတိမှန်း မသိရှာ။ သည်တော့ ဟောပြောသူတစ်ယောက် တက်လာတိုင်း 'သဘာပတိကြီးခင်ဗျား' ဟု တိုင်တည်ပြောဆိုလိုက်တိုင်း သူ့ကို ခေါ်သည်အမှတ်နှင့် တစ်ဗျားဗျား လိုက်ထူးနေသည်။ အခမ်းအနားမှူး ကိုတက်တူက မထူးဖို့ပြောလည်းမရ၊ အမှတ်လည်း မရှိ။

"... ... ... ... ... ... ... ... ... ...
တကယ်တော့. . . အဲဒီလူတွေဟာ လူတွေမဟုတ်ပါဘူး ခွေးတွေပါ ဖြစ်ပါတယ်ရှင့်"

"ရှိ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း . . ."

"ဖြောင်း . . ."

"ဖြောင်း . . ."

သူ့အရပ်နှင့် သူ့ဇာတ်လိုက်လည်း လိုက်ပ့ါ။ စင်ပေါ်မှာ ပုပ္ပါးဘက်မှ အငြိမ့်မင်းသမီးလေး ရန်ကုန်သူ မန်းပန်တျာ ချယ်ရီမွှေးက (ဩော်. . . ပုပ္ပါးရယ်. . . ရန်ကုန်ရယ်. . . မန္တလေး ပန်တျာရယ်. . . ချယ်ရီပန်းရယ်. . . ဘယ်လိုများ ဆက်စပ်လေသည်မသိ) အငြိမ့်မင်းသမီးလေး ချယ်ရီမွှေးက အသားလွတ် ဘလိုင်းကြီး ဆော်နေသည်ကို အောက်က ပရိသတ်ကလည်း လက်ခေါက်မှုတ်သံ၊ လက်ခုပ်သံတွေ တစ်ခဲနက်နှင့်ပါလား။

"ဒီမှာ လူထုကြီးရှင့်၊ ချယ်ရီမွှေးတို့က သေမှာ အရှင်တော့ မကြောက်လို့. . . ပေတစ်ရာမှာ ရင်ကော့လျှောက်တဲ့သူရှင့်၊ အမေလေဘာတီ မမြရင်က သေနိုင်ပါရိုးလား × × လေဘာတီရယ် × × × ပေတစ်ရာကို လျှောက်ပါလို့ × × × မြင်သလောက်ပြလိုက်ချင်ပါသည် × × × တဲ့"

"မပြပါနဲ့. . . အဲလောက်ကြီး မပြပါနဲ့" ဟူသော ပရိသတ်အသံ၊ နောက် "ရှူး" "ဖြောင်း" "ဖြောင်း" ဟူသော အားပေးသံတွေ။

သည်အခိုက်မှာပင်. . .

အသက်နှစ်ဆယ်ဝန်းကျင် လူငယ်တစ်ယောက် စင်နားကပ်လာသည်။ ပြီးတော့ စင်အောက်သို့ ဖတ်ခနဲ ဝင်သွားသည်။ ပြီးတော့ လက်ထဲမှာ ကိုင်ထားသော နှီးပြားနှင့် ကြမ်းခင်းပျဉ်ကြားမှနေ၍ တက်တူ၏ ခြေဖဝါးကို ထိုးသည်။ တက်တူ မျက်နှာတစ်ချက် ပျက်သွားကာ ခြေဖဝါးကို ဣန္ဒြေမပျက် အသာရွှေ့သည်။ မရ၊ အောက်က တစ်ခါထိုးပြန်သည်။ တက်တူ 'အား' ခနဲ အော်လိုက်မိသည်။ ပြီးမှ သတိရကာ သူ့ပါးစပ်သူ ပိတ်လျက် အောက်သို့ ငုံ့ကြည့်လိုက်သည်။ သည်မှာပင်





သူ့အား မော်ကြည့်နေသော သနားစရာ မျက်လုံးလေးနှစ်လုံးကို ကြမ်းကြားကျဲကျဲမှ မြင်လိုက်ရသည်။ စင်အောက်မှ အပြင်ဘက်သို့ တရိပ်ရိပ် ရွေ့သွားသော အရိပ်ကလေးကို တက်တူ လိုက်ကြည့်နေမိသည်။ စင်အောက်မှ ဘွားခနဲ ထွက်လာသော ဦးခေါင်းလေးကို ပထမ မြင်ရသည်။ နောက် မျက်နှာကလေး လှည့်လာသည်။ လူရွယ်တစ်ယောက် မျက်နှာက တည်တည်မှိုင်းမှိုင်း၊ အကျီအဖြူလက်ရှည် ယောပုဆိုးနှင့် အဝတ်အစားက နည်းနည်းနွမ်းသော်လည်း ကြိုးစားပြီး သပ်ရပ်အောင် ဝတ်ထားသည်။ တက္ကသိုလ်မှ ကျောင်းသားခေါင်းဆောင်တစ်ဦးပဲ ဖြစ်မည်ထင်၏။ တက်တူသည် ဘာကြောင့်များ ခြေထောက်တွေ၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားမိသည်မသိ၊ သူ့အား မော်ကြည့်နေသော လူရွယ်၏အနီး စင်ဖျားမှာ ဆောင့်ကြောင့်ထိုင်ကာ မေးလိုက်မိသည်။

"ဘာကိစ္စရှိလို့လဲ ကိုယ့်ဆရာ"

○

"ချယ်ရီမွှေးတဲ့ဟော့ သေမှာမကြောက်တတ်လို့ ပေတစ်ရာလျှောက်ပတ်တဲ့ အဇာတသတ်မ၊ ဒေဝဒတ်မ၊ ကြောက်မွေးပါရင် ဇာဂနာနဲ့နုတ်ပစ်မယ်၊ ချယ်ရီမွှေးတဲ့ တစ်မွှေးတည်းရှိတယ်ဟော့"

"မယုံပါဘူးဗျို့"

"မဖြစ်နိုင်ဘူးဗျို့" ဟူသော ပရိသတ်၏ ကမောက်ကမအသံဟွေရော၊ တဖြောင်းဖြောင်း လက်ခုပ်သံတွေရော ရောပြန့်လွင့်တက်လာသည်။ မင်းသမီးလည်း အရှိန်လွန်သွားကာ ဘရိတ်မရှိ ဖြစ်သွားသည်။ ကာရံကိုက်ပြီးရော ပြောချင်ရာ စွတ်ပြောနေသည်။

"လူထုပရိသတ်ကြီး စဉ်းစားကြည့်ပါ၊ တကယ်တော့ သူတို့ ရိုက္ခိုင်းလက်ဂန်းရှော့ကြီးနဲ့ပစ်ပြီး ဖြိုချပစ်လိုက်တာဟာ ကျောင်းသားဘုလသမဂ္ဂ အဆောက်အအုံကြီးပါရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ကိုတက်တူ ပါးစပ်ဟောင်းလောင်း ဖြစ်သွားကာ အထိတ်တလန့် မျက်နှာကြီး ရှုံ့တွသွားသည်။ ပြီးတော့ ညည်းတွားမေတ္တာပို့သည်။

"အား . . . သွားပါပြီကွာ၊ ပိုင်းနာမ. . . အမှားတွေချနေပြီဟ၊ ကျောင်းသားသမဂ္ဂပါဟာ. . . ဘယ်က ကျောင်းသား ကုလသမဂ္ဂရမှာလဲ၊ ရီကွိုင်းလက်ဂန်းကိုလည်း ဂန်းရှော့ကြီးတဲ့ကွာ ဒုက္ခပါပဲ"

တက်တူ စိတ်ပျက်လက်ပျက် ညည်းရင်း သည်ဘက်အလှည့်မှာ သူ့ကို မှုန်တည်တည် မော့ကြည့်နေသော လူရွှယ်၏မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရသည်။

"သူ့ကို တိုးတိုးကပ်ပြီး နိဂုံးချုပ်ခိုင်းလိုက်ပါတော့ဗျာ၊ ကျွန်တော်တို့မှာ အချိန်က အရေးကြီးနေပြီ၊ ကျွန်တော့်သူငယ်ချင်းတွေလည်း စုရတော့မယ်၊ ကျွန်တော် ဒီစင်ပေါ်က တက်ပြောမှ ဖြစ်တော့မယ်၊ ဂါးဒီးယန်းထက် ကျွန်တော်တို့ လက်ဦးမှဖြစ်မယ်။ အချိန်မရှိတော့ဘူး၊ အရေးတော်ပုံ စတော့မယ်ဗျ"

"ဘာရယ် အရေးတော်ပုံ စတော့မယ် ဟုတ်လား"

အရေးတော်ပုံဆိုသည့်အသံကြောင့် ကိုတက်တူ မျက်လုံးပြူးကာ ကြက်သီးဖြန်းဖြန်းထသွားသည်။ ထိုင်ရာမှ ရုတ်ချည်းထကာ စင်ရှေ့သို့ လှမ်းသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရကာ ပြန်လှည့်လာသည်။

"ဒီမှာ ကိုယ့်ဆရာ စင်ပေါ်တက်ရင်တော့ သဘာပတိကို အရင်နှုတ်ဆက်ပါ၊ မဟုတ်ရင် သူစက်ကြီးဖြုတ်ပြီး အိမ်ပြန်သွားလိမ့်မယ်"

"သိပါတယ်ဗျာ၊ နေဦး . . . ခင်ဗျားရဲ့မိခင်ကြီး နေကောင်းပါရဲ့လားကို အင်္ဂလိပ်လို ဘယ်လိုပြောလဲဗျ"

လူရွယ်၏စကားကြောင့် တက်တူ၏ မျက်နှာကြီး ရဲသွားသည်။ အရေးထဲမှာ ကျောင်းသားခေါင်းဆောင်က လာနောက်နေသေးသည်။ လူရွယ်ကို ကြည့်လိုက်တော့လည်း မျက်နှာက တည်တည်နှင့်။ အင်းလေ





ဒီလို မှင်ကောင်းလို့လည်း ပညာတတ် ရှေ့ဆောင် ကျောင်းသား ခေါင်းဆောင် ဖြစ်နေတာပဲဖြစ်မည်။

"ခင်ဗျားမိခင်ကြီး နေကောင်းလားဆိုတော့ အင်္ဂလိပ်လို ယူအားမားသား မျောက်ဖုန်းကင်ပေါ့ ကျောင်းသားခေါင်းဆောင်ရ ဟား. . . ဟား. . . ဟား"

တက်တူက ရယ်စရာပြောသည်ကိုပင် "ကျေးဇူးပဲဗျာ" ဟု လူရွယ်က တကယ့်ကို ကျေးဇူးတင်သည့်ဟန်နှင့် တုန့်ပြန်သည်။ မှင်ကလည်း ကောင်းပ့ါ။ ဒီလို လူငယ်တွေ ငါတို့ တိုင်းပြည်အတွက် အများကြီး လိုအပ်သည်ဟု တက်တူ တွေးလိုက်မိသည်။ တက်တူက ဖောင်တိန် ထုတ်လိုက်သည်။

"ကဲ. . . ကိုယ့်ဆရာရဲ့နာမည်လေး ပြောပါဦး"

"ကျွန်တော့်နာမည် ဂျိုးရဲ ပါ"

○

ပုပ္ပါးမှ အငြိမ့်မင်းသမီးလေး ရန်ကုန်သူ မန်းပန်တျာ ချယ်ရီမှေး မှာ 'ဇာတိမာန်' သီချင်းကို ဆိုပြီး နိဂုံးချုပ်မည် ရည်ရွယ်ထားသော် လည်း တက်တူက "သည့်ထက် မမှားစေချင်ဘူး၊ နောက်မှာ ကျောင်းသား ခေါင်းဆောင် ရောက်နေတယ်" ဟု တီးတိုးသတိပေးလိုက်မှပင် ပရိသတ် ကြီးအား ဦးညွှတ်လျက် စင်ပေါ်မှ ဆင်းသွားသည်။ သည်မှာပင် တက်တူ သည် ဝင့်ကြွားစွာဖြင့် ပရိသတ်၏ နှလုံးသားအား ဆွဲကိုင်လှုပ်လိုက် ပါတော့သည်။

"လူထု ပရိသတ်ကြီးခင်ဗျာ၊ အချိန်မရှိတော့ပါဘူး၊ အခုပဲ ကျောင်း သား ခေါင်းဆောင်က ကျောင်းသားတွေကို စုနေပါပြီ။ ဂါးဒီးယန်းထက် လက်ဦးမှု ယူလိုက်ပါပြီ၊ အရေးတော်ပုံ စပါတော့မယ်တဲ့။ အခု စင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့သူက ဂျိုးဖြူ မဟုတ်တဲ့ ရဲရဲတောက် ကျောင်းသား ခေါင်းဆောင် ဂျိုးရဲ ဖြစ်ပါတယ်ခင်ဗျား"

လက်ခုပ်သံတွေက မိုးယံသို့တိုင် လွင့်ပျံတက်လာသည်။ ဂျိုးရဲဆိုသော လူရွယ်သည် မှုန်တည်တည်မျက်နှာနှင့် စင်ပေါ်ရောက်လာ၏။ မိုက်ကရိုဖုန်း ရှေ့မှာရပ်လိုက်ပြီး သဘာပတိကြီးကို ဦးဆုံး နှုတ်ဆက်လိုက်သည်။

"လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား"

"ဗျား. . . ဗျား. . . "

"ယူအာမားသား . . . မျောက်ဖုန်းကင်ပါ ခင်ဗျား"

"ငါ့အမေက မျောက်ဖုန်းမကင်ဘူး၊ မင်းကြီးဒေါ်ကြီးသာ မျောက်ဖုန်းကင်တာကွ"

သဘာပတိကြီး ဦးဖိုးကြာ ဒေါသနှင့် ကုန်းထပြီးမှ ကျောင်းသားခေါင်းဆောင်ပါလားဆိုသောအသိကြောင့် ရုတ်ချည်းပင် ပြန်ထိုင်လိုက်သည်။ ဒါကို ဂျိုးရဲက မသိ။ ဂျိုးရဲ၏ အာရုံက စင်အောက် ပရိသတ်တွေထဲမှာ သူ့ကျောင်းတော်သားတွေနှင့် တွေ့လိုသည့် မျက်နှာလေးတစ်ခုကို ကျီးကန်းတောင်းမှောက် လိုက်ရှာရင်း လူထုကြီးကို ဦးညွှတ်လိုက်သည်။

သည်မှာပင်. . .

ပရိသတ် လူအုပ်ကြီးထဲမှ အသက်နှစ်ဆယ်ဝန်းကျင် ဖြူဖြူပါးပါး ကောင်မလေးတစ်ယောက်သည် မယုံနိုင်သော ဒွိဟစိတ်တွေနှင့် သူမ၏ မျက်လုံးနှစ်လုံးကို ပွတ်သပ်ကာ စင်ပေါ်သို့ ကြည့်နေ၏။ အကွာအဝေးက ကိုက်လေးရာကျော် အနည်းဆုံးရှိသည့်အကွာအဝေး သဲသဲကွဲကွဲ မြင်နိုင်သည့် အကွာအဝေးမဟုတ်၊ ဒါပေမယ့် ဒင်းရုပ်ကို ခွေးချီပြေးသွားတောင်မှ ဘယ်နေရာရောက်ရောက် သူမ မှတ်မိနေသည်။ အို. . . မျက်စိစုံလုံးမှိတ်ထားတောင်မှ သူမ မှတ်မိနေပါသည်။ သေ





ချင်းဆိုး ကာလနာ. . . ရာရာစစ နင်က ဘာတွေများ ဟောပြောတတ်လို့ စင်ပေါ်တက်ရတာလဲ။

ဒါပေမယ့် သူမ ရင်ထဲမှာတော့ အေးစိမ့်ချိုမြနေပါသည်။

○

ဂျိုးရဲဆိုသော ကျောင်းသားခေါင်းဆောင်ဆိုသူသည် စင်ထက်မှနေ၍ လူထုကြီးအား လက်အုပ်ချီလျက် တောင်းပန်သမှုပြုကာ သူ၏ဟောပြောချက်အား နိဒါန်းကန့်လန့်ကာ ဖွင့်လှစ်လိုက်၏။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိပါဘုရား၊ ရတနာသုံးပါးအား ရိုကျိုးစွာ ရှိခိုးဦးထိပ်ပန်ဆင်လျက် ကျွန်တော် မောင်ဂျိုးရဲမှ လူထုကြီးအား ဦးစွာ ဂါရဝပြုလိုက်ပါသည်ခင်ဗျား၊ လူထုကြီး ခင်ဗျား ကျွန်တော်ဟာ ဒီစင်မြင့်ကို မလွဲမရှောင်သာလို့ သမိုင်းပေး တာဝန်အရ တက်လာခဲ့ရတဲ့သူ ဖြစ်ပါတယ်။ အမှားပါရင် ခွင့်လွှတ်ပါ ခင်ဗျား"

"ရှိ. . . "

"ဖြောင်း . . . "

"ဖြောင်း . . . "

"ဖြောင်း . . . "

"ကျွန်တော်ဟာ ကျောင်းသားခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ထင်တဲ့ ပညာတတ်တက္ကသိုလ်ကျောင်းသားသူရဲကောင်းတော့ မဟုတ်ပါဘူး၊ ကျွန်တော်က ဘုန်းကြီးကျောင်းသားပါ"

လူထုကြီးသည် 'ဝါး' ခနဲ ပွဲကျသွား၏။ သူ့စကားမှာ အမှားမပါပါ။ ရယ်စရာလည်း မပါပါ၊ ဘာကြောင့်များ 'ဝါး' ခနဲ ပွဲကျသွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်မသိ။ သူ အမှန်အတိုင်းပြောသည်ကို ရယ်စရာ ပြောသည်ဟု ထင်နေသော လူထုကြီးအား ဂျိုးရဲသည် ပါးစပ်အဟောင်းသားနှင့် ကြောင်ကြည့်နေရာမှ သူ ဆက်လုပ်ရမည့်အလုပ်ကို သတိဝင်သွားလေသည်။

"လူထုကြီးခင်ဗျား၊ မကြာခင်မှာ ကျွန်တော်တို့ အရေးတော်ပုံ စပါတော့မယ်။ ကျွန်တော်နဲ့ အတူလိုက်မယ့် ကျောင်းသားသုံးယောက် ဒီလူအုပ်ကြီးထဲမှာ ရောက်နေပါတယ်။ အစီအစဉ် (၁) ကျွန်တော်ရဲ့ သွေးသောက်ရဲဘော် ကျောင်းသား (၃)ယောက် ဟောဒီလူအုပ်ကြီးထဲက ထွက်လာပြီး စင်ဘေးကို လာခဲ့ကြပါ။ ရဲကိုကို ချက်ဖောင်း၊ ရဲကိုကို တာတေ၊ ရဲကိုကို ဒက်ခ်ျိး မင်းတို့ (၃) ယောက် ထွက်ခဲ့ကြပါ"

ဂျိုးရဲ၏ စကားအဆုံးမှာတော့ ရပ်နေသော လူတွေကြားထဲမှ ရိုရိုတိုးထွက်လာသော လူရွယ် (၃) ယောက်ကို တွေ့လိုက်ရသည်။ ဂျိုးရဲထက် (၄) နှစ်လောက်ငယ်ကြမည်။ (၃) ယောက်လုံး တူညီဝတ်စုံနှင့် ဖြစ်သည်။ (၃) ယောက်လုံး အင်္ကျီမပါကြ၊ (၃) ယောက်လုံး ဖိနပ်မပါကြ။

လူအုပ်ကြီးထဲမှာတော့ ဟိုနေရာကွက်ကွက် သည်နေရာကွက်ကွက် တီးတိုးပြောဆိုသံတွေက ဟိုနားတစ်စ သည်နားတစ်စ ခြေရာထင် ကျန်ရစ်ခဲ့သည်။

"ဟိုသုံးယောက်ကို ကြည့်စမ်း၊ ရပ်ဖျက်ထားတာများ ပီပြင်လိုက်တာကွာ၊ တကယ့် ဘုန်းကြီးကျောင်းသားတွေအတိုင်းပဲ။ ဒါကမှ ပြည်သူလူထုကို တကယ် ဦးဆောင်တိုက်ပွဲဝင်မယ့် ကျောင်းသားတွေကွ"

"ဗိုလ်ချုပ်အောင်ဆန်းတို့လည်း ဂျပန်ကို စစ်ပညာသွားသင်တော့ အခုလိုပဲ ရုပ်ဖျက်ပြီးသွားကြတာကွ"

စင်စစ်အားဖြင့် တကယ့်ဘုန်းကြီးကျောင်းသားအစစ်တွေကို ဟန်ဆောင် ဘုန်းကြီးကျောင်းသားတွေဟု သူတို့ထင်နေကြလေသည်။





"ဒက်ခ်ျိးဆိုတဲ့ ကျောင်းသားခေါင်းဆောင်ကို ကြည့်လိုက် တွေ့လား၊ တစ်ခေါင်းလုံး ဒက်တွေအပြည့်၊ ကျောမှာလည်း ပွေးကွက်တွေနဲ့၊ ဘယ်လိုများ လုပ်ထားလဲ မသိဘူးကွာ"

သည်အခိုက်မှာပင် စင်ပေါ်မှ ဂျိုးရဲက ချောင်းတစ်ချက် ဟန့်လိုက်သည်။ လူထုကြီးမှာလည်း မီးကို ရေဖြန်းလိုက်သည့်နှယ် ရုတ်ချည်း ငြိမ်ကျသွားသည်။

ဂျိုးရဲသည် အစီအစဉ် (၂) အား ဆက်၍ ဖွင့်ချဖောက်ခွဲပစ်လိုက်ပါတော့သည်။

○

"လူထုကြီးခင်ဗျား၊ အခုလို တက်ရောက်လာတဲ့ ပရိသတ်ကြီးထဲမှာ ဖခင်အမည် ဦးနေမင်း ဖြစ်ပြီး ကိုယ့်နာမည်ရဲ့နောက်မှာလည်း နေမင်းဆိုတာ ထည့်မှည့်ထားတဲ့ အသက် (၁၉) နှစ်အရွယ် မိန်းကလေးပါရင် မတ်တတ်ရပ်နေခဲ့ပါ။ ကျန်တဲ့လူတွေ ကျေးဇူးပြုပြီး ထိုင်ပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား"

ခြေတောင့်အောင် မတ်တတ်ရပ်နေကြသည်မှာ ကြာပြီဆိုတော့လည်း လူအုပ်ကြီးမှာ ထိုင်ချင်သည်နှင့် အတော်ဖြစ်သွား၍လားမသိ အားလုံး စိတ်ပါလက်ပါ ထိုင်ချလိုက်ကြပါတော့သည်။ အသက် (၁၉) နှစ်အရွယ် မိန်းကလေး (၄) ယောက် မတ်တတ်ရပ်လျက် ကျန်ခဲ့သည်။ သည်အထဲမှ ကုလားမလေးတစ်ယောက်ကို နံဘေးမှ လူကြီးက မော့ကြည့်လျက် မေးလိုက်သည်။

"ဟဲ့. . . အမိနာ၊ နင့် ပါးပါးက ဦးနေမင်းလား"

"မဟုတ်ဘူး အားကိုဂျိး၊ အမိတားရှာရွတ်ခန်းကပူးပါ"

"ဒါဆိုလည်း ထိုင်ဟာ၊ အခုဟာက ဖအေနာမည်တူနေတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် အန္တရာယ်ကြီးတယ်မှတ်လဲ။ ဒီကျောင်းသားခေါင်းဆောင်တွေကို လျှော့မတွက်နဲ့ အမိနာ"

ကုလားမလေးနှင့်အတူ နောက်တစ်ယောက်ပါ အထိတ်တလန့်နှင့် ထိုင်ချသွားသည်။ မိန်းကလေးနှစ်ယောက် ရပ်ကျန်ခဲ့သည်။ တစ်ယောက်က ညိုညို၀၀၊ တစ်ယောက်က ဖြူဖြူပါးပါး၊ သည်အခိုက်မှာပင် စင်ပေါ်မှ ဂျိုးရဲက မိုက်ခွက်ကြီးနှင့် ပြောလိုက်သည်။

"လူထုကြီးခင်ဗျား၊ ဒီကနေ့ကတော့ ကျောင်းသားခေါင်းဆောင် ဂျိုးရဲက ဦးနေမင်း ဆိုတဲ့ ဂါးဒီးယန်းကြီးကို နေ၀င်သွားအောင် အပြတ်ဖြတ် အရေးဆုတ်ပစ်မယ့်နေ့ပါပဲခင်ဗျား"

"ရှိ. . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ကျွန်တော်ပြောတဲ့ ဦးနေမင်းဟာ ဟောဟို (ဂ) ရပ်ကွက်ကပါ။ ဂါးဒီးယန်းဂျူစက်ကို ပိုင်တဲ့ ဂါးဒီးယန်း ဦးနေမင်းပါ။ အဲဒီ ဦးနေမင်းရဲ့ သမီးသာ မတ်တတ်ရပ်ကျန်ခဲ့ပါ၊ ကျန်တဲ့ မိန်းကလေး ထိုင်ပေးပါခင်ဗျား"

ညိုညို၀၀ ကောင်မလေး ပျော်ရွှင်စွာ ထိုင်ချလိုက်သည်။ ဖြူဖြူပါးပါး ကောင်မလေးတစ်ယောက်တည်းသာ မတ်တတ်ရပ်ကျန်ခဲ့သည်။ အသားကဖြူဖြူ လူပုံက ပါးပါး နေပူထဲမှာ ထီးတည်းမတ်တတ်ရပ်နေသော်ငြား နှုတ်သီးကောင်း လျှာပါးဆိုတော့ သူမသည် ဂျိုးရဲအား ဤသို့ မေတ္တာထားကာ လှမ်းအော်လိုက်၏။

"သေချင်းဆိုး ကာလနာ ဂျိုးရဲ၊ နင်က ဘာကောင်မို့လို့ ငါ့အဖေကို အရေးဆုတ်မယ် ပြောရတာလဲ ရာရာစစ"

သူမ အသံစူးစူးလေးနှင့် အော်သော်ငြား ကိုက်လေးရာကျော်လောက် အနည်းဆုံးရှိမည့် အကွာအဝေးမှာ ဂျိုးရဲက ကြားနိုင်ပါမည်တဲ့လား။ ဂျိုးရဲက မိုက်ခွက်နှင့်ပြောသည့်အတွက် သူပြောသည်ကို သူမ





ကြားနိုင်သော်လည်း သူမ ပြောသည်ကို ဂျိုးရဲ မကြားနိုင်ပါ။ သို့ဆိုပါလျှင် အပြန်အလှန် ပြောဆိုဖို့ ခက်ခဲပါချေပြီ။ သည်အခိုက်မှာပင်. . .

လွယ်အိတ် စလွယ်သိုင်းထားသော လူရွယ်တစ်ယောက် လူတွေကြားမှ ကုန်းကုန်း ကုန်းကုန်းနှင့် တိုးဝှေ့ကာ ကောင်မလေးအနားသို့ ရောက်လာ၏။ ဤသူငယ်မှာ နှယ်နှယ်ရရ မဟုတ်ပါ။ ယခုအချိန်မှာ ပန်းချီဆရာလေး ဖြစ်သော်ငြား နောင်အခါတွင် ရင်ထဲက မိတ္တူဟူသော နာမည်ကြီး ဒါရိုက်တာဖြစ်လာမည့် ပန်းချီဆရာလေးဖြစ်သည်။ လူရွယ်သည် ကောင်မလေးအနီးသို့ ရောက်သည်နှင့် ရိုက်ကွင်းတွင် သုံးသည့် အော်လံကလေးအား သူ့လွယ်အိတ်ထဲမှ ထုတ်ပေးလိုက်သည်။ ဤအော်လံကလေးမှာ ဦးသန်းဖေလေးက သူ့အား ဆေးသုတ်ရန် အပ်ထားသော အော်လံလေး ဖြစ်သည်။ ကောင်မလေးသည် လက်ထဲသို့ အော်လံရောက်လာသည်နှင့် ဘာမှ စဉ်းစားမနေတော့ဘဲ ဂျိုးရဲအား အော်လံ အားကိုးနှင့် ဟစ်အော်ရန်တွေ့လိုက်သည်။

"ဒီမှာ ဂျိုးရဲ၊ သေချင်းဆိုး နင်က ဘာကောင်မို့လို့ ငါ့အဖေကို အရေးဆုတ်မယ် ပြောရတာလဲ ရာရာစစတော်"

ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပြီ။ ကျောင်းသားခေါင်းဆောင်နှင့် ဂါးဒီးယန်း ဦးနေမင်း၏သမီးတို့ ထိပ်တိုက်တွေ့ကြပြီ။

ပွဲကတော့ ကြည့်ကောင်းပြီဟု လူအုပ်ကြီးက တွေးလိုက်မိသည်၊

နှုတ်သီးကောင်း လျှာပါး၊ ဖြူဖြူပါးပါး ကောင်မလေး၏ နာမည်မှာ "ဝေသွယ်နေမင်း" ဖြစ်ပါသည်။

○

ဂျိုးရဲက မိုက်ခွက်ကို ပါးစပ်ထဲ ဝင်သွားမတတ် အနားကပ်ကာ ပြောလိုက်သည်။ တိုးတိုးလေးပြောသည့် လေသံနှင့်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဝေသွယ်၊ နင့်ကို ငါ ပြောစရာရှိတယ်။ အဲဒါ ဘယ်သူမှ သိလို့မဖြစ်ဘူး၊ ဒါကြောင့် ငါ အခုလို တိုးတိုးလေး ပြောနေတာ။ နင် သေသေချာချာလေး နားစိုက်ထောင်ပေးပါ"

ဂျိုးရဲက တကယ့်ကို နှစ်ကိုယ်ကြားစကား တိုးတိုးလေးပြောခြင်း ဖြစ်သည်။ ဒါပေမယ့် သူ တိုးတိုးလေး ပြောသည်မှာ မိုက်ခွက်ကြီးနှင့် ပြောသော တိုးတိုးလေးဖြစ်နေသည်။ နှစ်ကိုယ်ကြားစကားဆိုတော့ လည်း ဝေသွယ်နေမင်းနှင့်အတူ ကျန်လူတွေအားလုံး ခေါင်းလေးတွေ စောင်းကာ ဖြန့်ထားသော လက်ဖဝါးလေးကို နားရွက်၏ နောက်ဘက် နားကပ်ကာ နားစိုက်ထောင်နေကြလေသည်။ တတ်သည့်ပညာ မနေ သာဆိုသည့်အတိုင်း သဘာပတိကြီးကလည်း သူ့ရှေ့မှ အန်ပလီဖိုင်ယာ အား လေသံတွေဖျောက်ကာ Volume ကို တင်ပေးလိုက်သည်။ ပီသ ကြည်မြသော တိုးတိုးလေးစကားမှာ လော်ကြီးထဲမှနေ၍ လေးပြင် လေးရပ် ကြားရပါစေသတည်း ဖြစ်သွားပါတော့သည်။

"ဝေသွယ် နင် သိလား၊ ငါတို့နှစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကို ဂါးဒီး ယန်းကြီး သိသွားပြီ၊ စောစောက ငါ့ကို ခေါ်မေးလို့ ငါလည်း ဝန်ခံလိုက် တယ်၊ ငါ့ကို လက်သီးနဲ့ထိုးတယ်။ ရာရာစစကွာတဲ့၊ အနူလက်က ရွှေ ခွက်နိုက်တယ်တဲ့။ ငါ့လက်တွေ မနူသေးပါဘူး၊ နင်တို့အိမ်မှာ ရွှေခွက် ဘယ်နေရာရှိမှန်းတောင် ငါ မသိပါဘူးဟာ၊ ငါ့မှာ အဲလို ခြေဆော့ လက်ဆော့အကျင့်လည်း မရှိပါဘူး၊ ဘကြီးဘုန်းကြီးကိုလည်း တိုင်ပြီး ငါတို့ကျောင်းသားလေးယောက်ကို ကျောင်းက နှင်ချမတဲ့။ နင့်ကိုလည်း အခု ဆန္ဒပြတာတွေ အားပေးတာက ပြန်လာတာနဲ့ သေအောင်ရိုက် မယ်တဲ့။ ပြီးတော့ မျိုးမြင့်မိုရ်နဲ့ တစ်ရက်၊ နှစ်ရက်အတွင်း ချက်ချင်း ပေးစားပစ်မယ်တဲ့"

စကားက ဤနေရာအရောက်မှာတော့ ကောင်မလေး၏ ငယ်ထိပ်





အား တံတွေးဆွတ် ပုတ်ခတ် စိန်ခေါ်လိုက်သည့်နှယ် ဖြစ်သွားသည် ကောင်မလေးသည် လက်ထဲမှ အော်လံကြီးနှင့် မကျေမနပ် ပြန်အေ လိုက်၏။

"ဒီမှာ သေချင်းဆိုး ဂျိုးရဲ ရဲ့ ငါ့မျက်နှာကို ကြည့်ထား မျိုးမြင့်မို လို ငပွေငရှုပ်ကို ယူမယ့်အစား နင့်လို ဘုန်းကြီးကျောင်းသား အေ ယူပစ်မှာပေါ့ မသာရဲ့၊ ဟုတ်တယ် မဟုတ်လား"

ရုပ်ကလေးက လှတပတ စွာတေးလန် နှုတ်ထွက်ကြမ်းသော်ငြ စင်စစ် သည်ကလေးမ ဝေသွယ်နေမင်းသည် မလည်မဝယ် ထူအ ကောင်မလေးသာ ဖြစ်သည်။ ခုလည်း ကြည့်လေ။

"အဲဒါဆို ငါတို့ ကျောင်းသား လေးယောက် ညောင်ပင်သာစ ကနေ ထန်းကိုးပင်ကို စခန်းပြောင်းကြမယ်၊ နင်လည်း ငါနဲ့ လိုက်ခဲ့ တော့။ အခု ငါ့ရဲ့ ရဲကိုကို သုံးယောက် နင့်နားကို ရောက်နေပြီ ( ရုပ်ကွက်ရဲ့ ဟိုဘက်ထိပ် ဓမ္မာရုံထောင့်မှာ ငါ့ကို စောင့်နေကြ၊ ငါ နင့်ကို ကြောက်ရတဲ့သူပါ။ ဝေသွယ် နောက်ဆို ငါ့ကို အနိုင်မကျင့် ဘူး။ ကြောရရုံ မဟုတ်ဘဲ လင်ယောကျာ်းလို အတည်ကြံပြီး ရိုးမြေ ပေါင်းပါ့မယ်ဆိုတဲ့ ကတိလေးပဲပေးပါ။ ငါ နင့်ကို ဘဝလုံး ပုံအပ် ယုံမှတ်ပြီး နင့်ကို ငါ ယူပါ့မယ် ဝေသွယ်"

သည်တွင် မအူမလည် စွာတေးမ ကောင်မလေးသည် အူပွလျ လက်ထဲမှ အော်လံကြီးနှင့် လှမ်းအော်လိုက်သည်။

"ငါဟာ မိန်းမပါ ကတိပေးတယ်၊ ငါ့ကြောင့် နင် စိတ်မဆင်းရဲ ရဘူး ဂျိုးရဲ၊ ဟင်. . . ဒီ. . . ဒီကောင်. . . သေ. . . သေချင်း က ငါ့ကိုယူတော့မှာပါလား"

သူမ အငိုက်မိသွားပြီဟု သိလိုက်သည်။ သူမသည် စင်မြင့် လှမ်းကြည့်လိုက်သည်။ သည်တွင် စင်ပေါ်မှ ခုန်ဆင်းပြေးသော ဂျိုး ကို ရိပ်ခနဲ မြင်လိုက်ရ၏။ ဒါ အငိုက်မိသွားတာ ငါ အဖြ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ကိုယ်တည်းပြောရင်း သူမသည် စင်မြင့်ရှိရာသို့ ဖော်လံကို လက်တစ်ဖက်က ကိုင်ရင်း တစ်ဟုန်ထိုး ပြေးသည်။ သည်တွင် လူတစ်ယောက်နှင့် တိုက်မိမလိုဖြစ်ကာ ခန္ဓာကိုယ်လေး တစ်ပတ်လည်အသွား၌ လူတစ်ယောက်က သူမ၏လက်ကိုဆွဲကာ သူမနှင့်အတူ ပြေးမြဲ ဆက်ပြေးလေသည်။ သူမသည် ထိုသူနှင့်အတူ စင်မြင့်ရှိရာသို့ ပြေးနေမိသည်။ သူမ၏ ဘေးနှစ်ဖက်မှာ လူအုပ်စု အတန်းလိုက်ကြီးတွေ တရိပ်ရိပ် ကျန်ရစ်ခဲ့သည်။ သို့သော် သူမ ရှေ့မှာရှိနေသော ဟောပြောစင်ကြီးမှာ ပျောက်ခြင်းမလှ ပျောက်သွားကာ ဘယ်ရောက်သွားသည်မသိ။ သူမသည် ထိတ်လန့်စွာနှင့် ပြေးနေမိရင်း နံဘေးဆီ ကြည့်သော်လည်း စင်ကြီးကို မတွေ့ရတော့။ သည်တွင် သူမသည် နောက်သို့ လည်ပြန်ကြည့်လိုက်မိသည်။ လူထုဟောပြောစင်ကြီးမှာ သူမ၏ နောက်ဘက်၌ ဝေးသည်ထက် ဝေးကာ ကျန်ရစ်ခဲ့လေပြီ။ သူမသည် ယခုမှ သတိဝင်သွားကာ သူမကို လက်ဆွဲခေါ်လျက် ပြေးနေသူအား ကြည့်လိုက်၏။

"ခဏ. . . ခဏ ရပ်ပါဦး ဂျိုးရဲရယ်၊ ငါ မောနေပြီဟ အ. . . အခု ဘယ်ကိုသွားနေတာလဲဟင်"

သည်တော့မှ ဂျိုးရဲက ပြေးနေသော ခြေလှမ်းတွေကို ရပ်လိုက်သည်။ ပြီးတော့ ချစ်သူအား ပြုံးဖြီးဖြီးနှင့် ကြည့်သည်။

"နင့်ကို ငါ ယူလိုက်ပြီလေ ဝေသွယ်ရဲ့၊ အခု ရွာကို ခေါ်သွားမလို့"

"သေချင်းဆိုး" ဟု ဝေသွယ်က အံကြိတ် ကြိမ်းဝါးရင်း လက်ထဲမှာ ကိုင်ထားသော ဖော်လံနှင့် ထုပစ်ရန် လက်ကို မြှောက်လိုက်တော့ ဂျိုးရဲက အထိတ်တလန့်နှင့် ပျာပျာသလဲ ဟန့်တားသည်။

"မလုပ်နဲ့. . . မလုပ်နဲ့ ဝေသွယ်၊ ဒါ ငါတို့ရဲ့ ပထမဆုံးရတဲ့ မင်္ဂလာဦး ပစ္စည်းလေးလေဟာ"

"အယ်. . . ဟုတ်သားပဲ၊ ငါ မှားသွားတော့မလို့"





ဝေသွယ်က ဖော်လံလေးကို အမြတ်တနိုးနှင့် ရင်မှာထွေးပွေ့လိုက်သည်။ ဂျိုးရဲကလည်း ဝေသွယ့်ကို အမြတ်တနိုးနှင့် ရင်မှာ ထွေးပွေ့လိုက်ပါတော့သည်။

ဤအချိန်မှစ၍ သူမ ဘဝတစ်လျှောက်လုံး နှလုံးသားသည် ဘယ်နှကြိမ်မြောက် အငိုက်မိမှန်း မမှတ်သားနိုင်တော့ပါ။

○

ဤကဲ့သို့သော အူကြောင်ကြောင် လူရွယ်တစ်ဦးနှင့် ဤကဲ့သို့သော မအူမလည် ကောင်မလေးတို့ အကြောင်းဆက် ပေါင်းဖက်ကြပြီး (၁) နှစ်ကြာသောအခါ၌ သားယောက်ျားလေးတစ်ယောက် လောကကြီးထဲသို့ ခြေချရောက်ရှိလာခဲ့ပါတော့သည်။ ဦးနှောက်ပျက်စပြုနေသော ဗေဒင်ဆရာ ခေါင်းတုံးကြီးက ကလေး၏အမည်အား 'ရဲဝေ' ဟု နာမည်ပေး မင်္ဂလာပြုခဲ့သည်။ သည်လိုနှင့်. . .

○

နောက် (၁၉) နှစ်ကြာသောအခါ၌-

ရဲဝေသည် မြန်မာစာ အဓိကနှင့် တက္ကသိုလ်တွင် ဒုတိယနှစ်သို့ တက်ရောက် သင်ယူနေသော ကျောင်းသားတစ်ဦးဘဝသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ဤအခါကျမှ ရဲဝေ၏ နှလုံးအိမ်တွင် စီးဆင်းနေသော မြစ်တစ်စင်း၏ ဂီတသံစဉ်သည် ကမောက်ကမနှင့် ရှုန်းကန် ဆူကြွကာ လှိုက်မောဖွယ် ဂီတသစ်တစ်ခုသို့ ပြောင်းလဲသွားခဲ့ပါတော့သည်။

ပြောရမည် ဆိုပါလျှင်. . .

ကာယအလှမယ်တစ်ဦး၏ ခန္ဓာကိုယ် အချိုးအစားဖြစ်သည့် (၃၅-၂၃-၃၉) ဟူသော ကိန်းဂဏန်းလေးများမှ အူကြောင်ကြောင်နှင့်စ၍ ပြောရမည်ဖြစ်ပါသည်။

. . . ၃၅-၂၃-၃၉ . . . တဲ့။

■



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)

### ကံကြမ္မာထဲက... လူ...

*ခွေးအူတော့... ကျက်သရေမရှိ...၊*
*မျောက်အူတော့... တောခြောက်...၊*
*မီးခိုးအူတော့... မျက်စိစပ်...၊*
*ငါးအူတော့... ချက်စားလို့မရ...၊*
*ဪ...*
*လူအူတော့လည်း...*
*လောကကြီးနဲ့ခွင်မကျဘဲ... အံချော်...။*



## အခန်း (၁)

"သုံးဆယ့်ငါး-နှစ်ဆယ့်သုံး-သုံးဆယ့်ကိုး"

၃၅-၂၃-၃၉ ဟူသည့် ဂဏန်းခြောက်လုံးကို သူက စာအုပ်ထဲမှာ လိုက်မှတ်ကာ အကွာရာတင်လိုက်သည်။ ပြီးတော့...

"၃၅-၂၃-၃၉ ဆိုတော့ ရှေ့က ဇီးရိုး-ဝမ်း-သုည-တစ်ခံရမှာပေါ့။ အဲလောက်တော့ ကျွန်တော် နပ်ပါတယ်ဗျာ... သူက ရန်ကုန်မှာ နေတာပဲ... ရန်ကုန်ဆိုတော့... ဇီးရိုးဝမ်းလေဗျာ ဟား ဟား ဟား"

ရဲဝေက သူ့တွက်ဆချက်ကို သူ့ဘာသာ ကျေနပ်နေသည်။ သဘောကျစွာ ရယ်မောလိုက်ရင်း သူ့ရှေ့မှာ ထိုင်နေသည့် မစ္စတာအဘိမာန်အား ကြည့်လိုက်သည်။ မစ္စတာအဘိမာန်သည် "ဘယ်ဆိုးလို့လဲ... ရှေ့ကို နှစ်ကွက်လောက် ကြိုမြင်တဲ့လူပဲ...၊ ဒီလိုမှပေါ့ဗျာ" ဟူ၍ သူ့အား ကောင်းချီးမင်္ဂလာ ပြုရှာပေလိမ့်မည်ဟု ထင်ထားသည်။ ဒါပေမယ့် သူထင်သလို ဖြစ်မလာခဲ့ပါ။ သူ့အား စိတ်ပျက်လက်ပျက်နှင့် ကြည့်နေသော မစ္စတာအဘိမာန်၏ မျက်နှာကြီးကို ရင်ဆိုင်လိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com



အခါ၌ တစ်ခုခုတော့ လွဲချော်သွားပြီဖြစ်ကြောင်း အလွဲများနှင့် ယဉ်ပါးနေကျ သမ္မာအရ သိလိုက်သည်။

ကင်တင်းရှိ ဦးကျော်ကြီး၏ လက်ဖက်ရည်ဆိုင်လေးမှာ တစ်စားပွဲတည်း ထိုင်လျက် စကားပြောနေကြသော်လည်း မစ္စတာအဘိဓာန်နှင့် ရဲဝေတို့မှာ သိကျွမ်းသူတွေ မဟုတ်ကြပါ။ သူတို့နှစ်ဦး တွေ့ဆုံကြသည်မှာလည်း တစ်နာရီပင် မပြည့်သေးပါ။ ဒါပေမယ့် ရဲဝေလို ကျောင်းသားမျိုးအတွက် မစ္စတာအဘိဓာန်လို ကျောင်းသားမျိုးကလည်း လိုအပ်နေပြန်သည်။ စင်စစ်မှာမူ မစ္စတာအဘိဓာန်၏ အမည်ရင်းမှာ အောင်ဇော်လတ် ဖြစ်သည်။ "လူတစ်ကိုယ် ဝါသနာတစ်မျိုး" ဆိုသည့်အတိုင်း အောင်ဇော်လတ်၏ ဝါသနာထုံရာမှာ ကျောင်းသူကလေးများ၏ Biography ကိုယ်ရေးရာဇဝင်ကို သူသိသမျှ ရှာဖွေတွေ့ရှိသမျှ အားလုံးအား စာအုပ်ထူကြီး တစ်အုပ်ထဲမှာ မှတ်တမ်းပြုစုခြင်း ဖြစ်သည်။ သည်တော့ ကျောင်းသား ငနတွေမှာ ကိုယ်ကြိုက်နှစ်သက်သော ကျောင်းသူတစ်ဦး၏အကြောင်းကို သိလိုကြတော့ အောင်ဇော်လတ်ထံ ချဉ်းကပ်မေးမြန်းတတ်ကြစမြဲ။ သည့်ကြောင့်လည်း အောင်ဇော်လတ်ခမျာ နာမည်ရင်းပျောက်ကာ "မစ္စတာအဘိဓာန်" ဟူ၍ အမည်နာမ စွဲထင်သွားခြင်း ဖြစ်သည်။

ဦးကျော်ကြီး၏ "အရီးကျော့ တီးရှော့" သည်ကား မစ္စတာအဘိဓာန် တစ်ယောက်နား ကျောက်ချရာ ဆိပ်ကမ်းသာဖြစ်သည်။ သည်နေ့မှာလည်း ခါတိုင်းလို လက်ဖက်ရည်ကျဆိမ့် တစ်ငုံတစ်ကျိုက်လေး စီးမြောလိုက် စီးကရက်လေးတစ်ဖွာတစ်ရှိုက် စူဆိုက် (Suicide) မှန်းမသိ ရှူရှိုက်လိုက်နှင့် နေသားကျနေချိန်မှာပင် ကျီးကြည့်ကြောင်ကြည့်နှင့် ဆိုင်ထဲဝင်လာသော ကျောင်းသားတစ်ယောက်ကို မစ္စတာအဘိဓာန် သတိပြုမိလိုက်သည်။ ဆိုင်မှာ မြင်ရနေကျ မျက်နှာမျိုးမဟုတ်၊ သည်တော့ ပိုပြီး သတိထားရမည်ဟု နှလုံးသွင်းခိုက်မှာပင် အနီကျောင်း





တော်သား၏ လက်ထဲမှာ ကိုင်လာသော ရွှေရောင် စီးကရက်ဘူးအတောင့်ကြီးကို မြင်လိုက်ရတော့ သူ့ရင်သည် 'ဒိန်း' ခနဲ ခုန်သွားကာ ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။ ဘုရား. . . ဘုရား. . . သည်အူတူတူကောင်သည် မိမိထံသို့ ရောက်လာမည့်သူ မဟုတ်ပါစေနှင့် ဘုရား။ ဒါပေမယ့် သူ့ဆုတောင်းမပြည့်ပါ၊ အနီကျောင်းတော်သားသည် ပထမဆုံးစားပွဲရှိ ရည်းစားစုံတွဲမှ ယောကျ်ားလေးအား မေးလိုက်သည်။ ၎င်းယောကျ်ားလေးမှာ သူနှင့်သက်တူရွယ်တူပင် ဖြစ်သည်။ မေးပုံက. . .

"ဦးလေး. . . ဦးလေးက မစ္စတာအဘိဓာန်လားဟင်"

ကြားလိုက်ရသည့်စကားကြောင့် အဘိဓာန်မှာ ခေါင်းနားပန်းကြီးသွားသည်။ သေချာသွားပြီ၊ ဤကျောင်းတော်သားမှာ သူ့ကို လိုက်ရှာနေသောသူ ဖြစ်သည်။ လူကောင်သေးသေး ဖြူဖြူပါးပါးနှင့်ပုံစံက ပါးရည်နပ်ရည် ရှိမည်ထင်ရသော်လည်း ရွယ်တူကို ဦးလေးခေါ်သည့် အပြုအမူကို ကြည့်ခြင်းဖြင့် မအူမလည်ကောင်မှန်း သိလိုက်သည်။ သည်ကောင့်အား အားပေးကူညီမိပါက သေချာပေါက် ပါချုပ်ရုံးခန်းသို့ရောက်တော့မည်ဟု အနာဂတ်ကို မြင်မိသည်။ ဒုတိယ စားပွဲဝိုင်းမှ ကျောင်းသူသုံးဦးအား "ခင်ဗျားတို့ထဲမှာ မစ္စတာအဘိဓာန်ကို သိတဲ့သူရှိလား"ဟု အနီသကောင့်သား မေးနေခိုက်မှာပင် အဘိဓာန်သည် အကျီအိတ်ကပ်ထဲမှ တစ်ရာတန်ငွေစက္ကူကို ထုတ်လိုက်ကာ စားပွဲပေါ်မှာ ပန်းကန်လုံးနှင့် ဖိခဲ့ပြီး နေရာမှထ၍ နင်ဂျာတစ်ယောက်လို အသံတိတ် လစ်ထွက်ခဲ့သည်။ လွတ်ပြီ ကျွတ်ပြီဟူသည့် အသိကြောင့် ရင်ထဲမှာ ယခုမှ ပေါ့ပါးသွားသည်။ ဒါပေမယ့် ပေါ့ပါးမှုသည် ခြေလှမ်းငါးလှမ်းစာပင် မပြည့်လိုက်။ ကောင်တာမှ ဆိုင်ရှင် ဦးကျော်ကြီး၏ ဝမ်းခေါင်းသံကြီးနှင့် လှမ်းအော်သံကြီးကို သူ့ခေါင်းအား မိုးကြိုးကြီးပစ်ချလိုက်သည့်နှယ် ကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး မစ္စတာအဘိဓာန် ပြန်တော့မလို့လားကွ"

အဘိဓာန်သည် ဦးကျော်ကြီးအား တီးတိုးမေတ္တာပို့ဆဲရေးကာ လည်ပြန်လှည့် ငေးကြောင်ကြည့်နေမိစဉ်မှာပင် အနှီ မအူမလည်ကောင်သည် ဆိုင်ထဲမှနေ၍ သူ့ဆီကို အူယားဖားယား ပြေးထွက်လာ၏။ အဘိဓာန်က သတိဝင်ကာ ချာခနဲ လှည့်ပြေးသည်။ သည်မှာပင် သူ့လက်မောင်းအား နောက်မှ လှမ်းကိုင်ကာ ဆွဲယူခြင်းခံလိုက်ရသည်။

"မပြေးနဲ့ မပြေးပါနဲ့ မစ္စတာ အဘိဓာန်၊ ကျွန်တော့်ကို ကူညီပါ။ ကျွန်တော့်နာမည် ရဲဝေပါ"

ဝ

ပြေးမလွတ်တော့လည်း စားပွဲဝိုင်းကို ပြန်ရောက်လာရသည်။ ရဲဝေက လက်ထဲမှ စီးကရက်အတောင့်ကြီးကို အဘိဓာန်အား ပေးသည်။

"ရော့ပါဗျာ ခင်ဗျား စီးကရက်ကြိုက်တာသိလို့ လက်ဆောင်ပေးတာပါ။ သောက်ဗျာ . . . အဆုတ်ကင်ဆာဖြစ်ပြီး သေအောင်သာ သောက်"

ဘယ် သူတောင်းစားကများ နတ်လမ်းညွှန်လိုက်လေသည် မသိ၊ ကိစ္စတော့မရှိ၊ အတောင့်လိုက် အရာမပျက်တော့ ဆိုင်ပြန်သွင်းလို့ရသည်။

"ဒီလက်ဆောင်ကို ငြင်းလိုက်ရင် ခင်ဗျား စိတ်ထိခိုက်မှာစိုးလို့သာ လက်ခံရတာဗျ၊ ခင်ဗျားကို ကူညီရမှာ ခပ်လန့်လန့်ရယ်၊ နေဦး ပြဿနာတက်ရင် ခင်ဗျား တာဝန်ယူရမယ်။ ကျုပ်နာမည်ကို ခင်ဗျားရဲ့ အမှုတွဲမှာ လုံးဝမပါစေရဘူး။ ဘယ်သူ့မှ ဖော်ကောင်မလုပ်ပါဘူးဆိုတဲ့ ကတိတော့ပေးရမယ် ဘယ့်နှယ်လဲ"

"ဟား ပေးပါတယ် ပေးပါတယ်ဗျာ၊ ရဲဝေပါဗျ၊ ယောက်ျားပါ။ ရိုက်စစ်တောင် ခင်ဗျားနာမည်ကို ဖွင့်မပြောဘူး စိတ်ချ"





သည်တော့မှ အဘိဓာန်သည် သက်ပြင်းကြီးချလိုက်ပြီး လွယ်အိတ်ထဲမှ "လေဒီတိုင်အိုဂရပ်ဖီ" ကြီးကို ဆွဲထုတ်လိုက်သည်။

"ကဲ. . . ပြော ကိုရဲဝေ၊ ခင်ဗျားကြိုက်တဲ့ ကောင်မလေးရဲ့ နာမည်"

ရဲဝေ ခေါင်းကုတ်သည်။ ကြောင်တောင်တောင်နှင့် ကြည့်သည်။

"ပြဿနာပဲ ကျွန်တော် သူ့နာမည် မသိဘူးဗျ"

"ဒါဆို ဘယ်မေဂျာကလဲ"

"အဲ. . . အဲဒါလည်း မသိဘူးဗျ"

အဘိဓာန် ဒေါကန်သွားသည်။ ရဲဝေကို စူးစူးကြီး ကြည့်လိုက်ပြီး တုံ့ပြန်သည်။

"get out! ထွက်သွားတော့ ဒါ နောက်စရာမဟုတ်ဘူး၊ နာမည်မသိ မေဂျာမသိတဲ့ကျောင်းသူကို ကျုပ်က ဘယ်လိုရှာရမှာလဲ၊ သွား. . . သွား ခင်ဗျားပြန်တော့။ နာမည်နဲ့ မေဂျာ အရင်သိအောင်လုပ်ခဲ့၊ သိမှ ပြန်လာခဲ့"

ရဲဝေ ထွက်မသွားသေးပါ။ တိုက်ဖွိုက်ဖြစ်နေသော မျောက်နာလေး၏ သေခါနီးမျက်နှာလေးနှင့် ကြည့်နေတော့ တစ်ဖက်လူက ဘယ်လိုကြောင့်များ ကရုဏာစိတ်ဝင်သွားလေသည်မသိ သက်ပြင်းချသည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်ပြုသည်။

"ဒါဆို နေဦး ခင်ဗျားကြိုက်တဲ့ ကောင်မလေးက ဒီဆိုင်ရှေ့က ဖြတ်ပြီးသွားတတ်သလား"

ရဲဝေ၏ မျက်နှာသည် ကလေးတစ်ယောက်နှယ် လင်းလက်သွား၏။ "ဖြတ်. . . ဖြတ်တာပေါ့၊ နောက်ဆယ်မိနစ်လောက်ဆို ဒီရှေ့က ဖြတ်သွားမှာ. . . တစ်ယောက်တည်းဖြတ်တာဗျ၊ သူက ဟို. . . ရေ ဘာမာတန်းထိပ်က ကင်တင်းကို သွားတာဗျ"

www.burmeseclassic.com



"ဒါဆိုလည်း ပြီးတာပဲဗျာ၊ နာရီဝက်လောက် ကျွန်တော် စောင့်ပေးမယ်၊ ဖြတ်တဲ့အချိန်ကျ သေချာအောင်ပြ၊ လုံချည်ဘာအရောင်၊ အင်္ကျီဘာအရောင်ပေါ့ဗျာ"

သည်အခါမှာလည်း ရဲဝေ၏ မျက်နှာသည် မျှော်လင့်ရိပ်ခြည်တွေနှင့် တိမ်စင်လနှယ် ဝင်းပသွားပြန်သည်။

"ပိုင်တယ်ဗျာ၊ လူမြင်တာနဲ့ နာမည်ရော မေဂျာရော အကုန်သိတယ်ပေါ့၊ ကျေးဇူးပါပဲ၊ ပါရမီထူးပါဘိဗျာ"

ရဲဝေ၏စကားကြောင့် အဘိဓာန် ဂုဏ်မယူပါ၊ တစ်ခုခုကို သတိရသွားသည်ထင့်၊ မျက်မှောင်ကျုံ့သွားသည်။

"နေပါဦး ကိုရဲဝေ၊ ခြွင်းချက်တော့ရှိတယ်။ ခင်ဗျားကြိုက်တဲ့ ကောင်မလေးက လှရဲ့လား၊ တစ်ခုခုမှာ လှနေမှ ကျွန်တော့်စာရင်းထဲမှာ ရှိမှာဗျ၊ မလှရင်တော့ Sorry ပဲ"

အဘိဓာန်၏စကားကြောင့် ရဲဝေ ခါးမတ်သည်၊ ရင်ကော့သည်၊ ခေါင်းမော့သည်။ ပြီးတော့ ရဲဝံ့စွာ ဟစ်ကြွေးသည်။

"ကမ္ဘာပေါ်မှာတော့ အလှဆုံးပါပဲ ကိုယ့်ဆရာ"

○

ဆယ်မိနစ်ရှိပြီ။

လာလမ်းသို့ ကုလားအုတ် လည်ပင်းလို မျှော်လိုက်၊ ထိုင်လိုက် ထလိုက်နှင့် ဂနာမငြိမ်ဖြစ်နေသော ရဲဝေအား အဘိဓာန်ပင် မျက်စိနောက်သလို ဖြစ်လာသည်။ နည်းနည်းပဲဖြစ်ဖြစ် မျက်စိနောက် သက်သာရန်အတွက် အဘိဓာန်မှာ အကြံရှိပါသည်။

"ပညာရှိတို့မည်သည်မှာ တွေးကြည့်တာထက် ပြေးကြည့်တာက ပိုပြီး သေချာတယ်တဲ့ဗျ၊ ကဲ. . . ကိုရဲဝေ သူလာမယ့်လမ်းကိုသာ ခင်ဗျား ပြေးကြည့်လိုက်တော့ဗျာ"





အဘိဓာန်၏စကားကို သူ့ခမျာ မျက်နှာမပျက်သည့်အပြင် နှုတ်ခမ်းတွေက ပြုံးသွားသည်။

"အဲဒီအတိုင်းပဲ ကောင်းတယ်၊ ကျေးဇူးပဲ မစ္စတာအဘိဓာန်"

သူသည် ရုတ်ခြည်းပင် ဆိုင်ထဲမှ သုတ်သုတ်လှမ်းထွက်ခဲ့သည်၊ ခြေထောက်တွေက ချစ်သူလာတတ်သော လမ်းကလေးဆီသို့ သူ့ကို ဆက်လက်ခေါ်ဆောင်သွားလေသည်။

○

သင်္ချာစာသင်ခန်းတွေ ဖြတ်ကျော်ခဲ့သည်။ ဒသနိကဌာန ထောင့်ချိုးရောက်တော့ သူ့ခြေလှမ်းတွေ ရပ်သွားသည်။ ညာဘက်သို့ ချိုးရမည်လား၊ ဘယ်ဘက်သို့ ချိုးရမည်လား ဝေခွဲမရ။ သည်ဘက်မှာ ဓာတုဗေဒစာသင်ခန်းတွေ၊ ဟိုဘက်မှာတော့ ရူပဗေဒ စာသင်ခန်းတွေ၊ ချစ်သူသည် ဘယ်မေဂျာလဲဆိုတာ သူမသိ၊ နယ်ကျွံဆင်ရိုင်းတစ်ကောင် ဦးတည်ရာ ပျောက်နေသည့်နှယ်. . . ဗွီဟာရင်နှင့် ရပ်နေဆဲ. . .၊ ချစ်ခြင်းနဲ့ တိုင်တည်ပါတယ်၊ ကောင်မလေးရေ. . . မင်းရှိရာအရပ်ကို သိစေဖို့ မင်းရဲ့ ခြေလှမ်းတွေကို မြင်ခွင့်ကြုံပါရစေ။

ရူပဗေဒစာသင်ခန်းများဘက်မှ အရိပ်လေးတစ်ခု ရွှေ့ရွှေ့လှမ်းလာနေသည်။ တစ်ယောက်တည်းပါပဲ၊ ဘယ်လောက်ပဲ ဝေးပါစေ၊ ဘယ်လောက် များတဲ့လူတွေထဲမှာ ဖြစ်ပါစေ ချစ်သူကိုတော့ ခွဲထုတ်နိုင်ပါသည်။ စကြံလမ်းတစ်လျှောက် လှမ်းလာနေသော ကောင်မလေးအား သူသည် ငေးရပ်ကြည့်နေမိလေသည်။ ထူးဆန်းလိုက်တာ သည်လောက် အဝေးကြီးမှာတောင်မှ ကောင်မလေးဟု သိလိုက်သည်နှင့် သူ့နှလုံးအိမ်သည် ဘာကြောင့်များ အော်တိုမက်တစ် ခုန်လှုပ်သွားရပါသနည်း။

ကောင်မလေးရေ. . .

www.burmeseclassic.com



တကယ်တော့. . . အချစ်ဆိုတာ မမြင်နိုင်တဲ့ ကြိုးတွေနဲ့
တီးခတ်ရတဲ့ နတ်စောင်းတစ်လက်ပါပဲ။

○

သဒ္ဒါရည် မျက်မှောင်ကျုံ့သွားသည်။ ရှေ့မှာရပ်နေသော မလှုပ်မယှက် ကျောင်းသားကို မြင်လိုက်ရ၍ ဖြစ်သည်။ ဘယ်လို ဝေလည်းမသိ။ လူတစ်ယောက်မှမရှိသော စင်္ကြံလမ်းမှာ ပထမ ဟိုဘက်ကြည့် ဒီဘက်ကြည့် ကြည့်နေသော သည်ဝေကို သူမ Class ထဲမှ ထွက်လာကတည်းက မြင်ပါသည်။ သည်ဘက်ကို အလှည့်လိုက်မှာ သူမကို မြင်လိုက်တော့ လန့်ဖျန့်ကာ တောင့်တောင့်ကြီး ဖြစ်သွားသည်လားမသိ။ သည်တုန်းက နည်းနည်းအလှမ်းကွာတော့ မသဲကွဲမိ၊ ခု ကိုက်နှစ်ဆယ်လောက်အကွာရောက်သည်အထိ သည်လို ကျောက်ရုပ်လို တောင့်တောင့်ကြီး ရှိနေဆဲ။ ဘုရား. . . ဘုရား သည်လူ မတ်တတ်ကြီးများ အသက်ထွက်သွားပြီလား။ သည်အတွေးကြောင့် လှမ်းနေသော သဒ္ဒါရည်၏ ခြေလှမ်းတွေ ရပ်သွားသည်။

"ဟော့ကောင် ငရဲ. . . ငရဲ. . . သတိထား. . . သတိထားလေကွာ၊ ကောင်မလေးရှေ့မှာလေ၊ အဲလိုမကြောင်နဲ့၊ မင်း အခုလုပ်ရမှာက မစ္စတာအဘိဓာန်ဆီကို ပြန်သွားရမယ်၊ မြန်မြန်ပြန်မှ အချိန်မီမှာကွ၊ အဘိဓာန်ဆီ အမြန်ပြန်တော့ ငရဲ"

သူ၏ကိုယ်ထဲမှာရှိသော နာမ်ခွဲက အာရုံကို လှုပ်နိုး သတိပေးလိုက်သည်။ သည်တွင် သူသည် ဖျတ်ခနဲ သတိဝင်သွား၏။ ဟုတ်သားပဲ၊ ငါ မစ္စတာအဘိဓာန်ဆီ အချိန်မီ ပြန်ပြေးရမှာပါလား။

ကောင်မလေးအား လှမ်းကြည့်လိုက်သည်။ ကောင်မလေးသည် ရှေ့ဆက်လျှောက်မလာဘဲ ရပ်နေကာ သူ့အား ဒွိဟ မျက်ဝန်းတွေနှင့်





ကြည့်နေသည်။ သူသည် ကောင်မလေးအား အားနာသွားလေသည်၊ သည်တွင် သူသည် ခြေစုံရပ်ကာ-

ကိုရီးယားတွေလို ရှေ့ကို ကိုယ်တစ်ဝက်ကိုင်းပြီး တောင်းပန်သမှု ပြုလိုက်၏။ သည့်နောက် နောက်လှည့်ကာ ခပ်သုတ်သုတ် လှမ်းထွက်သွားသည်။ သူ့ခြေလှမ်းတွေသည် သုတ်သုတ်လှမ်းနေရာမှ မြန်လာသည်။

မြန်သည်ထက် ပိုမြန်လာသည်။ သည့်နောက် ပြေးသည့်အဆင့်သို့ ကူးပြောင်းသွားသည်။ ပြေးသည်ထက် ပြေးပါလေတော့သည်။ ကော်ရစ်ဒါ စင်္ကြံလမ်းတစ်လျှောက် ဖိနပ်နှင့် အခင်းကွန်ကရစ်တို့ အပြန်အလှန် ပါးရိုက်ကြသော တဖတ်ဖတ် မြည်သံတို့၏နောက်မှာ သဒ္ဒါရည်သည် ရဲဝေ၏ ကျောပြင်အား စူးစူးကြည့်လျက် ရပ်ကျန်နေရစ်ခဲ့လေသည်။

ဘယ်လိုလူပါလိမ့်၊ အဲဒါ ဘာလုပ်သွားတာလဲ၊ ငါ့ကို ဘာလို့ အလေးပြုသွားတာလဲ၊ ဩော်. . . ငါ့ကိုများ အာဇာနည်ဗိမာန် ထင်နေလားမသိ။

သူမ လွှလွှလေး ရယ်မိလိုက်လေသည်။

○

"ဟော့ကောင် ငရဲ မင်း စဉ်းစားပါဦးကွာ၊ မင်းနဲ့ မစ္စတာအဘိဓာန်နဲ့ အတူတွဲပြီး ကောင်မလေးမြင်လို့ မဖြစ်ဘူးကွ၊ မစ္စတာ အဘိဓာန်က ငပွေ၊ ငရှုပ်၊ တဏှာရှူးပဲ ဖြစ်လိမ့်မယ်။ ဒါကြောင့်လည်း ကောင်မလေးတွေရဲ့ ရာဇဝင်တွေကို အားလုံးသိနေတာပေါ့ကွာ၊ ဒီကောင်နဲ့အတူ မင်းကို တွေ့သွားရင် ကောင်မလေးက မင်းကိုလည်း တဏှာရှူးလို့ သတ်မှတ်မှာအမှန်ပဲ ငရဲ"

သူ၏ ကိုယ်ထဲမှာ ရှိနေသော သူ၏နာမ်ခွဲက အာရုံကို လှုပ်နိုး သတိပေးလိုက်ပြန်သည်။ သည်သတိက ပြေးနေသော သူ့ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အရှိန်လျှော့ချပစ်လိုက်၏။ ဟုတ်တာပေါ့. . . အဘိဓာန်နဲ့ ငါနဲ့ အတူ တွဲပြီးတွေ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ ကောင်မလေး ဦးကျော်ကြီး ဆိုင် ရှေ့က ဖြတ်တဲ့အချိန်မှာ ငါ ရှောင်နေရမယ်၊ မရှောင်ခင်မှာ အဘိဓာန် ကို ကောင်မလေးအင်္ကျီ ဘာရောင်၊ လုံချည် ဘာရောင်၊ လွယ်အိတ် ဘာလွယ်အိတ်ဆိုတာ အရင်သတင်းပို့၊ ဟိုက်. . . သွားပြီကွ၊ ကောင် မလေး ဘာရောင်ဝတ်ခဲ့တယ်ဆိုတာ ငါ မကြည့်ခဲ့မိပါလား။

သည်တွင် သူသည် ခန္ဓာကိုယ်ကို လှည့်လိုက်ကာ လာရာလမ်းသို့ ပြန်ပြီး ပြေးပါလေတော့သည်။ သိပ်တော့ မပြေးလိုက်ရ၊ သင်္ချာစာသင် ခန်းတွေ၏ အလယ်နားမှာ လှမ်းရွေ့လာနေသော ကောင်မလေးကို တွေ့ရသည်။ သူ့ကိုမြင်လိုက်သည်နှင့် ကောင်မလေး၏ လှမ်းလာနေ သော ခြေလှမ်းတွေ အော်တိုမက်တစ် ဘရိတ်အုပ် ရပ်တန့်သွားသည်။ သူ့ခြေလှမ်းတွေလည်း ရပ်သွားသည်။ သူသည် ကောင်မလေး၏အင်္ကျီ၊ လုံချည်၊ လွယ်အိတ်တို့ကို ဦးနှောက်မှာ မှတ်သားနေ၏။ အင်္ကျီက အဖြူ၊ လုံချည် မီးခိုးရင့်၊ လွယ်အိတ်က ကျောပိုးအိတ် ဘေးလွယ်ထားသည်။ အရောင်က အနက်နှင့် မီးခိုးစပ်ကြား၊ ဖိနပ်က အနက်ရောင်ခွာမြင့်၊ ဆံပင်က အောက်ပိုင်းမှာ ဖွဖွဖောင်းဖောင်းလေး လုပ်ထားကာ အပေါ် မှာ သူမ၏ လက်သီးဆုပ်လောက်လေး ထုံးဖွဲ့ထားသည်။ ဒါဆို သူ ကောင်းကောင်းမှတ်မိသွားပြီ။

အလိုလိုနေရင်း အားနာမိသောစိတ်က ရင်မှာ လှိုက်တက်လာ ပြန်သည်။ စောစောကလိုပဲ ခြေစုံရပ်လျက် ကိုယ်ကို ရှေ့ကိုင်းကာ ကိုရီးယားစတိုင်လ် လေးစားစွာ နှုတ်ဆက်လိုက်ပြန်သည်။ ပြီးနောက် ရုတ်ခြည်းပင် နေရာမှ ကျောခိုင်းပြေးထွက်သွားပြန်ပါချေပြီ။

သဒ္ဒါရည်သည် နေရာမှာ ရပ်နေဆဲဖြစ်၏။ လွယ်အိတ်ထဲမှ ဟန်း ဖုန်းကို ထုတ်ကာ ကင်တင်းမှာစောင့်နေရှာမည့် သူငယ်ချင်း မနှစ်ဦး ဆီသို့ ဖုန်းဆက်လိုက်သည်။





"အေး. . . မိထက်လား၊ အဲဝူရော ရှိတယ်မဟုတ်လား၊ အေး. . . နင်တို့ ငါ့ကို စောင့်ကြဦးနော်။ ငါ Maths တွေရဲ့ ထောင့်မှာ ခဏ ကျောက်ချမလို့ ဒီမှာ အနောက်တစ်ခု လာပြီး သမိုင်းငြိသလို ဖြစ်နေ လို့ဟ"

"သမိုင်းငြိရင်လည်း ဝိုင်းဖိရအောင် ခါတိုင်းလို လည်ပင်းကြိုးကွင်း စွပ်ပြီး ဒရွတ်ဆွဲခေါ်လာခဲ့"

"အေးပါ ဆယ်မိနစ်တော့ ငါ့ကို စောင့်ပေးဦး ဒါပဲနော် မိထက်"

အလိုက်အထိုက်သာ ပြောလိုက်ရသည်။ စင်စစ်မှာတော့ ဘယ် သကောင့်သားနှင့်မှ ပြဿနာမဖြစ်လိုပါ။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အေး ချမ်းစွာ အဆုံးသတ်စေချင်သည်။ သည့်အတွက် သူမသည် ပြဿနာ အရိပ်အခြည်မှ ဝေ့ဝေ့ရှောင်ထွက်လိုက်ခြင်း ဖြစ်သည်။

သည်ဘက်ဆုံး သင်္ချာစာသင်ခန်းမှာ Classမရှိ။ အထဲမှာ ကျောင်း သူ သုံးယောက် ထိုင်နေသည်။ သူမသည် အခန်းထဲသို့ ဝင်လိုက်ပြီး ကျောင်းသူသုံးယောက်၏ အစွန်မှာ ဝင်ထိုင်လိုက်သည်။ သည်မှာပင် သူမ ကျောပေးထားရာ ဝိဇ္ဇာတန်းတွေဘက်မှ ကျောင်းသူတစ်ဦးသည် စာသင်ခန်းထောင့်မှ စကြံလမ်းအတိုင်း ထွက်လာ၏။ ထိုကျောင်းသူမ လေးသည် ရုပ်ရည်သင့်ရုံရှိသော်လည်း ခန္ဓာကိုယ်အချိုးအစားကတော့ မိန်းမချင်းပင် အားကျငေးမောရသော အချိုးအစား ဖြစ်သည်။ ၎င်း ကျောင်းသူမလေး၏ အမည်မှာ မြနန္ဒာ ဖြစ်သည်။ မြနန္ဒာတစ်ယောက် ယခုအချိန်မှ ၎င်းသို့ထွက်လာခြင်းမှာ ရဲဝေအတွက် အလွဲတစ်ခု ကြုံ တွေ့စရာ ဖြစ်လာပါတော့သည်။

မြနန္ဒာသည် အင်္ကျီအဖြူ ထဘီ စကတ် မီးခိုးရင့်၊ စလင်းဘက် ပုံစံ လွယ်အိတ်အနက်၊ ခွာမြင့်ဖိနပ်အနက်တို့ ဆင်မြန်းထားသည်။ ပြီးတော့ လက်သီးဆုပ်လောက် ဆံထုံးလေးကို ဦးခေါင်းပေါ်မှာ ထုံးဖွဲ့ ထားသည်။ သည်ကနေ့မှာမှ သဒ္ဒါရည်နှင့် မြနန္ဒာတို့ ဝတ်စားမှုဖက်ရှင်

www.burmeseclassic.com



တူနေကြခြင်းမှာ ကိုရီးယားမင်းသမီးလေး ဆောင်ပေးဂျီ၏ ဖက်ရှင်ကြောင့် ဖြစ်သည်။

ဖြစ်ချင်တော့. . .

မြနန္ဒာ၏ ခြေလှမ်းတွေသည် ရေတာမာတန်းထိပ်မှ ကင်တင်းသို့ ဦးတည်နေ၏။ မြနန္ဒာသည် ဦးကျော်ကြီး၏ လက်ဖက်ရည်ဆိုင်ရှေ့မှ မကြာမီ ဖြတ်သွားတော့မည် ဖြစ်ပါသည်။

○

"လာနေပြီဗျ အကျီအဖြူ လုံချည်မီးခိုး၊ လွယ်အိတ်အနက်၊ ဖိနပ်အနက်၊ ဆံပင်က ခေါင်းပေါ်မှာ ဆံထုံးလေး ထုံးထားတာ၊ မှတ်မိတယ်နော်။ ကဲ. . . ကြည့်ထားလိုက်၊ ကျွန်တော် ခဏရှောင်နေလိုက်ဦးမယ်" ဟု ဆိုကာ. . .

ဘသားချောက နင်ဂျာတစ်ကောင်လို ကိုယ်ယောင်ဖျောက်လျက် ပျောက်သွားသည်။ အဘိဓာန်သည် ကောင်မလေး လာမည့်လမ်းသို့ မျှော် စောင့်ကြည့်ခဲ့၏။ သည်မှာပင် ရဲဝေ ပြောသည့် အဝတ်အစား အရောင်နှင့် ကောင်မလေးသည် အဘိဓာန်၏ မြင်ကွင်းထဲသို့ ဝင်ရောက်လာ၏။ မသဲကွဲသေးသော်ငြား သည်လို ရှားပါးဖရိန်ကြီးကို မြင်တော့ "ဩော်. . . မြနန္ဒာပါလား"ဟု အဘိဓာန်သည် ဗိုဇ်အားပြင်းစွာ အတိအကျ သိလိုက်၏။ တစ်ဆက်တည်းမှာပင် ထွားကြိုင်းမှု နုံနဲ့ရှာသော လူကောင်သေးလေး ရဲဝေကို အာရုံမှာ မြင်လိုက်မိတော့ သူ့နှုတ်ခမ်းတွေ 'ခွိ' ခနဲ ရယ်လိုက်မိသည်။ ပြီးတော့ နှုတ်မှ တီးတိုး ရယ်သွမ်းသွေးလိုက်သည်။

"တကယ့်လူပဲ၊ နှံပြည်စုပ်ကများ လက်မလောက် အမြောက်လေးနဲ့ ဆင်မကြီးကို ချိန်ရတယ်. . . လို့ကွာ ဟား. . . ဟား. . . ဟား"

မျက်ရည်ကျအောင် ရယ်ရသည်ဆိုသည်မှာ ဒါမျိုးပဲဖြစ်မည် ထင်





၏။ စဉ်းစားရင်း ရယ်ရင်းနှင့် ရယ်မိသည်မှာ မျက်ရည်တွေပင် ထွက်လာသည်။ သည်တွင် အဘိဓာန်၏ရှေ့မှာ အရိပ်တစ်ခုရောက်လာသည်။ ကြည့်လိုက်တော့ သူ့ကို စိုးရိမ်စွာ ကြည့်နေသည့် ရဲဝေကို တွေ့လိုက်ရသည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်လို့ ရှိုက်ကြီးတငင် ငိုနေရတာလဲဗျာ၊ ဘာများ ဝမ်းနည်းစရာ ကြုံလိုက်ရလို့လဲ။ တိတ်. . . တိတ် မငိုပါနဲ့ အဘိဓာန်ရယ် တိတ်ပါဗျာ"

အဘိဓာန် ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ရဲဝေ၏မျက်နှာကို ကြည့်လိုက်တော့လည်း သူ့ကို တကယ်စိုးရိမ်နေသည့် အသွင်၊ ဩော်. . . ငါနှယ် ဘယ်လိုကောင်နဲ့များ လာတွေ့နေရပါလိမ့်။ အခုမှ တကယ့်ကို စိတ်ညစ်သွားသည်။ စိတ်ညစ်တော့ အဘိဓာန်၏ နှုတ်ခမ်းတွေ မဲ့သွားသည်။ ဤသည်ကိုကြည့်ကာ ရဲဝေ ပြောသည်။

"အေးဗျာ. . . အဲလို ပြုံးပြုံးလေးနေစမ်းပါ"

○

"သုံးဆယ့်ငါး နှစ်ဆယ့်သုံး သုံးဆယ့်ကိုး"

၃၅ ၂၃ ၃၉ ဟူသည့် ဂဏန်းခြောက်လုံးကို သူက စာအုပ်ထဲမှာ လိုက်မှတ်ကာ အကွာရာတင်လိုက်သည်။ ပြီးတော့. . .

"၃၅ ၂၃ ၃၉ ဆိုတော့ ရှေ့က ဇီးရိုးဝမ်း သုညတစ် ခံရမှာပေါ့။ အဲလောက်တော့ ကျွန်တော် နပ်ပါတယ်ဗျာ။ သူက ရန်ကုန်မှာ နေတာပဲ။ ရန်ကုန်ဆိုတော့ ဇီးရိုးဝမ်းလေဗျာ ဟား ဟား ဟား"

ရဲဝေက သဘောကျစွာ ရယ်မောလိုက်ရင်း အဘိဓာန်အား ကြည့်လိုက်သည်။ အဘိဓာန်သည် "ဘယ်ဆိုးလို့လဲ။ ခင်ဗျားက ရှေ့ကို မြင်တဲ့သူပဲ" ဟူ၍ သူ့အား ကောင်းချီးမင်္ဂလာပြုရှာပေလိမ့်မည်ဟု ထင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမယ့် သူ ထင်သလို မဟုတ်ပါ။ သူ့အား စိတ်ပျက်စွာ ကြည့်နေသော အဘိဓာန်၏ မျက်နှာကြီးကို ရင်ဆိုင်လိုက်ရသည့်အခါ၌ တစ်ခုခုတော့ လွဲချော်သွားပြီဖြစ်ကြောင်း အလွဲများနှင့် ယဉ်ပါးနေကျ သမ္မာအရ သိလိုက်သည်။

သူသည် အဘိဓာန်အား အားနာသွားကာ တောင်းပန်လိုက်၏။

"Sorry ဗျာ၊ ကျွန်တော်တွေးတာ လောသွားတယ်။ အမှန်က အဲဒါ သူတို့အိမ်ဘေးက ဖုန်းနံပါတ် မဟုတ်လားဗျ"

အဘိဓာန်၏ မျက်နှာကြီးမှာ ပို၍ မဲ့သွားသည်။ ဤသည်ကို သူက ပျာပျာသလဲ အမီလိုက်သည်။ လိုက်လေ လွဲလေ ဖြစ်တော့မည်။

"အဲလိုကြီး မပြုံးစမ်းပါနဲ့ဗျာ ဟား ကျွန်တော်သိပြီ၊ အဲဒါ သူ့မှတ်ပုံတင် နံပါတ်"

အဘိဓာန်သည် 'ကိုရဲဝေ' ဟု လွှတ်ခနဲ အော်လိုက်မိရင်း လက်ကာ ပြသည်။ စိတ်ပျက်ခြင်းကြီးစွာ ခေါင်းရမ်းသည်။ ပြီးမှ ဟူးခနဲ သက်ပြင်းကြီးကို မှုတ်ချသည်။

"တဆိတ်ကလေးဗျာ၊ ခင်ဗျား ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ကျွန်တော် ပြောတာကိုပဲ လိုက်ရေးပါဗျာ"

သူက မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ပြရှာသည်။

○

"မကြုံဖူးဘူးဗျာ၊ တက္ကသိုလ်တောင်ရောက်နေပြီ ဒါတောင် မသိဘူးလား။ သုံးဆယ့်ငါး နှစ်ဆယ့်သုံး သုံးဆယ့်ကိုး ဆိုတာ သူ့ရဲ့ ခန္ဓာကိုယ် အချိုးအစားဗျ၊ ရင် သုံးဆယ့်ငါးလက်မ၊ ခါး နှစ်ဆယ့်သုံးလက်မ၊ တင် သုံးဆယ့်ကိုးလက်မ၊ ဟင် ကိုရဲဝေ ခင်ဗျား စိတ်မပါဘူးလားဗျာ"

သူက မဝံ့မရဲနှင့် ခေါင်းမော့လာသည်။

"အဲဒါတွေက ညစ်ပတ်တာတွေ ဖြစ်နေလို့ပါဗျာ၊ ကျွန်တော် သူ့ကို ချစ်တာ အဲဒါတွေ ကြီးတာ သေးတာနဲ့ မဆိုင်ပါဘူး"





အဘိဓာန်သည် သူ့အား အံ့သြစွာ ကြည့်နေလေသည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်နှင့် ကရုဏာသက်စွာ ပြုံးသည်။ ဤတခဏ်မှာပင် အဘိဓာန်သည် သူ၏ အဖြူထည်စိတ်အား မြင်သွားသည်။ သူ့ကို ခင်သွားသည်။

"မင်း တော်တော်တုံးတဲ့ ထူတဲ့ ကောင်ပါလား ရဲဝေ၊ မင်းကိုတော့ ငါ ခင်သွားပြီကွ"

"ကဲပါကွာ မင်း ကောင်မလေးအကြောင်း ဆက်ရအောင်၊ သူ့ နာမည်က မြနန္ဒာတဲ့"

"မြနန္ဒာ ဟုတ်လား၊ လူက ဟော့ရှော့ပေမယ့် မြန်မာဆန်တဲ့ နာမည်လေးပါလား"

"ဆန်မှာပေါ့၊ မစ်စ်ဂျင်ဆင်းမန္တလေး ကာယအလှမယ်ဗျ၊ မပေါ့နဲ့ မော်ဒယ်နဲ့ သရုပ်ဆောင်ကို ဝါသနာကြီးလို့ ရန်ကုန်ကို ပြောင်းလာခဲ့တာ။ အဲဒါကြောင့် ခုနက မင်းက ညစ်ပတ်တာတွေလို့ ပြောတဲ့ ရင် သုံးဆယ့်ငါး၊ တင် သုံးဆယ့်ကိုး ဆိုတာတွေဟာ မြနန္ဒာအတွက်တော့ ဂုဏ်ယူစရာ မော်ကြွားစရာ အောင်မြင်မှုကွ။ နောက်ပြီး အဲဒါဟာ မိန်းကလေးတစ်ယောက်ရဲ့ ကျန်းမာရေးနဲ့ သဘာဝအလှ ထိန်းသိမ်း ဖွံ့ဖြိုးခြင်းပဲ။ သူ တန်ဖိုးထားတာကို မင်းကလည်း တန်ဖိုးထားပြီး ဂုဏ်ပြု ပြောဆိုရမယ်လေကွာ"

"သူ့အဖေက ဂျပန်မှာကွ။ သူ့အစ်မက ခွဲစိတ်ဆရာဝန်မ။ မြနန္ဒာရဲ့ ဇာတိက ( ) မြို့နယ်က ဖြတစ်ထွာရွာ၊ သူ့ငယ်နာမည်က ဖြိနီမ. . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . ."

ကျောင်းစာဆိုလျှင် သည်လောက် အလွတ်ရမည့်သူမဟုတ်၊ ခုတော့ ဖြိနီမ၏ ကိုယ်ရေးရာဇဝင်ကို သူ မှတ်တမ်းစပ်စုသိထားသမျှ လိုက်ကူးသူ စာမျက်နှာသုံးမျက်နှာရှိအောင် အလွတ်ပြောသွားသော အဘိဓာန်အား သူ အံ့သြလေးစားသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် မနက်ဖြန်ဆိုလျှင် သူသည် မြနန္ဒာထွက်လာမည့် လမ်းမှာ စောင့်နေကာ မိတ်ဖွဲ့ပြီး ခင်မင်မှုကို ရယူမည်။

မြနန္ဒာရယ် မင်းနဲ့တွေ့ဖို့ မနက်ဖြန်ကို ရောက်ချင်လှပါပြီ။ တွေ့တွေ့ချင်းမှာပဲ မင်းကို အံ့သြသွားအောင် ငယ်နာမည်လေး 'ပြဲနီမ' လို့ စခေါ် နှုတ်ဆက်လိုက်မယ်လေ။ အိုး. . . ပျော်စရာကြီးပါလား ချစ်သူရေ. . .

○

ကဲ ပျော်စရာဖြစ်မလား၊ ပါးပဲ အရိုက်ခံရမလား၊
လောင်းကြေးထပ်ကြည့်ရအောင်. . .၊
ဘယ်ဘက်က နေမလဲ ကိုယ့်ဆရာ. . .။

■



## အခန်း (၂)

သဒ္ဒါရည်သည် အခန်းမှထွက်လာခဲ့ပြီး ခြေလှမ်းကိုးလှမ်း လှမ်းပြီးချိန်မှာ ရှေ့သို့မျှော်ရည်ကြည့်လိုက်သည်။ သူမ တွေးထင်ထားသလို မနေ့က တေကို တွေ့လိုက်ရ၏။ မနေ့ကလိုပဲ ဒဿနိကဌာန ထောင့်ချိုးမှာ ရပ်နေသည်။ သူမ လှမ်းလာနေသည်ကိုမြင်တော့ တေသည် ဝိဇ္ဇာ စာသင်ခန်းတွေရှိရာဘက်သို့ သုတ်သုတ်လှမ်းထွက်သွားသည်။ ဘယ်အချိန်များ ပြန်ပြေးလာပြီး သူမအား အလေးပြုလေဦးမည်မသိ။ ကောင်လေးကို မကြောက်တတ်သော ကောင်မလေးသည် ဘာကိုမှ ထည့်မတွက်သော ခြေလှမ်းတွေနှင့် ဆက်လျှောက်လာခဲ့၏။ ဒဿနိကဌာနထောင့်ချိုးမှ ချိုးကွေ့ပြီး ဆက်လျှောက်လာစဉ် နောက်ဘက်ဆီမှ ခပ်အုပ်အုပ်ခေါ်သံကို သဒ္ဒါရည် ကြားလိုက်ရသည်။

"မပြဲနီမ. . . မပြဲနီမ"

မပြဲနီမ တဲ့။ ဒါ သူမ၏အမည်မဟုတ်ပါ။

"မပြဲနီမ. . . မပြဲနီမ"

တိုးတိုးအုပ်အုပ်ခေါ်သံကို ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှည့်စရာ ရှားလို့ပှာယ်၊ နာမည်ကြီးကလည်း ဆိုးလိုက်တာ၊ ဒီလောက် ခေါ်ရဆိုးသည့်နာမည်ကို အခေါ်ခံသော မိန်းကလေးကိုလည်း အံ့ဩမိ ပါရဲ့။ သူမ နာမည်မဟုတ်တော့ သူမ ဆက်လျှောက်လေသည်။

"မမြနန္ဒာ. . . မမြနန္ဒာ"

လာပြန်ပြီ တစ်ယောက်။ သည်တစ်ခါကျ မြနန္ဒာဆိုပါလား၊ ဒါပေမယ့် ခေါ်သူ၏အသံက တစ်ယောက်တည်း ဖြစ်နေသည်။ ကိုယ်နှင့် မဆိုင်တော့လည်း သဇ္ဈါရည် ဆက်လျှောက်သည်။

"မမြနန္ဒာ. . . မမြနန္ဒာ"

"မဗြဲနီမ. . . မဗြဲနီမ"

ခေါ်သံ နောက်မှာ တောက်လျှောက်လိုက်နေသည်ကို သူမ သတိထားမိလိုက်သည်။ သူမနောက်မှာ ဘယ်သူတွေ များပါလာလေသည် မသိ။ သူမကတော့ လျှောက်မြဲအတိုင်း ဆက်လျှောက်သည်။

"ဗြဲနီမ. . . ဗြဲနီမ၊ မာနကြီးလှချည့်လားဗျာ၊ နောက်ကနေ ကျွန်တော် လိုက်ပြီး တောက်လျှောက်လိုက်ခေါ်နေတာတောင်မှ တစ်ခါလေးတောင် လှည့်မကြည့်တော့ဘူးလားဗျ"

နောက်မှ ဇာတ်ရှိန်ကလည်း တက်လာပြီ။ တက္ကသိုလ်ကျောင်းသူကြီးပင် ဖြစ်နေလျက် သည်လို အခေါ်ဆိုး အကြားဆိုး နာမည်ရှင် မိန်းကလေးအား မြင်ဖူးချင်စိတ်ကြောင့် သူမ လှည့်ကြည့်လိုက်သည်။ သူမနောက်မှာ မည်သူ့ကိုမှ မတွေ့ရ၊ မနေ့က အလေးပြုသွားသော ငတ ကိုသာ တွေ့လိုက်ရသည်။ အန္တိပုဂ္ဂိုလ်သည် သူမအား ငေးကြည့်နေသည်။ သူ့မျက်ဝန်းတွေထဲမှ မျှော်လင့်ရိပ်ခြည်တွေကို သူမ မြင်နေရသည်။ သူသည် သူမအားကြည့်လျက် သူမအတွက် လိပ်ပြာလွင့်စင်သွားစေလောက်သော နှုတ်ဆက်ခြင်းနှင့် နှုတ်ဆက်လိုက်လေသည်။

"ဟိုင်း ဗြဲနီမ"





"ဘာ. . . ဘာရယ်၊ နင် ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

သဇ္ဈါရည်၏ ထိတ်လန့်နေပုံကို မြင်တော့ သူက ကလေးတစ်ယောက်လို ပျော်သွားသည်။

"ဗြဲနီမမို့လို့ ဗြဲ. . . နီ. . . မ လို့ ခေါ်လိုက်တာပေါ့ ဗြဲနီမရဲ့။ ဘာလဲ ငယ်နာမည်ကို ခေါ်လိုက်လို့ အံ့ဩသွားတာ မဟုတ်လား။ ကျွန်တော်က အကုန်သိပြီးသား။ ဗြဲနီမရဲ့ အဖေက ဦးမန်အောင်၊ အမေက ဒေါ်ရမ်းဗြဲ၊ ဗြဲနီမကို မွေးတာက ဗြဲတစ်ထွာရွာ၊ ဗြဲနီမတို့က ဗြဲမျိုးနွယ်စုတွေလေ။ ဗြဲနီမရဲ့အဘွား. . . အဲ. . . ဒေါ်ရမ်းဗြဲရဲ့အမေက ဒေါ်ဗြဲထော်"

"တော်. . . တော်ပါတော့ ရှင်၊ ဟုတ်. . . ဟုတ်ကဲ့ အံ့ဩစရာပဲ နော်။ ကဲ အချိန်မရလို့ ကျွန်မ သွားတော့မယ်။ ရှင် ဒီမှာနေခဲ့တော့နော် ကိုဗြဲ"

"ဟာ. . . ဘယ်က ကိုဗြဲရမှာလဲ၊ ကျွန်တော့်နာမည် ရဲဝေပါ"

"ဟုတ်. . . ဟုတ်ကဲ့ ကိုဗြဲဝေ. . . သွားမယ်နော်"

သဇ္ဈါရည်သည် အချိုသတ်လျက် နှုတ်ဆက်ကာ လစ်ထွက်ခဲ့သည်။ တော်ပါသေးရဲ့ သူမ ဖောရှောလုပ်ကာ ရှောင်ထွက်လာနိုင်ခဲ့လို့သာပေါ့။ အိုး. . . ဒီတက္ကသိုလ်မှာ ဘယ်သကောင့်သားကများ သဇ္ဈါရည်အား ချဉ်းကပ်လို့ ရခဲ့ဖူးပါသလဲ။ သူမ၏ ခေတ်မီမှု၊ သူမ၏အလှ၊ သူမ၏ အနေတည်မှု နောက် သူမ၏ ကြွယ်ဝမှုတို့ကြောင့် နည်းမျိုးစုံနှင့် ချဉ်းကပ်လာကြသမျှ သူမ၏ နှလုံးသားကလည်း ကွန်ဖူးပညာလိုပဲ သူ့အားနှင့် သူ အလဲသိပ်ပစ်နိုင်ခဲ့သည်ချည်းပဲ မဟုတ်လား။ သည်လို အူကြောင်ကြောင် ဗြဲဝေလိုကောင်မျိုးလောက်ကတော့ သဇ္ဈါရည်တို့က စာဖွဲ့နေစရာပင်မလို။ အေးဆေး. . . ပမွှား။ သဇ္ဈါရည်သည် သူမ အနိုင်ယူ ကျော်ဖြတ်ခဲ့သည် တို့အတွက် ကျေနပ်စွာဖြင့် ဂုဏ်ယူသော ခြေလှမ်းလေးတွေ လှမ်းနေခိုက်မှာပင် နောက်ဘက်ဆီမှ အသရပါးရေကြီး



www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်သံကြောင့် တစ်ကိုယ်လုံး လန့်ဖျတ်ကာ တုန်သွားပါတော့သည်။

"ဟေး ဖြူနီမ. . . ဖြူနီမ၊ နေဦး ငါ စဉ်းစားမိပြီ ဖြူနီမ"

○

နောက်ကျောပေးထားတော့ သူမ မျက်နှာက တွန့်ခေါက်တောင်တန်းဖြတ်ပိုင်းပြပုံလို ရှုံ့မဲ့နေသည်ကို သူမသိ၊ သူသည် သူမ ရှေ့သို့ရောက်လာ၏။ ပြီးတော့ ခြေစုံရပ်လျက် ခန္ဓာကိုယ်ကို ရှေ့ကိုင်းကာ တောင်းပန်သမှု ပြုပါလေသည်။ နှုတ်မှလည်း "Sorry ပါ ဖြူနီမ" ဟု ဆိုပြန်၏။ သည်တဒင်္ဂလေးမှာ သူမသည် ရဲဝေ၏မျက်နှာအား စူးစိုက်ကြည့်မိသွားလေသည်။ သည်လိုမျက်နှာမျိုးကို သူမ မမြင်ဖူးခဲ့ပါ။ ရဲဝေ၏ မျက်နှာက အပူအပင်ကင်းသော ကလေးတစ်ယောက်၏ မျက်နှာလို ကြည်လင်နေသည်။ လောဘအရိပ်အငွေ့ ဒေါသအရိပ်အငွေ့ မာန်မာနအရိပ်အငွေ့တွေ မြူတစ်မှုန်စာမျှပင် မတွေ့ရ။ သည်တဒင်္ဂမျှသော အချိန်လေးအတွင်းမှာပင် ရဲဝေအပေါ်ထားရှိသော အမြင်မကြည်လင်မှုများသည်လည်း နေလာ နှင်းပျောက် ငွေ့ပျံ လွင့်ပျယ်သွားလေသည်။ သည်လူကား မျက်နှာမြင် ချစ်ခင်ပါစေဟူသော ဆုတောင်းများ ပြည့်ခဲ့လေသည်လား မသိ။

"ငါ နင့်ကို တောင်းဆိုစရာလည်း ရှိတယ်၊ ဝန်ခံစရာလည်းရှိတယ် ဖြူနီမ"

သဒ္ဓါရည်က သူ့မျက်နှာကို စူးစူးကြည့်လိုက်တော့ သူက ခေါင်းငုံ့သွားသည်။ ပြီးတော့မှ စကားဆက်သည်။

"ငါက နင့်ကိုချစ်နေတာ ငါ့ကိုယ်ငါ သိတယ်။ ဒါပေမယ့် ခုနက ငါ သေသေချာချာ စဉ်းစားကြည့်တော့ နင်က ငါ့ကို ပြန်မချစ်နိုင်လောက်ဘူးလို့ သိလိုက်တယ်။ ခုနက နင့်ပုံစံကြည့်ရတာ ငါ့ကို ရှူးပေါပေါကောင်





လို့ ထင်ပြီး ကြောက်လို့ ဖောရောလုပ်ပြီး လစ်ထွက်သွားတာလေ။ အဲဒါကို မြင်တော့ ဟောဒီ ငါ့ရင်ဘတ်ကြီးထဲက နှလုံးသား. . . သူများတွေလို အရွယ်မရောက်သေးတဲ့ ကလေးလေး. . . အဲဒီနှလုံးသားဟာ အူငအူဝဲနဲ့ ငိုတယ်။ အဲဒီ ငိုသံဟာ မီးတောင်ကြီးတစ်ခု ပေါက်ကွဲသလိုပါပဲ၊ အဲဒါကြောင့် နင့်ကို ငါ တောင်းပန်တာပါ။ ဟောဒီ ရင်ဘတ်ကြီးရဲ့ မျက်နှာပြင်က ဆန္ဒဖော်ထုတ်တဲ့ ဘုတ် (Board) ကြီးပေါ်မှာ 'ချစ်သူရဲ့အချစ်' ဆိုတဲ့ စာလုံးတွေကို အဖြူရောင်တွေနဲ့ ဖျက်ပစ်လိုက်ပြီး 'ချစ်သူရဲ့ ခင်မင်မှု'ဆိုတဲ့ စာလုံးကိုပဲ တစ်သက်လုံး ငါ ရေးထားပါ့မယ်။ ငါ့ကို မကြောက်ပါနဲ့၊ ငါ့ကို ခင်ပါ ဖြူနီမ အဲဒါဟာ ငါ့ရဲ့ တောင်းဆိုမှုပါ"

လူငယ်တွေက စကားလုံး (Dialogue) ဒိုင်ယာလော့ဂ်ကို 'ဒိုင်' ဟု သုံးသည်။ အခုဟာက ဒိုင်ခင်းလို့ ယိုင်စင်းသွားသည်လား၊ ဒိုင်ကြောင်မို့ ယိုင်ဝေါ်သွားသည်လား။ ဒိုင်ခွေလို့ ယိုင်ခွေသွားသည်လား မသိ။ အမှန်ကတော့ သူ့လို ငကြောင် စကားကို ဘယ်လိုပြန်ပြောရမှန်း မသိ၍ သူမ ယောင်တောင်တောင်နှင့် ခေါင်းညိတ်ပြလိုက်မိခြင်း ဖြစ်ပါသည်။

ခေါင်းညိတ်ပြလိုက်သော မေးစေ့လေးကို ကြည့်လျက် သူသည် သူမအား ပိုပြီး ချစ်သွားမိလေသည်။ ငါ့ကိုခင်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ် ဖြူနီမရယ်။ စိတ်ချပါ ဒီကရှေ့မှာ ငါ့ကြောင့် နင် ပျော်ရွှင်စေရပါမယ်။ သူ့နှုတ်မှ စကားတချို့ ခုန်ထွက်ကျလာသည်။

"အဲဒါဆို ကျန်တဲ့ ငါ့ခြေထောက်တစ်ဖက်ကို မြွေတွင်းကြီးထဲ ခုလိုက်ပြီ ဖြူနီမ"

မြွေတွင်းဆိုတော့ သူမ အထိတ်တလန့်နှင့် သူ့ကို ကြည့်သည်၊ သူ ပြုံးသည်။ ပြီးတော့ စကားဆက်သည်။

"နင့်ကို ငါ ကြားဖူးတဲ့ ဂျပန်ကဗျာလေးတစ်ပုဒ် ရွတ်ပြမယ် ဖြူနီမ" ကဗျာရွတ်တဲ့အချိန်မှာ မျက်လုံးတွေကို မှိတ်ထားပါတဲ့။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကို မှေးပိတ်ပစ်လိုက်၏။ ပြီးတော့ သူ့ဘဝမှာ အကောင်းဆုံး ရွတ်ဆိုခြင်းဖြင့် ရွတ်ဆို၏။

"အချစ်ဆိုတာ ခင်မင်မှုလွင်ပြင်ကြီးထဲမှာ မင်းနဲ့ကိုယ် ခြေတစ်ဖက်စီ ချနိုင်တဲ့ တွင်းကြီးတစ်တွင်းပါ။ အဲဒီတွင်းထဲမှာ အဆိပ်ပြင်းတဲ့ မြွေဆိုးတွေလည်း ရှိလေရဲ့တဲ့။ ကဗျာလေးက ဒါပါပဲ"

"ငါကတော့ အဲဒီတွင်းထဲကို ခြေတစ်ဖက်ချပြီးသားပါ။ နင့်ရဲ့ ခြေတစ်ဖက်ဆင်းလာမှာစိုးလို့ အခု ငါ့ရဲ့ ကျန်တဲ့ ခြေတစ်ဖက်ကို မြွေတွင်းထဲ ချပစ်လိုက်ပါပြီ။ နင့်ကိုတော့ ခင်မင်မှု လွင်ပြင်ကြီးထဲမှာပဲ ရှိနေစေမှာပါ"

သူ့အသံက တိုးသက် ပါးလျသွားသည်။ သူ့ရင်ထဲမှာ နင့်သက်လှိုက်လှိုက် ရှိနေသည်။ သူမသည်လည်း ငြိမ်ဆိတ်နေသည်။ သူသည် မှိတ်ထားသော မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်လိုက်ကာ သူမအား ရီဝေမျက်ဝန်းအစုံနှင့် ကြည့်လိုက်၏။

"ဟင်. . . ဖြူနီမ ဘယ်ရောက်သွားပါလိမ့်"

ကောင်မလေးသည် သူ ကဗျာရွတ်ရန် မျက်စိမှိတ်လိုက်ကတည်းက ပါးနပ်စွာ လစ်ပြေးသွားပြီ ဖြစ်ပါသည်။

■



## အခန်း(၃)

သည်ကနေ့မှာတော့ ဒဿနိကဌာနထောင့်ချိုးကို ကျော်လာသည့်တိုင် သူ့ကို မတွေ့ရ။ အစွန်ဆုံးက Class မရှိသော သင်္ချာခန်းရှေ့ကို အရောက်မှာတော့ အခန်းထဲမှ သူ့အသံကို ကြားလိုက်ရသည်။ သဒ္ဒါရည် ခြေလှမ်းတွေ တန့်ရပ်သွားသည်။ အခန်းထဲမှာတော့ သူသည် ဟိုတစ်နေ့က သူမ တွေ့ခဲ့သော ကောင်မလေး သုံးယောက်အား ကဗျာရွတ်ပြနေလေသည်။

"အဲဒီတွင်းထဲမှာ အဆိပ်ပြင်းတဲ့ မြွေဆိုးတွေလည်း ရှိလေရဲ့။ သူတို့ရဲ့ စူးလက်တဲ့ မျက်လုံးတွေဟာ လင်းတောက်တဲ့ ရတီမြင့်စိန်ပွင့်ပါပဲ။ အဲဒီတွင်းထဲမှာ အေးစိမ့်တဲ့ စမ်းချောင်းလေးလည်း ရှိလေရဲ့။ စမ်းချောင်းလေးဟာ သူ့ရဲ့ အရေပြားတွေကို ပျားရည်တွေနဲ့ ရက်ရှယ်လို့ သူ့ရဲ့ သွေးလွှတ်ကြောကြီးမှာတော့ အက်ဆစ်မိုးစက်တွေ သံကွင်းဆက်စီးမြော. . . အဲဒီ စမ်းချောင်းရဲ့ တစ်ဖက်မှာတော့ မြေနီကုန်းမြင့်တိုင် အဲဒီမှာဆင်းပြီး မင်းတို့ ကားပြောင်းစီးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စမ်းချောင်း - မြေနီကုန်း ပြီးရင် ကမာရွတ်ပေါ့။ အံမယ်လေး ကောင်းလိုက်တဲ့ ဂျပန်ကဗျာ"

"Sorry ပါ ကလေးမတို့၊ ခွင့်ပြုပါဦး။ ဟိုမှာ ငါ့သူငယ်ချင်း ရောက်လာပြီလေ။ သူ့နာမည်က ဖြူနီမ တဲ့"

"ဘာရယ် ဖြူနီမ ဟုတ်လား"

သည်လောက် ချစ်စရာကောင်းသည့် ကောင်မလေးနှင့် မလိုက်ဖက်လွန်းလှစွာသော အခေါ်ဆိုး အကြားဆိုး နာမည်ကြီးကြောင့် ကောင်မလေး သုံးယောက် တအံ့တဩ ကြည့်နေခိုက်မှာပင် သူသည် သူမရှေ့သို့ ရောက်လာကာ သူ့ထုံးစံအတိုင်း ခါးကိုင်း၍ ဦးညွှတ်နှုတ်ဆက်သည်။

"မင်္ဂလာပါ ဖြူနီမ"

သူမက ပြုံးတုံ့တုံ့နှင့် ပခုံးနှစ်ဖက် တွန့်လိုက်ရင်း မျက်စောင်းချီသည်။ နှုတ်ခမ်းထက်မှ စကားပွင့်တွေ ခြွေချသည်။

"အဲဒီ 'ဖြူနီမ' ဆိုတာကြီး ဒီကရှေ့မှာ ဆက်ခေါ်ရင် နင့်ကို ငါ ပါးရိုက်ပစ်မယ် ဖြူဝေ၊ အဲ နင့်နာမည် ဘယ်သူ ရဲဝေနော်။ ငါ မနေ့က သူငယ်ချင်းတွေမေးတော့ နင့်နာမည် စဉ်းစားမရလို့ မပြောလိုက်ရဘူး။ နင် နောက်ဆို ငါ့ကို ဖြူနီမလို့မခေါ်နဲ့ ရဲဝေ"

"အေးပါ ဒါဆို ငါ 'မြနန္ဒာ' လို့ပဲ ခေါ်ပါ့မယ် ဖြူနီမရာ"

"မြနန္ဒာလို့လည်း မခေါ်နဲ့၊ ငါ့နာမည်က သဒ္ဒါရည်"

"သဒ္ဒါရည်. . . သဒ္ဒါရည် ဟုတ်လား ဖြူနီမ"

"လာပြန်ပြီလား ဒီ ဖြူနီမ နင်နော်"

သဒ္ဒါရည်က ပါးကို ရိုက်ပစ်ရန် လက်ကို မြှောက်လိုက်သည်။ သည်လူသည် ထိတ်လန့်ရကောင်းမှန်းမသိ တိမ်းရှောင်ရကောင်းမှန်း မသိပါဘဲ မြှောက်သွားသော သူမ၏ လက်ဝါးလေးကို ပြုံးကြောင်ကြောင်နှင့် လိုက်ကြည့်နေ၏။ သူ့မျက်နှာက ကလေးတစ်ယောက်လို အပြစ်ကင်းစင်နေသည်။ ဟူးခနဲ သက်ပြင်းချလိုက်ရင်း သဒ္ဒါရည်၏





မြှောက်ထားသော လက်ကလေးလည်း အောက်သို့ ပြန်ကျသွားသည်။ ပြန်ကျသွားသော လက်ကလေးကိုလည်း သူ့မျက်လုံးတွေက လိုက်ကြည့်နေသည်။ စိတ်နဲ့ ကိုယ်နဲ့ ညစ်ရပါလား ရဲဝေရယ်။ သည်မှာပင် သူမကြည့်ကာ သူ ပြောလိုက်သောစကားကြောင့် သူမ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ခု နင် လက်မြှောက်လိုက်တာ Exercises လေ့ကျင့်ခန်းလုပ်တာ ပေါ့ ဟုတ်လား၊ ကောင်းတယ် ငါ အားပေးတယ် ဖြူ. . . အဲ. . . မြ. . . မြ. . . အဲ. . . သဒ္ဒါရည်. . . သဒ္ဒါရည်၊ နင် Exercises လုပ်တာကို ငါ အားပေးတယ်။ ဒါကြောင့်လည်း မနှစ်က မစ်ဂျင်ဆင်း မန္တလေးဆိုတဲ့ ကာယအလှဘုရင်မဘွဲ့ကို သရဖူဆောင်းနိုင်ခဲ့တာပေါ့ဟာ။ ကွန်ဂရက်ကျူလေးရှင်း congratulations ပါ ဖြူ. . . အဲ. . . သဒ္ဒါရည်"

သဒ္ဒါရည်သည် ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။

"နင် ဘာပြောလိုက်တာလဲ ရဲဝေ၊ ဘယ်က မစ်ဂျင်ဆင်း မန္တလေးလည်း မန္တလေးကို ငါ ငါးတန်းနှစ်တုန်းကပဲ ရောက်ဖူးတာ"

"ဟား ဟား ဟား အဲဒီတုန်းက နင် ဝင်ပြိုင်ခဲ့လို့ပေါ့ဟာ။ နင့် ခန္ဓာကိုယ်အချိုးအစားက ၃၉-၂၃-၃၅ လေဟာ"

"ရဲ. . . ရဲဝေ ၃၉ ဆို အကြီးကြီးပဲဟဲ့"

"သုံး. . . ၃၉ မဟုတ်ဘူး ၃၅-၂၃-၃၉ ပါဟ"

"ရဲဝေ နင် စဉ်းစားပါဦး၊ ငါးတန်းကလေးက အဲလောက်ရှိပါ့မလား ကောင်အ ရဲ့၊ နင်နဲ့တော့ ဟာ. . . ပြဿနာပဲ"

သူ မျက်နှာတည်သွားသည်။ ခေါင်းကုတ်သည်။ တွေဝေ စဉ်းစားသည်။ ပြီးတော့ ညည်းတွားသည်။

"ဒီအလုပ် သူ လုပ်စားနေတာ ကြာပါပြီ၊ နာမည်ပျက် မရှိ အမှား အယွင်း မရှိပါဟ၊ သူ့ကို ငါ ယုံတယ်။ သူပြောတာ မမှားနိုင်ပါဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပြောတာလဲ ငါ့အကြောင်း နင့်ကို ဘယ်သူပြောပြတာလဲ ရဲဝေ"

သူသည် သဒ္ဒါရည့်အား မျက်နှာတည်တည်နှင့် ကြည့်သည်။ သည်အခိုက်မှာပင် သူ့မျက်နှာသည် ရန်သူ့လက်မှာ ကျရောက်သွားသော်လည်း ဒူးမထောက်သည့် စစ်သူကြီးတစ်ယောက်၏ ရဲရင့်သော မျက်နှာကြီး ဖြစ်သွား၏။ ပြီးတော့ ပြတ်သားစွာ ပြောသည်။

"နင် စိတ်ဆိုးချင်ဆိုး၊ သတ်ချင်လည်း သတ်၊ ပါချုပ်ရုံးခန်းရောက်လို့ သူ့နာမည်မဖော်လို့ ငါ့ကို ကျောင်းထုတ်ချင်လည်း ထုတ်ပါစေ. . . ခင်ဗျားနာမည်ကို မဖော်ဘူးလို့ ငါ ကတိပေးခဲ့တယ်"

"ကတိပေးခဲ့တယ် နင်က ဘယ်သူ့ကို ကတိပေးခဲ့တာလဲ"

"အဘိဓာန်ကို"

ဟိုက်. . . သွားပြီဟ၊ သူ့ပါးစပ်ကို သူ ဖျန်းခနဲ ကိုယ့်ဘာသာ ရိုက်မိလိုက်သည်။ အသုံးမကျလိုက်တဲ့ ဒီပါးစပ်၊ ဘာလို့များ လွှတ်ခနဲ ထွက်သွားရသည်မသိ။ ဒါပေမယ့် တော်ပါသေးသည်။ 'အဘိဓာန်' လို့ပဲ ကောင်မလေး သိသွားခြင်းသာ ဖြစ်သည်။ နာမည်ရင်းကို ကောင်မလေး မသိနိုင်ပါ။ နာမည်ရင်းကိုတော့ အသေအလဲ သူ ကာကွယ်ဖို့ ဆုံးဖြတ်လိုက်၏။

သည်အခိုက်မှာပင် ဖဲ့ကြိတ်ထားသော သဒ္ဒါရည်က 'တက်' ခေါက်ကြိမ်းဝါးလိုက်သည်။

"တောက်. . . တွေ့သေးတာပေါ့ အောင်ဇော်လတ်ရာ။ ငါ နင့်ကို အမှုန့်ကြိတ်ပစ်မယ်၊ သေဖို့သာပြင်ထား"

ကဲ. . . ဘယ် ကျွန်တော်မျိုးကြီး အရင်သေသင့်ပါသလဲ ကိုယ့်ဆရာ။

○





သူ့အတွက် အသက်ရှူကျပ်နေသည့် အနေအခိုက်မှာပင် ဟန်းဖုန်းမြည်သံကြောင့် ရုတ်တရက် လန့်သွားသည်။ သူ့ပုံစံကို ကြည့်ကာ သူမ၏ နှုတ်ခမ်းလေး မဲ့သွားသည်။ မဲ့သွားလည်း လှနေသည့် နှင်းဆီဖူးလေးပါပဲ။

"လုပ်တုန်းက လုပ်ပြီး အဲလောက် သွေးပျက်မနေနဲ့။ ဒါ ငါ့ဖုန်းက မြည်တာ ဟိုနှစ်ကောင် ရေဒါလှမ်းထောက်တာနေမှာ"

သူမ ဖုန်းဖွင့်ပြီးအပြောမှာတော့ ပိုပြီး သွေးပျက်စရာတွေကို ကြားလိုက်ရပါတော့သည်။

"အေး မိထက်၊ ဟုတ်တယ် အေး. . . ငါလာတော့မှာ၊ ဒီမှာ ဟိုနေ့က ငါ့ကို လာပြီး သမိုင်းငြိတဲ့ အူကြောင်ကျားလေ၊ ငါ အခု သူ့ကို အမြီးဖမ်းကိုင်ပြီး လည်ပင်းကြိုးကွင်းစွပ် ဒရွတ်ဆွဲခေါ်လာခဲ့မယ်။ ခါတိုင်းလိုပဲ သမိုင်းငြိတော့ ဝိုင်းဖိကြတာပေါ့။ သက်သက်ညှာညှာတော့ လုပ်ကြနော်၊ သူက ပိုးဟပ်ဖြူလို လူဖလံလေးရယ်၊ နင်တို့က မိန်းမ နပန်းသမားတွေ အေး အရိုးကြေအောင် ဖိပစ်ကြပေတော့"

သူ့ရင်သည် တဒိုင်းဒိုင်း ခုန်လှုပ်လာ၏။ သည်အတိုင်းဆိုပါလျှင် သူမသည် သူ့အား မိန်းမ နပန်းသမားတွေဆီ ခေါ်သွားကာ အရိုးကြေအောင် ဖိခိုင်းတော့မည်ဆိုပါလား။ လှသလောက် ရက်စက်တော့မှာပါလား သဒ္ဒါရည်။

ထိတ်လန့်နေသော သူ့ပုံကို ပြုံးထေ့ထေ့ ကြည့်ရင်း သူမ ဖုန်းပြောခြင်းကို ဆက်သည်။

"နေဦး မိထက်၊ သူ့ကို ဗရုတ်သုတ်ခ သတင်းရောင်းလိုက်တဲ့သူကိုလည်း ငါ ဖမ်းမိပြီ။ အဲဒါ ဘယ်သူမှတ်လဲ။ အေး . . . နင် စဉ်းစားလို့ မပေါက်ဘူးမို့လား။ အောင်ဇော်လတ်လေ မစ္စတာအဘိဓာန်လေ။ ဒင်းကိုလည်း လက်ဆုပ်လက်ကိုင်နဲ့ ဖမ်းမိပြီ ဒင်းလည်း မရှုမလှ ကျိုးကျေတောက်တောက်ကျစေရမယ်။ Ok ငါ လာပြီ၊ နင်တို့အကြောင်းပြောထား"



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရည် ဖုန်းပိတ်လိုက်သည်။ သွေးပျက် ထိတ်လန့်နေသော သူ့အား အနိုင်ပြုံးနှင့် သူမ ကြည့်သည်။ ဝယ်ချင်သူအား မနိုင်စျေးဆိုကာ လက်ဆွဲခေါ်ယူချေပြီလား သဒ္ဒါရည်။

"လာလေ ရဲဝေ သွားကြရအောင်၊ ကင်တင်းမှာ ငါ့သူငယ်ချင်း နပန်းသမားနှစ်ယောက် နင့်ကို စောင့်နေကြတယ်"

ဆိုင်းဖင့်တွေရပ်နေသောသူ့အား သဒ္ဒါရည်က လက်ကို ဆွဲကိုင်ခေါ်သွားသည်။ နွားပေ နွားကပ်ကို နဖားကြိုးဆွဲကိုင်ခေါ်သွားသည့်နှယ် ခြေကန်လျက် ဒရွတ်ပါသွားသည်။ ခြေလှမ်း ဆယ်လှမ်းလောက် အရောက်မှာတော့ သူသည် သဒ္ဒါရည်၏ ဘေးတစောင်းမျက်နှာလေးကို ကြည့်ရင်း ရင်ထဲမှာ အေးမြသွားသည့်အတွက် အလိုက်သင့်လေး လိုက်ပါသွားလေသည်။ ဩော်. . . သတ်ကွင်းကို ဆွဲခေါ်သွားခြင်း မဟုတ်ဘဲ ချစ်ခြင်းဖြင့် ဆုပ်ကိုင်ထားသော လက်ချောင်းလေးတွေဖြစ်ပါက ဘယ်လောက်များ ကောင်းလိုက်ပါမည်နည်း။

သူတို့အေးအေးဆေးဆေးပဲ ဆက်လျှောက်သွားကြလေသည်။ သူများတွေ အမြင်မှာတော့ ချစ်သူနှစ်ဦး လက်ချင်းယှက်သွယ်ကာ ချစ်ခရီးလမ်းလေးပေါ် နှစ်ကိုယ်တူ လျှောက်လှမ်းသွားကြသည်ဟုသာ မြင်ကြပါလိမ့်မည်။ သေတော့မှသာ သေပါရော့ ခုချိန်မှာတော့ ပန်းပွင့်လေးတွေ ခြေချနေရသည့်နှယ် ရင်ခုန်မိုးမွှန်နေသော ရဲဝေသည် ဦးကျော်ကြီး၏ "အရီးကျော့ တီးရှော့" လက်ဖက်ရည်ဆိုင်လေးရှေ့မှ ဖြတ်လျှောက်သွားသည်ကိုလည်း သတိမပြုနိုင်အောင် ကြည်နူး အဆိပ်တက်နေလေသည်။

ဦးကျော်ကြီး၏ဆိုင်ထဲမှာ ထိုင်နေသော အဘိဓာန်သည် ဆိုင်ရှေ့မှ ဖြတ်လျှောက်သော ချစ်သူစုံတွဲအားကြည့်လျက် သူ့မျက်နှာကြီး ပြုံးသွားသည်။ အံမာ ရဲဝေ ခွေးမသား မအူမလည်ကောင်က ရည်းစားတွေဘာတွေနဲ့ အံ့ဩစရာပါလား၊ အေးလေ. . . အချစ်မှာ မျက်စိမှမရှိတာ။ ဒါပေမဲ့ အဘိဓာန်၏နှုတ်ခမ်းတွေ ကြာကြာမပြုံးနိုင်ပါ။ ရဲဝေ၏ချစ်သူ





ကောင်မလေးအား ကြည့်မိလိုက်သည့်အခါမှာတော့ ပါးစပ်အဟောင်းသားဖြစ်ကာ နွေလည်မှာ မိုးကြိုးကြီး ပစ်ချလိုက်သည့်နှယ် ခေါင်းကြီး တစ်ခုလုံး အုန်းခနဲ ဆူကြွသွားသည်။

"သဒ္ဒါရည်. . . သဒ္ဒါရည်ပါလား၊ ဒီ. . . ဒီကောင် ဘယ်လိုလုပ်ပြီး ငါ့ညီမနဲ့ ရည်းစားဖြစ်သွားရတာလဲ။ မိကစ်တော့ တွေ့ကြသေးတာပေါ့ကွာ"

အိမ်နာမည် ကစ်ကစ်ဟု ခေါ်သော သဒ္ဒါရည်နှင့် ချစ်သူ ကောင်လေး တို့ လက်တွဲကာ လမ်းလျှောက်နေသည့်ပုံကို အဘိဓာန်သည် သူ၏ ဟန်းဖုန်းနှင့် ဗီဒီယိုမှတ်တမ်းလေး ရိုက်ယူလိုက်လေသည်။ ဒါသည် မိကစ် ဘယ်လိုမှ ငြင်းမရသော သက်သေ။ ညီမအပေါ်၌ ရိုက်ချက်ပြင်းလှသည့် အစ်ကိုတော်ပါတကား။

သည်မှာကလည်း သဒ္ဒါရည် ရိုက်ချက်ပြင်းမှုကြောင့် ရဲဝေ တစ်ယောက် မိန်းမ နပန်းသမားနှစ်ယောက်၏ အချုပ်၊ အဖိ၊ အညှစ်၊ အလိမ်၊ အချိုးတို့၏အောက်မှာ မုန့်ကြိုးလိမ်လို ဖြစ်ရရှာတော့မည့် အခြေအနေ။

○

"ငါ့ရဲ့ မကောင်းတဲ့စရိုက်ကြောင့်သာ အခုလို လုပ်တာပါ။ နင်က မိုးသားပြီး အပြစ်ကင်းတဲ့သူဆိုတာ ငါ သိပါတယ်။ အခုလို လုပ်ရမှာ ငါ့ရင်ထဲမှာ မကောင်းဘူး ရဲဝေ၊ အဲဒါ နင့်ကျမှ ငါ အဲလိုဖြစ်သွားတာ"

သူမ၏စကားကြောင့် ကျေနပ်စွာ သူ ပြုံးသည်။

"ဒီစကားလေးနဲ့တင် ဒီကောင်က သေခဲ့ပြီးသားပါ သခင်မ၊ နောက်ထပ် နပန်းသမား အယောက်တစ်ရာလာလည်း မမှုတော့ပါဘူး သဒ္ဒါရည်"

သူမ ပြုံးသည်။ ဒါပေမယ့် အသက်မပါ ချည့်နဲ့သည်။

"ငါ့ကို Propose ပေါ့။ လိုက်ခဲ့တဲ့ ကောင်လေးတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တယ်။ ရုပ်ရည်ရှိပြီး မိဘက ချမ်းသာတဲ့ ကောင်လေးတွေ၊ မိဘက ဩဇာကြီးတဲ့ ကောင်လေးတွေအများကြီးပါ ရဲဝေ။ ဒါပေမယ့် ငါ တစ်ယောက်မှ ကြည့်မရခဲ့ဘူး။ သူတို့အားလုံးဟာ ဒီကောင်မလေး ငါ လိုက်ရင်ရတယ်ဆိုတဲ့ သူတို့ကိုယ်သူတို့ အထင်ကြီးတဲ့စိတ်ကို အရင်းခံပြီး လိုက်ခဲ့တဲ့သူချည်းပဲ။ ငါ့ရှေ့မှာ ဟန်ဆောင်ပြီး လူအထင်ကြီးအောင် အကြီးကြီးတွေလုပ်ပြ၊ အကြီးကြီးတွေ ပြောပြနဲ့ ငါကလည်း ခါလိုက်ရောကွယ်ရာမှာ ငါ့ကို မကောင်းပြောကြ၊ ငါ့ကို အွန်လိုင်းပေါ်မှာ နာမည်ဖျက်ကြပေါ့။ ထဘီဝတ်ထားတဲ့ ယောက်ျားတွေ။ သူတို့ကို ငါ ခဏခဏ Lesson လေ သင်ခန်းစာပေးခဲ့ရတယ်။ နွားပိန်တွယ် ဇွတ်တောက်တဲ့ ကပ်ကပ်နေတဲ့ ကောင်တွေ။ ကင်တင်းကို ခေါ်သွားပြီး ငါ့သူငယ်ချင်းနှစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်။ သူတို့နှစ်ကောင်ကလည်း အားကိုးရတယ်။ ငါတို့ သူငယ်ချင်းကို လိုက်နေတဲ့သူဟာ ဘယ်လောက် သတ္တိကောင်းသလဲ၊ ဘယ်လောက် အားကိုးစရာကောင်းသလဲဆိုတာ သိရအောင် ငါတို့ နပန်းသမားနှစ်ယောက်နဲ့ ပညာစမ်းခွင့်ပြုပါ။ ကျေးဇူးပြုပြီး ဒီကင်တင်းရဲ့ နောက်ဘက်က မြေကွက်လပ်မှာ ငါတို့နဲ့ နပန်းလုံးရအောင် ပညာဖလှယ်ရအောင် ကြွပါလို့ ဖိတ်ခေါ်လိုက်တယ်"

သဒ္ဒါရည် ပြောသည်ကို နားထောင်ရင်းနှင့် သူ့ ရင်သည် တဒုတ်ဒုတ် ခုန်လှုပ်လာ၏။ အိုး ဖြစ်ချင်ရာဖြစ်ပေါ့။ သူ့အဖို့ မျက်ကန်းတစ္ဆေမကြောက် ဆင်ကန်းတောတိုး သဘောထားပြီးသားလေ။

"သူတို့ထဲက ဘယ်နှယောက်နိုင်ခဲ့ဖူးလဲ သဒ္ဒါရည်"

သူမ 'ဟက်' ခနဲ တစ်ချက်ရယ်သည်။ နှုတ်ခမ်းထက်မှာ သရော်ခြင်း မည်သော ပန်းကလေးတစ်ပွင့် နေရာယူထားသည်။

"နိုင်ဖို့နေနေသာသာ အကြောင်းအမျိုးမျိုးပြပြီး ဘက်ဂီယာနဲ့ ဆုတ်သွားကြတဲ့သူတွေချည်းပဲ။ စဉ်းစားကြည့်လေ ဘယ်ယောက်ျားလေးက များ မိန်းမနှစ်ယောက်နဲ့ နပန်းလုံးမှာတဲ့လဲဟာ"





ပြောအပြီးမှာ သူမ သဘောကျစွာ ရယ်သည်။ သူ လိုက်မရယ်မိပ ဒူးတွေက တဆတ်ဆတ် တုန်နေသည်။ ခလုတ်ထိတော့ အမိတသည် အမေရေ ကယ်ပါဦးဗျာ၊ ကျွန်တော် မကြာခင်မှာ လူစင်စစ်က မုန့်ကြိ လိမ်ဖြစ်ပြီး အီးအီးအပြားလိုက် ထွက်တော့မယ် အမေ။ "လှပတဲ့ ကောင် မလေးတွေဟာ ချစ်သူရွေးတဲ့အခါမှာ အလှမ်းချော်တယ်၊ ခပ်ကြောင် ကြောင် လုပ်တတ်တယ်။ အဲဒါကြောင့် ခပ်ကြောင်ကြောင် ကောင်နဲ့ ညားသွားကြတာပေါ့။ ငါလည်း အဲဒါကြောင့် နင့်အဖေ ကြောင်ခဲ့ ညားခဲ့တာလေ"

ဟု အမေက အူကြောင်ကြောင် ပြောခဲ့ဖူးသည်။ မှန်လိုက်တာ အမေရယ်။ ခုလည်း သဒ္ဒါရည်က ခပ်ကြောင်ကြောင် လုပ်နေပြီ အမေ ကျွန်တော့်မျက်စိထဲမှာ ပီးပေါ် ပီးပေါ်ဆိုတဲ့ Ambulance ကားကြီး ကျွန်တော့်ဆီ မောင်းလာနေတာ မြင်နေရတယ် အမေ။ သွေးပျက်နေပ သည်ဆိုမှ သဒ္ဒါရည်က ဆက်ပြီး ဖြခြောက်ပြန်သည်။

"နင့်ကြည့်ရတာ ပေါင်တစ်ရာလောက်ပဲ ရှိမယ်ထင်တယ်။ အ နင့်ကို အမဲဖျက်မယ့် တစ်ယောက်က မိထက်တဲ့။ ညိုညိုဝဝကြီး ပေါင် နှစ်ရာလောက်ရှိတယ်။ တစ်ယောက်က ပိန်ပိန်ရှည်ရှည်ကြီး။ ဒါပေမယ့် ကျစ်နေတာပဲ။ အဲဝူ လို့ နာမည်ပြောင်ရှိတယ်။ သူ့နာမည်က အိန္ဒြာက သူက မလှုပ်နိုင်အောင် ချုပ်နိုင်တယ် ညှစ်အားကောင်းတယ်"

သဒ္ဒါရည်၏ စကားအဆုံးမှာ ရဲဝေ၏ မျက်နှာသည် ငိုခြင်းနှင့် ရယ်ခြင်းတို့ ရောသမမွှေထားသော မစ်ရှိတ်မျက်နှာကြီး ဖြစ်သွားသည် ပြီးတော့ တဟင်းဟင်းနှင့် ဖွဖွရယ်သည်။ ကယောင်ချောက်ချား ဖြ သွားဟန်ရှိသော ရဲဝေကို ကြည့်လျက် သူမ နည်းနည်းတော့ စိုးရိမ် သည်။

"ကြိုးစင်တက်ခါနီး လူတွေဟာ နင် အခု ဖြစ်သလိုမျိုး ဖြစ်သွား တတ်ကြတယ်ဟဲ့၊ ဖြစ်ရဲ့လား ရဲဝေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာသည် အပူအပင်ကင်းသော ကလေးတစ်ယောက်လို ပြန်ဖြစ်သွားသည်။ သူ့ခြေလှမ်းတွေသည် လှမ်းနေရာမှ ရပ်သွား၏။

“ဒီမှာ သုံးမိနစ် ခဏရပ်နေရအောင်။ နင့်သူငယ်ချင်း နှစ်ယောက်ကို ဖုန်းဆက်ပြီး ပြောလိုက်ပါ။ အခု နင်တို့နဲ့ နပန်းလုံးမယ့်သူဟာ သုဝဏ္ဏ က ရဲဝေ လို့။ သူ ဒီနေ့ အိမ်ပြန်ရောက်မှ ရေချိုးမှာလို့၊ ခု သူ သုံးမိနစ် အချိန်ပေးမယ်၊ သုံးမိနစ်ပြည့်တာနဲ့ နင်တို့ရှိရာ လာပြီလို့ ပြောလိုက်ပါ သဒ္ဒါရည်”

ဒါသည် ရဲဝေက ပရိယာယ်ဆင်ကာ သူမ၏ သူငယ်ချင်း နှစ်ယောက်အား ကြောက်ကန်ကန်၍ ခြိမ်းခြောက်ခြင်းသာ ဖြစ်မည်။ သည်လောက် တောင်ရှိလှတဲ့ကောင် သိစေရမည်။ သူ့ဘာသာ သုဝဏ္ဏ ရဲဝေပဲဖြစ်ဖြစ် သာကေတ ဂျက်လီပဲဖြစ်ဖြစ် မိထက်တို့ကို သည်လို ဖိန့်လို့ ရရိုးလား။ သံရှည်တစ်ခါပဲ ခေါ်လိုက်ရသည်။ စပီကာ ဖွင့်ထားသည်။

“အေး နင့် အူကြောင်ကျား ခေါ်မလာသေးပါလား။ ဒီမှာ ငါတို့က အကြောလျှော့ပြီး အဆင်သင့်ဖြစ်နေပြီ သဒ္ဒါရဲ့”

“မိထက် ငါပြောတာ နားထောင်ဦး၊ ရယ်ရတယ်ဟ သိလား၊ သူက ပြောတယ်။ အခု နင်တို့နဲ့ နပန်းလုံးမယ့်သူက ရဲဝေတဲ့။ သုဝဏ္ဏကတဲ့။ သူ ဒီနေ့ အိမ်ပြန်ရောက်မှ ရေချိုးမှာတဲ့။ ခု သူက သုံးမိနစ် အချိန်ပေးမယ်တဲ့။ သုံးမိနစ်ပြည့်တာနဲ့ နင်တို့ရှိရာ လာပြီတဲ့. . . ရယ်ရ. . .”

သူမ စကားဆုံးအောင်ပင် မပြောလိုက်ရ တစ်ဖက်မှ ‘ဂေါက်’ ခနဲ ဟန်းဖုန်းပြုတ်ကျသံကြီးကို ကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် “ဖုန်း ငါ့ဖုန်း လွတ်ကျသွားပြီ ကောက်. . . ကောက်ပေး. . . အခုလာမယ့်သူက ရဲဝေ ဟဲ့၊ နင့်လင်က ငါတို့ပြေးဖို့ သုံးမိနစ်အချိန်ပေးထားတယ်” ဟူသော မိထက်၏ အူယားဖားယားအသံတွေ ဝရုန်းသုန်းကား အသံတွေ နောက် တွိခနဲ ပါဝါပိတ်သွားသံ။

သဒ္ဒါရည်သည် ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ဖြစ်နေ၏။





သူမသည် ဖုန်းကို ငေးကြောင်ကိုင်ထားရင်းမှ ရဲဝေဘက်သို့ ကြည့်လို
သည်။ ရဲဝေသည် ပြုံးခြင်း ရယ်ခြင်းမရှိ လက်မှ နာရီကိုသာ သုံးမိန
ပြည့်သည်အထိ စောင့်ကြည့်နေလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မည်သူမဆို ဘဝမှာ ကံကောင်းသော နေ့ရက်တွေရှိသလို ကံဆိုးသော နေ့ရက်တွေလည်း ရှိပါသည်။ သည်ကနေ့ကတော့ သူမအတွက် ကံဆိုးသောနေ့ရက်ပင် ဖြစ်ပါလိမ့်မည်။ ကြုံလာခဲ့သည်တို့က တစ်ခုမှ ကျေနပ်စရာမရှိ။ ကိုယ်ပစ်လိုက်သော မြားဦးတွေက ကိုယ့်ရင်ဝကိုပဲ ပြန်စိုက်နေကြသည်။

ကျောင်းမှ ပြန်ရောက်ပြီး ခြံထဲသို့အဝင်မှာပင် ကားရပ်လိုက်သည်။ ဒရိုင်ဘာ ဦးလေးမောင်အား ကားကို ကားဂိုဒေါင်သို့ တန်းမောင်းနိုင်ရန်အတွက် သူမ ကားပေါ်မှ ဆင်းပြီး အိမ်ဘက်သို့ လှမ်းလိုက်သည်။ သည်မှာပင် နှင်းဆီခင်းထဲမှာ ကင်မရာတစ်လုံးနှင့် အလုပ်ကြီးသဖွယ် လုပ်နေသော အောင်ဇော်လတ်ကို တွေ့လိုက်ရသည်။ သူမ နှုတ်ခမ်းတွေ ကျေနပ်စွာ ပြုံးသွားသည်။ သူမထံမှာ ကိုကိုလတ်အတွက် သေမိန့်ပါလာခဲ့သည်ကို အစ်ကိုတော် သိရှာမည်မဟုတ်။ အနိုင်သေချာပြီးသူ တစ်ယောက်၏ အပြုံးနှင့် သူမ နှင်းဆီခင်းအနီးမှာ ရပ်လိုက်၏။

"ဒီနေ့ ကိုကိုလတ်အတွက် မိကစ် ကျောင်းကနေ လက်ဆောင်ယူလာခဲ့တယ်၊ ဘာလက်ဆောင်လဲ သိလား"





အောင်ဇော်လတ်က ညီမတော်ကို တစ်ချက်ငဲ့ကြည့်သည်။ ပြီးတော့ မထုံတက်တေးပုံစံနှင့် တစ်ဖက်သို့ ပြန်လှည့်သွား၏။ နောက် အဝါရောင်နှင်းဆီတစ်ပွင့်ကို ဖြတ်ခနဲ ဓာတ်ပုံရိုက်လိုက်ပြန်သည်။ ပြီးမှ ညီမတော်ဘက်သို့ လှည့်ပြီး ခပ်ထေ့ထေ့ ကြည့်လိုက်ရင်း စစ်မျက်နှာဖွင့်သည်။

"ကြည့်စမ်း မိကစ်၊ နှင်းဆီပွင့်အဝါရောင်လေး၊ ဘယ်လောက်လှလဲ နှင်းဆီရဲ့အရောင်တိုင်းမှာ သူ့အဓိပ္ပာယ်နဲ့သူ ရှိကြတယ် ငါ့ညီမရဲ့၊ ဆိုပါစို့ကွာ ကောင်လေးတစ်ယောက်က မိကစ်ကို အဝါရောင် နှင်းဆီတစ်ပွင့်ပေးလိုက်ပြီဆိုပါစို့။ အဲဒါ ဘာအဓိပ္ပာယ်လဲဆိုတာ မိကစ် သိရဲ့လား"

သူမ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူမ ဘယ်လိုမှ မျှော်လင့်မထားသော စကားပါလား။ ပစ်မှတ်၏ ဗဟိုချက်အား သေွဖီခြင်းအလျဉ်းကင်းစွာ တန်းတန်းကြီး လာနေသော တိုက်စစ်မြားတစ်စင်းပါတကား။ သည့်နောက်မှာ နောက်ထပ် မြားတစ်စင်း ဆက်တိုက်လိုက်လာသည်။

"ဘာကြည့်တာလဲ မိကစ်၊ ငါ့ညီမလေး ဘာကို စဉ်းစားနေတယ်ဆိုတာ ကိုကိုလတ် သိတာပေါ့။ မြစ်ရဲ့စီးဆင်းရာကို တဖြောင့်တည်း တွက်လို့ မရဘူးလေ။ ပြောင်းပြန်စီးတဲ့ မြစ်လည်း ရှိတယ်။ မြစ်ဆိုတာ ကွေ့ကောက်တယ် ငါ့ညီမရဲ့"

ဒါက ပိုပြီး ခိုင်မာသွားပြီ။ သို့ဆိုပါလျှင် နေ့ခင်းက သူမ ရဲဝေနှင့် ကင်တင်းမှာ နှစ်ယောက်တည်း ထိုင်ခဲ့စဉ်က ပြောခဲ့သော စကားတွေကို ကိုကိုလတ် သိနေခဲ့လေပြီ။ ကိုကိုလတ်က နောက်တစ်ဆင့် ထပ်တက်လာပြန်သည်။

"စိတ်တော့မကောင်းပါဘူးကွာ၊ ဟောဒီမှာ မျက်ရည်ကျအောင် သက်သေပြလိုက်ပါဦးမယ် ကြည့်ပါဦး"

အစ်ကိုတော်က သူ့ဟန်းဖုန်းကို ဖွင့်ပြသည်။ သူမ ကြည့်လိုက်တော့ မျက်လုံးပြူးသွားသည်။ ပထမ သူမက ရဲဝေ၏လက်ကိုကိုင်ပျက် အတူ



www.burmeseclassic.com

www.burmeseclassic.com



တွဲလျှောက်သည်။ နောက် ရဲဝေ၏လက်ကို လွှတ်လိုက်သည်။ ပြီးတော့ အတူတွဲလျှောက်နေရာမှ ရဲဝေဘက်သို့ ခေါင်းငဲ့သည်။ ရဲဝေက သူမကို ကျောဘက်မှ သိုင်းဖက်ကာ လက်မောင်းအိုးအား ဖွဖွအုပ်ကိုင်လိုက်သည်။ သည်မှာပင် အစ်ကိုတော်၏ ဗီဒီယိုမှတ်တမ်းတင်မှုက နိဂုံးချုပ်သွား၏။ သူမ၏နဖူးဆံစပ်မှာ ချွေးဥလေးတွေ စို့တက်လာသည်။ ခေါင်းကို ရမ်းခါလိုက်ရင်း ညည်းတွားသည်။

"မဟုတ်ဘူး ပြဿနာပဲ၊ အဲလိုမဟုတ်ဘူး သူနဲ့ မိကစ်က ရည်းစားမဟုတ်ဘူး၊ ဒါ. . . ဒါကြီးက အမှားကြီးလေ"

"အင်းပေါ့ ဒါကို ကိုကိုလတ် သိတာပေါ့။ ရဲဝေနဲ့ ငါ့ညီမက သူငယ်ချင်းတွေပဲလေ။ ကျွတ်. . . ကျွတ်. . . ကျွတ် စိတ်မကောင်းလိုက်တာကွာ။ ကိုကိုလတ်က သူငယ်ချင်းဆိုတာ သိပေမယ့် ဒါကို အန်ကယ်မျိုးကို သွားပြလိုက်ရင်တော့ အန်ကယ်မျိုးက ဒါ မိကစ်သူငယ်ချင်းပါလို့ ပြောလို့ ယုံပါ့မလားကွာနော"

"ဘာရယ်. . . ဒါ. . . ဒါကို ဖေဖေ့ သွားပြမလို့ ဟုတ်လား"

သွားပြီပေါ့။ ဒါကိုသာ ဖေဖေ မြင်ရပါလျှင် သူမ ဆက်မတွေးရဲပါ။ သူမ အထိတ်တလန့်နှင့် ကိုကိုလတ်ကို ကြည့်လိုက်သည်။ ကိုကိုလတ် မျက်နှာက တိုက်တိုင်းအောင် စစ်သူကြီးတစ်ယောက်နှယ် ဝင့်ဝင့်ကြီးပြုံးလိုက်ပြီး အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုကို ကမ်းလှမ်းသည်။

"တစ်ခုတော့ ရှိတာပေါ့ကွာ၊ ငါ့ညီမလေးဆီမှာ ကိုကိုလတ်ကို အမှုန့်ကြိတ်ပစ်မယ့် အစီအစဉ်လေးရှိရင်တော့ အဲဒီအစီအစဉ်လေးကို ဖျောက်ပစ်လိုက်ရင် ကိုကိုလတ် ရိုက်ထားတဲ့ ဒီရိုက်ချက်လေးကိုလည်း အန်ကယ်မျိုး မြင်စရာအကြောင်း မရှိတော့ဘူးလေ"

"ဒါဆိုလည်း စီးကရက်တစ်တောင့်ယူပြီး ကိုကိုလတ် လုပ်စား





နေတဲ့ကိစ္စ ဖေဖေ့ကို မိကစ် မတိုင်တော့ဘူး။ ဖုန်းထဲက အဲဒါကိုလည်း မိကစ်ရှေ့မှာ အခုပဲ delete လုပ်ပေး ဖျက်ပေး"

သူမ၏စကားကြောင့် အစ်ကိုတော်က ဟက်ဟက်ပက်ပက်ကြီး ရယ်သည်။ ပြီးတော့ သူမ၏ခေါင်းကို 'ဂေါက်' ခနဲ ခေါက်လိုက်ပြီး ပြောလိုက်၏။

"ငါ အဲလောက် မအဘူး မိကစ်ရဲ့"

○

ဘာကို အစာမကြေမှန်းလည်း မသိ။ ရင်ထဲမှာ ခိုးလို့ခုလုကြီး ဖြစ်နေသည်။ မကြေလည်ခြင်းတွေက ခေါင်းစဉ်ပျောက်နေ၏။ စိတ်သည် ခါတိုင်းလို မရှင်း၊ အကြည်ဓာတ်တွေ ပါးလျနေသည်။ အိပ်ရာထက်မှာ နဖူးပေါ်လက်တင် စဉ်းစားခန်းဝင်ရင်း သက်ပြင်းခါခါချမိသည်။ အာရုံမှာ ဖရိုဖရဲ အတွေးစတွေက ဟိုတစ်စ သည်တစ်စ ရှိနေသည်။ ယင်း ဟိုတစ်စ သည်တစ်စတွေကို စုစည်းကာ အတွေးအိမ်လေး တစ်ခု သူမ ကြိုးစားဆောက်တည်ကြည့်သည်။ သည်အခါတွင် ၎င်းအိမ်လေးထဲသို့ အူကြောင်ကြောင် ကောင်လေးတစ်ယောက် မဖိတ်ခေါ်ဘဲ ဝင်ရောက်လာလေသည်။ အနီှအူကြောင်ကြောင် ကောင်လေးအား နေမွန်းမတည့်မီအချိန်က ကင်တင်းသို့ သူမ ဆွဲခေါ်သွားခဲ့လေသည်။

"နင်ခေါ်လို့ကတော့ ကြိုးစင်ပေါ်တက်ဆိုလည်း တက်မယ့်ကောင်ပါဟာ၊ ငါ လိုက်ခဲ့ပါ့မယ်၊ သူများတွေမြင်ရင် တစ်မျိုးထင်ပြီး နင့်သိက္ခာကို ထိခိုက်မှာစိုးလို့ ပြောတာပါ။ ငါ့လက်ကို လွှတ်ပေးပါ သဒ္ဓါရည်"

သူမသည် ရဲဝေ၏လက်အား လွှတ်ပေးလိုက်သည်။ စကားမပြောမိကြဘဲ ယှဉ်တွဲ လျှောက်လာခဲ့ကြသည်။ ခေါင်းထဲမှာ တစ်စုံတစ်ခု ရောက်လာသည့်အတွက် သူမ၏နှုတ်ခမ်းကလေး ပြုံးသွားသည်။

"ကမ္ဘာရှားပဲ၊ နင့်လိုကောင်မျိုး ငါ မတွေ့ဖူးဘူး၊ ငါ တွေ့ဖူးသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ 'မင်းကို ကိုယ်သိပ်ချစ်တာပဲ၊ ကိုယ့်ကို ပြန်ချစ်ပါ သဒ္ဒါရည်' ဆိုပြီး ငါ့အချစ်ကို တောင်းခံတဲ့သူချည့်ပဲ။ နင့်ကျမှ ခင်မင်မှုကို တောင်းခံရတယ်လို့ ကြုံ . . . မကြုံဖူးဘူး ဟင်း . . . ဟင်း . . . ဟင်း"

"အရာရာမှာ ဖြစ်ချင်တိုင်းမှ မဖြစ်နိုင်တာဟာ၊ ဖြစ်နိုင်တဲ့အရာ ဆိုပေမယ့်လည်း ဖြစ်ချင်မှ ဖြစ်တာဟ၊ အဲဒါကြောင့် ဖြစ်နိုင်တာကိုပဲ ငါ တောင်းဆိုခဲ့တာပါ"

"အေးပေါ့လေ၊ ငါ့သူငယ်ချင်း နပန်းသမားနှစ်ယောက်နဲ့ တွေ့ပြီးတဲ့အချိန်ကျရင်တော့ နင် ငါ့ကို ဆက်ပြီး ခင်နိုင်သေးရဲ့လားဆိုတာ စောင့်ကြည့်ရသေးတာပေါ့ဟာ"

သည်အခိုက်မှာပင် ရှေ့ခပ်လှမ်းလှမ်းမှ လာနေသော ကျောင်းသားတစ်ဦးကို သူမ မြင်လိုက်ရသည်။ မှိုင်းအုံ့မိုးသား တစ်ရိပ် သူမ၏ မျက်နှာထက်မှာ ဖြတ်ခနဲ ပြေးဖြတ်သွား၏။ မတွေ့ချင် မမြင်လိုသူနှင့်မှ လာပြီး တည့်တည့်တိုးချေပြီ။ အာဖရိက ကျွဲပေါက်အား ကစ်တိုက်ထားသည့်နှယ် အဆင်းသဏ္ဌာန်ဝင့်ထည်ရှာလေသော စိုးမင်းငြိမ်းသည် ရှေ့တည့်တည့်မှ လာနေပါချေပြီ။ သူမ၏ ဦးခေါင်းလေးသည် ရဲဝေ၏ ပခုံးဘက်သို့ ညွတ်ယိုင်သွားသည်။ သူမ တိုးတိုးကပ်ပြောလိုက်သည်။

"ရဲဝေ ငါပြောသလိုလုပ်နော်၊ ရှေ့ကလာနေတဲ့ ကောင်လေး၊ ငါ့နဲ့က ဘယ်ဘဝက ဆိုခဲ့တဲ့ သစ္စာအစုတ်အပဲ့ကြောင့်လဲ မသိဘူး၊ ရေစက်မပါဘူး၊ ကြည့်ရတာကိုက Cross ပဲ။ နင် ငါ့ရည်းစားပုံစံ ဟန်ဆောင်ပေး၊ ငါ့လက်ကို ကိုင်လိုက်၊ သုံးမိနစ်လောက်ပဲ ရဲဝေ"

သူမ အကူအညီတောင်းတာ မှားသွားပြီလားမသိ။ ရဲဝေ ဟူသော အူကြောင်ကြောင် သကောင့်သားသည် ကတုန်ကယင်နှင့် သူ့လက်အား သူမ၏ကျောပြင်မှ ကျော်ကာ လက်မောင်းအိုးကို အုပ်ကိုင်လိုက်လေသည်။ ပြီးတော့ တိုးတိုးကပ်ပြောသည်။

"ရပြီဆိုရင် ပြောတော့နော်။ ငါ ဘယ်လိုကြီးမှန်း မသိဘူးဖြစ်နေလို့





ဆီးသွားချင်သလိုကြီးပဲ၊ မြန်မြန်လုပ်နော်၊ ငါ ရှူးရှူးထွက်သွားမှာစိုးလို့ပါဟာ"

'သေလိုက်လေ လဲသာသေလိုက်တော့ ဒအူရေ' ဟု သူမစိတ်ထဲမှ မေတ္တာပို့ ကျိန်ဆဲလိုက်လေသည်။ ဩော် . . . ဒီလို အူကြောင်ကြောင်ကိုမှ လက်ကိုင်ခိုင်းမိလိုက်တဲ့ ငါကိုက မှားလိုက်မိတာပါပဲ။

အံ့သြခြင်း၊ ကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်းတို့ အချိုးတူ ရောသမမွှေထားသော မျက်နှာကြီးနှင့် စိုးမင်းငြိမ်းသည် သူမတို့နှစ်ယောက်အား ပေစောင်း ပေစောင်းကြည့်လျက် ဖြတ်ကျော်သွားလေသည်။

၀

ကျောခိုင်းရာအရပ်သို့ စိုးမင်းငြိမ်း ခပ်လှမ်းလှမ်းရောက်သွားသည်နှင့် သူမ ပထမဦးဆုံးလုပ်သော အလုပ်မှာ ရဲဝေ၏ ခေါင်းအား 'ဂေါက်' ခနဲ အင်အားသုံးကာ ခေါက်ပစ်လိုက်ခြင်း ဖြစ်ပါသည်။ အသားအရေပါးလျတော့ ထူပူသွားသည်ပဲ ဖြစ်မည်။ ရဲဝေသည် သူ့ခေါင်းအား လက်ဝါးနှင့် ပွတ်ရင်း သူမကို အံ့သြမျက်ဝန်းတွေနှင့် ကြည့်သည်။

"နင် ငါ့ကို ဘာလို့ခေါက်တာလဲ သဒ္ဒါရည်"

"နင့်ကို ငါက လက်ကို ကိုင်ခိုင်းတာလေ၊ နင်က လက်မောင်းကို ဘာလို့ လာကိုင်ရတာလဲ။ အဲလိုကိုင်တော့ ငါ့ကို ဖက်ထားသလို ဖြစ်နေတာပေါ့"

ရဲဝေသည် မည်သို့ အတွေးပေါက်လိုက်သည်မသိ မျက်နှာကြီး ရဲသွားသည်။ ပြီးတော့ ပျာပျာသလဲ တောင်းပန်၏။

"သိပြီ . . . သိပြီ ဆက်မပြောနဲ့တော့ အဲလို ညစ်ပတ်တာတွေ ဆက်မပြောနဲ့တော့ ငါ ရှက်လို့ပါဟာ၊ ငါ သွားနှင့်မယ် သဒ္ဒါရည်"

ပြောပြီးတော့ ကင်တင်းရှိရာသို့ ရဲဝေ ပြေးထွက်သွားသည်။ သူမ မျက်မှောင်ကြုတ်လျက် စဉ်းစား၏။ ငါပြောတဲ့ထဲမှာ ဘယ်နေရာမှာများ



www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်တာပါလို့ ဒီကောင် ရှက်သွားရတာလဲ။ ဒီကောင် အူကြောင်ကြောင်နဲ့ ဘာဖြစ်သွားတာပါလိမ့်။ သူမသည် စဉ်းစားမရသည့်အဆုံး၌ ခပ်လှမ်းလှမ်းသို့ ရောက်သွားလေပြီဖြစ်သော ရဲဝေအား လှမ်းအော်ခေါ်လိုက်၏။ သည့်နောက်မှာတော့ ရဲဝေအား သူမသည် စိတ်ပေါက်ပေါက်ရှိသည်နှင့် အားကိုးရာ တံတိုင်းကြီးနှစ်ခုဖြစ်သည့် နပန်းသမား သူငယ်ချင်းမ နှစ်ယောက်၏နာမည်ပြောကာ ဖြခြောက်လိုက်သည်။ သည်မှာပင် အံ့အားသင့်စရာ ကံတရားက ရဲဝေဘက်မှာ ရောက်ရှိသွားခဲ့ခြင်းဖြစ်ပါသည်။

○

အားကိုးရမည့် သူငယ်ချင်းနှစ်ယောက်မှာ နင်ဂျာတွေလို မြေလျှိုးမိုးပျံသွားပြီလားမသိ။ တစ်စွန်းတစ်စ ရိုးတိုးရိပ်တိပ်သော်မျှ မမြင်လိုက်ရအောင်ပင် လေကဲ့သို့ လျင်မြန်ခြင်းဖြင့် လစ်ထွက်သွားကြချေပြီ။

ဝမ်းမီးကို ဆီချက်တစ်ပန်းကန်နှင့် ငြိမ်းသတ်ပြီးနောက် သံပရာရည်တစ်ခွက်အား တစ်ဝက်ကုန်သွားသည့်တိုင် သူမ နှုတ်မှ စကားတစ်ခွန်း မဟမိ။ ရဲဝေသည်လည်း လက်ဖက်ရည်လေး ငုံလိုက် ရေနွေးကြမ်းလေး သောက်လိုက်နှင့် သူမ၏အရိပ်အကဲကိုသာ စောင့်ကြည့်နေမိလေသည်။ တိတ်ဆိတ်ခြင်းအား ယူဆောင်လာသူသည် သူမဖြစ်၍ တိတ်ဆိတ်ခြင်းအား စတင်ဖြိုခွဲလိုက်သူမှာလည်း သူမပင် ဖြစ်လေသည်။ ဦးခေါင်းအား ခပ်လေးလေး ရမ်းခါလိုက်ရင်း သူမ ညည်းဆိုသည်။

"ယုံဖို့တောင် ခပ်ခက်ခက်ပဲ။ ငါ တကယ်အံ့သြတယ် ရဲဝေ"

"ဘာလဲ ဘာကိုပြောတာလဲ၊ ငါ. . . ငါ မပေါက်ဘူး သဒ္ဓါရည်"

"နင့်လိုအကောင်သေးလေးကို အသာလေး အမှုန့်ကြိတ်ပစ်နိုင်တဲ့





ငါ့သူငယ်ချင်းနှစ်ယောက်က နင့်ကိုကြောက်ပြီး ထွက်ပြေးသွားတာ ငါအံ့သြမိလို့ပါ"

"ဩော်. . . နင်က မြစ်ရဲ့ စီးဆင်းရာကို တစ်ဖြောင့်တည်း တွက်လိုက်လို့ပါ။ မြစ်ဆိုတာ ကွေ့ကောက်တယ်။ ပြောင်းပြန်စီးတဲ့နေရာတွေလည်း ရှိတတ်တယ် သဒ္ဓါရည် အဲဒါပါပဲ။ ငါက မိထက်တို့နဲ့ တစ်လမ်းတည်းသားတွေ၊ ငယ်ကတည်းက နှစ်ယောက်တစ်ယောက် နပန်းသတ်နေကျ။ ရှုံးတဲ့သူက ချိုးရေခပ်ပေးရတယ်။ အဲဒီနှစ်ကောင်က ငယ်နိုင်တွေ။ ခုချိန်ထိ သူတို့ ငါ့ကို တစ်ခါမှ မနိုင်ဖူးသေးဘူး အဲဒါကို နင်မသိလို့ပါ"

ရဲဝေ ပြောတော့လည်း ရေလည်သလိုလိုပါပဲ။

သည်အခိုက်မှာပင် နောက်ခံ တီးလုံးသဲ့သဲ့နှင့် စကားပြောသံက ဆိုင်လေးထဲမှာ တိုးတိုးအုပ်အုပ် လွင့်ပျံ့ မြောရွေ့လာသည်။ နောက်ခံ တီးလုံးလေးနှင့် မြန်မာ့ကျေးလက်ချစ် တွံ့တေးသိန်းတန်၏ စကားပြောသံ။

"စိမ်းရက်တဲ့ ပန်းနွယ်ရေ၊ စုံနံ့သာမြိုင်မှာ ရှာပုံဖွင့်သလို အသည်းနင့်အောင် ချစ်ရခဲ့သူမို့ ရေမြေဆုံးစေတော့ ရှာရဦးတော့မယ်ကွယ်"

"အရှုံးတစ်ယောက်ရယ်လို့များ ပြောချင်လည်း ပြောပေဦးတော့၊ တောအလွယ် တောင်အထပ်ထပ်မှာ မောတယ်လို့တောင်မှ နားမနေခဲ့တဲ့သူပါကွယ်"

"တောင်မြောက် လေးပါးကို ဖွေရှာ မျှော်ကြည့်လိုက်ပြန်တော့ အဖော်မရှိတဲ့ ကိုယ့်ဘဝမှာ အသည်းငယ်မိပြန်တယ်ကွယ်။ ပျောက်သောသူ ရှာရင် တွေ့တယ်ဆိုပေမယ့် စိမ်းကားတဲ့ ပန်းနွယ်ကိုတော့ ရှာလေလေ ဝေးလေပါလား ပန်းနွယ်ရယ်"

ရဲဝေက နံ့သာဝဲယာကို ကျီးကန်းတောင်းမှောက် ကြည့်လျက် တွံ့တေးသိန်းတန်အသံနှင့် တစ်ထပ်တည်းကျအောင် ပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



အသံရှင်ကို လိုက်ရှာသည်။ ဆိုင်ထဲက စားပွဲဝိုင်းတွေမှာ မိန်းကလေးဝိုင်းတွေချည်း ဖြစ်နေသည်။ သူ ခေါင်းကုတ်ရင်း ညည်းပြော၏။

"ဆိုင်ထဲမှာလည်း ယောကျ်ားဘသားက ငါတစ်ယောက်ပဲရှိတာဗျ။ အံ့ဩစရာပဲ ဘယ်ကောင်မလေးကများ ကိုကြီးတွံရဲ့အသံအတိုင်း တစ်ထပ်တည်း ပြောနေတာလည်း မသိဘူး၊ တူတာတော့ ခွဲမရဘူး။ နင်သတိထားမိလား သဒ္ဒါရည်"

သည်အခိုက်မှာပင် ရပ်တန့် တိတ်ဆိတ်နေရာမှ တွံတေးသိန်းတန်၏ အသံအတိုင်း ပြောနေသံက ထပ်မံ ပေါ်ထွက်လာပြန်သည်။

"စိမ်းရက်တဲ့ ပန်းနွယ်ရေ၊ စုံနံ့သာမြိုင်မှာ ရှာပုံတော်ဖွင့်သလို အသည်းနှင့်အောင် ချစ်ရခဲ့သူမို့ ရေမြေဆုံးစေတော့ ရှာရဦးတော့မယ်ကွယ်"

ရဲဝေ၏ လည်ပင်းကြီး ရှည်ထွက်သွားပြန်သည်။ ပြီးတော့ နံဘေးဝဲယာကို မျက်စိဖွင့် နားစွင့်လျက် အသံရှင်အား လိုက်ရှာကြည့်ပြန်သည်။ ဦးခေါင်းသာ တစ်ပတ်လည်သွားသည် အသံရှင်အား သူမတွေ့။ သူ့ပုံစံကို ကြည့်လျက် သဒ္ဒါရည်သည် စိတ်ပျက်စွာ သက်ပြင်းချ၏။ စိတ်ပျက်စွာ ပြော၏။

"ရဲဝေ နင်က ငါမျှော်လင့်ထားတာထက်တောင် ပိုပြီး အူနေတာပါလား။ အဲဒီ တွံတေးသိန်းတန်အသံက နင့်လွယ်အိတ်ထဲက ထွက်နေတာ ငတုံးရဲ့"

သူမ၏စကားကြောင့် သူ့မျက်နှာကြီး ရဲသွားသည်။ သူသည် ရှက်လည်း ရှက်သွား၏။ အားလည်း အားငယ်သွား၏။

"Sorry ပါဟာ နင်ပြောတာ မှန်ပါတယ်။ ငါက ငတုံးပါ"ဟု ပြောလျက် လွယ်အိတ်ထဲမှ အိတ်ရှူ့လေးကို ထုတ်ယူလိုက်သည်။ ငယ်ငယ်က ခဲတံတွေ စုထည့်ပြီး ကြိုးလေးနှင့် လည်ပင်းဆွဲထားခဲ့သည့်ပုံစံနှင့် အိတ်ရှူ့ကလေး ဖြစ်သည်။ အိတ်ရှူ့ကလေးထဲမှ ရဲဝေ ဆွဲထုတ်လိုက်သော





အရာမှာ Hand Phone ဖြစ်သည်။ Hand Phone မှ တွံတေးသိန်းတန်ခမျာမှာလည်း အိတ်ရှူ့ကလေးထဲမှာ မွန်းကြပ် ပိတ်လှောင်ခံရာဘဝမှ လွတ်လပ် လေပြေမှာ လူးလွန့်ပွင့်အန်လျက် အသံပိုကျယ်သွား၏။ ဩော်. . . အူကြောင်ကြောင်နှင့်ပါလား၊ တွံတေးသိန်းတန်၏ 'ပန်းနွယ်က စိမ်း' စကားပြောနှင့် Ring tone အသံမှာ သူတစ်ယောက်ပဲ ရှိမည်ထင်၏။ ပြီးတော့ ကမ္ဘာပေါ်မှာ သူတစ်ယောက်ပဲသုံးမည့် Hand Set Cover ဖြစ်မည်။ မယ်သီလရှင် ဆန်ခံသည့် အိတ်ရှူ့သဏ္ဌာန်နှင့် ပူတူတူးလေးအရွယ်က လည်ပင်းဆွဲထားတတ်သော အိတ်ရှူ့ကလေး။ သည်ကတ္တီပါ အိတ်ရှူ့လေးသည် သူ၏ ဟန်းဖုန်းအိတ် ဖြစ်ပါသတဲ့ အရပ်ကတို့ရေ။

"ဟဲလို ပြောပါခင်ဗျာ၊ ကျွန်တော် ရဲဝေပါ"

". . . . . . . . . . . . . . ."

"ဗျာ. . . မစ်. . . မစ်. . . မစ္စတာအဘိဓာန် ဟုတ်လား . . . နေ. . . နေ. . . နေပါဦး. . . ဒိန်း. . . ဒိန်း. . . ဒိန်းဂျား. . . Danger ဗျ။ အန္တရာယ်ရှိတယ်။ ပြီးမှ ကျွန်တော် ပြန်ဆက်မယ် ဒါပဲနော်"

ရဲဝေသည် မျက်စိပျက် မျက်နှာပျက်နှင့် ဖုန်းပိတ်လိုက်၏။ သူမ၏ မျက်နှာအား မဝံ့မရဲအကြည့်နှင့် ကြည့်သည်။ တည်တည်စူးစူး မျက်နက်ဝန်းအစုံကို ရင်ဆိုင်လိုက်ရ၏။ သည်ခုနှ ဟိုကျော်စကားတွေ စီစဉ်မကျပွင့်အံ့ကျလာသည်။ မျက်နှာက ခေါက်ရိုးမကျ မျက်နှာနှင့်. . .

"ဟုတ်တယ်နော်၊ ငါ. . . ငါ. . . ဘာပြောလိုက်တာပါလိမ့်၊ သံပရာရည် ကုန်အောင်စားလိုက်လေဟာ၊ နင်ပြောတာ ဟုတ်တာပေါ့၊ နင်ပြောတာ ငါ မကြားလိုက်ရဘူးဟာ၊ အဲဒါကြောင့်ပါဟာ၊ နေဦး. . . နေဦး ငါ နင့်ကို ဘာပေးမလို့ပါလိမ့်၊ ဩော်. . . နှင်းဆီပွင့်. . . နှင်းဆီပွင့်. . . ငါ နင့်ဖို့ခူးလာခဲ့တာဟ"

ရဲဝေက သူ့လွယ်အိတ်ထဲမှ လေသွင်းထားသော ပလတ်စတစ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ဖောင်းဖောင်းကို ဆွဲထုတ်လိုက်သည်။ ရိုးတံနှင့်အတူ စုချည်ထားသောနေရာမှာ ဖဲကြိုးဝါလေး စည်းနှောင်ထားသည်။ အတွင်းမှာတော့ အဝါရောင် နှင်းဆီတစ်ပွင့် ရှိနေ၏။

"စားလို့တော့ မရဘူးပေါ့ဟာ၊ အပွင့်လေးက လှတော့ နင့်မျက်နှာကို ပြေးမြင်မိလိုက်တယ်။ ဒါနဲ့ အမေ ဘုရားမတင်ခင်လေး မသိအောင် ခိုးလာခဲ့တာဟ"

သူ့စကားကြောင့် သူမသည် လက်ချောင်းကော့ကော့လေးတွေနှင့် ရင်ဖိသည်။ နှုတ်ခမ်းလေး ဟလျက် ဘုရားတသည်။

"ဘုရား. . . ဘုရား. . . နင် ငါ့ကို ငရဲပေးနေတာလား ရဲဝေရယ်၊ ငါတော့ ငရဲကြီးတော့မှာပါပဲ"

"မကြီးပါဘူးဟာ၊ အမေက ဘုရားအတွက်ဆိုပြီး မပြောထားပါဘူး၊ ပြီးတော့ နှင်းဆီပွင့်အဝါရဲ့ အဓိပ္ပာယ်က Friend Ship ပါ။ ချစ်သူတွေနဲ့ မဆိုင်ဘူးလေ။ သူငယ်ချင်းအချင်းချင်း ချစ်ခင် နွေးထွေးမှုကို ဖော်ကျူးတာပါပဲ။ ဒါကြောင့် ငါ လိပ်ပြာသန့်တယ်"

သူမ သက်ပြင်းချသည်၊ ညည်းတွားသည်။

"ဟူး. . . ငါတော့ လူပေါင်းမှားပါပြီ ရဲဝေရယ်"

ရဲဝေ၏ မျက်နှာသည် ကြည်နူးရိပ်ခြည်တွေနှင့် လင်းပသွား၏။

"တကယ်ပြောတာလား သဒ္ဒါရည်၊ ဝမ်းသာလိုက်တာဟာ၊ အဲဒါပြောတာပေါ့. . . အဲဒါလေ. . . အဲဒါ. . . နေဦး. . . နင် ဘာကိုပြောလိုက်လို့ ငါက ဝမ်းသာသွားရတာလဲ. . . နင် ခုနက ဘာပြောလိုက်တာလဲ"

သူမ၏ လက်ကလေး အပေါ်သို့ မြောက်တက်သွားသည်။ ရဲဝေ၏ ဦးခေါင်းအား 'ဂေါက်' ခနဲ ခေါက်ပစ်လိုက်၏။ ပြီးမှ "မှတ်ထား ငါ ဘာမှ မပြောလိုက်ဘူးဟဲ့" ဟု ပြုံးရယ်လျက် ပြောလိုက်၏။

○





ပန်းနုသွေး နှုတ်ခမ်းလေးသည် နှစ်နှစ်ပျော်ပျော်ပြုံးနေ၏။ အိပ်ရာထက်မှာ နဖူးပေါ်လက်တင် စဉ်းစားခန်းဝင်နေရာက သည်မှာပင် အတွေးမျောထဲမှ နိုးထခဲ့သည်။ မသိစိတ်နှင့် အခန်းဝသို့ မျက်လုံးအဝင့်မှာ ဆတ်ခနဲ မြင်တွေ့လိုက်သော လူရိပ်ကြောင့် ကြက်သီးဖြန်းဖြန်းထသွား၏။

"လန့်လိုက်တာ အန်တီလေးရယ်၊ အသံမပေး ဘာမပေးနဲ့"

"အံမယ်တော် ငါ ရပ်နေတာကြာလှပြီ၊ သခင်မက မျက်နှာကြက်ကို စိုက်ကြည့်နေတယ်။ စဉ်းစားပြီး ပြုံးလိုက်. . . ရယ်လိုက်နဲ့ နင် မရှိုးတော့ဘူး မိသဒ္ဒါ ငါသိတယ်နော်၊ ပြောစမ်း မာနကြီးတဲ့ ငါ့တူမ အချောအလှကို ဘယ်မင်းသားလေးက ဖမ်းစားထားတယ်ဆိုတာ"

အန်တီလေးသည် ပြောရင်းနှင့် အခန်းထဲဝင်လာကာ သူမ၏ ခုတင်ပေါ်မှာ ထိုင်လိုက်သည်။ တူမချောသည် ခေါင်းခါလျက် ရယ်မောလိုက်သည်။

"ဝေးပါသေးရဲ့ အန်တီလေးရယ်၊ ဒီတူမက ဘယ်ယောက်ျားကိုမှ အထင်မကြီးဘူးရယ်၊ ခုဟာက ကျောင်းမှာ အူကြောင်ကြောင်ကောင်နဲ့ သူငယ်ချင်းဖြစ်ခဲ့လို့ ရယ်စရာတွေ သတိရပြီး ရယ်မိတာပဲရှိတယ်။ အဲဒါထားပါ အရေးမပါပါဘူး။ ခု အရေးပါတာက လမ်းထိပ်ကို သွားကြရအောင် ပုစွန်ခွက်ကြော်နဲ့ ရှောက်သီးသုပ်စားမယ် ကြာဇံဟင်းခါးသောက်မယ်"

"ပြီးရင် အခွေဆိုင်ဝင်မယ်၊ သီချင်းခွေဝယ်မယ် ဒါပဲမဟုတ်လား။ ငါ့မှာတော့ ဟင်းတွေချက်ထားရပြီး အလကားပဲ"

တူဝရီးနှစ်ယောက် တက်ညီလက်ညီပါပဲ။ ဖုတ်ဖက်ခါ ထွက်လာခဲ့ကြသည်။ အစ်ကိုတော်၏ အခန်းရှေ့မှ အဖြတ်မှာတော့ ထူးထူးဆန်းဆန်း မြင်ကွင်းအဖြစ် စာကြည့်စားပွဲမှာ စာကြည့်နေသော အောင်ဇော်

www.burmeseclassic.com



လတ် ကို မြင်တော့ အန်တီလေး ပခုံးတွန့်သည်။ သူမလည်း ပြုံးမိလိုက်သည်။ ခြံတံခါးဝမှ ဖွင့်အထွက်မှာ သူမ တစ်စုံတစ်ခုကို စိတ်ထင့်စွာ သတိရလိုက်မိ၏။

"ဖေဖေရော ထမင်းစားပြီးသွားပြီလား အန်တီလေး"

"စားပြီးသွားပြီလေ၊ အစ်ကိုကြီးလည်း ဒီရက်ပိုင်းမှပဲ Stress တွေ လျှော့သွားတော့တယ်။ သူ့အခန်းမှာပဲ နားနေလေရဲ့"

ပထမတော့ သူမတို့ မရှိခိုက်မှာ ကိုကိုလတ်များ ဖေဖေ့ဆီသွားကာ ဟန်းဖုန်းကို ဖွင့်ပြလိုက်လေမည်လားဟု သူမစိတ်ထဲမှာ ထင့်သွားသည်။ ဒါပေမယ့် ကိုကိုလတ် အဲလောက်တော့ မိုက်မဲရှာမည် မဟုတ်ဟု သူမ ဖော့တွေးလိုက်ပြီး သည်စိုးရိမ်မှုကို ခေါင်းထဲမှ ထုတ်ပစ်လိုက်သည်။

ဤသည်မှာ သူမ မှားယွင်းသွားပြီဆိုသည်ကို သူမ မသိရှာ။ အစ်ကိုတော် ကိုကိုလတ်သည် သူမတို့ ခြံတံခါးမှ ထွက်သွားသည်နှင့် ဟန်းဖုန်းကို ကိုင်ကာ ဖေဖေ့အခန်းထဲသို့ ရောက်ရှိသွားပြီ ဖြစ်ပါသည်။

○

စကရင်ကိုကြည့်လျက် ဦးမျိုးမြင့်မိုရ်တစ်ယောက် နဖူးကြောကြီးတွေ ထောင်နေအောင် ဒေါသထွက်နေသည်။ မျက်နှာက စိတ်မကောင်းဟန်ဆောင်ထားသော်ငြား ဤမြင်ကွင်းကိုကြည့်လျက် ရင်ထဲမှာ သည်းအူလှိုက်စွာ အားရကျေနပ်နေသူမှာ အောင်ဇော်လတ် ဖြစ်လေသည်။

"ဘယ်မှာလဲ အဲဒီခွေးသမီး၊ ငါ အသေသတ်မယ်၊ အရှင်းကြီးပဲ ငလတ်ရာ၊ ကောင်လေးက ပခုံးဖက်ထားမှတော့ သူငယ်ချင်း ဟုတ်မလားကွ၊ အဲဒါ ရည်းစားမို့ပေါ့ကွ၊ ဘယ်မလဲ အဲဒီခွေးသမီး"

"အန်ကယ်မျိုး အဲလိုမပြောနဲ့လေဗျာ၊ မိကစ်က ခွေးသမီးဆိုတော့ အန်ကယ်မျိုးက ခွေးဖြစ်သွားမယ်၊ အန်ကယ်မျိုးက ခွေးဆိုရင် ကျွန်တော့် အဖေလည်း ခွေးဖြစ်သွား၊ ကျွန်တော်လည်း ခွေးသားဖြစ်သွားမှာပေါ့။





နောက်ပြီး အန်ကယ်မျိုးဆီက 'အခုချက်ချင်း ပြဿနာမလုပ်ပါဘူး၊ ဒီကိစ္စ မင်းဆီက သိရတယ်ဆိုတာ မဖြစ်စေရပါဘူး' ဆိုတဲ့ ကတိရလိုက်လို့သာ ကျွန်တော် ဖွင့်ပြတာလေ၊ ကတိကိုတည်ပါ၊ ယောကျ်ားဆိုတာ ထွက်ပြီးသား အီးတုံးကို ပြန်မသွင်းရဘူးလေဗျာ"

တူတော်မောင်၏ နှိပ်ကွပ်စကားကို အီလည်လည် ခံလိုက်ရသည်၌ ဦးမျိုးမြင့်မိုရ် ခဏငြိမ်သွားရာမှ ပြန်ပြီး တစ်စခန်းထလာပြန်သည်။

"ခံရခက်လိုက်တာကွာ၊ ပြောတော့ဖြင့် မိကစ်က ဘယ်ယောကျ်ားမှ အထင်မကြီးဘူးတဲ့၊ အလကား ကုပ်ကမြင်းမ"

"ဒါကတော့ ဖအေတူသမီးလေးပဲလေဗျာ၊ ဖအေလိုပဲ ကုပ်ကမြင်း ဖြစ်မှာပေါ့ဗျ၊ စိတ်ထိန်းပါဗျာ"

ဦးမျိုးမြင့်မိုရ်သည် အောင်ဇော်လတ်အား မျက်ထောက်နီကြီးနှင့် တည်တည်ကြီး ကြည့်နေသည်။ ကြာလျှင် သည်ကောင့်အား ထရိုက်မိတော့မည်မှာ အသေအချာ သိနေသည့်အတွက် စိတ်ထိန်းလိုက်သည်။

"ကဲ. . . မင်းလည်းသွားတော့ ငလတ်၊ ဒီကိစ္စ မင်းပြောလို့သိတယ်ဆိုတာ မဖြစ်စေရဘူး၊ ငါ ကတိပေးတယ်၊ ငါ မသိချင်ယောင်ဆောင်ပြီးပဲ နေလိုက်မယ်။ သူ့ရည်းစားလေးနာမည်က 'ရဲဝေ' တဲ့ ဟုတ်လား။ အဲဒီ ခွေးမသားလည်း သေဖို့သာပြင်ထားပေတော့။ မင်းက အဲဒီခွေးသား နဲ့ ငါ့ကို မတော်တဆဆုံတဲ့ပုံစံမျိုးနဲ့ တွေ့ရအောင်သာ တစ်ဖက်လှည့်နဲ့ စီစဉ်ပေး။ နောက် သုံးလေးရက်နေရင် တွေ့ချင်တယ်ကွာ၊ ဒီကောင့်ကို ဖင်ပိတ် တံဆိပ်နှိပ်ပစ်မယ်ကွ"

ကဲ. . . ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပေတော့မည်။ ဒါပေမယ့် ဆင်က အူကြောင်ဆင်လေ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လာလတ္တံ့သောကာလ၌ မိမိ၏ကံကြမ္မာတွင် မုန်တိုင်းဝင်တော့မည်ကို ကြိုတင်မသိရှာလေသော သဒ္ဓါရည်ကတော့ ပူပင်ခြင်းကင်းစွာ နာရီ လက်တံတွေပေါ်မှာ လျှောက်လှမ်းနေဆဲ ဖြစ်သည်။ ခါတိုင်းလိုပင် Class မရှိသောအချိန်မှာ သူငယ်ချင်းနှစ်ယောက်နှင့်အတူ ကင်တင်းမှာ ထိုင် ဖြစ်သည်။ ရဲဝေကတော့ နှစ်ရက်တစ်ခါ ရောက်လာတတ်သည်။ ဘာရယ် မဟုတ်သော်လည်း ရဲဝေ ရောက်လာသည့် နေ့တွေမှာတော့ သူတို့ ဝိုင်းကလေးသည် စကားပျော်တွေနှင့် စိုလန်းနေလေသည်။ ယောကျ်ားတွေကို အထင်မကြီးတတ်သော မရောနှောတတ်သော သဒ္ဓါရည်သည် ရဲဝေ ကိုတော့ ဘာကြောင့် ခင်သွားမိမှန်း သူမကိုယ်သူမပင် အံ့ဩမိလေသည်။ ရဲဝေ၏ ရိုးသားသော စိတ်ရင်းဖြူကြောင့်လား၊ အူကြောင်ကြောင် အပြုအမူတွေကြောင့်လား ဆိုသည်ကို သူမ သရုပ်ခွဲမသိခဲ့ပါ။ ရဲဝေအပေါ်၌ သူမ ထားရှိသော ခင်မင်ခြင်းသည် သူငယ်ချင်း မိန်းကလေးတစ်ယောက်အား ခင်မင်မိသော ခင်မင်ခြင်းမျိုးသာ ဖြစ်သည်၊ ဒါသည် အချစ် မဟုတ်သည်ကိုတော့ သူမ ပြောရဲပါသည်။





အစ်ကိုတော်ကတော့ ဝန်ခံပြော ပြောခဲ့ဖူးသည်။

“နည်းနည်းတော့ ထူးဆန်းနေသလိုပဲ မိကစ်ရ၊ ကိုကိုလတ်က ယောကျ်ားချင်းဆို ဘယ်ကောင့်မှ မခင်ဘူးဆိုတာ မိကစ်လည်း အသိပဲလေ။ ဒီကောင့်ကျမှ ရင်ဘတ်နဲ့ကို ခင်သွားတာဗျ၊ လူက အူကြောင်ကြောင်နဲ့ ရုပ်ကလေးကြည့်လိုက်တော့ သနားစရာလေး၊ မျက်နှာမြင် ချစ် ခင်ပါစေဆိုတဲ့ ဆုတောင်း ပြည့်ခဲ့ပုံပဲ။ နင်နဲ့ရရင်တော့ ဒီကောင့်ကို သူတောင်းစားသာ လုပ်ခိုင်း၊ ဒါဆို နင်တော့ ထောပြီ မိကစ်” တဲ့လေ။

သူငယ်ချင်း မိထက်နှင့် အဲဝူကလည်း ပြောခဲ့ဖူးသည်။

“သူ့အမေက လေထဲမှာ ဖင်ပေးပြီး Mr.Bean မစွတာ ဘင်းနဲ့ များ လေဉ ဉပြီး ‘ရဲဝေ’ကို မွေးခဲ့သလား မသိပါဘူး။ လူတွေက သူ့ကို တွေ့လိုက်တာနဲ့ ရွှင်လန်းပြီး ခင်သွားတာချည့်ပဲ။ သူ့အကျိုးပေးပေါ့ ဟာ”

“အန်တီဝေသွယ်ကလည်း ပြောဖူးတယ်။ သူ ‘ရဲဝေ’ ကို မွေးတုန်းက ရဲဝေက Bat man လိုပဲတဲ့။ မျက်နှာဖုံးနဲ့တဲ့။ အလွှာပါးလေးက မျက်နှာမှာအုပ်ပြီး ပါလာတယ်။ အဲဒါကြောင့် ငါ့သားက မျက်နှာပွင့်တယ်၊ လူချစ်လူခင်ပေါတယ်တဲ့ဟ”

ဤကဲ့သို့သော မှတ်ချက်များနှင့် ရဲဝေပင် ဖြစ်ပါသည်။ ယခုတော့ ဤမှတ်ချက်များကို သူမ လက်ခံဖို့ မဝံ့သော်ငြား ငြင်းပယ်၍တော့ မရပါ။ ‘တယ်လီပသီ’ ၏ စိတ်ချင်းဆက်သွယ်မှု သဘောတရားပေလား မသိ။ သူမ ရဲဝေအကြောင်း စဉ်းစားနေမိစဉ်မှာပင် မိထက် နှုတ်မှလည်း ရဲဝေအကြောင်း ပြောချလိုက်သည်လေ။

“ရဲဝေ လာရင်ကောင်းမှာဟာ၊ ဒီကောင် မလာတော့လည်း ငါတို့ဝိုင်းက တစ်ခုခုလိုနေသလိုပဲ။ နည်းနည်းခြောက်နေသလိုပဲ”

“အခုမှလာပြီး တမ်းခြင်းဖွဲ့မနေနဲ့ မိထက်၊ ရဲဝေက ဒီနေ့လာမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ မနေ့က ကောင်မလေးနှစ်ယောက်ရဲ့ကိစ္စ. . . အဲ. . . ဘောဘော. . . ဘောစိဆိုတာလည်း ပါသေးတယ်လေ”

မိထက်နှင့် အဲဝူပြောမှ မနေ့ကအဖြစ်ကို သူမ သတိရမိလိုက်သည်။ မနေ့က သည်အချိန်မှာပဲဖြစ်သည်။ သည်စားပွဲဝိုင်းမှာပဲဖြစ်သည်။ သူမတို့ သုံးဦးနှင့်အတူ ရဲဝေသည် အတူထိုင်နေကြစဉ်မှာ ဖြစ်သည်။

မနေ့က. . .

○

“နေပါဦး . . . မေးမယ် မေးမယ်နဲ့ မမေးဖြစ်ခဲ့ဘူး။ ငါတို့ လစ်ပြေးတဲ့နေ့က နင် သဒ္ဒါကို နှင်းဆီပွင့်အဝါရောင် တစ်ပွင့်ပေးတယ်ဆို၊ အဲဒါ ဘာလို့ပေးတာလဲ ရဲဝေ”

“ပေးချင်လို့ ပေးတာပေါ့ဟ၊ ဘာလို့လို့ဆိုတာကျတော့ ဘာလို့မှ မဟုတ်ဘူး၊ နှင်းဆီမှာ ‘အဝါရောင်’ က ယုံကြည်မှု ခင်မင်ရင်းနှီးမှုဆိုတဲ့ အဓိပ္ပာယ်ပဲလေ”

ဤတွင် အဲဝူက စိတ်ဝင်စားစွာ ဝင်မေးသည်။

“နှင်းဆီအဖြူရောင်ကရော ဘာအဓိပ္ပာယ်လဲ”

“ပေးဆပ်တဲ့အချစ်၊ သန့်ရှင်းတဲ့အချစ်တဲ့ဟ၊ ငါ ကြားဖူးတဲ့ နှင်းဆီဒဏ္ဍာရီလေး ပြောပြမယ်။ ဟိုးတစ်ချိန်တုန်းကဆိုရင် နှင်းဆီပန်းအားလုံးဟာ အဖြူရောင်တွေချည်းပဲတဲ့။ တစ်ညမှာတော့ နိုက်တင်ဂေးငှက်ကလေး တစ်ကောင်ဟာ နှင်းဆီပန်းကို မြင်သွားတယ်တဲ့။ ငှက်ကလေးဟာ နှင်းဆီပန်းကို အရူးအမူး မြတ်နိုးသွားပြီး သူ့တစ်ကိုယ်လုံးမှာ အချစ်စိတ်တွေ လွှမ်းမိုးသွားတဲ့အတွက် နှင်းဆီပန်းပေါ်မှာ သူ့ခန္ဓာကိုယ်ကို ဖိလိုက်တယ်။ အဲဒီမှာ နှင်းဆီပန်းရဲ့ ဆူးချွန်တွေက သူ့နှလုံးသားကို ထိုးဖောက်ပြီး စိုက်ဝင်သွားတယ်။ ငှက်ကလေးရဲ့ နှလုံးသားက





စီးကျလာတဲ့ သွေးတွေဟာ နှင်းဆီပန်းကို စွန်းထင်းသွားတယ်။ အဲဒီအချိန်ကစပြီး နှင်းဆီပန်းတွေဟာ အနီရောင်တွေ ဖြစ်သွားတယ်တဲ့”

သည်မှာပင် မိကျောင်းသမီး မိထက်က ဝင်ပြီး လျှာရှည်၏။

“ဒါဆို အဝါရောင်ကရော ဘာစွန်းသွားတာလဲ”

ရဲဝေသည်လည်း သည်မေးခွန်းအတွက် စဉ်းစားမိခဲ့ဟန်ပင်။

“ငါထင်တာကတော့ တချို့ နှင်းဆီဆူးတွေဟာ နိုက်တင်ဂေးငှက်ကလေးရဲ့ စအိုကို ထိုးဖောက်ပြီး စိုက်ဝင်သွားမယ်။ အဲဒီမှာ ငှက်ကလေးရဲ့ စအိုက အီအီးတွေ ထွက်လာပြီး နှင်းဆီပန်းလေးမှာ စွန်းသွားမယ်။ အဲဒီမှာ အဝါရောင်နှင်းဆီပန်းတွေ ဖြစ်သွားမယ်၊ အီအီးအခြောက်တွေ စွန်းသွားတဲ့ နှင်းဆီပန်းတွေကျတော့ အနက်ရောင်နှင်းဆီပန်းတွေ ဖြစ်သွားမယ်”

“တော်ပါတော့ ရဲဝေရယ်၊ နင့်ဟာက အပြီးသတ်မှ အူကြောင်ကြောင်တွေ ဖြစ်သွားပြီဟဲ့”

သူမသည် ရဲဝေအား ဟန့်တားလိုက်သည်။ ရဲဝေက ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ကြည့်နေသည်။ ရဲဝေ၏ပုံစံက ဤကိစ္စအား သူသည် အတည်ပေါက်နှင့် ဦးနှောက်တစ်ခုလုံး ချာလပတ်ရမ်းအောင် စဉ်းစားခဲ့သည့်ဟန်ပင်။

“ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့လဲ သဒ္ဒါရည်၊ ငါပြောတာ မဖြစ်နိုင်ဘူးလား၊ အဲဒါ ငါ မနည်းစဉ်းစားကြည့်ထားရတာပါဟာ”

ဤမျှ အူကြောင်ကြောင် ဖြစ်နေသော အနှိုသကောင့်သားအားသည်မှာပင် သူမ ကရုဏာသက်သွားမိလေသည်။

ရဲဝေသည် သူမကို ကြည့်နေရာမှ ဆိုင်ရှေ့လမ်းကလေးသို့ အကြည့် လွှဲသည်။ ရဲဝေ မျက်မှောင်ကျုံ့သွားသည်။ ဆိုင်ရှေ့မှာ ရပ်နေသော ကောင်မလေးနှစ်ယောက်အား ဒွိဟမျက်ဝန်းတွေနှင့် ကြည့်နေလေသည်။ ပြီးတော့ တီးတိုးညည်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကောင်မလေးနှစ်ယောက် ငါ မြင်ဖူးသလိုလိုပဲ။ သူတို့ကို ကြည့်ရတာ လူရှာနေတဲ့ပုံပဲ။ ဒီရှေ့မှာ နှစ်ခေါက်ရှိပြီ ဖြတ်နေတာ။ အို. . . ငါ့ဦးနှောက်ကလည်း တစ်ခါတလေမှာ 'ရှော့' ဖြစ်ပြီး ရပ်ရပ်သွားသလိုပဲ။ စဉ်းစား. . . စဉ်းစားကြည့်စမ်း ရဲဝေ"

သူမသည် ရဲဝေ၏ မျက်နှာအား ယောင်ငေးကြည့်နေမိလေသည်။ ကလေးတစ်ယောက်လိုပါပဲ။ အာရုံပြောင်းလဲမှုကလည်း မြန်လိုက်တာ၊ သည်မှာပင် ရဲဝေ၏နှုတ်ခမ်းတွေ ပြုံးသွားသည်။

"အို. . . အဲဒါ ငါ့သူငယ်ချင်းနှစ်ယောက်ပါလား၊ မန္တလေး UFL မှာ တက်နေကြတာလေ။ ဆံပင်တိုက ဖြိုးသန္တာ စစ်ကိုင်းသူ၊ ဟို ငါးမြွေထိုး ဖရိန်က ဆွေလှိုင်၊ သူက ပုသိမ်ကြီးမှာနေတာ၊ ဟား. . . ဟား. . . ဟား တောကျီးကန်းမ နှစ်ကောင် ရွှေမြို့တော်ကို တက်လာတဲ့အတိုင်းပဲ။ သူတို့နဲ့အတူ တစ်ယောက်ပါလိမ့်ဦးမယ် မိုးမြင့်ဇေ တဲ့။ မိုးမြင့်ဇေက အူဂရောင်ချောင် ဒီနှစ်ယောက်ကလည်း အူကြောင်ကြောင်၊ စောင့်ကြည့်ပါ နင်တို့ တွေ့ပါလိမ့်မယ်ဗျာ"

သူမ ဘုရား တမိလိုက်သည်။ ရဲဝေကတောင်မှ အူကြောင်ကြောင်ဟု ပြောနေပါလေသော ဤကောင်မလေးနှစ်ယောက်၏ ကြောင်တောင်တောင် အူလည်လည်အဆင့်အား သူမအတွေးနှင့် လိုက်မမီတော့ပြီ။ အံ့ဩလိုက်ပျော်သော ရင်အစုံနှင့် စောင့်ကြည့်လိုက်ပါဦးမည်။ သူမသည် ရဲဝေအား ပြောလိုက်၏။

"ရဲဝေ နင့်သူငယ်ချင်းနှစ်ယောက်ကို ခေါ်လိုက်လေ"

ရဲဝေက အသာနေဆိုသည့် သဘောအဓိပ္ပာယ်နှင့် လက်ကာပြသည်။ ပြီးတော့ ဆိုင်ရှေ့မှ ကောင်မလေးနှစ်ယောက်ကိုသာ ဆက်ပြီး ကြည့်နေလိုက်သည်။ သူမတို့လည်း စိတ်ဝင်တစား ကြည့်နေစဉ်မှာပင် ဆံပင်တိုနှင့် ကောင်မလေးက ဟန်းဖုန်းကို လက်ကိုင်အိတ်ထဲမှထုတ်ကာ ဖုန်းဆက်လိုက်လေသည်။ သည်မှာပင် ပါးလျ နောက်ခံတီးလုံးလေး





နှင့် ကျေးလက်ချစ် တွံတေးသိန်းတန်၏ စကားပြောက စားသောက်ဆိုင်လေးထဲမှာ ခြေဖျားထောက်ကာ ခပ်အုပ်အုပ် တိုးခွေ့ဝင်ရောက်လာလေသည်။

"စိမ်းရက်တဲ့ ပန်းနွယ်ရေ၊ စုံနံ့သာမြိုင်မှာ ရှာပုံဖွင့်သလို. . . အသည်းနင့်အောင် ချစ်ရခဲ့သူမို့ ရေမြေဆုံးစေတော့ ရှာရဦးတော့မယ်ကွယ်"

ရဲဝေသည်လည်း အစဉ်အလာမပျက်ပါပဲ ဆိုင်ထဲက စားပွဲဝိုင်းတွေကို ကျီးကန်းတောင်းမှောက်နှင့် အသံလိုက်ရှာပြန်သည်။ သူမက အချိန်မီ ပခုံးကိုပုတ်ပြီး လွယ်အိတ်သို့ လက်ညှိုးညွှန်လျက် သတိပေးလိုက်သည်။ ရဲဝေက အရှက်မျက်နှာထူထူပူပူနှင့် အိတ်ရှုံ့လေးထဲမှ ဟန်းဖုန်းကို အလျင်စလို ထုတ်ကာ ဖုန်းဖွင့်လိုက်သည်။ သူမတို့ကြားစေရန် စပီကာဖွင့်ပြီး ပြောလိုက်၏။

"ဟဲလို လေဒီဂါဂါ ဖြိုးသန္တာ ငါပါ ရဲဝေပါ"

"ရဲဝေလား ရဲဝေဆိုရင် စကားဝှက်ပြော"

"ရဲတံခွန်တွေ × × × လေကစား × × × ကြွားတလူလူဝေ. . . ရဲဝေ"

"သြော်. . . ဒါဆို ရဲဝေအစစ်ပဲ။ ရဲဝေ ငါ နင့်ဖုန်းနံပါတ် မေ့ခဲ့လို့ ငါ့ကို နင့်ဖုန်းနံပါတ် ပြောစမ်းပါ"

"အာ. . . ဂါဂါတို့ကတော့ ရစ်ပြီဟေ့၊ အခု နင်ဆက်နေတာ ငါ့ဖုန်းပဲလေ မကြောင်ပါနဲ့ဟာ"

"နောက်မနေပါနဲ့ ဦးလေးကြီးရယ် လှည်းဦးပေ့ါလို့ပါ။ ဖုန်းနံပါတ်သာ မြန်မြန်ပြောပါ"

အတည်ပေါက်နှင့် သက်သက် အကြောင်ရိုက်နေခြင်းပါလား။ မပြောမချင်း အတောမသတ်အောင် ရစ်တော့မည်မို့ ရဲဝေက ယခု ဂါဂါဆက်နေသော ဖုန်းနံပါတ်ကိုပင် ပြန်ပြီး ရွတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ၅၀၁၀ ဟုတ်လား၊ ဒါဆို အခုဆက်နေတဲ့ဖုန်းနဲ့ ဂဏန်းခုနစ်လုံးစလုံး တူနေတာပေါ့။ ဘာလို့ အဲလိုလာတူနေတာပါလိမ့်။ ဒါဆို ငါ အခု နံပါတ်ကို ပြန်ဆက်လိုက်မယ် စီးယူ"

လေဒီဂါဂါ ဟူသော နာမည်ပြောင်အား ခေါ်လည်း ခေါ်ထိုက်ပါပေသည်။ တစ်ချက် ဣန္ဒြေမပျက်ဘဲ အတည်ပေါက်နှင့် ကြောင်နိုင်သည့် အာဂ ကောင်မလေးပါလား။ သူတို့ကိုကြည့်ကာ သူမ အံ့ဩငေးကြောင်နေလေသည်။ သည်တစ်ခါ ဖုန်းဆက်သူကတော့ ကျောလည် မရှိတရှိ ဆံပင်အား အဖြောင့်ဆွဲချထားသော တံမြက်စည်းစုတ် ခေါင်းပေါ် အုပ်စွပ်ထားသလို ကာတွန်းရုပ်ကောင်မလေး ဖြစ်သည်။ သည်တစ်ယောက်ကရော မည်သို့ လာလေဦးမည်မသိ။

ဖုန်းခေါ်သံ စစချင်းမှာပင် ရဲဝေက ဖုန်းဖွင့်လိုက်သည်။

"ဟဲလို ဆွေလှိုင် ငါးမြွေထိုးမ ပြောပါ ရဲဝေပါ"

"ရဲဝေ နင့်ကို ငါ ရတုတစ်ပုဒ် နည်းနည်းရွတ်ပြမယ်၊ နင်က အဲဒီရတုကို ဖွဲ့တဲ့ စာဆိုကို ဖော်ရမယ်။ ကဲ. . . စမယ်နော်၊ 'နှာမောင်းမြသွင် ညွှတ်ကျဆင်၍ ရင့်လျှင်တချို့ ရွှေသို့တစ်ပိုင်း ပင်တိုင်းဆုံသာ ဝေသော ခါမှ စစ်မှာပြောင်းရိ လွမ်းမှန်းသိလိမ့်. . . မငြိရွာခန့် စိတ်ကိုလွန့်၍ မိုးညွန့်လုလင်၊ မိုးညွန့်လုလင် ဆင်ခြင်တန်လျက် ရေးကိုဖျက်ခဲ့ စုံမက်သသူ မပူစေရ သို့မှဖြေတည်. . . မျှော်နေလွန်းရှာ တစ်ရံအခါမှ မျှော်ပါမထင် မေ့ကျန်ရွှင်သည်. . . နောင်လျှင်လွမ်းရပြန်ချေတုန်း' တဲ့။ အဲဒီရတုကို ဖွဲ့တဲ့စာဆိုဟာ ဘယ်သူလဲဆိုတာ နင်ဖြေရမယ်။ အဖြေမှန်က 'နတ်သျှင်နောင်' ဆိုတာကို နင် စဉ်းစားလို့မရရင် ငါ့ကို တစ်လုံးချင်း မေးလို့ရတယ်။ 'နတ်သျှင်နောင်' လို့ သုံးလုံးစလုံး တစ်ခါတည်း မေးလို့မရဘူး"

"ကောင်းပြီလေ၊ အခု ငါဖြေမယ် အဖြေမှန်က 'နတ်သျှင်နောင်' ဆိုတာ ငါ စဉ်းစားလို့မရဘူးဟာ ကဲ. . . ရှေ့ဆုံးအလုံးက ဘာလဲ"





"ရှေ့ဆုံးစာလုံးက နတ်"

"ဒုတိယစာလုံးကရော"

"သျှင်"

"နောက်ဆုံးစာလုံးကရော"

"နောင်"

"ဟား ဒါဆို ငါသိပြီ လွယ်လွယ်လေးပါ ငါးမြွေထိုးမရာ၊ 'နတ်' ရယ် 'သျှင်' ရယ် 'နောင်' ရယ် ပေါင်းလိုက်တော့ 'ဂျောက်ဂျက်' ပေါ့ဟ ဒါလေးများ"

"အယ် တော်လိုက်တာဟယ် 'အကော်ဒီယံအုန်းကျော်' လို့ကို တန်းဖြေသွားနိုင်တာပဲနော်။ ကြည့်ရတာ ဂျက်ကီချန်းရဲ့ ကားတွေ မလွတ်တမ်း ကြည့်ထားပုံရတယ်။ ဒါကြောင့်လည်း ရှာရွှတ်ခန်းနဲ့ ပတ်သက်သမျှ နင် သိနေတာပေါ့"

အဲဒီနှစ်ယောက်နှင့် စကားပြောတိုင်း ရဲဝေ ဘယ်လိုမှ လိုက်မမီခဲ့သည်ချည်း ဖြစ်သည်။ ဘာဆက်ပြောရမှန်း မသိတော့ ရဲဝေက စကားလမ်းကြောင်းကို ရထားလမ်းပြောင်းသလို ရှန်တိန်လုပ်လိုက်သည်။

"ဂျက်ကီချန်းတွေ ဂျက်ကီလုံးတွေ ခဏဘေးရပ်ထားပါဦး၊ ဟိုကောင် အူဂယောင်ချောင်ရော။ အဲဒီကောင် ဘယ်မှာလဲ"

"မိုးမြင့်ဇေကို ပြောတာလား ဘောစိလား။ ဘောစိက အင်းလျားဘက် ထွက်သွားတယ်။ ရန်ကုန်ရောက်တုန်း အင်းလျားကန်ကို တစ်ပတ်ပြည့်အောင် ပတ်ကြည့်မလို့တဲ့"

ရဲဝေ မျက်လုံးပြူးသွားသည်။ ဘယ်လိုလုပ် ပတ်လို့ရမှာလဲ။ သူငယ်ချင်းအတွက် စိုးရိမ်စိတ်က သူ့ခေါင်းထဲမှာ တိုးဝင်လာသည်။ ရဲဝေသည် ကာတွန်းရုပ်ကောင်မလေးနှင့် စကားပြောနေရာမှ ဖုန်းပိတ်လိုက်သည်။ ပြီးတော့ ဘောစိ ဟူသော သူ့သူငယ်ချင်းထံ ဖုန်းဆက်သည်။ လူရှည်



www.burmeseclassic.com

www.burmeseclassic.com



သလောက် အတွန့်တက်တတ်သော အဲဝူက ရဲဝေကို သိလိုစိတ်နှင့် တီးတိုးမေးလိုက်သည်။

"ဘောစိဆိုတော့ အဲဒီကောင်လေးက တော်တော်ချမ်းသာတယ်နဲ့ တူတယ်။ အဲ့ ဘောစိလေးကို မီးမီးတို့နဲ့ မိတ်ဆက်ပေး"

ရဲဝေက ဖုန်းခေါ်နေရင်းမှ စိတ်ရှုပ်မျက်နှာကြီးနှင့် ပြန်ဖြေလိုက်သည်။

"အဲဒီကောင် အူဂယောင်ချောင်က ကောင်လေး မဟုတ်ပါဘူး ကောင်မလေးဟ။ မိန်းမအစစ်လည်း မဟုတ်ဘူး၊ ယောကျ်ားလျာဗျ။ ယောကျ်ားလျာမို့လို့ ဘောစိလို့ ခေါ်တာတဲ့။ ဘာအဓိပ္ပာယ်လဲဆိုတာ ငါတော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ နေဦး အဲဝူရ ငါ တစ်ခု စဉ်းစားမိတယ်။ ဒီကောင် မိုးမြင့်ဇေက ရည်းစားထားတော့ ကောင်မလေးက တော်တော်လေးချောတယ်ဟ၊ အမေက ငါ့ကိုပြောတယ်၊ အဲဒါ စလောင်းဖုံးနှစ်ချပ်တီးတာတဲ့။ အမေတို့ရွာဘက်မှာတော့ တောနက်တော့ အဲလို စလောင်းဖုံးနှစ်ချက်တီးရင် ကျားဆွဲခံရတယ်တဲ့။ ကောင်မလေး သနားပါတယ်တဲ့။ မိန်းမ မိန်းမချင်း ရည်းစားထားတာနဲ့ ဘာကြောင့် တောထဲသွားပြီး စလောင်းဖုံးနှစ်ချပ်တီးတယ်ဆိုတာ ဘာမှမဆိုင်ဘူးလေ။ ငါ မရမက စဉ်းစားကြည့်ခဲ့တယ်။ ဘယ်လိုမှအဓိပ္ပာယ်မပေါက်ခဲ့ဘူး။ အဲဝူ နင် ငါ့စေတနာကို နားလည်ပါဟာ၊ နင့်ကို ဒီကောင်နဲ့ မိတ်ဆက်မပေးတာက နင်နဲ့ မိုးမြင့်ဇေနဲ့ ရည်းစားဖြစ်သွားရင် ထုံးစံအတိုင်း စလောင်းဖုံး နှစ်ချပ်တီးကြမှာလေ။ နင့်ကို ကျားဆွဲခံရမှာစိုးလို့ပါ။ ရန်ကုန်မှာလည်း တိရစ္ဆာန်ရုံထဲမှာ ကျားရှိတယ် အဲဝူရ"

"တော်ပါတော့ ကျေးဇူးရှင်ရဲ့" ဟု အဲဝူက မျက်နှာကြီးရဲသွားကာ အထိတ်တလန့်နှင့် အော်သည်။ အဲဝူ ဘာကြောင့် သည်လိုအော်လိုက်မှန်းလည်း ရဲဝေ သဘောမပေါက်။ သူ့ခမျာ အဲဝူအား ဗွီဟာမျက်နှာနှင့်





ကြောင်ကြည့်နေလေသည်။ သည်အခိုက်မှာပင် ဘောစိတည်းဟူသော သူ့သူငယ်ချင်းနှင့် ဖုန်းအဆက်အသွယ် ရသွားလေသည်။

"ရဲဝေ ရဲဝေလား၊ မင်း အခု ဘယ်မှာလဲ"

"ငါ ကျောင်းမှာ၊ မင်း အခု အင်းလျားကန်ကို ပတ်နေပြီလား၊ မင်းကတော့ ကမ္ဘာရှားပါပဲ။ ဘာစိတ်ကူးနဲ့မျှား ဒီလိုလုပ်ရတာလဲကွာ"

"အင်းလျားကန်ကြီးက အလုံးကြီးဆိုတာ ငါ သက်သေပြမလို့ကွ"

လာပြန်ပြီ ဒီတစ်ယောက်ကလည်း အင်းလျားကန်က အလုံးကြီးတဲ့လေ။ သူမတို့ သုံးဦးသား မျက်လုံးပြူးသွားသည်။ မျက်တောင်ပင် မခတ်မိကြ။

"ဟေ့ကောင် ရဲဝေ၊ မင်း စဉ်းစားကြည့်မိလား၊ ကမ္ဘာကြီးက အလုံးကြီးကွ၊ မင်းက ဒီနေရာမှာ ရပ်နေရာကနေ ရှေ့တည့်တည့်ကြီး လျှောက်သွားလိုက်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီနေရာကို ပြန်ရောက်လာမယ်၊ အဲဒါဆို မင်းဟာ ကမ္ဘာကို တစ်ပတ်ပတ်မိသွားပြီ၊ အဲဒါဟာ ကမ္ဘာကြီးလုံးလို့ပေါ့ကွ။ အခု ငါလည်း အင်းလျားကန်ကြီးကို တည့်တည့်ပတ်မယ်။ ဒီနေရာကို ငါ ပြန်ရောက်ရင် ငါ တစ်ပတ်ပတ်မိပြီ။ ဒါဆို အင်းလျားကန်ကြီးကလည်း အလုံးကြီးမို့လို့ပေါ့ကွ"

ဩော်. . . မှတ်သားလောက်စရာပါလား။ ဟိုက ကမ္ဘာကို ပတ်တာက မကွေ့မဝိုက်ဘဲ တည့်တည့်သွားတာ။ ဒီမှာက စသွားကတည်းက ဝိုက်ပြီး သွားနေတာလေ။ ဒါကို ဒီကောင် နားလည်အောင် ဘယ်လိုပြောရမည်မသိ။ သည်မှာပင် ဟိုဘက်မှ ဘောစိ၏အသံကို ကြားလိုက်ရသည်။

"ရဲဝေ ငါ အခု ပြဿနာတွေ့နေတယ်ကွ။ ငါ မျက်စိလည်နေတယ်"

"ဘာလဲ ဘယ်နေရာလဲ။ အင်းလျားကန်ရဲ့ ဘယ်နေရာကို ရောက်နေလို့လဲ မိုးမြင့်ဇေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အင်းလျားကန်ကို မရောက်သေးဘူး၊ ငါ နာရီဝက်ကျော်နေပြီ မင်းတို့ကျောင်းထဲမှာပဲ မျက်စိလည်ပြီး ထွက်လို့မရသေးဘူး။ ကျောင်း၊ပေါက်ဝကို ခုထိ ရှာမတွေ့သေးဘူး။ မိန်းကလေးအိမ်သာရှေ့ပဲ ပြန်ပြန်ရောက်သွားတယ်။ ဧကန္တ မင်းတို့ကျောင်းကလည်း အလုံးကြီးလား မသိပါဘူးကွာ။ ကျောင်းသူတွေကလည်း ပေါင်မုန့်တွေ တော်တော်သုံးကြတာပဲ။ တကယ် လွန်တယ်ကွာ၊ toilet ထဲက ထွက်လာတာနဲ့ ငါ့ရှေ့က ပုံးကြီးထဲမှာ အီတာပေါင်မုန့်တွေ ပစ်ထည့်သွားကြတာကွ၊ ငါ့ကိုလည်း အဲဒီပေါင်မုန့်တွေ လာကောက်တဲ့သူလို့ ထင်နေကြတယ်"

သည်စကားကြောင့် ရဲဝေ ထိတ်လန့်ကာ ပျာပျာသလဲ သတိပေးလေသည်။

"ဟေ့ကောင် မိုးမြင့်ဖေ လူလစ်ပြီဆိုပြီး အဲဒီပေါင်မုန့်တွေ တစ်ခုလေးတောင် ကောက်မစားလိုက်နဲ့နော်၊ မင်းက ပေါင်မုန့်မြင်ရင် မနေနိုင်တဲ့ကောင်၊ စတော်ဘယ်ရီယိုလေးများ သုတ်ထားရင် မင်းက သူများလက်ထဲကတောင် လုစားတဲ့ကောင်"

"အခုလည်း စတော်ဘယ်ရီယိုလေးတွေနဲ့ပါပဲကွာ။ ဒါပေမယ့် မင်းသာ လာစားလှည့်၊ ငါ မစားဘူးဟေ့ကောင်၊ နေဦးကွ ငါ ဟိုကောင်မလေးတွေ ထွက်လာတဲ့ လမ်းကြားကို သွားကြည့်လိုက်ဦးမယ်၊ ပြီးရင် ငါ ဘယ်နေရာရောက်နေတယ်ဆိုတာ မင်းကို ပြောနိုင်မှာပဲ။ အဲ. . . အဲ. . . ဟိုမှာ ဟိုမှာ ငါ တွေ့ပြီ ငါမြင်ပြီ ဖြိုးသန္တာနဲ့ ဆွေလှိုင် အဲဒီ ဇပေါမ နှစ်ကောင်ကို ငါ မြင်ပြီ ရဲဝေ"

ယခုမှပဲ ရဲဝေခမျာ သက်ပြင်းမောကြီးကို ချလိုက်နိုင်ပြီ ဖြစ်ပါသည်။

"ကဲ. . . အဲဒါဆိုလည်း အဲဒီ ဇပေါမ နှစ်ကောင်ဆီကို မင်း အရင်သွားလိုက်၊ ပြီးရင် သူတို့ ကျွေးပေးထားတဲ့ စားသောက်ဆိုင်ထဲ ဝင်ခဲ့ကြ၊ ငါ အဲဒီဆိုင်ထဲမှာ ထိုင်နေတယ် ဒါပဲနော် သူငယ်ချင်း"





ရဲဝေ ဖုန်းအပိတ်လိုက်မှာပင် သူမတို့သုံးဦးသား လက်တို့စရာမလိုဘဲ ဝုန်းခနဲ ပြိုင်တူ ထမိလိုက်ကြလေသည်။ ရဲဝေက သူမတို့ကို အံ့ဩကြည့်နှင့် ကြည့်လျက် ပြောသည်။

"ဘာ. . . ဘာလဲဟ သွားကြတော့မလို့လား၊ ဟိုမှာ ငါ့သူငယ်ချင်းသုံးယောက် လာတော့မှာလေဟာ"

သည်မှာပင် ကြောက်ရွံ့ ထိတ်လန့်နေသော မျက်နှာနှင့် သူမသည် ရဲဝေအား တောင်းပန်စကား ဆိုလိုက်ပါတော့သည်။

"အမှန်အတိုင်းပြောရရင် ငါ ငါကြောက်လို့ပါ ရဲဝေ၊ နင်နဲ့ အဲဒီဦးနှောက်သုံးယောက် ဆုံကြရင် ကြားထဲက ငါတို့သုံးယောက် သေချာပေါက် ရှုံးသွားမှာဟ၊ အဲ. . . အဲဒါကြောင့်ပါ"

ရဲဝေကလည်း ရှတ်ချည်းပင် ထလိုက်သည်။ ပြီးတော့ သူ့ထုံးစံအတိုင်း ကိုရီးယားတွေလို ခါးကို ရှေ့ကိုင်းကာ ဦးညွှတ်ပြီး လေးစားသမှုပြုလျက် အမှတ်တရ စကားတစ်ခွန်းပြောလိုက်သည်။

"နင့်ကို စိတ်အနှောင့်အယှက်ပေးလိုက်မိပြီလား သဒ္ဒါရည်၊ ငါ့ကို ခွင့်လွှတ်ပါဟာ အဲဒီသုံးယောက်ဟာ ငါ့ကျေးဇူးရှင်တွေပါ၊ လျှို့ဝှက်ချက်တစ်ခုရှိလို့ အဲဒါကို နင့်ကိုတောင်မှ ဒီတစ်သက် ဖွင့်မပြောပါဘူးလို့ မိုးနတ်မင်းကို တိုင်တည်ထားလို့ပါ တောင်းပန်ပါတယ် သဒ္ဒါရည်"

သည်လို အတည်ပေါက်စကားပြောလာတော့ သူမသည် ရဲဝေအား ငေးကြောင်ကြည့်မိလိုက်လေသည်။ ဒါသည် ဒီကောင့်ရင်ထဲမှ စကားဆိုသည်ကို သူမ အတပ်သိလိုက်သည်။ သူမ နှလုံးသားသည် အရည်ပျော်ဆင်းသွားပြီလားမသိ။ ရဲဝေရယ် နင် ဒီလိုမျိုး လေးလေးနက်နက် တည်တည်ကြည်ကြည်သာ အမြဲတမ်း နေပေးရင် ဘယ်လောက်များ ကောင်းလိုက်ပါမလဲ။ နှစ်ဦးသားသည် မျက်ဝန်းဆိုင်၍ အတန်ကြာ မှင်သက်ကြည့်နေမိကြရာမှ ရဲဝေ၏ မျက်နှာသည် တလှုပ်လှုပ်နှင့် မျက်နှာကြော



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြေလာကာ နှုတ်ခမ်းတွေ ပြုံးသွားပြီး ဟက်ဟက်ပက်ပက်ကြီး ရယ်ချလိုက်သည်။

"ဟား. . . ဟား. . . ဟား. . . ဟား ငါ အတည်ပေါက်ဆက်နေလို့ မရတော့ဘူး သဒ္ဒါရည်၊ ဘယ့်နှယ်လဲ ငါ ကိုရီးယား မင်းသား လီမင်ဟို သရုပ်ဆောင်တဲ့အတိုင်း မနေ့က အိမ်မှာ တစ်ညလုံး သရုပ်ဆောင်ကျင့်ထားတာလေ၊ နင့်ကို ဒီနေ့ အပီသရုပ်ဆောင်ပြမလို့၊ တော်သေးတယ် အခုမှ သတိရ. . . ရ. . . ဟင်. . . နင်. . . နင် ဘာ. . . ဘာလုပ်မလို့လဲ"

ရဲဝေ စကားမဆုံးလိုက်ခင်မှာပဲ သူမ၏လက်ကလေး အပေါ် မြောက်သွားကာ သူ့ခေါင်းကို 'ဂေါက်' ခနဲ ခေါက်ပစ်လိုက်လေသည်။ ကောင်စုတ် ဒီကတော့ အဟုတ်မှတ်လို့ ဟတ်ထိတော့မလို့. . .။

○

ချစ်စရာကောင်းသော နှုတ်ခမ်းကလေးမှာ ညတစ်ခင်း၏ လ တစ်စင်းနှယ် ထိန်လဲ့ရှိစွာ တည်တည်လေး ပြုံးနေလည်။ ဤသည်ကို သူမ၏ မျက်နှာသာဟက်နေကျ သူငယ်ချင်းမ နှစ်ဦးလုံးက ဆုပ်ကိုင်မိလိုက်သည့်တိုင် သူမသည် သတိမမြင်မိဘဲ အတွေးဖြစ်ထဲမှာ စီးမျောနေမိသည်။ သည်အမျောကြီးထဲမှ သူမအား ဆွဲကိုင်ယူဆောင်လိုက်သော လက်တစ်ဖက်မှာ မိထက် ဖြစ်လေသည်။

"သဒ္ဒါ ဟဲ့သဒ္ဒါ အံမယ်လေး အသက်မှ ရှူသေးရဲ့လား မိဖုရား ရယ်၊ ပြုံးပြုံးကြီးနဲ့ ငုတ်တုတ်ကြီးများ ကံတော်ကုန်သွားပြီလားလို့. . . ဟဲ့ သဒ္ဒါ"

"အင်း. . . ဘာလဲ. . . ဘာဖြစ်တာလဲ အလန့်တကြား မိထက် ရယ်"

"ဘာဖြစ်ရမှာလဲ နင် ငုတ်တုတ်ကြီးများ ပျောက်သွားမလားလို့ပေါ့





ဟဲ့၊ လူက ကျောက်ရုပ် နှုတ်ခမ်းက ပြုံးလို့၊ နင် မနေ့က ရဲဝေရဲ့ သူငယ်ချင်း သုံးယောက်ကို တွေးပြီး ရယ်နေတာ မဟုတ်လား"

သူမသည် ခေါင်းညိတ်လျက် ဝန်ခံသမှုပြုသည်။

"ရယ်ရတယ်နော်၊ တကယ့် ကမ္ဘာလန်တွေပဲ၊ သူတို့နဲ့သာ ဆက်နေလိုက်ရင် ငါတို့လည်း ဘရိန်းချောင်သွားမှာ အသေအချာပဲ။ မနေ့ရဲ့တော့ တာနဲ့ ငါတို့မှာ လစ်ကိုပြေးရတော့တာလေ၊ နေပါဦး ရဲဝေက နင်တို့နဲ့ တစ်လမ်းတည်း ငယ်နိုင်ဆိုပြီး ဘယ်လိုကြောင့် မန္တလေးက အဲဒီသုံး ယောက်နဲ့ သူငယ်ချင်းတွေ ဖြစ်နေရတာလဲ"

သူမ၏ သိလိုစိတ်အတွက် အဲဒူတွင် အဖြေက အဆင်သင့်လေ။

"ရဲဝေရဲ့အဘိုးက မန္တလေးမှာ ဂျုံစက်သူဌေး ဟ၊ အရေးအခင်းပြီး မှ ရန်ကုန်ကနေ မန္တလေးကို ရွှေ့သွားတာ၊ ရဲဝေက သူ့အဘိုးနဲ့ မန္တလေး မှာ နှစ်နှစ်၊ အမေရှိရာ ရန်ကုန်နှစ်နှစ် တစ်လှည့်စီ အူကြောင်ကြောင်နဲ့ ကျောင်းတက်ခဲ့ရတာ။ ကဲ. . . သဘောပေါက်ပြီလား မဖုရား"

သူမသည် ခေါင်းညိတ်လျက် ခပ်တွေတွေနှင့် ချိန်ဆပြော၏။

"အင်းပေါ့လေ ဒါကြောင့်လည်း ဒီကောင့်ပုံစံက သင်းကွဲဖြစ်နေ တာပေါ့။ ရန်ကုန်နေလိုက် မန္တလေး နေလိုက်နဲ့ ကျောင်းလည်း နှစ်နှစ် တစ်ခါ ပြောင်းရ၊ သူမှ အူကြောင်ကြောင်မဖြစ်ရင် ဘယ်သူဖြစ်ပါ့မလဲ။ မိထက် ပြောသလိုပဲ ဒီကောင်မရှိတော့ ငါတို့ဝိုင်းက ခြောက်နေတာတော့ အမှန်ပဲ။ နင်တို့ တစ်လွဲမတွေးနဲ့နော်။ ငါက ရဲဝေကို မိန်းကလေး သူငယ် ချင်း တစ်ယောက်ကို ခင်သလို ခင်တာရယ်"

ရင်ထဲမှာ မိုးကြိုးပစ်သွားသည်။ ရင်ထဲမှာပဲ ထန်းလက်နှင့် ကာပစ် လိုက်မိ၏။ သူငယ်ချင်းမ နှစ်ယောက်၏ ပြုံးထေ့ထေ့အကြည့်ကို ခံလိုက် ရသည်။ နှလုံးသားသည် ဘာကြောင့်များ ခုန်နှုန်းမြင့်သွားရလေသည် မသိ။

○



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးမြင့်မိုရ်သည် ကော်ဖီခွက်အား တစ်ကျိုက်မျှော့ချလိုက်ရင်း သမီးကစ်ရှိရာ စားသောက်ဆိုင်ဘက်သို့ မသိမသာ လှမ်းကြည့်လိုက်သည်။ သမီးကစ်က သူငယ်ချင်းနှစ်ယောက်နှင့်အတူ အေးအေးဆေးဆေးပဲ ရှိနေသည်။ တူတော်မောင်သည် ဦးရီးတော်အား လုပ်ကြံခြင်းများလားဟု အတွေးဝင်မိသည်။ အတွေး၏နောက်မှာတော့ ဖုန်းကိုဖွင့်တာ အောင်ဇော် လတ်ထံ ဆက်သွယ်လိုက်သည်။

"ဟုတ်ကဲ့ အန်ကယ်မျိုး၊ ဘယ့်နှယ်လဲ အခု အောင်ပွဲခံလိုက်ပြီလား၊ ရဲဝေကို မိကစ်နဲ့အတူ အမိဖမ်းကိုင်လိုက်ပြီး အပြတ်ပြောပစ်လိုက်ပြီ မဟုတ်လား"

"မင်းပြောတာ အမှားကြီးကွ၊ မင်းက ရဲဝေဟာ တစ်ရက်ခြား မိကစ် တို့နဲ့အတူ ကင်တင်းမှာ ထိုင်တုန်း အမိဖမ်းဖို့ပြောတာ ခု ရက်နှစ်ဆယ်ကျော်သွားပြီ ငါ့မှာ ဆိုက်ထဲက ခဏလစ်ပြီး ထွက်ထွက်လာရတာ အလုပ်ပျက်လှပြီ ခုထိ မတွေ့ရဘူး"

"ဟာ အဲဒါ အန်ကယ်မျိုး ရက်မှားတာ။ အန်ကယ်မျိုးသွားဖမ်းတဲ့ ရက်က ဒီကောင် မလာတဲ့ရက်။ ကျွန်တော် ကွက်တိလွဲပြောထားတာ ဟာ အဲ. . . အဲလိုမဟုတ်ဘူး အန်ကယ်မျိုး"

"ဟုတ်တယ် အဲလိုမဟုတ်ဘူးကွ၊ မနေ့က ဒီကောင် မလာတဲ့ရက်ပဲ။ ငါ သွားဖမ်းတယ် ဒီကောင့်ကိုတွေ့တယ်။ ဒါပေမယ့် သမီးကစ်တို့နဲ့ မဟုတ်ဘူး အူကြောင်ကြောင် ကောင်မလေးသုံးယောက်နဲ့ ထိုင်နေတာ"

"ဗျာ ဒီကောင် ရည်းစားသုံးယောက်ထားတယ် ဟုတ်လား၊ ဒါ. . . ဒါဆို ညီမလေး မိကစ် ဖအေတူ သမီးလေး ဖအေလိုပဲ နန့်ကြောထပြီး ကျန်ရစ်ဖြစ်ခဲ့ပြီပေါ့"

"ဟေ့ကောင် ဖုန်းထဲကနေပြီး လက်သီးထိုးလို့ မရပေမယ့် အိမ်ကျရင်တော့ ထိုးလို့ရတယ်နော်။ မင်းထင်သလို မဟုတ်ဘူး။ အဲဒီ ချာတိတ်မတွေက အူကြောင်ကြောင် ပေါတောတောတွေကွ။ ငါလည်း အလုပ်ပျက်





လှပြီ။ ရဲဝေ ကိစ္စကို ငါ နက်ဖြန်ကျ အပြတ်ရှင်းတော့မယ်။ ညကျရင် ဖုန်းထဲက မင်းရဲ့ ဗီဒီယိုရိုက်ချက်ကို ငါ့ဖုန်းထဲကူးမယ်။ နက်ဖြန် နေ့လယ် နှစ်နာရီမှာ ငါက စောင့်နေကျနေရာမှာ ကားရပ်ပြီး စောင့်နေမယ်။ မင်းက ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရဲဝေကို အဲဒီအချိန် ငါ့ဆီရောက်အောင် လွှတ်ပေး ဒါပဲ"

"ဟာ. . . အဲလိုမလုပ်နဲ့လေ။ လူတစ်ဖက်သားကို အဲလိုလွှတ်ဖို့ ဖြစ်နိုင်မလားဗျာ၊ အန်ကယ်မျိုးက ဘာကောင်မို့လို့လဲ။ ကိုယ့်သမီးကို ကိုယ် နိုင်အောင်ထိန်းပေါ့ဗျ၊ သူများသားသမီးကို အဲလိုပြောလို့ ဘယ်ဖြစ်မလဲဗျာ"

"ငါ့သမီးကိုလည်း ဒီညမှာ ငါ ဆူမယ်။ စိတ်မထိန်းနိုင်ရင် ရိုက်မယ်၊ ဒီထက်ပိုပြီး စိတ်မထိန်းနိုင်ရင်တော့ မင်းကိုပါ ထွက်ရိုက်မယ် ကဲ. . . ဒါပါပဲ တူတော်မောင်"

ပြောအပြီးမှာ ဖုန်းပိတ်လိုက်သည်။ ပြီးတော့ တစ်ဆိုင်ကျော်သို့ အသာငဲ့ လှမ်းကြည့်လိုက်သည်။ သမီးကစ်ကတော့ သူငယ်ချင်းတွေနှင့် အရယ်အမောမပျက်ပါပဲ။ တစ်ခုခုတော့ လွဲနေပြီလားမသိ။ ရဲဝေ၏ မျက်နှာက အာရုံမှာ ဝင်ရောက်လာသည်။ တစ်ဆက်တည်းမှာပင် ဒွိဟစိတ်က ကပ်လိုက်လာသည်။ ရဲဝေ၏မျက်နှာ၊ ဒီမျက်နှာကို ရင်းနှီးခဲ့သလိုပါပဲ။ ဘယ်မှာ ရင်းနှီးခဲ့မှန်း စဉ်းစားလို့မရ၊ ပြောနိုင်တာ တစ်ခုကတော့ ဒီမျက်နှာကို ရင်းနှီးခဲ့သည်ဆိုသည်မှာ အသေအချာပင် ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖေဖေက ထမင်းမစားခင်မှာ ဆေးဖြစ်ဝါးဖြစ်ဟု အကြောင်းပြကာ ဂျော်နီလမ်းလျှောက် Red Label နှစ်ပက်လောက် ဦးစွာ မှီဝဲတတ်သည်။ အလုပ်ပိရှုလားမသိ ညစာ ထမင်းဝိုင်းမှာ ဖေဖေ အစားနည်းသည်။ ဖေဖေ့ထက် အစားနည်းသူမှာ အစ်ကိုတော် အောင်ဇော်လတ်ဖြစ်သည်။

“ခဏနေရင် မိကစ် ဖေဖေ့အခန်းလာခဲ့၊ သမီးကို ဖေဖေ အာဗီမေတာန် ရာဇသံပေးစရာရှိတယ်”

သူမ မျက်လုံးလေးပြူးသွားသည်။ အစ်ကိုတော်သည် စားလက်စထမင်းလေး နင်သွားတော့ ရေထသောက်သည်။ ပြီးတော့ ထမင်းစားခြင်းကို ရပ်နားကာ ထမင်းဝိုင်းမှ ဦးစွာထသည်။ အန်တီလေးက တအံ့တဩ ကြည့်၏။

“ဟဲ့ ပြီးပြီလား၊ အစားနည်းလှချည့်လား ကိုလတ်ရဲ့”

“ဖျားချင်သလိုကြီး ဖြစ်နေလို့ ဆေးသောက်ပြီး အိပ်တော့မယ်။ အိမ်ကြီး မီးလောင်သွားတောင်မှ သားကို ဘယ်သူမှ လာမနှိုးပါနဲ့ အန်တီလေး”





“အေးပါ သားရယ်၊ ကိုယ် တအားပူလာရင်တော့ အန်တီလေးကို နှိုးလိုက်၊ အခန်းတံခါးကို ချက်ချမထားနဲ့”

ဘယ်သူက ဘာပဲမှာမှာ တူတော်မောင်သည် အခန်းတံခါးကို လော့ချကာ မီးပိတ်လျက် အိပ်ချင်ဟန်ဆောင်တော့မည်ကို ဦးမျိုးမြင့်မိုရ် အတပ်သိလိုက်သည်။ ရင်ထဲမှာပဲ ပြုံးလိုက်၏။

○

“ဒါ လုပ်ကြံခံရတာပါ၊ ဒါကိုကြည့်ရင်တော့ ရဲဝေနဲ့ သမီးနဲ့က ချစ်သူ တွေလို့ ထင်ကြမှာပဲ။ သမီးတို့က သူငယ်ချင်းတွေပါ ဖေဖေ”

စကားရင်ပေါ်မှာ ဇမိုက်သား၏ ရိုက်ချက်အား ကြည့်လျက် သူမသည် အံ့ဩတုန်လှုပ်သွားလိမ့်မည်ဟု ဖေဖေ ထင်ထားပါက မှားသွားပါလိမ့်မည်။ သည်လောက်နှင့် သူမ မတုန်လှုပ်ပါ။

“ဒါ သမီးကြည့်ပြီးသားပါ ဖေဖေ၊ ဒါဟာ ကိုကိုလတ် သူ့ဖုန်းနဲ့ ရိုက်ထားတာ။ သမီးပြောတာကို ယုံပါ”

“ယုံချင်တာပေါ့၊ ဖေဖေ ယုံချင်တာပေါ့။ ယောကျာ်းလေးက ဒီလို ဖက်ထားတာကြီးကို သမီးက သူငယ်ချင်းပါလို့ ဖြေရှင်းတာ. . . အဲဒါကို ဘယ်လိုအင်အားမျိုးနဲ့ ဖေဖေ ယုံရမလဲ သမီး”

စိတ်သည် ရှုပ်ထွေး နောက်ကျိသွား၏။ အဖြစ်မှန်အား ဖေဖေ ယုံကြည်လက်ခံနိုင်မည့် သက်သေအထောက်အထားလည်း သူမမှာ ဆွဲယူပြနိုင်စရာ မရှိ။ ခံပြင်းခြင်းကြီးစွာ ရင်မှာ နင့်သက်လာသည်။

“အဲဒီနေ့က ဖြစ်ခဲ့တာတွေ ဖေဖေ့ကို အမှန်အတိုင်း သမီး ပြောပြမယ်။ ယုံတာ မယုံတာက ဖေဖေ့အပိုင်းပါ၊ ဒီလိုပါ ဖေဖေ”

ဖြစ်ကြောင်းရယ် ကုန်စဉ်အား ဆင်ဆာဖြတ်တောက်ခြင်း အနည်းငယ်ကင်းစွာ ဖေဖေ့အား သူမ ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



". . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

"အခု သမီးရှင်းပြခဲ့တာတွေဟာ အားလုံး မချွင်းမချန် ပြောပြတာပါ။ ဖေဖေ ယုံချင်မှ ယုံပါ၊ မယုံလို့ ကြိုက်တဲ့အပြစ်ပေးလည်း သမီးပြစ်ဒဏ်ခံဖို့ အသင့်ပါပဲ။ ကိုယ်မကျူးလွန်ပါပဲနဲ့ မိဘက အမြင်မှားပြီး အပြစ်ပေးတာခံရတဲ့ သားသမီးတစ်ယောက်ရဲ့ ခံစားရတဲ့ စိတ်ဒဏ်ရာကိုတော့ ခံရသူနေရာက ခဏလေးဖြစ်ဖြစ် ဖေဖေ နေကြည့်ပေးပါ၊ သမီး ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ ဖေဖေ"

ဦးမျိုးမြင့်မိုရ်သည် သမီးချစ်အား တုံ့ဏှိဘာဝေနှင့် ကြည့်နေမိသည်။ ရင်ထဲမှာလည်း နင့်လိုက်လာ၏။ ဒါမှ ငါ့သမီးကွ၊ ဒါမှ ဖအေတူသမီး၊ ကိုယ့်ဘက်က မမှားလို့ကတော့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ပြောရဲဆိုရဲရမှာပေါ့။ မိဘဆိုတာ တစ်ခါတုန်းက သားသမီးပါပဲ။ သားသမီးရဲ့မျက်နှာစာကို မိဘဟာ ရည်းစားထက် ပိုဖတ်တတ်ကြတယ်။ သမီးရဲ့မျက်လုံးထဲမှာ လိမ်ညာခြင်းတွေ မတွေ့ရပါဘူး။ ဒါပေမယ့် နှလုံးသားကိုလောင်မြိုက်မယ့် ချစ်ခြင်းရဲ့ မီးတောက်တွေကတော့ သမီးရှိရာ လာနေကြပြီ သမီး။ မီးဆိုတာ မလောင်ခင်မှာ တားမြစ်ရမယ့်အရာ၊ ငြိမ်းသတ်ပစ်ရမယ့်အရာပါပဲ သမီး။

"အေးပါ ဘာပဲဖြစ်ဖြစ်ပါ ဖေဖေ ပြောချင်တာက တစ်ခုတည်းပဲ သမီး၊ အဲဒီချာတိတ်ကိုတော့ ဘဝဖော်အဖြစ် လက်တွဲဖို့ စိတ်မကူးပါနဲ့ ဖေဖေ လုံးဝ သဘောမတူဘူး၊ လုံးဝ ခွင့်မပြုဘူး ဒါပဲ သမီး"

ဖခင်၏စကားကြောင့် သူမ သဘောကျစွာ 'ဟက်' ခနဲ ရယ်သည်။ ပခုံးနှစ်ဖက်ပင် အဆစ်တွန့်ပြလိုက်သေးသည်။

"စိတ်ချပါ ဖေဖေ၊ ရဲဝေနဲ့ သမီးနဲ့က သူငယ်ချင်းတွေပါပဲ။ ဖေဖေ စိုးရိမ်သလို ဖြစ်လာမှာ မဟုတ်ပါဘူး။ ရဲဝေက သမီးအပေါ်မှာ ခင်တဲ့အဆင့်ထက် အဆင့်တက်မယ့်သူလည်း မဟုတ်ပါဘူး။ ရဲဝေကို သမီး





ယုံတယ်။ အဲဒါကြောင့် သမီးကိုလည်း ဖေဖေက ယုံကြည်ပေးပါ။ ဒါဆို သမီး သွားလို့ရပြီလား ဖေဖေ"

ခေါင်းလည်း မခါမိ၊ ခေါင်းလည်း မညိတ်မိစဉ်မှာပဲ သဒ္ဒါရည်သည် အခန်းထဲမှ ထွက်သွား၏။ ဦးမျိုးမြင့်မိုရ်သည် ငြိမ်သက်စွာ ထီးတည်းကျန်ရစ်ခဲ့သည်။ သမီးမိန်းကလေးတစ်ယောက်အတွက် ဒါတွေသည် မိခင်က ကိုင်တွယ်ဆုံးမရမည့် ကိစ္စမျိုးသာဖြစ်သည်။ သည်လိုကိစ္စမျိုးမှာတော့ ဖခင်ဖြစ်သည့် ဦးမျိုးမြင့်မိုရ် မစွမ်းပါ။

တောင်စဉ်ရေမရ အတွေးစတွေ တသီတတန်းနှင့် ဦးမျိုးမြင့်မိုရ်သည် ရှေ့တူရူမှ အဖြူရောင် နံရံကြီးအား စိတ်လွင့်ကိုယ်ခွာ ငေးရပ်ကြည့်နေမိလေသည်။ သည်အခိုက်မှာပင် ပြုံးရယ်နေသော ရဲဝေ၏မျက်နှာက နံရံထက်မှာ အာရုံထင်ဟပ်လာသည်။ ဦးမျိုးမြင့်မိုရ်သည် ဘယ်နှကြိမ် မြောက်မှန်းမသိသော ကြိမ်းဝါးခြင်းနှင့် ကြိမ်းဝါးပစ်လိုက်၏။

"ရဲဝေ ခွေးမသား၊ သေဖို့သာပြင်ထားပေတော့၊ မနက်ဖြန်မှာ မင်းနဲ့ ငါ ဆုံမယ်၊ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြသေးတာပေါ့ကွာ"

■

www.burmeseclassic.com

## အခန်း (၇)

ကောင်းကင်က မီးခိုးရောင်အကျီနှင့် ညို့မှိုင်းနေသည်။ နေသည်သာရန်မစွမ်းနိုင်၊ ဝေ့သိပ် အုံ့ဆိုင်းနေသော ရောထွေး တိမ်ရိပ်တွေက ဆီးကာထားသည်။ မကြာမီမှာ အာကာယံ မြားစစ်သည်တွေက မိုးစက်ငွေမြားတံတွေ ပစ်လွှတ်ရန် ဟန်ရေးပြင်နေသည်။ မိုးရန့်ဆွတ် လေပြေညှင်းသည် သူမ၏ ဆံနွယ်စတွေအား နော့နော့ဆော့သွေးလျက် မထိတထိ ကျီစယ်ကလူလျက် ရှိသည်။ အနောက်တောင်အရပ်ဆီမှ လွင့်တက်လာသော မှိုင်းရိပ်မိုးသားတွေကို မျှော်ကြည့်နေသည့် သဒ္ဓါရည်၏ နှလုံးအိမ်သည် နင့်သက် လွမ်းဆွတ်လာ၏။

"တစ်ခါတုန်းက ဒီလိုရာသီ၊ ဒီလို မှုန်မှိုင်းတဲ့ ကောင်းကင်ကြီးအောက်မှာ မေမေဟာ ငါ့ကို ထားရစ်ခဲ့ပြီး ဆုံးစမဲ့ ခရီးရှည်ကြီးကို ထွက်ခွာသွားခဲ့တယ်။ ငါ မေမေ့ကို တအားလွမ်းတာပဲ။ အခုဆို မေမေဆုံးခဲ့တာ ခြောက်နှစ်ပြည့်တော့မယ်လေ၊ နင်တို့က မိစုံဖစုံနဲ့ ကံကောင်းပါတယ်ဟာ"

မှိုင်းညို့ မိုးရိပ်တွေကြောင့်ပဲလားမသိ ကင်တင်းထဲမှာ လူရှင်းနေ၏။ ချမ်းသာ ကြွယ်ဝမှု ပြည့်စုံသော်လည်း မိခင်၏မေတ္တာကို မခံစား





ရရှာသော သဒ္ဓါရည်အား ဖြေသိမ့်စကားဆိုရန် သူငယ်ချင်းမနှစ်ဦး စဉ်းစားနေလေသည်။ ထက်ထက်မှာ ဖြေသိမ့်စကား ရှိသည်လေ။

"ဒါပေမယ့် နင် ကံကောင်းပါတယ် သဒ္ဓါရယ်၊ နင့်ဖေဖေက နင့်အမေ ဆုံးသွားပေမယ့် နောက်အိမ်ထောင်မပြုဘူး။ ငါ့အဖေဆိုရင် မယားငယ် အိမ်က ပြန်မလာတာ နှစ်လတောင်ကျော်သွားပြီဟ၊ အဖေက လူသိရှင်ကြား လက်ထပ်ယူထားတာလေ"

သဒ္ဓါရည်၏ မျက်နှာလေးမှာ ယခုမှ အနည်းငယ် ပြေလျော့လာသည်။ အားကိုးထိုက်သည့် သူငယ်ချင်းမပါပဲ။

"မိထက်ရယ် ဖေဖေ့ကို ချီးကျူးမစောပါနဲ့ဦး၊ ဖေဖေ နောက်အိမ်ထောင်မပြုတာကလည်း ငါ့ကြောင့်ပါ။ ဖေဖေက ငါ့ကို ဆုံးမတယ်လေ။ သမီးကစ် ရည်းစားမထားနဲ့နော်တဲ့ ထားချင်ရင်လည်း ထားပေါ့ သမီးက ရည်းစားတစ်ယောက်ထားရင် ဖေဖေလည်း ရည်းစားတစ်ယောက်ထားမယ်တဲ့၊ ပိုင်တယ်နော်၊ ငါ့ကို အပြတ်ချုပ်ပစ်လိုက်တာဟ၊ ငါ့မှာ သူရည်းစားထားမှာစိုးလို့ ငါလည်း မထားရဲတော့ဘူးလေ"

ထက်ထက်ရော အဲဝူပါ ပြုံးတူရယ်မိလိုက်ကြသည်။ စကားဝိုင်းလေးသည် သွေ့ခြောက်ရာမှ နည်းနည်းတော့ သက်ဝင် နိုးထလာ၏။ အဲဝူက သိလိုသည်ကို စပ်စု မေးမြန်းသမှုပြုသည်။

"နင့်အဖေနဲ့ နင့်အမေက လူကြီးချင်းပေးစားတာဆို၊ ချစ်ကောချစ်ကြရဲ့လား သဒ္ဓါ"

"ချစ်ကြတယ်ဟ နေဦး. . . ငါပြောပြဦးမယ်၊ ဖေဖေနဲ့ မေမေက မင်္ဂလာဆောင်တဲ့အခါကျမှ တစ်ယောက်ကို တစ်ယောက် မြင်ဖူးကြတာ။ ဓာတ်ပုံတော့ မြင်ဖူးတာပေါ့။ လူကြီးချင်း ပေးစားကြတာဆိုတော့ တစ်ယောက်ကို တစ်ယောက် ရှိန်နေကြတာဟ၊ နေ့ခင်းဆိုရင် နှစ်ယောက်သား မျက်နှာချင်းတောင် မဆိုင်ရဲကြဘူး၊ မေမေက တအားရှက်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်အခိုက်မှာပင် သူတို့စားပွဲဝိုင်းမှာ အရိပ်တစ်ခု ရောက်လာသည်၊ အသံထက်မြန်သော ဂျက်လေယာဉ်မဟုတ်၊ အသံက အရင်ရောက်လာသော ရဲဝေ ဖြစ်သည်။

"အဲဒါ ထောက်ခံတယ်၊ ငါ့အဖေရဲ့ သူငယ်ချင်းကလည်း ငါ့ကို ပြောပြဖူးတယ်။ အဖေက အမေ့ကို ခိုးပြေးသွားတာတဲ့၊ ရခါစတုန်းက အဖေရော မေမေရော ရှက်လို့ဆိုပြီး တစ်ပတ်လောက် ခြင်ထောင်ထဲက မထွက်ကြဘူးတဲ့"

သူမတို့သုံးယောက်စလုံး မျက်လုံးပြူးသွားကာ ဝဲယာဝန်းကျင်ကို အထိတ်တလန့် ကြည့်မိလိုက်သည်။ တော်သေးရဲ့ လူရှင်းနေလို့သာပေါ့။ သူမသည် ရဲဝေအား တီးတိုးသတိပေးလိုက်သည်။

"ရဲဝေရယ် အဲလိုစကားမျိုးကို ဘာလို့ အကျယ်ကြီးပြောရတာလဲ မကောင်းဘူးလေဟာ"

"ရပါတယ်ဟ၊ ဒါ စာကြည့်တိုက်မှ မဟုတ်ဘဲ၊ ကျယ်ကျယ်ပြောလို့ ရပါတယ်၊ နင်ကလည်း အဲလောက် မအူစမ်းပါနဲ့ သဒ္ဒါရည်ရာ"

စိတ်ညစ်ရပါလား။ ငပြူးက ပြန်ပြီး ပြုံပြုံနေသေးရဲ့၊ တကယ့် ဂျပွတ်ကောင် အူကြောင်ကျားပါလား။ ရဲဝေသည် လွတ်နေသော ခုံမှာ ဝင်ထိုင်လိုက်သည်။ သူက သဒ္ဒါရည်၏အမေ ဆုံးသွားပြီဆိုသည့် အကြောင်း သူမတို့ ပြောနေသည့်အချိန်မှာ မမီလိုက်၊ သူ့စိတ်ထင်မှာ သဒ္ဒါရည်၏မိခင်သည် ယခုတိုင် သူမတို့နှင့် အတူတကွ နေသည်ဟူ၍သာ ထင်နေလေသည်။

"စောစောက ပြောတဲ့စကား ဆက်စမ်းပါဦး၊ ငါ စိတ်ဝင်စားလို့ပါ။ နင့်အဖေနဲ့ အမေက နေ့ခင်းဘက်မှာဆိုရင် တစ်ယောက်ကို တစ်ယောက် ရှက်ပြီး မျက်နှာချင်းတောင် မဆိုင်ရဲကြဘူးဆိုတာလေ"

သူမသည် ရဲဝေကိုတော့ မိန်းကလေး သူငယ်ချင်းလိုပဲ ခင်သည်။ သည့်အတွက်ပြောရန် မတွန့်ဆုတ်တော့ပါ။





"အဲဒီတုန်းက ငါက ငါးတန်းပဲ ရှိသေးတယ်။ မေမေနဲ့ပဲ အတူအိပ်တာ၊ ငါ တစ်ရေးနိုးတဲ့အချိန်မှာ မေမေ့ကို ပျောက်ပျောက်နေတယ်။ ဒါနဲ့ဟာ ငါလည်း သိချင်တာနဲ့ နောက်ရက်မှာ အိပ်ချင်ယောင်ဆောင်နေလိုက်တယ်။ ည ဆယ့်နှစ်နာရီကျတော့ ဖေဖေက မေမေ့အခန်းပေါက်မှာ လာရပ်တယ်။ မေမေက အသာလေးထပြီး လိုက်သွားတယ်။ ငါလည်း ကြောက်တာနဲ့ ငိုရင်းနဲ့ အိပ်ပျော်သွားတာပေါ့။ မနက်ခင်းကျတော့ မေမေက ဝန်ခံတယ်။ မေမေက ဖေဖေ့ကို ချစ်တယ်တဲ့။ မေမေနဲ့ ဖေဖေက လင်မယားဖြစ်နေတာ ကြာပြီတဲ့။ တကယ်တော့ မေမေနဲ့ ဖေဖေက ချစ်ကြတယ်ဟ"

ရဲဝေမှလွဲ၍ သူမတို့ သုံးဦးသား ပြုံးစိစိ မျက်နှာတွေနှင့် ရယ်ကြသည်။ သည်မှာပင် ရဲဝေက ဝင်ရောက် အတွန့်တက်လိုက်သည်။

"အဲဒါ ချစ်တာမဟုတ်ဘူး ကြောက်တာ၊ ဒီလောက်မှ မတွေးမိဘူးလား သဒ္ဒါရည်"

"အင်း. . . အင်း ပြောစမ်းပါဦး ပညာရှိကြီးရဲ့ အတွေးအခေါ်ကို"

"ရှင်းရှင်းလေးပါဟာ၊ နင့်အဖေက သရဲကြောက်တာမို့လို့ပေါ့ဟ၊ အိမ်သာကို တစ်ယောက်တည်း မသွားရဲလို့ နင့်အမေကို အဖော်လာလာခေါ်တာလေ"

"ဪ. . . ဟုတ်တာပေါ့၊ မှန်လိုက်လေ ပညာရှိကြီးရယ်" ဟုဆိုကာ သူမ၏လက်ကလေး မြောက်တက်သွားသည်။ ပြီးတော့ ရဲဝေ၏ခေါင်းအား 'ဂေါက်'ခနဲ ခေါက်ချပစ်လိုက်သည်။ ပူထူသွားသော ဦးခေါင်းအား လက်နှင့်ပွတ်သပ်လျက် ရဲဝေသည် သူမအား အူကြောင်ကြောင်နှင့် ကြည့်နေ၏။ သူမသည် ဦးခေါင်းကို ညင်သာ ရမ်းခါလျက် ညည်းတွားသည်။

"မဖြစ်တော့ဘူး နင့်ကို ဒီအတိုင်းလွှတ်ထားရင် တုံးတဲ့အဆင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတော့မှာ၊ ငါ နင့်ကို တစ်ခုချင်း လိုအပ်သလို ပြုပြင်ပေးမှ ဖြစ်တော့မယ် ရဲဝေ"

ဤသည်မှာ သူမသည် အနာဂတ်ကို မသိမြင်၍သာ ပြောခြင်းဖြစ်ပါလိမ့်မည်။ သည်အချိန်မှစ၍ ရဲဝေနှင့် သူမတို့ တွေ့ဆုံရန် အခွင့်အလမ်းလည်း ပျောက်ဆုံးသွားပြီ ဖြစ်ပါသည်။

ဝ

ဦးကျော်ကြီး၏ 'အရိုးကျော့ တီးရှော့' ဟူသော ဆိုင်လေးထဲမှာ အောင်ဇော်လတ် ထိုင်နေ၏။ ရဲဝေအား နေ့ခင်း နှစ်နာရီတွင် ဦးလေးတော်ရှေ့မှောက် တွန်းလွှတ်ရမည့်ကိစ္စအတွက် ဘယ်လို နုတ်လမ်းညွှန်ရလေမည်မသိ။ ယခုဟာက 'ယခုစာလာပေးသူအား အသေသတ်ပါ' ဟူသော သေမိန့်အား ပို့လွှတ်ခိုင်းရသည့်နှယ် ဖြစ်နေသည်။ သည်မှာပင် ဖုန်းမြည်လာ၏။ နံပါတ်ကို ကြည့်လိုက်တော့ 'ဦးလေးတော်' ဖြစ်နေသည်။ အောင်ဇော်လတ် ဇောချွေးပျံသွားသည်။

"Hello အန်ကယ်မျိုးလား၊ ကျွန်တော် ဒီနေ့ကျောင်း မသွားဘူး။ မီးယပ်ချမ်းထတာလား မသိဘူး။ ခေါင်းတွေကိုက် ကိုယ်တွေပူ နားရွက်ကလည်း လှုပ်လို့မရ၊ လမ်းလျှောက်ရင်လည်း ခြေတစ်ဖက်က မြောက်မြောက်သွားလို့ အဲဒါနဲ့ အိမ်မှာ နားနေရတာ အန်ကယ်မျိုးနဲ့ ကျွန်တော်နဲ့ စီစဉ်ထားတဲ့ကိစ္စ နက်ဖြန်မှပဲ ဆက်လိုက်ကြရအောင်။ နေ့ခင်းနှစ်နာရီကိုလည်း မရောက်သေးဘူးလေ"

"ဟေ့ကောင် ငလတ်၊ မင်းရဲ့ ဘယ်ဘက်ဘေးကို ကြည့်လိုက် ငါ ကျောင်းထဲရောက်နေတာ မင်းနဲ့ ငါနဲ့ ပေလေးဆယ်တောင် မဝေးဘူးကွ၊ အပိုတွေ ပြောမနေနဲ့"

ချက်ချင်းပဲ ဘယ်ဘက်ဘေးကို ကြည့်လိုက်သည်။ ဦးမျိုးမြင့်မိုရ်၏ ကားကြီး ရပ်ထားသည်။ ကိုယ်တိုင် မောင်းလာသည်။ ဖုန်းကို လက်တစ်





ဖက်က ကိုင်လျက် ပြုံးပြုံးကြီး ကြည့်နေသော မျက်နှာကြီးကို မြင်လိုက်တော့ အောင်ဇော်လတ်ခမျာ ခေါင်းနားပန်းကြီးသွားရှာလေသည်။

"ကဲ အချိန်မရှိဘူး တူတော်မောင်၊ ရဲဝေကိုသာ ငါရှိရာ လွှတ်လိုက်ပေတော့၊ ငါ အပြင်ဘက် ကျောင်းပေါက်ဝက လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားရပ်ပြီး စောင့်နေမယ်"

"အန်. . . အန်ကယ်မျိုး၊ မဖြစ်နိုင်ဘူးဗျ၊ စဉ်းစားကြည့်လေ၊ ကောင်မလေးရဲ့ အဖေဆိုတာကြီးကို သိနေမှတော့ ဘယ်သူက လာရဲမှာတဲ့လဲ"

"ရေဘူးပေါက်တာ လာမပြောနဲ့၊ ရေပါတာပဲ ငါ လိုချင်တယ်။ မင်း ဘာသာ ဘယ်လိုပဲ ပြောလွှတ်လွှတ် အဲဒီကောင် ငါ့ဆီရောက်လာဖို့ အဓိကပဲ။ ကဲ. . . ငါသွားမယ် ငလတ်"

ဝူးခနဲ မောင်းထွက်သွားသော ကားကြီးကိုကြည့်လျက် အောင်ဇော်လတ် ငေါင်တောင်တောင် ထိုင်ကျန်ရစ်ခဲ့သည်။ အတိတ်ကံက ဘယ်လောက်များ နည်းခဲ့လို့ ကျွန်တော့်ကို ဒီလို ငအတ္တ ဦးလေးတော်ရဲ့ လက်ထဲမှာ အပ်ခဲ့ရတာလဲ ဒက်ဒီ ခမည်းတော်ရယ်။

ဩော်. . . အော်ဇီမှာရှိနေသော ဖခင်ကြီးအား တိုင်တည်ပုံချနေ၍ မဖြစ်သေး။ ရဲဝေဆီသို့ မပြောမပြီး ဖုန်းဆက်ခေါ်ရဦးမှာပါလား။

"ဟဲလို ရဲဝေလား၊ အေး. . . ငါပါ. . . မစ္စတာအဘိဓာန်ပါ။ ငါ ဒီမှာ ကျိုင်တစ်ခုဝင်ပြီး ရှော့ဖြစ်နေတယ်။ ကောင်တစ်ကောင် ငါ့ကို လာဖြပြီး ခြိမ်းခြောက်နေလို့ S.O.S ငါ့ကို လာကယ်ပါ။ ရောက်ရာအရပ်က ငါရှိရာ ဦးကျော်ကြီးဆိုင်ကို ချက်ချင်း လာခဲ့ပါ။ အ. . . အချိန်. . . မရှိတော့ဘူး သယ်ချင်း"

ဝ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ခင်ဗျားကို အနိုင်ကျင့်တဲ့ကောင်၊ ကျွန်တော် လာပြီဆိုတာသိလို့ ကြောက်ချေးပန်းပြီး မာရသွန် ညောင်းသွားပြီ မဟုတ်လား။ မတွေ့လိုက်ရတာ ဒီကောင် သက်သာသွားတာပေါ့ဗျာ"

အားတော့ ကိုးရပါပေသည်။ ဆယ်မိနစ်ပင် မကြာလိုက်သော အချိန်မှာပဲ ရဲဝေ ရောက်လာသည်။ အောင်ဇော်လတ်သည် ရဲဝေအား ဘယ်က ဘယ်လိုစပြောရမည်မသိအောင် မျက်နှာပူနေသည်။ ရဲဝေကတော့ ဘာမှသိရှာလေမည်မဟုတ်။

"မင်းကို အားနာပါတယ် ရဲဝေ. . . အဝှါလေ. . . ဟိုဟာကွာ၊ အဲ. . . ငါ့ကို ခြိမ်းခြောက်တာ ကောင် မဟုတ်ဘူး၊ လူကြီးကွ အသက်က လေးဆယ်ကျော်လောက်လေကွာ၊ ငါ. . . ငါနဲ့ ငြိတာက မင်းနဲ့ဆိုင်တယ် ရဲဝေ"

"ကျွန်တော်နဲ့ဆိုင်တယ် ဟုတ်လား၊ အဲဒီလူကြီးက အခု ဘယ်မှာလဲ"

"ကျောင်း. . . ကျောင်းပေါက်ဝ လမ်းဟိုဘက်က လက်ဖက်ရည်ဆိုင်ရှေ့မှာ သူ့ ကားပေါ်ကစောင့်နေတယ်။ မင်း မိကစ် အဲ. . . သဒ္ဒါရည် တို့ အိမ်က ကားကို သိလား"

"အက်စ်ဦးအာဖက်ဖ် နီညိုရောင်လား"

"SURF ဆပ်ဖ်ပါကွာ၊ ဘယ့်နှယ် အက်စ်ဦးအာဖက်ဖ်ရမှာလဲ။ အဲ. . . အဲဒီကားပေါ်မှာ အဲဒီလူကြီး စောင့်နေတယ်။ သူက မင်းနဲ့ လက်ဖက်ရည်သောက်ရင်း စကားပြောချင်ပုံပဲကွ၊ သူက သဒ္ဒါရည့်ကို လာကြိုရင်း အချိန်စောနေလို့နေမှာပေါ့။ မင်း အခုပဲသွားလိုက်ပါ ရဲဝေ၊ အဲ. . . လက်ဖက်ရည်ဖိုးတော့ မင်း ရှင်းလိုက်ပါကွာ"

သဒ္ဒါရည့်ကို လာကြိုတာ အချိန်စောနေလို့တဲ့။ လက်ဖက်ရည်ဖိုးတော့ ငါ ရှင်းရမယ် ဆိုပါလား။ ရဲဝေတို့များ ပါးနပ်လိုက်ပုံက စဉ်းစား





ကြည့်ပြီး ချက်ချင်းပဲ သဘောပေါက်သွားသည်။ ရဲဝေ၏ မျက်နှာက လင်းခနဲ ကြည်သွားသည်။ နှုတ်ခမ်းတွေ ပြုံးသွားသည်။

"ကျွန်တော် အခုပဲ သွားလိုက်ပါ့မယ်ဗျာ၊ ခင်ဗျားဗျာ. . . ဒါလေး ပြောတာများ ဝေ့နေသေးတယ်။ ကျွန်တော်က ပါးရည်နပ်ရည်ရှိလို့ သဘောပေါက်လို့သာပေါ့ 'ရဲဝေရာ သဒ္ဒါရည်တို့အိမ်က ကားဒရိုင်ဘာကြီးက လက်ဖက်ရည်သောက်ချင်လို့ မင်းသွားပြီး တိုက်လိုက်ပါကွာ' ဆို. . . ပြီးနေတဲ့ကိစ္စဗျာ ဟား. . . ဟား. . . ဟား"

"ဘာ ကား. . . ကားဒရိုင်ဘာကြီး ဟုတ်လား၊ ကား. . . ကားဒရိုင်ဘာ"

မစ္စတာအဘိဓာန် မျက်လုံးကြီးပြူးကာ ဘုရားတလိုက်မိရင်း သူ့ခေါင်းကို လက်နှစ်ဖက်နှင့် အုပ်ကိုင်လိုက်မိသည်။ ဤသည်ကို ကြည့်လျက် ရဲဝေက သဘောကျစွာ ရယ်သည်။ ပြီးတော့ စားပွဲဝိုင်းမှ ထထွက်သွားတော့သည်။ သတ်ကွင်းထဲသို့ ပျော်ပျော်ကြီး ဝင်သွားရှာပါလေသော အနှီ အူကြောင်ကြောင် သတ္တဝါအား အဘိဓာန်သည် ရင်တထိတ်ထိတ် ကြည့်လျက် ကျန်ရစ်ခဲ့လေသည်။

○

ကျောင်းပေါက်ဝမှ ထွက်လာကာ ယာဉ်ကြောအရှင်း၌ လမ်းမကြီးကို ဖြတ်ကူးရန် ရပ်နေသော ရဲဝေအား ကားပေါ်မှ ဦးမျိုးမြင့်မိုရ်က လှမ်းမြင်လိုက်သည်။ ခွေးမသား ရဲဝေ၊ ဒင်းတော့လား၊ လာပါစေဦး၊ ဦးမျိုးမြင့်မိုရ်သည် မသိဟန်ဆောင်လျက် ဒက်ချ်ဘုတ်ပေါ်မှ ဂျာနယ်ကို ဆွဲယူလိုက်ကာ ဂျာနယ်အား စိတ်ဝင်စားခြင်းကြီးစွာ ဖတ်နေသည့်ပုံစံနှင့် ဟန်ဆောင်နေလိုက်သည်။ လူကသာ ဂျာနယ်အား သဲကြီးမဲကြီး ဖတ်နေသည့်နှယ် ဟန်ဆောင်နေသော်လည်း စိတ်နှင့်ကိုယ်ကတော့ လုံးဝ ဟာမိတ် မဖြစ်၊ စိတ်ထဲမှနေ၍ တစ်. . . နှစ်. . . သုံး. . . လေး မှန်မှန်



www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ကာ အချိန်ကို မှတ်ကြည့်သည်။ တစ်. . . နှစ်. . . သုံး. . . လေး အစဉ်လိုက် ရေတွက်နေတာ သုံးရာရောက်သွားပြီ။ ဘယ်အချိန်မှာများ သည်ကောင်က အနားရောက်လာကာ မျောက်နှာသေ မျက်နှာလေးနှင့် သနားစဖွယ် အသံလေးနှင့် "ကျွန်တော် ရဲဝေပါခင်ဗျာ၊ ဦးက တွေ့ချင် တယ်ဆိုလို့ လာခဲ့တာပါခင်ဗျာ" ဟု ဆိုလေမည်မသိ။ ဦးမျိုးမြင့်မိုရ် စိတ်ထဲမှ ဆက်ပြီး ရေတွက်သည်။ သုံးရာ နောက်တစ်ကြော့ ရှိသွား ပြန်ပြီ။ သုံးရာ နှစ်ခါဆိုတော့ (၁၀) မိနစ်ပေါ့။ ခွေးမသား ရောက်မလာ သေးပါလား၊ ဦးမျိုးမြင့်မိုရ် ဆက်ပြီး ရေတွက်သည်။ သုံးရာ သုံးခါ ရှိ သွားပြီ။ ဒါဆို (၁၅) မိနစ်တောင် ရှိသွားပြီ။ ဟ. . . ဒီကတ္တရာလမ်းကို ကူးတာ (၁၅) မိနစ်တောင် ကြာရသလား။ ဦးမိုးမြင့်မိုရ် နောက်ကြည့် မှန်မှ ကြည့်လိုက်သည်။ ရဲဝေကို မတွေ့ရ။ လူကိုယ်တိုင် ခေါင်းကြီးလှည့် ကာ ကြည့်သည် မတွေ့။ ပတ်ဝန်းကျင်အား ကျီးကန်းတောင်းမှောက် ရှာကြည့်သည်။ ရဲဝေနှင့်တူသည့် အရိပ်အယောင်ပင် မတွေ့ရ။ ခွေးမ သားအလာ အယောင်ပြကာ လစ်သွားတာပဲ ဖြစ်မည်။ သည်အခိုက်မှာ ပင် တခွပ်ခွပ် လက်ခုပ်တီးသံနှင့်အတူ 'ဟေ့လူ' 'ဟေ့လူ' ဟူသော ခေါ်သံကို ကြားလိုက်ရသည်။ ဦးမျိုးမြင့်မိုရ် ယောင်ပြီး လှည့်ကြည့် လိုက်၏။

"ဟာ. . . ရဲဝေ ခွေးမသား"

သူ့နှုတ်မှ အာမေဋိတ်သံ ထွက်သွားသည်။ အကွာအဝေးက ပေ နှစ်ဆယ်လောက်ပဲ ရှိသော်လည်း ရဲဝေသည် လက်ဖက်ရည်ဆိုင်ထဲမှာ ကျကျနနထိုင်ကာ သူ့အား လက်ခုပ်တီး၍ ပြုံးပြုံးကြီး လှမ်းခေါ်နေသည် လေ။ ဦးမျိုးမြင့်မိုရ် ရှုံ့ခနဲ ဒေါသတွေ ငယ်ထိပ်တက်သွား၏။ ရဲဝေက မသိသား ဆိုးရွားစွာ ပြုံးရယ်လျက် ဖိတ်မန္တက ပြုလိုက်ပြန်သည်။

"ဟေ့လူ လာလေဗျာ၊ ခင်ဗျားက လက်ဖက်ရည်တိုက်ခိုင်းမလို့





ကျွန်တော့်ကို ရှာနေတာ မဟုတ်လား. . . လာပါဗျ၊ ကျွန်တော် လက်ဖက် ရည် တိုက်ပါ့မယ်"

ဦးမျိုးမြင့်မိုရ် မျက်နှာကြီး ရဲသွားသည်။ အရှက်ကတော့ ကွဲပါပြီ။ ခွေးမသား ငါကိုများ သူ့ကို လက်ဖက်ရည်တိုက်ခိုင်းမလို့ ရှာနေတဲ့ကောင် တဲ့။ တော်ပါသေးရဲ့၊ ဆိုင်ထဲမှာ လူတစ်ယောက်မှ မရှိတဲ့အချိန်မို့သာ ပေါ့။ ဒေါသခြေလှမ်းတွေက ဦးမျိုးမြင့်မိုရ်အား လက်ဖက်ရည်ဆိုင်ထဲသို့ သယ်ဆောင်သွား၏။ ရဲဝေအား မီးတောက်မျက်လုံးများနှင့် ကြည့်လိုက် သည်။ ဒါကို ရဲဝေသည် သိဟန်ပင်မပေါ်။ သူ့ထုံးစံအတိုင်း ကိုရီးယား တွေ ကိုယ်တစ်ဝက်ကိုင်း၍ လေးစားသမှုပြုသလို ဦးညွှတ် နှုတ်ဆက် လိုက်သည်။

"မင်္ဂလာပါဗျာ၊ ဦးလေးမောင်ရဲ့ အနုပညာအရည်အသွေးကို တခြားသူ ပြောပြထားလို့တော့ သိခဲ့ပါတယ်။ ခု ကိုယ်တိုင်မြင်လိုက်ရ တော့ တကယ့်ကို အကယ်ဒမီရှော့ပါပဲ။ စောစောတုန်းက သရုပ်ဆောင် လိုက်တဲ့ ဒေါသဖြစ်တဲ့ပုံစံဆိုရင် မျက်လုံးတွေက မီးဝင်းဝင်းတောက်ပြီး တကယ့်ကို mood အပြည့်ပဲ။ မသိတဲ့သူကတော့ တကယ် ဒေါသထွက် နေတယ် ထင်ပြီး လန့်ဖျန့်သွားမှာ။ ကျွန်တော်သာ မစ္စတာအဘိဓာန်က ကြိုပြောထားလို့ ဦးလေးမောင် သရုပ်ဆောင်နေမှန်း သိရတာ။ လေးစား တယ်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည် ရဲဝေပါ"

ပြောအပြီးမှာ ရဲဝေက နှစ်နှစ်ကာကာကြီး လက်ကမ်းလိုက်သည်။ ဦးမျိုးမြင့်မိုရ်မှာလည်း ယောင်တောင်တောင်နှင့် ရဲဝေအား လက်ဆွဲကာ နှုတ်ဆက်လိုက်မိသည်။ သည်မျှနှင့်မပြီး ရဲဝေက ဆိုင်ထဲမှ လူတွေကို အော်ဟစ်၍ သေဖော်ညှိလိုက်ပြန်လေသည်။

"ဟေ့. . . ဟေ့ကောင် ဝိတ်တာလေး ဒီမှာ ကောင်တာက ဘ(?)ရား သားကြီး ဟေ့. . . ဟေ့ အဖျော်ဆရာ. . . ဒီမှာ ခင်ဗျားတို့ သူ့ကို အခု အားရအောင် ကြည့်ထားကြ၊ နောက်ဆို ခင်ဗျားတို့ သူ့ကို မြင်ရမှာ

www.burmeseclassic.com



မဟုတ်တော့ဘူး။ မကြာခင်အချိန်မှာ တီဗီဖန်သားပြင်နဲ့ ပိတ်ကားပေါ်မှာ လူကြမ်း ဇာတ်ပို့နဲ့ ရွှေစင်ရုပ် အခုနှစ်ဆယ်လောက် ပိုက်ပြီး အကယ်ဒမီ စင်မြင့်ပေါ် တက်လာမယ့်သူပဲ။ ဦးလေးမောင် လုပ်စမ်းပါဗျာ၊ ခုနတုန်းကလို ဒေါသဖြစ်တဲ့ လူကြမ်းကြီးပုံစံမျိုး အက်ရှင်လုပ်ပြလိုက်စမ်းပါ"

ရင်ထဲမှာ လိမ့်တက်လာသော ဒေါသက ငယ်ထိပ်ထိ ရောက်သွားသည်။ ဦးမျိုးမြင့်မိုရ် သည့်ထက် ပို၍ သည်းမခံနိုင်တော့ပါ။ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်ကာ ဒေါသတကြီးနှင့် ရဲဝေ၏ အင်္ကျီကော်လံစကို စုကိုင်ကာ ဆွဲမလိုက်သည်။

"မင်း ရှုံကြောင်ကြောင် ဆက်လုပ်မနေနဲ့တော့ ရဲဝေ၊ မင်း ငါ့ဒေါသကို မဆွနဲ့တော့ ငါ ပြောတာပဲ ငြိမ်ငြိမ်နားထောင်၊ မင်းလို ကောင်မျိုးလေးကတော့ ဒီမှာတွေ့လား၊ ငါ့လက်သီး"

ဦးမျိုးမြင့်မိုရ်သည် မေးကြောကြီးတွေ ထောင်နေအောင် အံကြိတ်လျက် သူ၏ ကျစ်နေအောင် ဆုပ်ထားသော လက်သီးကြီးကို ရဲဝေ၏ မျက်နှာအနီးသို့ ကပ်ပြလိုက်ပြီး ကြိမ်းဝါးလိုက်သည်။ သည်ကောင် ဆက်ပြီး အူကြောင်ကြောင်လုပ်ပါက နေရာတင် ပုံလဲသွားအောင် ထိုးပစ်လိုက်တော့မည်။ ဦးမျိုးမြင့်မိုရ်သည် ရဲဝေ၏ မျက်လုံးတွေကို ကြည့်လိုက်၏။ ရဲဝေ၏ မျက်လုံးတွေထဲမှာ ကြောက်လန့်ဟန် လုံးဝ မတွေ့ရ။ မျက်မှောင်ကျုံ့လျက် တည်တည်စူးစူး ကြည့်နေသော မျက်လုံးများ။ ပြီးတော့ ကော်လံစကို ဆုပ်ကိုင်ထားသော သူ့လက်ပေါ်သို့ ဘယ်အချိန်က အုပ်ကိုင်လိုက်မှန်း မသိလိုက်သော ရဲဝေ၏ ဘယ်ဘက်လက်၊ သတိထားမိလိုက်တော့ သူ့လက်မအား ရဲဝေ၏လက်က လှန်ချိုးပစ်လိုက်ရန် အသင့်အနေအထားနှင့်ပါလား။ သည့်နောက် ရဲဝေ၏ တည်တည်ပြောစကား. . .

"ကိုယ်ခံပညာဆိုတာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ တိုက်ခိုက်ရတဲ့





ပညာပါ၊ စိတ်မကောင်းပါဘူး ဦးလေးမောင်၊ ခင်ဗျား လူကြမ်းလို ဆက်သရုပ်ဆောင်ရင် ကျွန်တော်ကလည်း မင်းသားလို ဆက်သရုပ်ဆောင်ဖို့ အသင့်ပါပဲ"

၀

ကော်လံကို ဆုပ်ကိုင်ထားသော ဦးမျိုးမြင့်မိုရ်၏ လက်တွေ ပြေလျော့သွားသည်။ ရဲဝေကလည်း လက်ကို လွှတ်ပေးလိုက်၏။ ပြီးတော့ ကောင်တာမှ ဆိုင်ရှင်အား အူကြောင်ကြောင်နှင့် လှမ်းပြောလိုက်သည်၊

"ကဲ ဘရားသား၊ အခု လက်တွေ့မြင်လိုက်ရပြီ မဟုတ်လား ဦးလေးမောင်ရဲ့ အက်ရှင် ဘယ်လောက် ပီပြင်သလဲဆိုတာ အပြင်မှာ တကယ်ဖြစ်နေတဲ့အတိုင်းပဲဗျာ. . . နော၊ ကျွန်တော်တောင် သူ့ အက်ရှင်မှာ မျောသွားမိတော့ သူ့လက်မကို လှန်ချိုး နားရင်းရိုက်၊ ငိုက်အကုသွားသုံးဆယ့် နှစ်ချောင်းကျွတ်အောင် မျက်နှာ ဒူးနဲ့တိုက် အရေဆုတ်ဖင်မွှေးနုတ်ပစ်မိတော့မလို့ဗျ"

သေချာပါပြီ။ သည့်ကောင်သည် သူ့အား သမီးကစ်၏ ဖခင်မှန်းလုံးဝ မသိသူဘဲ ဖြစ်လိမ့်မည်။ ဘယ်သမက်ကများ ယောက္ခမလောင်းကိုနားရင်းရိုက် အရေဆုတ် ဖင်မွှေးနုတ်ပစ်မည်ဟု ပြောရဲပါမည်နည်း၊

"မင်း ထင်တာမှားနေပြီ ရဲဝေ၊ မင်းပြောတဲ့ လေးမောင်ဆိုတာ ငါ မဟုတ်ဘူး၊ လေးမောင်က ငါတို့အိမ်က ဒရိုင်ဘာပါ။ ငါက သဒ္ဒါရည်ရဲ့ အဖေ မျိုးမြင့်မိုရ်၊ ဒီလောက်လေးမှ မင်းမသိဘူးလား ရဲဝေ"

ရဲဝေ မျက်လုံးပြူးသွားသည်။ ဦးမျိုးမြင့်မိုရ်အား လက်ညှိုးထိုးလျက် တအွေ့သရဲတစ်ကောင်အား မြင်နေရသည့်အလား အလန့်တကြားပုံစံနှင့် ပြူးကြောင်ကြောင် ကြည့်နေသည်။ သိနေတယ်လေ ဒီလိုပဲ ပြူးရမှာပေါ့။ ငါ ဘယ်သူလဲဆိုတာ သိလိုက်ရတော့ ပျာသွားပြီ မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ရဲဝေ၊ သည်အတွေးကြောင့် ဦးမျိုးမြင့်မိုရ်၏ မျက်နှာကြီး ပြုံးသွားသည်။ မိန့်မိန့်ကြီးပါပဲ။ ဒါပေမယ့် သည်မိန့်မိန့်ကြီးသည် တာရှည်မခံလိုက်ရပါ။

"အံ့သြတယ်၊ တကယ်အံ့သြမိပါတယ်ဗျာ၊ ခင်ဗျားလိုလူကို ခုမှပဲ တွေ့ဖူးတော့တယ်။ သားရေပေါ် အိပ် သားရေနားစား၊ အရှုးဘုံမြှောက် ချေးခြောက်ကောက်ဝါးဆိုတာ ခင်ဗျားလို လူမျိုးပဲ။ ကိုယ့်ဘာသာ အရှုး ထတာထပေ့ါ ထမင်းရှင်ကိုတော့ အဲလို မစော်ကားပါနဲ့။ ခင်ဗျား မိုးကြိုး ပစ်မှာ မကြောက်ဘူးလား ဦးလေးမောင်"

ဦးမျိုးမြင့်မိုရ်သည် ရဲဝေအား ပါးစပ်အဟောင်းသားနှင့် ကြည့် နေမိလေသည်။ သည်ကောင်သည် အကျိုးနည်းမည့်အလွဲအား အရိုးစွဲ အောင် နှလုံးသားမှာ ရိုက်သွင်းထားသူပါလား။ မိမိအား သမီးကစ်၏ ဒရိုင်ဘာ ဟု ဘယ်သူတောင်းစားကများ အချွန်နှင့် မ,လိုက်လေသည် မသိ။ ဦးမျိုး မြင့်မိုရ်သည် မသိခြင်းတွေနှင့် ဦးနှောက်ခြောက်လာ၏။ စိတ်လည်း တိုလာပါတော့သည်။ သည့်အတွက် မလုပ်ချင်သော အလုပ် ကို လုပ်လိုက် မိသည်။ သူ၏ ပိုက်ဆံအိတ်ကြီးကို 'ဗျို' ခနဲ ဇစ်ဆွဲဖွင့် ပြလိုက်၏။ ရဲဝေ က 'ကျွတ်' ဟု စုပ်သပ်လျက် စိတ်ပျက်စွာ မျက်နှာ ကြီး တစ်ဖက်လွှဲသွားသည်။ ဦးမျိုးမြင့်မိုရ် ပို၍ ဒေါသထွက်သွား၏။

"ဟေ့ကောင် ရဲဝေ၊ ဒါဟာ မင်းကို ငါက ကြွားနေတာ မဟုတ်ဘူး ကွ၊ ဒရိုင်ဘာတစ်ယောက်ဟာ ဒီလို ပိုက်ဆံအိတ်ကြီးနဲ့ ဒီလောက်ငွေကို မကိုင်နိုင်ဘူးဆိုတာကို ပြတာကွ၊ ပြီးတော့ ဒီမှာ ငါ့ဟန်းဖုန်း"

ရဲဝေသည် သည်လူကြီးအား အတော့်ကို စိတ်ပျက်သွားလေသည်။ သည်မှာပင် ရဲဝေအား တုန်လှုပ်သွားစေမည့် စကားတစ်ခွန်း ဦးမျိုး မြင့်မိုရ် နှုတ်မှ ကြားလိုက်ရလေသည်။

"ဘာလဲ လေးမောင်ဆိုတဲ့ ဒရိုင်ဘာက စိတ်ဖောက်ပြန်မယ်။ သူ့ အလုပ်ရှင်မျိုးမြင့်မိုရ်မသိအောင် အဝတ်အစားတွေ အိတ်တွေ ဟန်းဖုန်း တွေကို ခိုးလာခဲ့ပြီး သူဌေးပုံစံ သရုပ်ဆောင်ပြနေတယ်လို့ ထင်နေတာ





လား ရဲဝေ၊ ငါ လေးမောင် မဟုတ်ဘူး၊ လေးမောင် မဟုတ်ဘူး၊ သူဌေး မျိုးမြင့်မိုရ် သူဌေးမျိုးမြင့်မိုရ်ကွ ဟား. . . ဟား. . . ဟား"

ရဲဝေ ရင်ထဲမှာ 'ဒိန်း' ခနဲ လှုပ်သွားကာ ဘုရား တမိလိုက်သည်။ သဒ္ဒါရှည်၏ ဖခင်အတွက်လည်း စိုးရိမ်သွား၏။ ဟုတ်တာပေ့ါ အဲဒါကို ငါ ဘာလို့ မစဉ်းစားမိလိုက်တာလဲ။ တော်တော်တုံးတဲ့ ငါပါလား၊ သည် အတွေးနှင့် ရဲဝေ ရင်ထဲမှာ ဗလောင်ဆူသွားလေသည်။ အမြန်စဉ်းစား လိုက်သည်။ အကောင်းဆုံးနည်းလမ်းကို တွေ့လိုက်ပြီ။ ရဲဝေသည် ထိုင် ရာမှ ထလိုက်၏။

"ခဏလေး ခွင့်ပြုပါ ခင်ဗျာ၊ ကျွန်တော် ရှုးရှုးပေါက်ချင်လို့ပါ"

○

"မင်းက အကင်းပါးတဲ့သူမို့သာပေ့ါ ကျေးဇူးတင်ပါတယ်. . . မောင်ရဲဝေ" ဟု သဒ္ဒါရှည်တို့မိသားစုက ဘယ်သောအခါမှ ဝိုင်းပြီး ချီးမွမ်းကြမည် မသိသော်လည်း လောလောဆယ်မှာတော့ အိမ်သာထဲမှ အနံ့အသက်တွေထဲမှာ ရဲဝေ ချီးမွန်းခံနေရပြီ ဖြစ်သည်။ သူသည် သဒ္ဒါ ရှည့်ထံ ဦးဆုံး ဖုန်းဆက်လိုက်၏။ ကံကောင်းချင်တော့ ဖုန်းက တစ်ခါ တည်းနှင့် ဝင်သွားသည်။

"ဟယ်လို သဒ္ဒါရှည်လား၊ အားတော့နာတယ်ဟာ အီအီးနံ့ရမယ်၊ နှာခေါင်းပိတ်ထား၊ ငါ အိမ်သာထဲက ဆက်နေတာမို့ပါ"

"ကောင်စုတ် အူကြောင်ကြောင်နဲ့ ပြော ဘာကိစ္စလဲ"

"နေဦး ပြောရမယ့်စကား ငါ စဉ်းစားနေလို့ အဝှါဟာ ဦးလေး မောင် ဟုတ်တယ် ဦးလေးမောင်ပဲ။ နင်တို့အိမ်က ဒရိုင်ဘာလေဟာ သူ့အကြောင်းကို နင်တောင်ပြောခဲ့ဖူးတယ်။ တစ်ချက် တစ်ချက် ရုပ်ရှင် ရူး ထ ထ ရူးတတ်တယ်ဆိုတဲ့သူလေ။ သနားပါတယ်ဟာ ခု သူ့သွက် သွက်ခါအောင် ရူးသွားရှာပြီဟ"

www.burmeseclassic.com



"အဲလိုတော့ မနောက်ပါနဲ့ဟာ၊ ဦးလေးမောင်က ရူးသွားလောက်အောင် စိတ်ပျော့တဲ့သူ မဟုတ်ဘူး ကောင်စုတ်ရဲ့"

"သဒ္ဒါရည် နင်ကလေ လူကြည့်တော့ ပါးရည်နပ်ရည်နဲ့ တော်တော်အူတာပဲ။ ခု ငါဆက်နေတာ နင့်အဖေကို စိတ်ပူလို့ဟ ခု ဦးလေးမောင်ရဲ့ လက်ထဲမှာ နင့်အဖေရဲ့ကားရော၊ ဖုန်းရော၊ ပိုက်ဆံအိတ်ကြီးရော ရောက်နေတယ် နားလည်လား"

"ဘယ်. . . ဘယ်လို ငါ နားရှုပ်သွားပြီ၊ ဖေဖေ့ပစ္စည်းတွေ ဟုတ်လား။ အဲဒါတွေက ဖေဖေ့ပစ္စည်းတွေဆိုတာ နင် ဘယ်လိုသိလဲ"

"သူပြောတာလေ၊ ဒီပစ္စည်းတွေက ဦးမျိုးမြင့်မိုရ် မသိအောင် ခိုးလာတဲ့ ပစ္စည်းတွေ မဟုတ်ပါဘူးကွာတဲ့။ အဲဒါ သူ ခိုးလာတာ သေချာလို့ပေါ့။ နောက်ပြီး နင့်အဖေနာမည် ခု သူပြောမှ ငါ သိရတာလေ"

သဒ္ဒါရည် ခဏငြိမ်သက်သွား၏။ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် စဉ်းစား နှိုင်းချင့်နေခြင်း ဖြစ်ပါမည်။ ဖေဖေ့နာမည်ကို ရဲဝေ မသိခဲ့ပါ။

"ရဲဝေ အဲဒီလူဟာ ဦးလေးမောင်ရော သေချာရဲ့လား၊ အဲဒါ ဦးလေးမောင် ဆိုတာ နင့်ကို ဘယ်သူပြောလဲ"

"မစ္စတာအဘိဓာန်ပြောတာလေ၊ သူနဲ့ ဦးလေးမောင်နဲ့ ဘယ်လိုပတ်သက်လဲဆိုတာတော့ ငါ မသိဘူး"

"အဲဒါ. . . အဲဒါဆိုရင်တော့ မလွဲပါဘူး၊ သေချာပါတယ် ရဲ. . . ရဲဝေ ဖေဖေများ တစ်ခုခုဖြစ်နေပြီလား၊ ငါ စိတ်ပူလိုက်တာဟာ"

"မဖြစ်ပါဘူးဟာ၊ စိတ်မပူပါနဲ့ လူဆိုတာ သေတစ်နေ့၊ မွေးတစ်နေ့ပဲလေဟာ၊ သေခြင်းတရားကို ဘယ်သူများ လွန်ဆန်နိုင်ခဲ့လို့လဲ. . . အဲဗျာ ငါ ဘာတွေပြောလိုက်မိပါလိမ့်"

၀





အစီအစဉ် နှစ်အရ သူ ဖုန်းဆက်သောနေရာမှာ (. . . . .) စိတ်ကျန်းမာရေးဆေးရုံ ဖြစ်လေသည်။

"ဟယ်လို ကျွန်တော် ဒေါက်တာအောင်ကျော်ဦးနဲ့ တွေ့ချင်လို့ပါခင်ဗျာ၊ ဟုတ်ကဲ့ ရဲဝေလို့ ပြောပေးပါခင်ဗျာ"

". . . . . . . . . . . . . . . . ."

"ပြော. . . ရဲဝေ၊ တစ်နှစ်မှာ တစ်ယောက် နှစ်ယောက် စိတ်ရောဂါရှင်တွေကို မင်းက အကုန်အကျခံပြီး အစ်ကိုတို့ဆေးရုံကို ပို့ကုကုပေးနေတဲ့ မင်းရဲ့ တစ်ကိုယ်တော် ပရဟိတအလုပ်က မပြီးဆုံးသေးဘူးပေါ့ ဟုတ်လား ရဲဝေ"

"အဲဒါကလည်း ဆုံးသွားတဲ့ အဖေ့ရဲ့ဆန္ဒကို ကျွန်တော် တတ်နိုင်သလောက် ဖြည့်ဆည်းပေးတာပါ။ သိပ်လည်း အပန်းမကြီးပါဘူး။ အစ်ကိုရေ ခုတစ်ယောက်ကတော့ ပို့ရတာ နည်းနည်းခက်မယ်။ ပြီးခဲ့တဲ့ တစ်ယောက်တုန်းကလိုပဲ အစ်ကိုတို့ လာခေါ်ပေးပါ။ အသက်လေးဆယ်လောက်ပါပဲ။ သူက ရုပ်ရှင်ရှူး လူကြမ်းရူးဆိုတော့ သန်သန်မာမာ နှစ်ယောက်လောက်တော့ လိုမှာပဲ အစ်ကို"

"ရပါတယ်ကွာ၊ အစ်ကို ဒီက စီစဉ်ပေးလိုက်မယ်။ စိတ်ဝေဒနာရှင်ရဲ့ မိသားစု ခွင့်ပြုချက်၊ ရပ်ကွက်ထောက်ခံချက်၊ အာ. . . မင်း လုပ်နေကျဆိုတော့ လိုအပ်တဲ့ ထောက်ခံချက်တွေ မင်းလည်း အားလုံးသိပြီးသားပဲလေကွာ၊ အဲဒါတွေလည်း ခါတိုင်းလို အဆင်သင့်ပဲ မဟုတ်လား"

"ရပါတယ် အစ်ကို၊ ဒီ စိတ်ရောဂါသည်က ကျွန်တော်လည်း အခုမှ သိရတဲ့သူပါ။ သူ့ကို အရင်ဆေးရုံခေါ်ပြီး သူ့မိသားစုနဲ့အတူ လိုအပ်တာ အားချင်းစီစဉ်ပြီး ကျွန်တော်လည်း နောက်က ချက်ချင်းလိုက်ခဲ့ပါ့မယ် အစ်ကို၊ အဲဒီကသာ အမြန်ဆုံး လွှတ်ပေးပါ၊ စိတ်ရောဂါသည်က ဒီ့ထက်ကြမ်းလာရင် ရာဇဝတ်မှုတွေ ကျူးလွန်သွားမိမှာစိုးလို့ပါ"

"ကောင်းပြီလေ၊ မင်းလည်း သူ့မိသားစုတွေနဲ့ အမြန်ဆုံးသာလိုက်ခဲ့တော့ ဟုတ်ပြီလား"

www.burmeseclassic.com



"ကျေးဇူးပါ အစ်ကို"

ခွေးမသားလေးကလည်း အိမ်သာသွားတာ ကြာလှပါလား။ ကေန္တီကောင် နောက်ဖေးပေါက်ကများ လစ်သွားပြီလား။ အတွေးနှင့် စိတ်ရှည်အောင် မနည်းဆွဲဆန့်နေရစဉ်မှာပင် သမီးကစ်ဆီမှ ဖုန်းဝင်လာလေသည်။ ဖေဖေ ဘယ်မှာလဲမေးလျှင် အလုပ်ထဲမှာဟူ၍ပဲ လိမ်ရတော့မည်။

"ပြော. . . သမီးကစ်၊ ဖေဖေ့သမီးလေး ဘာကိစ္စရှိလို့လဲ ပြော"

"ဖေဖေ. . . ဖေဖေ ဘာမှမဖြစ်ပါဘူးနော်၊ ဖေဖေ အခု ဘယ်မှာလဲဟင်"

"ဖေဖေက ဆိုက်ထဲမှာပဲလေ၊ ဘာဖြစ်လို့လဲ သမီး"

"ဖေဖေ. . . ဖေဖေ တကယ် ဘာမှမဖြစ်ပါဘူးနော်၊ ဒါဆို သမီး သတင်းအလွဲကြီး ကြားလိုက်တာပဲ ဖြစ်မှာပါ။ ထင်တော့ ထင်သားပဲ အဲလို မဖြစ်နိုင်ဘူးဆိုတာ"

"အမယ်လေးဗျာ ဘာတွေများ ကြားလို့လဲ။ ဒီရက်ပိုင်းမှာ ဖေဖေ ဘယ်ဗီဒီယို မင်းသမီးနဲ့မှလည်း ကြင်ဖက် မရှာမိပါဘူး။ ဘယ်မင်းသမီးကိုမှလည်း ဖေဖေ မတွဲခဲ့မိပါဘူး"

"ဖေဖေ ဘာမှမဖြစ်ဘူးဆိုလည်း ပြီးတာပါပဲ။ သမီး စိုးရိမ်လွန်သွားတာပဲ ဖြစ်မှာပါ။ ဒါပဲနော် ဖေဖေ"

"ကောင်းပါပြီဗျာ"

ဖုန်းပိတ်လိုက်ပြီး စားပွဲပေါ် အတင်လိုက်မှာပင် ရေအိမ်ဘက်မှ ကွေ့ချိုးထွက်လာသော ရဲဝေကို မြင်လိုက်ရလေသည်။ အမြီးမြှောက်လိုက် အီးပေါက်လိုက်နှင့် အချိန်ဆွဲနေ၍ မဖြစ်တော့။ သည်ပွဲကို အပြတ်ဖြတ်တော့မည်ဟု ဦးမျိုးမြင့်မိုရ် ဆုံးဖြတ်လိုက်၏။

○





ရဲဝေသည် အနားသို့ လာရပ်၏။ ပြီးတော့ မျောက်နာတိုက်ဖွိုက်ဖြစ်နေသည့် မျက်နှာလေးနှင့် ပြောသည်။

"တကယ်လို့များ တစ်စုံတစ်ခုဟာ အလွဲတစ်ခု ဖြစ်လာခဲ့မယ်ဆိုရင် အဲဒီအလွဲဟာ ဦးအပေါ်မှာထားတဲ့ ကျွန်တော့်စေတနာကြောင့် ဖြစ်လာရတဲ့အလွဲပါ။ ကျွန်တော့်အဖေသာ အသက်ဆက်ရှင်ခဲ့မယ်ဆိုရင် အခု ဦးရဲ့အရွယ်ပါပဲ။ ဦးအပေါ်မှာ ကျွန်တော် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးနဲ့ ကျူးလွန်မိခဲ့တာများ ရှိခဲ့ရင် ခွင့်လွှတ်ပါ ခင်ဗျာ"

ရဲဝေက ဖိနပ်ချွတ်လိုက်ပြီး ဦးမျိုးမြင့်မိုရ်၏ ရှေ့မှာ ဆောင့်ကြောင့်ထိုင်လျက် ထိခြင်းငါးပါးနှင့် ရိုသေစွာ ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။ သည် မြင်ကွင်းကို မြင်လိုက်ရတော့လည်း ဦးမျိုးမြင့်မိုရ် စိတ်မကောင်းဖြစ်သွား၏။ ပြီးတော့ ကန်တော့ခံပုဂ္ဂိုလ်တို့၏ ဝတ္တရားရှိသည်နှင့်အညီ ဆုပေးလိုက်သည်။

"သာဓုပါဗျာ သာဓုပါ။ ယခုလို လူကြီးသူမအား ရိုသေစွာ ရှိခိုးကန်တော့သောအကျိုးအားကြောင့် မောင်ရဲဝေ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ (၉၆) ပါးသော ဝေဒနာများမှ ကင်းလွတ်ပါစေဗျာ၊ ကဲ ထပါ မောင်ရဲဝေ"

"အေးကွာ အခုလို မြင်လိုက်ရတော့လည်း လူက အူကြောင်ကြောင် ဆိုပေမယ့် မြင့်မြတ်ပြီး ယဉ်ကျေးလိမ္မာတဲ့ မိဘအသိုင်းအဝိုင်းက ဆင်းသက်လာတဲ့ လူလိမ္မာလေးဆိုတာ အန်ကယ် သိလိုက်ရ. . ."

"ခွပ်"

"အ. . ."

ဦးမျိုးမြင့်မိုရ် စကားပင်ဆုံးအောင် မပြောလိုက်ရ ရဲဝေသည် လက်အုပ်ကလေး ချီလျက် ရိုသေသမှုနှင့် ထလာရာမှ ဦးမျိုးမြင့်မိုရ်၏ ပါးချိတ်အား လက်သီးနှင့် 'ခွပ်' ခနဲ ပင့်ထိုးလိုက်သည်။ ဦးမျိုးမြင့်မိုရ်၏ ခန္ဓာကိုယ်ကြီးမှာ နောက်ဘက်ရှိ ဆိုဖာခုံပေါ်သို့ 'ဗုန်း' ခနဲ လန်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားကာ 'ဂစ်' ခနဲ သတိမေ့သွားပါတော့သည်။ Knock out ဆိုတာ ဒီလိုလက်သီးမျိုးပါပဲ။ ရဲဝေက သူ့လက်ဆကို သူ သိပြီးသား၊ သည်လို ချက်ချင်းမလုပ်လို့ကလည်း မရ။ ဆိုင်ရှေ့မှာ စိတ်ရောဂါကုဆေးရုံမှ ကားကလည်း ရောက်ရှိလာသည့်အတွက် ဖြစ်ပါသည်။

ဒေါက်တာ အောင်ကျော်ဦးလည်း ပါလာသည့်အတွက် ရဲဝေအား တက်သွားသည်။ ရဲဝေသည် သဒ္ဒါရည့်ထံသို့ ဖုန်းခေါ်လိုက်၏။ ပြီးတော့ ဒေါက်တာ အောင်ကျော်ဦး လက်သို့ ပေးလိုက်သည်။

"ဒါက ကျွန်တော့်သူငယ်ချင်းပါ၊ လူနာရှင်ပါ၊ သူ့ကို ကျွန်တော်က နောက်နေတယ်ထင်မှာစိုးလို့ သူ ယုံအောင် အစ်ကိုက သက်သေပြပေးပါ ကူညီပါဦး အစ်ကို"

ဒေါက်တာ အောင်ကျော်ဦးခမျာမှာလည်း ကံဆိုးချင်တော့ သည်လိုပဲ စားခုတ်ရာ လက်ဝင်လျှိုလိုက်မိသွားသည်။

"ဩော်. . . ရဲဝေရဲ့ သူငယ်ချင်းလား လူနာရှင်ပေါ့။ ဆရာက ဒေါက်တာအောင်ကျော်ဦးပါ၊ စိတ်ရောဂါအထူးကုပါ။ ဘာမှမပူနဲ့သမီး၊ အခု လူနာကို ဆရာတို့ သက်သောင့်သက်သာ စီစဉ်ပြီး ခေါ်သွားမယ်။ သမီးတို့ လိုက်ခဲ့ကြ၊ မိသားစု ခွင့်ပြုချက်ရမှ ဆရာတို့က လူနာကို ကုသလို့ရမှာနော်။ အဲဒါတော့ ရဲဝေကို ကူညီလိုက်ပါ၊ ကဲ. . . ရဲဝေနဲ့ ဆက်ပြောလိုက်ပါဦး"

ယခုအချိန်၌ သူ့ အမျှော်လင့်ဆုံးသော စမ်းရေစီးသံမှာ 'ကျေးဇူး တင်ပါတယ် ရဲဝေ' ဟူသော သဒ္ဒါရည်၏ ရင်ထဲမှ စကားလေးပင် ဖြစ်သည်။ ဒါပေမယ့်. . .

○

ဖုန်းထဲမှ ကြားလိုက်ရသော သဒ္ဒါရည်၏အသံကတော့ စမ်းရေစီး သံ မဟုတ်ခဲ့ပါ။





"နင် အူကြောင်ကြောင်နဲ့ ဘာတွေ လျှောက်လုပ်နေတာလဲ ရဲဝေ၊ နင်က ဘယ်သူ့ကို စိတ်ကျန်းမာရေးဆေးရုံ ပို့လိုက်လို့ ငါက လူနာရှင် ဖြစ်ရတာလဲ"

"သဒ္ဒါရည် နင်ကလည်း ပေါ့ပေါ့ပဲဟာ၊ အမြင်မှေးလိုက်တာ၊ ဘယ်သူရမှာလဲ နင်တို့ဒရိုင်ဘာကြီး ဦးလေးမောင်ပါဆိုမှ"

"ဘုရား. . . ဘုရား စောစောတုန်းကတော့ နင်က ငါ့ကို ကြောင် တောင်တောင်နဲ့ နောက်နေတာ မှတ်နေတာ ခုတော့ နင်က တကယ်ဖြစ် နေတာပါလား။ ဒါဆို နင်တော့ ပြဿနာတက်ပြီ ရဲဝေ၊ ဦးလေးမောင် က ဘယ်မှမသွားဘူး ငါတို့အိမ်မှာပဲ ရှိနေတယ်။ တုပ်ကွေးဖြစ်နေလို့ အိပ်ရာထဲကတောင် မထနိုင်ဘူး။ ငါ အိမ်ကို ဖုန်းဆက်မေးပြီးပြီဟဲ့"

"ဒါဆို နင့်အဖေကိုရော မေးကြည့်ပြီးပြီလား"

"ဖေဖေကလည်း ဆိုက်ထဲမှာပဲရှိတယ်။ ဘယ်မှ မသွားဘူး၊ ဖေဖေ နဲ့လည်း ငါ စောစောလေးကမှ ဖုန်းပြောထားတာ။ ဖေဖေလည်း ဘာမှ မဖြစ်ဘူး၊ နင် တစ်ယောက်တည်းပဲ ဘာတွေဖြစ်နေမှန်း မသိတာ"

"နင်. . . နင် တကယ်ပြောနေတာလား သဒ္ဒါရည်၊ ငါ့ကို နောက် နေတာလားဟာ"

"သေတော့မှာပဲ ဒီလိုကိစ္စကြီးကို ဘယ်သူက နောက်မှာလဲ၊ နင်နဲ့ တော့ ဒုက္ခပါပဲဟာ"

"သဒ္ဒါရည် နင်. . . နင် စဉ်းစားကြည့်ပါဦးဟာ၊ နင်ပြောဖူးတယ် လေ၊ ဦးလေးမောင်က ရုပ်ရှင်ရူးတဲ့၊ နင့်လိုပဲတဲ့ ရုပ်ရှင်ထဲက သရုပ် ဆောင်တွေလို သရုပ်ဆောင်ပြတယ်ဆိုတာလေ"

"အဲဒါနဲ့ပဲ စိတ်ရောဂါသည် ဖြစ်ရမလား ရဲဝေရဲ့။ သူကလည်း နင့်လိုပဲ ငါ့ကို ပျော်အောင် သရုပ်ဆောင်ပြတာ ရယ်ရတယ်လို့ ပြောတာ လေ။ အံ့သြတယ်၊ နင် ဘာတွေတွေးပြီး ဘာတွေလုပ်နေတယ်ဆိုတာ ငါ လိုက်လို့ကို မမီတော့ဘူး ရဲဝေ"



www.burmeseclassic.com

www.burmeseclassic.com



ရဲဝေ သွေးပျက်စ ပြုလာ၏။ စဉ်းစားနေသည်။

ပြီးတော့ ခေါင်းကို တဗျင်းဗျင်း ထိုးဖွကာ ကုတ်သည်။ သည့်နောက် ဖုန်းကို ကိုင်ထားရင်း တစ်ယောက်တည်း အတွေးစွက် အညည်းစကားတွေ ပြောနေမိလေသည်။

"ဦးမျိုးမြင့်မိုရ်ကလည်း ဘာမှမဖြစ်ဘူး။ သူ့ Construction ထဲမှာ ပဲတဲ့။ ဦးလေးမောင်ကလည်း တုပ်ကွေးဖြစ်ပြီး အိပ်ရာထဲ လဲနေတာတဲ့။ ဒါဆို ငါ. . . ငါ ပြဿနာတက်ပြီ။ ပြဿနာပဲ။ ငါ ဘယ်လူကြီးကိုမှား ကြိုးတုပ်ပြီး စိတ်ကျန်းမာရေးဆေးရုံ ပို့လိုက်မိတာပါလိမ့်"

၀

သည့်နောက်မှာတော့. . .

■



## အခန်း (၈)

"ယောက်ျားကြီးတန်မဲ့နဲ့ မျက်ရည်မိုးတွေ ရွာ၊ ပုလဲတွေ ခ၊ နှပ်တွေကျ။ ပုလဲတွဲလွဲ နှပ်တွဲလွဲ၊ အထက်တွဲလွဲ အောက်တွဲလွဲ If တကယ်လို့များ မင်းသာ ဆိတ်တစ်ကောင်ဆိုရင် အဲဒီတွဲလွဲဟာ ဖိုက်တင်းဘောအဖြစ် စမ္မူဆာသုပ် ပန်းကန်ထဲ ရောက်၊ ဟင် ပြဿနာပဲ ပြောရင်းနဲ့ မေ့သွားပြီ။ ငါ မင်းကို ဘာကိစ္စပြောလိုက်တာလဲ"

"တွဲလွဲဆိုလား ဖိုက်တင်းဘောဆိုလားပါပဲကွာ၊ ပုလဲတွေ ခ,တာ ရောပဲ မင်းပြောမယ့်ဟာ မင်းတောင် မေ့သွားမှတော့ ငါ ဘယ်သိမလဲ ရဲဝေရာ"

အိမ်လွမ်းစိတ်နှင့် မျက်ရည်လေးတကျကျ ဖြစ်နေသော အဘိဓာန်အား ရဲဝေ ဘယ်လို နှစ်သိမ့်ရမည်မသိ ဖြစ်နေသည်။ ခေါ်လာသော ငယ်နိုင် နှစ်ယောက်ကလည်း ဘာမှဝင်မပြော။ ရဲဝေ၊ အဘိဓာန်၊ ထက်ထက် နှင့် အဲ့ဝှတို့ လေးဦးသား လမ်းထိပ် လက်ဖက်ရည်ဆိုင်လေး၌ ညနေခင်း ဆည်းဆာရည်မှာ မိနစ်လက်တံတွေနှင့်အတူ စီးမျောနေမိခြင်း ဖြစ်သည်။

www.burmeseclassic.com



"ယောက်ျားပဲ အဘိဓာန်ရာ ဘာမှ ပုလဲတွေ ကြွေမနေနဲ့၊ ငါ့အိမ်မှာ မင်း တစ်သက်လုံးနေ ဘာမှ အားနာစရာ မလိုဘူး။ အမေကလည်း ပြောထားတာပဲ မင်း မိန်းမ ဆယ်ယောက်ယူ ကလေးအယောက်တစ်ရာ မွေးဦး မင်းတစ်ယောက်တည်းကိုတော့ အမေက တစ်သက်လုံး ကျွေးထားနိုင်တယ်တဲ့"

"ဟင်. . . အန်တီဝေသွယ်က အဲ့ကောင်လေးကိုပဲ ကျွေးမှာဆိုတော့ မီးမီးနဲ့ တလေးတွေကိုတော့ ကျွေးဘူးပေါ့၊ ဒါဆို အဲ့ကောင်လေးကို မီးမီး ယူဖို့ မစဉ်းစားတော့ဘူး"

"အဲ့ဝူ နင့်ပါးစပ်ပိတ်ထား ဒါ နောက်ရမယ့်အချိန် မဟုတ်ဘူး"

"နောက်တာဟုတ်ဘူး ရဲဝေ၊ မီးမီး အတည်ပြောတာ ဟုတ်တယ်ဟုတ်"

အဲ့ဝူ အတည်ပေါက်နောက်နေမှန်း သိသော်လည်း အဘိဓာန်မရယ်နိုင်ပါ။ ပြဿနာဖြစ်သည့်ရက်က စိုးရိမ် ထိတ်လန့်စွာ လိုက်လာခဲ့သော်လည်း မမီလိုက်တော့ပါ။ သူ ရောက်လာသည့်အချိန်မှာ ရဲဝေက ဦးလေးတော်အား အူကြောင်ကြောင်နှင့် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့လိုက်လေပြီ ဖြစ်သည်။ ဦးမျိုးမြင့်မိုရ်အား ဒရိုင်ဘာဟု နတ်လမ်းညွှန် အမှားကြီး ညွှန်လိုက်မိသည့် အဓိက တရားခံမှာ အဘိဓာန်ဟူ၍ ဦးလေးတော် သိသွားခဲ့ပြီဆိုတော့ သူ့ခမျာ အိမ်မပြန်ရဲတော့ပါ။ သို့ကြောင့် ရဲဝေ အိမ်သို့ လိုက်လာခဲ့သည်။ ဘာလိုလိုနှင့် ခုဆို ရှစ်ရက်ရှိခဲ့ပြီ။ အဘိဓာန်သည် ထက်ထက်နှင့် အဲ့ဝူအား အားကိုးတကြီး ကြည့်လျက် ပြောလိုက်သည်။

"ခင်ဗျားတို့ကလည်း မိကစ်ရဲ့ သူငယ်ချင်းတွေပဲ မိကစ်က တစ်ဆင့် ဦးလေးတော် စိတ်ပြေအောင် ဝိုင်းပြောပေးကြဦးလေဗျာ"

ထက်ထက်ရော အဲ့ဝူပါ နှစ်ဦးစလုံးသည် ယိမ်းတိုက်ထားသည့် အလား မျက်နှာတွေ ရှုံ့မဲ့ကာ ဦးခေါင်းတွေ ရမ်းခါကြသည်။





"အဲဒီနေ့ရဲ့ နောက်နေ့မှာ ငါတို့က ရဲဝေအတွက် တောင်းပန်မလို့ သဒ္ဒါကို ဖုန်းဆက်တယ်။ ငါ စိတ်တွေရှုပ်ထွေးနေလို့ နင်တို့ဆီကို မလာပါရစေနဲ့တဲ့၊ နင်တို့လည်း ငါ့ဆီ မလာပါနဲ့တဲ့။ ရဲဝေကိုလည်း ငါ့ဆီလုံးဝ မလာပါစေနဲ့တဲ့။ အမိကကတော့ ရဲဝေကို ဖေဖေ့ မျက်စိအောက်မှာ ရောက်မလာပါစေနဲ့တဲ့။ ဖေဖေက ရဲဝေကို တအားကြောက်သွားတာတဲ့။ ရဲဝေကို မြင်လိုက်တာနဲ့ ဖေဖေ ရှော့ဖြစ်ပြီး အသက်ထွက်သွားမှာတဲ့။ ကဲ. . . သဒ္ဒါက အဲလိုပြောပြီး ငါတို့ကိုတောင် မေတ္တာရပ်ခံထားတယ်။ ငါတို့လည်း ဘာမှမတတ်နိုင်တော့ပါဘူး ကိုရင်အဘိဓာန်ရယ်"

ပြောအပြီးမှာ မိထက် သက်ပြင်းချသည်။ သည်တွင် အဲ့ဝူက ထောက်ခံမဲပေးလျက် စကားခြေလှမ်းက ရှေ့ထွက်လာ၏။

"ဟုတ်တော့လည်း ဟုတ်တယ် ရဲဝေ၊ နင် တစ်ချက်လေး အူကြောင်ကြောင် လုပ်လိုက်တဲ့အတွက် အားလုံး ခက်ခက်တွေ တွေ့ခဲ့ရတယ်။ နင်နဲ့ ခင်တဲ့ ဟိုဒေါက်တာခမျာ ဘယ်လောက် ဒုက္ခရောက်သွားခဲ့ရလဲ။ နင် အချုပ်ထဲ ရောက်မသွားတာပဲ ကံကောင်းတယ်မှတ်။ နင့်အတွက် အားလုံးကို သဒ္ဒါက ဘယ်လောက်များ တောင်းပန်ခဲ့ရတယ်မှတ်လဲ။ အဲ့ ဒေါက်တာက နင် တောင်းပန်တာတောင်မှ လက်ခံဘူးလေ မီးမီး ပြောတာ ဟုတ်တယ် ဟုတ်"

ရဲဝေ ငေါင်ကျသွားသည်။ ရင်ထဲမှာလည်း လှိုက်ခနဲ နင့်သွား၏။

"ငါက သူ့ကို အမြဲပျော်စေချင်တဲ့သူပါ။ သူ့နှုတ်ခမ်းလေးတွေကို အမြဲပြုံးရယ်နေစေချင်တယ်။ ငါမရှိတဲ့ အချိန်တွေမှာတောင်မှ ငါ့ကို တွေးမိလိုက်ရင် အဲဒီနှုတ်ခမ်းလေးတွေ ရယ်သွားအောင် ငါ ကြိုးစားပြီး ခြေရာ ချန်ရစ်ခဲ့ပါတယ်။ ခုတော့ ငါ့ကြောင့် သူမှာ နာကျင်ခဲ့ရပြီ၊ စိတ်ရင်းအတိုင်း နေခဲ့တဲ့ ငါ့အပြုအမူတွေဟာ သူများအမြင်မှာ အူကြောင်ကြောင်ဖြစ်နေတယ်တဲ့။ ငါက ဘာလို့ အဲလို အူကြောင်ကြောင် ဖြစ်နေရတာလဲ ဘာဖြစ်လို့လဲ ဘာဖြစ်လို့လဲ သူငယ်ချင်းတို့ရာ"

www.burmeseclassic.com



နှင့်သက်နှလုံးသည်းဆိုင်နှင့် ရင်ကို ဖွင့်ချမိသည်။ ဆွတ်ဆွတ်ဖြူနှင်းပွင့်တွေအပြည့်နှင့် ရင်လွှာကို မြင်စေချင်ပါသည် သဒ္ဒါရည်။

“သူ့နှုတ်ခမ်းလေးတွေ သန့်စင်စွာ ပြုံးရယ်လာနိုင်အောင် ငါ ကြိုးစားမယ်လို့ မင်းတို့ကို ကတိပေးပါတယ်။ ညကျရင် ဟို ငပေါမ သုံးကောင်ဆီကို ငါ ဖုန်းဆက်ပြီး တိုင်ပင်မယ်။ သိပ်ကောင်းတဲ့ အစီအစဉ် တစ်ခု ငါ့မှာရှိတယ်။ သဒ္ဒါရည့်အဖေ လုံးဝကြွေသွားမှာပဲ။ မနက်ဖြန် ကျရင် ငါ သဒ္ဒါရည်တို့အိမ်ကို သွားမယ်”

သူ့စကားကြောင့် သုံးဦးသား အထိတ်တလန့်နှင့် ဝုန်းခနဲ ပြိုင်တူထလိုက်ကြသည်။ ယုံကြည်လိုက်ကြပုံများ၊ သုံးယောက်စလုံး မျက်လုံးပြူးကာ ဘုရားတမိလိုက်ရင်း နှုတ်ခမ်းတွေက ပြိုင်တူ တစ်သံတည်း တစ်လေတည်း ထွက်ကျလာသည်။

“နင်. . . နင် ဘာလုပ်ဦးမလို့လဲ ရဲဝေ”

သူ မဖြေပါ။ သူ့မျက်နှာသည် မနက်ဖြန်မှာလုပ်မည့် သူ့အစီအစဉ်အတွက် ယုံကြည် ကျေနပ်နေသည့်မျက်နှာ။

“ခုကတည်းက ပြောထားမယ်၊ ငါတော့ မပါဘူး ရဲဝေ” ဟု ဆိုကာ မိထက်သည် ဦးစွာ ထထွက်သွားတော့၏။

“မနက်ဖြန်ကစပြီး နင်နဲ့ မီးမီးနဲ့ တစ်လလောက် တွေ့တော့ဘူး ဘိုင့်ဘိုင်” ဟု ဆိုကာ အဲဝူသည် လစ်တော့၏။

“ငါလည်း မနက်ဖြန်ကျရင် မင်းအိမ်ကနေ တခြားတစ်နေရာကို ရွှေ့ပါတော့မယ် သူငယ်ချင်း” ဟုဆိုကာ အဘိဓာန်ကလည်း ခေါင်းငိုက်စိုက်နှင့် ထွက်သွားပါလေတော့သည်။

ဩော်. . . ယုံကြည်လိုက်ကြပုံများ ကိုယ့်ဆရာရေ. . .။

၀

ည ခုနစ်နာရီအချိန် အမေ ဘုရားဝတ်ပြုနေစဉ်တွင် ရဲဝေသည်





အိမ်ရှေ့မှ ခြံလေးထဲ ဆင်းခဲ့သည်။ အအေးဖွဲ့ညာ၏ လက်ခုပ်ထဲမှ ခုံတန်းဖြူလေးပေါ်မှာ ထိုင်သည်။ ပြီးတော့ မန္တလေးသို့ ဖုန်းဆက်သည်။ ပီသကြည်မြသော မိုးမြင့်ဇေ၏ ခွန်းဆက်သံကို ကြားလိုက်ရ၏။

“ရဲဝေ ခွေးမသား အေရိုးဘစ်ကောင်၊ ဒီအချိန်က ငါ အနားယူတဲ့ အချိန်ဆိုတာ မသိဘူးလား အေရိုးဘစ်ကောင်ရဲ့”

မိုးမြင့်ဇေ သည်လို ဆဲတော့မည်ဆိုသည်ကို သူ တွက်ထားပြီးသား ဖြစ်သည်။ အေရိုးဘစ် ဆိုသည်မှာ ရှေ့နှစ်လုံးသည် ဗမာလို အဆဲ၊ နောက်ဆုံးလုံးသည် အင်္ဂလိပ်လို အဆဲ ဟူ၍ ဗမာ-အင်္ဂလိပ် ရောသမ ပြုထားခြင်းတဲ့လေ။

“အရေးကြီးလို့ပါကွာ၊ ငါ့ရဲ့ နှလုံးသားကိစ္စကွ၊ ကျိုင်က အထွတ်အထိပ် ရောက်နေပြီ။ မင်းတို့သုံးကောင်နဲ့ နားချင်းဆိုင်ပြီး မနက်ဖြန် ငါ လုပ်ရမယ့်ကိစ္စ မဲခွဲဆုံးဖြတ်မလို့။ မင်းလို ဖုန်းသုံးလုံးကိုင်တဲ့ ငပေါကို ပင်တာဂွန်ဌာနချုပ် လုပ်ရတော့မှာပဲ သူငယ်ချင်း”

“အိုကေ ငါ ပေါက်ပြီ ရဲဝေ၊ မင်း စပီကာဖွင့်၊ ငါလည်း ဖွင့်လိုက်ပြီ”

တစ်ယောက်က ရန်ကုန်၊ တစ်ယောက်က မန္တလေး၊ တစ်ယောက်က စစ်ကိုင်း၊ တစ်ယောက်က ပုသိမ်ကြီး ရေမြေတွေ အသီးသီးခြားနေကြသော သည်လေးယောက် နားချင်းဆိုင်လျက် စကားပြောကြပါတော့မည်။ ဖုန်းအားလုံး စပီကာတွေ ဖွင့်ထားကြလျက် ရှေ့မှာ ချထားကြမည်။ မိုးမြင့် ဇေက အူကြောင်ကြောင်နှင့် ဖုန်းသုံးလုံးကိုင်သူ ဖြစ်သည်။ ပထမဖုန်းသည် ရဲဝေနှင့်၊ ဒုတိယဖုန်းသည် ဖြိုးသန္တာနှင့်၊ တတိယဖုန်းသည် ဆွေလှိုင်နှင့် အသီးသီး ဆက်သွယ်မိလိုက်ပြီ။ ဖုန်းခြောက်လုံးစလုံး စပီကာဖွင့်ထားကြလျက် လေးယောက်သား၏ ခေါင်းချင်းဆိုင် စကားဝိုင်းလေးတစ်ခု သည်မှာပင် သက်ဝင်နိုးထလာပါတော့သည်။

သည့်နောက် ရဲဝေသည် မနက်ဖြန်တွင် သဒ္ဒါရည်တို့အိမ်သို့ လူ

www.burmeseclassic.com



စားမထိုးဘဲ ကိုယ်တိုင်သွားကာ သဒ္ဓါရည်၏ မိခင်နှင့် တွေ့ဆုံ၍ တစ်ဆင့် တောင်းပန်မည့် အစီအစဉ်အား ဖွင့်ဟ ပြောပြလိုက်ပါလေတော့သည်။

၀

"ကဲ. . . ငါ သွားသင့်လား? မသွားသင့်လား? မင်း အရင်ဆုံး ဖြေပါ မိုးမြင့်ဇေ"

"ဆရာလုပ်တာတော့ မဟုတ်ပါဘူး မင်းကြိုက်သလို လုပ်ပါ ရဲဝေ၊ သွားချင်ရင် သွားပေါ့၊ မသွားချင်ရင် မသွားနဲ့ပေါ့ကွ"

"လေဒီဂါဂါ ဖြိုးသန္တာ နင်ကရော ဘယ်လိုအကြံပေးမလဲ"

"ငါ စဉ်းစားနေတာပါ ရဲဝေ၊ နင့်ကိစ္စက တစ်ချက်လေးတောင် အမှားမခံဘူးဟ၊ မှားတာနဲ့ 'ဗျို' ဆို 'ကွဲ' သွားမှာ။ အကောင်းအဆိုးမျှပြီး ဟိုဘက် သည်ဘက် ချိန်ဆကြည့်မှ ဖြစ်မှာလေ။ ချက်ချင်း ဆုံးဖြတ်လို့တော့ မရဘူး။ နင် ငါ့ကို အချိန်နည်းနည်းတော့ ပေးရလိမ့်မယ် ရဲဝေ"

"ပေးမှာပေါ့ဟာ ပြော အချိန်ဘယ်လောက် စောင့်ရမလဲ"

"ဆယ့်ငါးနှစ်"

"အိုကေ တော်လိုက်တဲ့ ငါ့သူငယ်ချင်း၊ မင်းတို့ရဲ့ ဦးနှောက်တွေက အရမ်းမြင့်သွားကြပြီပဲ။ ငါ မနည်းလိုက်ပြီး အမိပ္ပာယ်ဖော်နေရတယ်။ ဒါဆို ငါ ထောက်ခံမဲ နှစ်မဲရသွားပြီ။ ဆွေလှိုင် ငါးမြွေထိုးမ နင့်သဘောကရော"

တစ်ချိန်လုံး ငြိမ်ဆိတ်နေသော ငါးမြွေထိုးမက သူ့မအလှည့်ရောက်လာမှ စကားဝင်ပြောကာ သဘောထားကို ဖွင့်ဟလေသည်။

"မနေ့တုန်းက ငါတို့ရဲ့ဘေးအိမ်မှာနေတဲ့ သုံးလသမီးလေးက ငါ့ကို ပုံပြင်တစ်ပုဒ် ပြောပြတယ် ရဲဝေ၊ တစ်ခါတုန်းက အင်္ဂလိပ်စစ်တပ်တစ်ခု





မှာ ဗိုလ်ကြီးရွေးဖို့ စစ်သားသုံးယောက်ကို ဗိုလ်ချုပ်က မေးခွန်းမေးတယ်။ မေးခွန်းက 'တစ်နဲ့ နှစ်ပေါင်းရင် ဘာရသလဲ' တဲ့။ ပထမစစ်သားက 'တစ်ဆယ် - ရတယ်'လို့ဖြေတယ်။ 'မှားတယ် မင်း နားတော့ပေါ့၊ ဒုတိယ စစ်သားက - ကြာသပတေးရတယ်' လို့ ဖြေတယ်။ မင်းလည်း မှားတယ် သွားတော့ပေါ့။ တတိယစစ်သားကတော့ 'သုံး ရပါတယ်' လို့ ဖြေတယ်။ 'ဟား ဒါမှပေါ့ကွ မင်း တစ်ယောက်ပဲ အဖြေမှန်တယ်' ဆိုပြီး တတိယ စစ်သားကို ဗိုလ်ကြီး ခန့်လိုက်တယ်။ ဗိုလ်ကြီးခန့်ပြီးတော့မှ ဗိုလ်ချုပ်က သူ့နားကိုကပ်ပြီး တိုးတိုးလေး မေးတယ်။ 'သုံးဆိုတဲ့ အဖြေက မှန်တယ်။ တော်လိုက်တဲ့ ငါ့တပည့် 'ကဲ. . . ဒီအဖြေကို မင်း ဘယ်လိုတွက်သလဲကွ' တဲ့။ အဲဒီမှာ ဗိုလ်ကြီး ပူပူနွေးနွေး တတိယစစ်သားက ဖြေတယ်။ "လွယ်လွယ်လေးပါ ဗိုလ်ချုပ်၊ ပထမကောင်ဖြေတဲ့ 'တစ်ဆယ်' ထဲက ဒုတိယကောင်ဖြေတဲ့ 'ကြာသပတေး' ကို နုတ်ပစ်လိုက်တာပါ ခင်ဗျာ' တဲ့"

ငါးမြွေထိုးမက စကားကို သည်မှာ ခဏရပ်ထားလိုက်သည်။ သုံးဦးသား၏ မျက်နှာတွေမှာ မှိုင်းညို့မိုးရိပ်တွေကိုယ်စီ ဖြစ်သွားပါလိမ့်မည်။ လေဒီဂါဂါ ဖြိုးသန္တာက ဆွေလှိုင်၏စကားကို ပိုမို ခိုင်မာစေရန် ဝင်ထောက်လိုက်လေသည်။

"ဟော့ ငါးမြွေထိုး ဘဝင်မ ငါ သတိပေးလိုက်မယ် ရဲဝေက ဆိုက်ကို (Psycho) မှာ အူကြောင်ကြောင်ဖြစ်ဖို့ကျတော့ ငါတို့ထက် လယ်ဗယ် (Level) နိမ့်နေတယ်။ ငါတို့ပြောတာတွေ ဒီကောင် အမှားတွေ အမိပ္ပာယ်ယူနေပြီ။ အဲဒီ သုံးလ သမီးက နင့်ကို ဘယ်ဘာသာစကားနဲ့ ပြောတာလဲ"

"Sorry ဂါဂါ အဲဒီ သုံးလသမီးက ငါ့ကို ပါဠိလို ပြောသွားခဲ့တာဟ"

ယုတ္တိမတန် မဖြစ်သင့်သည့်ကိစ္စဟု ဆိုလိုခြင်းပါလား။ ဒါသည်



www.burmeseclassic.com

www.burmeseclassic.com



ငါးမြွေထိုးမ၏ သဘောထားပဲ ဖြစ်သည်။ ပြာလဲ့ မာကျူရီ မီးရောင်အောက်မှာ ရဲဝေ၏မျက်နှာသည် ရဲခနဲ ဖြစ်သွား၏။ သူ၏အခြေအနေမှန်ကိုလည်း ယခုမှ သိမြင်သွားသည်။ တစ်ယောက်က မင်းလုပ်ချင်ရင် လုပ် ငါကတော့ မလုပ်ခိုင်းဘူးဟူသော အဖြေ။ တစ်ယောက်ကလည်း နောင် (၁၅)နှစ်ကြာမှ အမှားအမှန်ကို မင်း သိလိမ့်မယ်ဟူသော အဖြေ၊ ဒီတစ်ယောက်ကကျတော့ အဓိပ္ပာယ်မရှိ မဖြစ်သင့်သည့်ကိစ္စဟူသော အဖြေ၊ ရဲဝေ၏ သက်ပြင်းချသံကို သူတို့ သုံးဦးလည်း ကြားနေပါလိမ့်မည်။

“ဒါဆို မင်းတို့သုံးယောက်လုံးက သဘောမတူကြဘူးပေါ့။ ဘာဖြစ်လို့လဲ ငါ ရှေ့ဆက်တိုးရင် ဘာဖြစ်နိုင်မလဲ”

“ဘာဖြစ်လို့လဲဆိုတော့ ရှေ့ဆက်တိုးရင် မိုးနတ်မင်းရဲ့ လိပ်စာက မင်းအတွက် ပျောက်ဆုံးသွားမှာပေါ့၊ အေရိုးဘစ်ကောင်ရဲ့”

‘မိုးနတ်မင်းရဲ့လိပ်စာ’ တဲ့။ သည်စကားကတော့ စကြဝဠာတံတိုင်းကြီးရှိရာသို့ ဆွဲကိုင်ပစ်ပေါက်လိုက်သလို သူ့တစ်ကိုယ်လုံးအား တုန်ခါလွင့်စင်သွားစေလေသည်။

○

အူကြောင်ကြောင် ကောင်တွေက သူများထက် ခေါင်းမာသည်တဲ့။ ကိစ္စတစ်ခုအား လုပ်မည်ဟု ပိုင်းဖြတ်ထားလျှင် လုပ်ကို လုပ်လိုက်ရမှ ဟူသော ဇွတ်တိုးဉာဉ်ဆိုးက သေရာပါအောင် ဖျောက်မရသည့် အရာဆိုတော့လည်း နောက်နေ့ နံနက်ခင်းမှာပင် ရဲဝေသည် သဒ္ဒါရည်တို့ အိမ်ရှေ့ မျက်စောင်းထိုးမှ လက်ဖက်ရည်ဆိုင်လေးထဲ ရောက်လာကာ အခြေအနေအား စောင့်ကြည့်နေလေသည်။ ဦးမျိုးမြင့်မိုရ်က ခပ်စောစောပဲ သူ့ Construction ရှိရာသို့ ထွက်သွားပြီ။ သည့်နောက် သဒ္ဒါရည်သည်လည်း ကျောင်းသို့ ထွက်သွားပြီ။ သည်အချိန်သည် အချိန်ကောင်းပဲ





ဖြစ်သည်။ အိမ်မှာ သဒ္ဒါရည်၏အမေပဲ ကျန်ရစ်ခဲ့သည့်အချိန်။ အညာဘက်မှ သဒ္ဒါရည်၏အဘွားနှင့် ဦးလေးတို့လည်း ဘုရားဖူးရင်း အလည်ရောက်နေသည့်အချိန်ဟု သူ သိထားခဲ့သည်။ သဒ္ဒါရည်၏ မိခင်နာမည် ‘လှသွေးရည်’ ဟူသော အမည်ကို မမေ့အောင် စိတ်ထဲမှ ရွတ်ဆိုရင်း ရဲဝေ ဟူသော အူကြောင်ကြောင် ကောင်လေးသည် ကျောက်လမ်းမကြီးအား ရဲဝံ့စွာဖြတ်လျက် သဒ္ဒါရည်တို့ ခြံထဲသို့ အကြောက်အလန့်မရှိ ဝင်ရောက်ခဲ့လေသည်။ ကံကောင်းချင်တော့ တိုက်တံခါးဝ ရောက်သည်ထိ အဆီးအတား မရှိခဲ့။ ချောချောမောမောပါပဲ။

“ဒေါ်လှသွေးရည် ဒေါ်လှသွေးရည် ရှိပါသလား ခင်ဗျာ”

လူကြီး ဇုတ်တုတ်မြင်နေရပါလျက် ကြောင်တောင်တောင် အော်နေသော ကောင်လေးအား အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်နှင့် အသက်လေးဆယ်ဝန်းကျင် လုံးကြီးပေါက်လှ မြသွေးရည်က မျက်မှောင်ကြုတ်လျက် ကြည့်နေလေသည်။

“လှသွေးရည် မဟုတ်ဘူး မြသွေးရည်တဲ့။ မြသွေးရည်ဆိုတာ ငါပဲ ဘာကိစ္စရှိလို့လဲ”

ရဲဝေ၏မျက်နှာက တိုက်ဖွိုက်ဖြစ်နေသည့် မျောက်နာလေးလို ဖြစ်သွားသည်။ ရဲဝေသည် သူ့ထုံးစံအတိုင်း ကိုယ်တစ်ပိုင်း ရှေ့ကိုင်းလျက် ကိုရီးယားတွေလို အရိုအသေပြုကာ ဦးညွှတ် နှုတ်ဆက်လိုက်၏။

“အညာဆရော်. . . ဝမ်စွေ့. . . ဝမ်စွေ့ ဒေါ်မြသွေးရည်”

သူ၏ နှုတ်ခွန်းဆက်မှုကြောင့် ဧည့်ခန်းထဲမှာ ထိုင်နေသော သဒ္ဒါရည်၏ အဘွားက မျက်လုံးကြီးပြူးကာ ရန်တွေ့သည်။

“ဘာရယ်. . . သူငယ် မင်း မိုက်ရိုင်းလှချည်လား၊ ဘယ်လိုခေါ်လိုက်တာလဲ။ အကြော်ဆရာ ဝင်းဆွေ ဝင်းဆွေတဲ့။ ဝင်းဆွေက ငါ့ယောက်ျားလေ”

“မဟုတ်ပါဘူး အမေရယ်၊ သူက ကိုရီးယားလိုနဲ့ တရုတ်လို မင်္ဂလာ

www.burmeseclassic.com



ပါ ဘုန်းကြီးလို့ သက်ရှည်ပါစေလို့ နှုတ်ဆက်တာပါ။ ကဲ. . . ထိုင်ပါဦး ဘာကိစ္စရှိလို့လဲ၊ မင်းက ဘယ်သူလဲ"

"ကျွန်တော်က သဒ္ဒါရည်ရဲ့ သူငယ်ချင်းပါ။ ကျွန်တော့်နာမည် ရဲဝေပါ"

သွားပြီ။ ထိုင်ခိုင်းလိုက်မိတာ မှားသွားပြီဟု မြသွေးရည် သိလိုက်ပြီး ရဲဝေအား ထိတ်လန့်စွာ ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိလေသည်။

"ရဲဝေ ဟုတ်လား၊ အမလေး မင်း ဘာလာလုပ်တာလဲ၊ အတင့်ရဲလှချည်လား။ မင်းက အစ်ကိုကြီးကို လက်သီးနဲ့ထိုးပြီး စိတ်ကျန်းမာရေးဆေးရုံပို့လိုက်တဲ့ ရဲဝေ မဟုတ်လား။ ဒီကို ဘာလို့လာရတာလဲ။ အစ်ကိုကြီးက မင်းကို မြင်လိုက်တာနဲ့ ရှော့ဖြစ်ပြီး အသက်ထွက်သွားမှာ မင်းမသိဘူးလား ရဲဝေ"

"အခုလည်း အဲဒီကိစ္စကို အန်တီ မြသွေးရည်က ကူညီဖို့ ကျွန်တော်တောင်းပန်ဖို့လာခဲ့တာပါ။ ရှိခိုးပါရဲ့ ခင်ဗျာ၊ အန်တီ မြသွေးရည် ကူညီပါ။ ဦးမျိုးမြင့်မိုရ် စိတ်ပြေဖို့က အန်တီမြသွေးရည်ကလွဲပြီး ဘယ်သူမှ တတ်နိုင်မှာမဟုတ်ပါဘူး ခင်ဗျာ၊ မယားပြောရင် တစ်ညတဲ့။ ယောကျ်ားတွေဟာ မယားလုပ်သူက အိပ်ရာထဲမှာ အသာလေး ပြောလိုက်ရင် စိတ်ပြေ. . . ပြေ. . ."

"တော်. . . တော် နင် ဘာတွေလာပြောနေတာလဲ။ အစ်ကိုကြီးနဲ့ ငါနဲ့က ဘာမှမဆိုင်ဘူးဟဲ့။ အမလေး စွပ်စွပ်စွဲစွဲ. . ."

ရဲဝေက မျက်နှာပိုးမသေ ခပ်ပြုံးပြုံးမျက်နှာနှင့် 'ဟက်' ခနဲ တစ်ချက်ရယ်ကာ ပခုံးနှစ်ဖက်တွန့်လိုက်သည်။ ပြီးတော့ ခေါင်းငုံ့လျက် ပြောချင်ရာ ပြောချလိုက်လေသည်။

"ခုမှတော့ ရှက်မနေပါနဲ့တော့ အန်တီမြသွေးရည်၊ ဒီအကြောင်းတွေကို သဒ္ဒါရည်က ကျွန်တော့်ကိုရော သူငယ်ချင်းတွေကိုရော အားလုံး





ပြောပြထားပါတယ်။ ညညကျရင် သဒ္ဒါရည်က အိပ်ချင်ယောင်ဆောင်နေလိုက်တယ်တဲ့။ အဲဒီမှာ ဦးမျိုးမြင့်မိုရ်က အိပ်ခန်းဝရောက်လာတယ်တဲ့။ ည ဆယ့်နှစ်နာရီ အချိန်မှန်ပဲတဲ့။ အဲဒီမှာ အန်တီမြသွေးရည်က အိပ်ရာထဲက အသာလေးထပြီး ဦးမျိုးမြင့်မိုရ်နဲ့အတူ လိုက်သွားတယ်တဲ့။ မနက်လင်းတော့ အန်တီမြသွေးရည်က ဖေဖေနဲ့ မေမေ လင်မယားဖြစ်နေတာ ကြာပါပြီ သမီးရယ်လို့ ဝန်ခံတယ်တဲ့။ သဒ္ဒါရည်က အကုန်ပြောပြထားပါတယ်။ ရှက်လို့ဆိုပြီး မငြင်းနေပါနဲ့ အန်တီမြသွေးရည်"

ဘွားဘွားကြီး၏ လက်ထဲမှ စိပ်ပုတီးကြီး 'ဒေါက်' ခနဲ ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည်။ ဘွားဘွားကြီးသည် မီးတောက်မျက်လုံးများနှင့် သမီးအပျိုကြီးအား စိမ်းစိမ်းကြီး ကြည့်နေ၏။ 'မင်း. . . မင်း. . .'ဟု စကားမဆက်နိုင်ဘဲ ရဲဝေအား လက်ညှိုးထိုးလျက် မျက်လုံးပြူး မျက်ဆံပြူး ပါးစပ်အဟောင်းသားနှင့် ကြည့်နေရင်း မြသွေးရည်သည် ဆက်တီခုံပေါ်သို့ ဘိုင်းခနဲ ပစ်ကျသွား၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ အူကြောင်ကြောင် ကြည့်နေသော ရဲဝေအား ညီ့သည်ဖြစ်သော မြသွေးရည် ၏ အစ်ကိုအကြီးဆုံးကြီးက လက်ကို ဆွဲကိုင်ကာ ခြံဝင်းအပြင်ဘက်သို့ ခပ်ကြမ်းကြမ်း ဆွဲခေါ်ထုတ်သွား၏။

"နေ. . . နေပါဦးဗျာ၊ ကျွန်တော့်ကိစ္စကိုတောင် ဘာမှမတောင်းပန်ရသေးဘူး၊ ဘာဖြစ်လို့ အပြင်ဆွဲထုတ်ရတာလဲ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ လေးလေးရာ"

လေးလေးကြီးသည် အရှက်မျက်ရည်တွေ ဝဲနေသော မျက်ဝန်းတွေနှင့် ကြည့်လျက် ရဲဝေအား ပြောလိုက်သည်။

"မင်းလည်း မတောင်းပန်ပါနဲ့တော့၊ ငါကပဲ မင်းကို တောင်းပန်ပါရစေ၊ မြသွေးရော မျိုးမြင့်မိုရ်ကိုရော ငါနဲ့ အမေနဲ့ စစ်ဆေးပြီး စီစဉ်စရာရှိတာ စီစဉ်ရတော့မှာမို့ပါကွာ။ သူငယ်ရယ် ငါ တောင်းပန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလည်း ဒီကို ဘယ်တော့မှ မလာပါနဲ့တော့။ ဒီအကြောင်းတွေကိုလည်း ဘယ်သူ့ကိုမှ မပြောပြမိပါစေနဲ့တော့ကွာ"

"ဗျာ ဘယ်. . . ဘယ်လို လေးလေး ဒီကိစ္စကို သတင်းစာထဲ ထည့်ကြော်ငြာပေးရမယ် ဟုတ်လား"

"ငါ. . . ငါတို့ တစ်ဆွေလုံး တစ်မျိုးလုံးကိုသာ မီးလောင်တိုက်သွင်းပစ်လိုက်ပါတော့ကွာ"

"ဘာတွေမှန်းလဲ မသိဘူး အူကြောင်ကြောင်နဲ့ဗျာ" ဟု စိတ်ပျက်စွာ ညည်းရွတ်ရင်း ရဲဝေ လှည့်ထွက်လာခဲ့သည်။

ဤအချိန်မှစ၍ မည်သည့် နားလည်မှုမျိုးနှင့်မျှ နားလည်ပေးနိုင်စွမ်း မရှိနိုင်လေသည့် ပြင်၍မရနိုင်သော အူကြောင်ကြောင် အမှားကြီးအား ရဲဝေသည် အူကြောင်ကြောင်နှင့် ကျူးလွန်သွားမိလေပြီ ဖြစ်ပါသည်။

○

ဤသည်တို့၏ နောက်ဆက်တွဲ ဖြစ်ရပ်များကတော့. . .

○

"အမေနဲ့ အညာလိုက်နေပါဆိုတော့ မိတဆိုး တူမလေးကို မခွဲနိုင်လို့ပါဆိုပြီး အတန်တန်ငြင်းခဲ့တာ ဒါကြောင့်ကိုး။ ငါတို့မျိုးရိုးထဲမှာ ခဲအိုနဲ့ တိတ်တိတ်ပုန်းညားနေတာ နင်ပဲရှိမယ် မြသွေးရည်ရဲ့။ ဒီနေ့ကစပြီး နင်တို့နဲ့ ငါတို့နဲ့ ရှင်ခန်းပြတ်ပဲ။ နင်တို့ ပေါ်ပေါ်ထင်ထင်ယူပြီးမှပဲ ငါ့ကို အမေလို့ခေါ်တော့ ကဲ. . . ပြန်ကြရအောင် နေသွေး" ဟုဆိုကာ ဘွားဘွားကြီးနှင့် ကိုကြီး နေသွေးသည် ချက်ချင်းပဲ အညာသို့ ဒေါသစိတ်နှင့် ပြန်သွားကြလေသည်။

○





"ရဲဝေက အူကြောင်ကြောင်ဆိုတာ မိကစ်ပြောလို့ သိရတာပါ။ သူ့ကို တစ်ခါမှလည်း မမြင်ဖူးပါဘူး။ သူ နစ်နာအောင်လည်း အန်တီလေး မကြံစည်ခဲ့ဖူးပါဘူး။ သူ့ကြည့်တော့လည်း အရိုးခံ မျက်နှာလေးနဲ့ ဘာမှမသိသလို ပြောသွားခဲ့တာပါပဲ။ သူကတော့ အန်တီလေးကို အစ်မလှသွေးရည် မှတ်ပြီး တောင်းပန်ရင်း ပြောသွားတာ။ မိကစ်ရယ် ကိုယ့်အဖေနဲ့ အမေရဲ့အိမ်ထောင်ရေးလျှို့ဝှက်ချက်ကို ဘာလို့များ သူငယ်ချင်းတွေကို ပြောပြရတာလဲ။ အခုကျ ကံဆိုးသူက အန်တီလေး မဲကျသွားခဲ့ပြီ။ တစ်သက်လုံး ထိန်းသိမ်းခဲ့တဲ့ အန်တီလေးရဲ့သိက္ခာကို ဘယ်လိုမျိုးနဲ့ အဖတ်ဆည်ရမှာလဲ။ ငါတော့ သေသာ သေလိုက်ချင်တော့တာပါပဲ မိကစ်ရယ်" ဟု ဆိုကာ ထမင်းမစား ဟင်းမစားနှင့် အန်တီလေးခမျာ တစ်ချိန်လုံး ငိုကြွေးနေလေသည်။

○

"သားအပြစ်နဲ့ သားဘာသာ အန်ကယ်မျိုးကို ကြောက်လို့ အိမ်မပြန်တာပါတဲ့။ ခု သူနေတဲ့ သူငယ်ချင်းအိမ်မှာ ပျော်တယ်တဲ့။ သူ့အတွက် မပူပါနဲ့ စိတ်ချပါလို့ ပြောတယ်ကွ၊ ဟူး. . . သဘာဝတော့ မကျဘူး မျိုးမြင့်မိုရ်။ မိတဆိုးသားလေးကို ထားခဲ့ပြီး ရေခြားမြေခြားမှာ စီးပွားရှာနေရတဲ့ ငါ့ကို မင်း ငဲ့ပါဦးကွာ၊ အခု ကလေးက ရဲဝေတို့ အိမ်မှာ ပျော်လို့ တစ်သက်လုံး နေတော့မယ်လို့ ပြောနေတယ်။ အဲလိုသာ ရဲဝေတို့အိမ်မှာ တစ်သက်လုံးနေရင် မင်းလည်း ငါ့ကို တစ်သက်လုံး မဆက်သွယ်နဲ့တော့ မျိုးမြင့်မိုရ်" ဟုဆိုကာ ဩစတြေးလျမှာရှိနေသော အစ်ကိုတော်က ဦးမျိုးမြင့်မိုရ်အား ဖုန်းထဲမှ ရာဇသံပေးလျက် ယာယီ ရှင်ခန်းဖြတ်သွားပါလေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို အပြစ်ကင်းတဲ့ နင့်မျက်နှာကို ငါ လွမ်းမိပါတယ် ရဲဝေ။ ငါ့ကို ပျော်ရွှင် ရယ်မောစေခဲ့တဲ့ နင့်အပြုအမူတွေကို ကျေးဇူးတင်ပါတယ်။ ရိုးသားတဲ့ အူကြောင်ကြောင်စရိုက်လေးတွေက ငါ့ ရင်ကို ကြည်နူးနှစ်သက်ခဲ့ရပါတယ်။ ဒါပေမယ့် အခုတော့ အဲဒီစရိုက်လေးတွေကို ငါ ကြောက်လာမိပြီ ရဲဝေ။ နင် လုပ်ချင်ရာ စွတ်လုပ်ခဲ့တာတွေဟာ လောကကြီးနဲ့ အံချော်သထက် ချော်လာတယ်။ ငါ နင့်ကို ဒီထက် ပိုပြီး နားလည်ပေးနိုင်ဖို့အင်အား မရှိတော့ပါဘူး။ ကျေးဇူးပြုပြီး ငါ့ရင်ထဲက စွဲထင်နှစ်သက်ခဲ့တဲ့ အရာအားလုံးကို ပြန်ယူသွားပါ ရဲဝေ။

သည်အတွေးနှင့်အတူ ရဲဝေ အပေါ်၌ ထားရှိသော အလိုက်သင့်လေး လျှော့ပေးထားသည့် နားလည်ခြင်း ကြိုးကလေးအား လက်လွှတ်ပစ်လိုက်တော့မည်ဟု သူမ စိတ်ပိုင်းဖြတ်လိုက်ပြီ ဖြစ်ပါသည်။

○

"ဟူး အာရုံနောက်လိုက်တာကွာ။ ရဲဝေက ဖေဖေ့ဆီ ဖုန်းဆက်တာ နှစ်ခါရှိပြီ၊ တွေ့ပါရစေတဲ့။ လူကိုယ်တိုင်လာပြီး စိတ်ပြေသည်အထိ ရှိခိုး တောင်းပန်ချင်လို့ပါတဲ့။ ဦးက တွေ့ခွင့်မပေးရင်တော့ ဦးဆီကို မရရအောင် နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် လာတွေ့မှာပဲတဲ့။ အဲဒါကြီး စဉ်းစားမိပြီး အိပ်လို့မရအောင် ထိတ်လန့်နေတယ်။ ဒီကောင်က အူတဲ့အဆင့်တင် မဟုတ်ဘူး ကြောင်တဲ့အဆင့်ပါ ပူးတွဲနေတဲ့ကောင်။ စိတ်ရောလူရော ဖေဖေ ပင်ပန်းနေပြီ။ ဖေဖေတို့ ဘာဆက်လုပ်ကြမလဲ။ 'မချစ်သော်လည်း အောင့်ကာနမ်း' ဆိုသလိုပေါ့။ သူနဲ့ ငြိမ်းချမ်းရေးယူပြီး အရင်အတိုင်း ပြန်နေမလား သမီး" ဟု ဆိုကာ ဖေဖေက လက်နက်ချ အညံ့ခံဖို့အထိ အတွေးကြောင်တွေ စကားရိပ်သန်းလာသည်။

သူမ ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါပါ။ လက်ကျန်





သံယောဇဉ်ကြောင့်ပဲလားမသိ ရင်မှာ နင့်ခနဲ စူးသွားသည်။ နှလုံးသားသည် ရေခဲတစ်တုံးလို အေးစက် မာကြောစပြုနေပြီလားမသိ။

○

"ငါတို့သုံးယောက်လုံးက မင်းကို သဒ္ဒါရည်ရဲ့အမေ့ဆီ မသွားဖို့ တား ခဲ့ကြတယ်။ မင်းရဲ့ ချဉ်းကပ်မှုက အမှားကြီးကွ။ နောက်ပြီး အရေးအကြောင်းဆိုရင် မင်းက အလွဲတွေနဲ့ ဖောက်သည်ဖြစ်နေတဲ့ ကောင်၊ ငါတို့စကားကို နားမထောင်ဘဲ အူကြောင်ကြောင်နဲ့ ထင်ရာ စွတ်လုပ်တဲ့ကောင်က အခုမှလာပြီး 'ငါ ဘာဆက်လုပ်ရမလဲ မိုးမြင့်ဇေ' တဲ့။ ဟုတ်လား. . . ဟား ဟား ဟား၊ မင်းအတွက် အကောင်းဆုံးအကြံဉာဏ်တစ်ခု ငါ စဉ်းစားထားတယ် ရဲဝေ၊ အဲဒါကတော့ မင်းဘက်က ဘာမှ မလှုပ်ရှားတော့ဘဲ ခြေလှမ်းတွေကို ခဏရပ်တန့်ထားရမယ်။ ခုချိန်မှာ သဒ္ဒါရည်တို့ မိသားစုက မင်း ဘာလုပ်လုပ် ကြောက်နေကြမှာကွ။ မင်းကလည်း လုပ်သမျှ လွဲနေဦးမှာပဲ။ သဒ္ဒါရည်က မင်းကို နားလည်ပေးနိုင်တာဟာ ဂိတ်ဆုံးသွားပြီ။ ကောင်မလေးက အခု သွေးပူနေတဲ့အချိန်ကွ။

သူ သွေးအေးသွားတာနဲ့ မင်းကို ပြန်ပြီး စိတ်လည်လာမှာပဲ။ အဲဒီအခါမှာ သူက မင်းကို ဆက်သွယ်လာလိမ့်မယ်။ သူ့ထက်အရင် မင်းကို ဆက်သွယ်မယ့် သူကတော့ သူ့အဖေကြီးပဲကွ။ ဦးမျိုးမြင့်မိုရ်က မင်းကူညီမှ ဒေါ်မြသွေးရည်နဲ့ကိစ္စကို လူကြီးတွေ အမြင်ရှင်းသွားမှာလေ။ အဲဒီအတိုင်း ဖြစ်လာလိမ့်မယ်။ စောင့်ကြည့်လိုက်၊ အရေးကြီးတာက ဒီကြားထဲမှာ မင်း ဘာမှမလှုပ်ရှားဘဲ ရေမြှေ့လိုနေပါ ရဲဝေ။ ကဲ. . . အဲဒါ မင်းအတွက် ငါ စဉ်းစားပေးတဲ့ အကြံဉာဏ်ပဲ။ ဒါပေမယ့် အခု ငါ ပြောခဲ့တဲ့အကြံကို မင်းကို မပေးတော့ဘူး ရဲဝေ။ ငါတို့သုံးယောက်ရဲ့ စကားကို နားမထောင်တဲ့အတွက် မင်းကို သောက်ညင်ကပ်လို့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ်ကို ငါ မပေးတော့ဘူး။ Sorry ပါ အေရိုးဘစ်" ဟု ဆိုကာ မိုးမြင့်ဇေ ဖုန်းချသွားလေသည်။

၀

သို့ဆိုပါလျှင်. . .

ရဲဝေဘက်မှ ရပ်တည်မည့်သူက ခွေးတစ်ကောင် ကြောင်တစ်မြီးသော်မျှ မရှိရှာတော့ပါ။

ကဲ. . . ဘာတွေဆက်ဖြစ်မယ်ထင်ပါသလဲ ကိုယ့်ဆရာ. . .

■



## အပိုင်း (၂)

### လူထဲက... ကံကြမ္မာ...

www.burmeseclassic.com

www.burmeseclassic.com

*ခွေးအူရင်. . .  ခဲတစ်ချက်. . . ကောက်ထု. . . ၊*
*မျောက်အူရင်. . . သေနတ်တစ်ချက်. . . ယောင်- ဖောက်. . . ၊*
*မီးခိုးအူရင်. . . လေညာက. . . လေတင်ရာမှာ. . . ရွှေနေ. . . ၊*
*ငါးအူရင်. . . ငါးပိသိပ်. . . ၊*
*ဪ. . . လူအူရင်တော့. . .*
*သူချိုင့်တဲ့နေရာမှာ. . . လောကကြီးကို ဖောင်းပေး. . . ၊*
*သူဖောင်းတဲ့နေရာမှာ. . . လောကကြီးကို ချိုင့်ပေး. . . ၊*
*အံမချော်အောင် လိုက်ပြင်ပေးရှုပါပဲ. . . ။*
*ခက်တာက. . .*
*လောကကြီးကိုဖောင်းပေး-ချိုင့်ပေးနိုင်တဲ့သူကလည်း*
*တစ်ဦးတည်းပဲ ရှိပါတယ်. . . ။*
*"ကံကြမ္မာ" တဲ့လေ. . . ။*



## အခန်း(၉)

"ဦးက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ လာခဲ့တာပါ ခင်ဗျာ"

ရက်သတ္တပတ်နှစ်ပတ်ကျော်မှာတော့ ရဲဝေထံသို့ ဦးမျိုးမြင့်မိုင် ဖုန်းဆက်သည်။ 'မင်းက ရှိခိုးပြီး တောင်းပန်ချင်တယ်ဆိုတာကို င လက်ခံပါတယ် ရဲဝေ၊ ငါ စိတ်မပြောင်းခင်မှာ အခုပဲ ငါရှိတဲ့ လက်ဖက် ရည်ဆိုင်ကို မင်း လာပြီးတော့ ရှိခိုးတောင်းပန်ပါ။ မင်းနဲ့လည်း င တွေ့ချင်တယ်။ ပြောစရာလည်း ရှိတယ်' ဟု ဦးမျိုးမြင့်မိုရ်က ဖုန်းနှင့် ဆက်သွယ်ချိန်းဆိုသည်။ သည့်အတွက် ချိန်းဆိုရာ လက်ဖက်ရည်ဆိုင် သို့ ရဲဝေ ရောက်လာခဲ့ခြင်း ဖြစ်သည်။ တွေ့တွေ့ချင်းပင် ပဋိသန္ဓာ စကားကိုဆိုရင်း ရဲဝေသည် ဦးမျိုးမြင့်မိုရ် ရှေ့မှာရပ်လျက် သူ့ထုံးစံ အတိုင်း ကိုရီးယားတွေလို ဦးညွှတ် အရိုအသေပေးလိုက်သည်။ ပြီးတော့ ခါးကြားမှာထိုးယူလာသော ပုဆိုးဟောင်းလေးကို ထုတ်၍ စားပွဲပေါ် ခင်းလိုက်သည်။ ဖိနပ်ချွတ်သည်။ နောက်သို့ ခြေတစ်လှမ်းဆုတ် ရပ် လိုက်သည်။

"ဦးရယ် မရှိမသေ. . . ဒီစားပွဲပေါ်တက်ပြီး တင်ပျဉ်ခွေထိုင်ပေး ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘာလုပ်မလို့လဲ ရဲဝေ"

ဦးမျိုးမြင့်မိုရ် အထိတ်တလန့် မေးသည်။

"ကန်တော့ချင်လို့ပါ ခင်ဗျာ"

ဦးမျိုးမြင့်မိုရ် ခေါင်းနားပန်းကြီးသွားသည်။ အခုမှ ဒုက္ခနှင့်လှလှ တွေ့ချေပြီ။ ရယ်ဖြဲဖြဲမျက်နှာနှင့် မေတ္တာရပ်ခံကြည့်လိုက်၏။

"ကန်တော့တာပဲကွာ ဒီအတိုင်း ကန်တော့လည်း ရပါတယ်။ စားပွဲပေါ် တက်စရာ မလိုပါဘူးကွ။ နောက်ပြီး ငါက ဒူးလည်း သိပ်မကောင်းလို့ စားပွဲပေါ်တက်ဖို့ နည်းနည်းခက်ခဲလို့ပါ ရဲဝေ"

"အဲလိုတော့ မလုပ်ပါနဲ့ ခင်ဗျာ၊ ကန်တော့ခံပုဂ္ဂိုလ်က ကျွန်တော့်အထက် အနည်းဆုံး နှစ်ပေအမြင့်မှာ ထားပြီးမှ ကျွန်တော်ကန်တော့ပါရစေ။ ဒူးမကောင်းလို့ တက်ဖို့ အခက်အခဲရှိရင် ကျွန်တော်ပွေ့ပြီး စားပွဲပေါ် တင်ပေးပါ့မယ်ဗျာ"

"အာ. . . မပွေ့နဲ့ မပွေ့နဲ့၊ အဲကွာ. . ထူးဆန်းလိုက်တာ ငါ့ဒူးကလည်း နေရင်းထိုင်ရင်း ဘာမှမလုပ်ဘဲနဲ့ ရုတ်တရက်ကြီး ပြန်ကောင်းသွားပြီကွ၊ ဒီစားပွဲလောက်ကတော့ ငါ့ဘာသာတက်ပါ့မယ်ကွာ၊ ကြာတော့ မကြာပါစေနဲ့ ရဲဝေ"

ဦးမျိုးမြင့်မိုရ် မျက်နှာကြီး ရဲနေသည်။ ပတ်ဝန်းကျင်ကို မကြည့်ရဲ။ မျက်လုံးပေါင်း ဘယ်နှစ်လုံး ဝိုင်းကြည့်နေလေမည် မသိ။ မတတ်နိုင်ပါ တစ်ခုခုကို လိုချင်လျှင် တစ်ခုခုတော့ ပေးဆပ်ရမည်လေ။

"ဘာလုပ်တာလဲ စားပွဲပေါ်မှာ ခင်ဗျားတို့" ဟု ဆိုကာ ဆိုင်ရှင်က ရောက်လာသည်။ တင်ပျဉ်ခွေအောက်မှာ ခံထားသော ပုဆိုးနှင့်အောက်ခံ ကွန်ကရစ်ခင်းပေါ်မှာ လက်အုပ်ချီလျက် ဆောင့်ကြောင့်ထိုင်နေသော ရဲဝေကို မြင်တော့ သဘောပေါက်ကာ နောက်ဆုတ်သွားသည်။ သည်မှာပင် ရဲဝေ၏ နှုတ်ဖျားမှ ရှိခိုးရွတ်ဖတ်သံထွက်လာသည်။

"ဩကာသ. . . ဩကာသ. . . ဩကာသ၊ ကာယကံ. . . ဝစီ





ကံ. . . မနောကံ. . . သုံးပါးသောကံတို့ဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည် ရှိသော် တစ်ကြိမ်. . ."

"ရဲ. . . ရဲဝေ၊ ဩကာမသနဲ့တော့ကွ လူတွေ ကြည့်နေတယ်။ မြန်မြန် ပြီးသွားအောင်သာ လိုရင်းကို ဖြတ်လမ်းက ဆိုလိုက်ပါတော့ကွာ"

ရဲဝေသည် မျက်လုံးပြူးကြီးနှင့် မော့ကြည့်နေ၏။ သည့်နောက် သဘောပေါက်သွားဟန်နှင့် ခေါင်းညိတ်လျက် ရွတ်ဆိုလိုက်သည်။

"အဲ. . . အဲဒါဆိုလည်း သူပြောသလို မြန်မြန်ပြီးသွားအောင် လိုရင်းကို ဖြတ်လမ်းကပဲ ရှိခိုးလိုက်ပါတယ် ဘုရား" ဟု ဆိုကာ ထိခြင်းငါးပါးဖြင့် ဦးသုံးကြိမ်ချ ရှိခိုးလိုက်သည်။ ရှိခိုးအပြီး လက်အုပ်ချီလျက် ရဲဝေ အထလိုက်မှာပင် ဦးမျိုးမြင့်မိုရ်သည် စားပွဲပေါ်မှ ဝုန်းခနဲ ခုန်ချလိုက်ကာ နောက်သို့ ခြေသုံးလှမ်း အမြန်ဆုတ်လိုက်သည်။ ဘာဖြစ်တာလဲ မသိ။

"ဘာဖြစ်လို့လဲ. . . ဘာဖြစ်လို့ ဆုတ်သွားရတာလဲ ဦး"

ဤမေးခွန်းအား ဦးမျိုးမြင့်မိုရ်သည် ဖုံ့ဖုံ့ကြီး ပြုံးလျက် ဖြေ၏။

"မျိုးမြင့်မိုရ်ကွ၊ တစ်ခါပဲ အမှားခံမယ်၊ အရင်တစ်ခါက ဒီလိုပဲ ကန်တော့ပြီး ကုန်းအထမှာ ငါ့မျက်နှာကို လက်သီးနဲ့ ပင့်ထိုးသွားတာလေ။ အဲဒါ အလစ်မှို့ခံလိုက်ရတာကွ၊ ဒီကရှေ့မှာ ငါ့မျက်နှာကို လက်သီးနဲ့ ဘယ်တော့မှ မထိုးပါဘူးလို့ ကတိပေးပါ ရဲဝေ"

ရဲဝေ စဉ်းစားသည်။ မျက်လုံးတွေ ဖြတ်ခနဲ လက်သွားသည်။ ပြီးတော့ ရဲရဲကြီး ကတိပေးလိုက်၏။

"ကတိပေးပါတယ် ဦး၊ ကျွန်တော် ဦးရဲ့မျက်နှာကို နောက်နောင် ဘယ်တော့မှ လက်သီးနဲ့ မထိုးတော့ပါဘူးခင်ဗျာ၊ ခြေထောက်နဲ့ပဲ ကန်ပါ့မယ် ခင်ဗျာ"

O



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိသော ကောင်မလေး၏ဖခင်နှင့် သည်လိုမျိုး လက်ဖက်ရည်ဆိုင်မှာ တစ်ဝိုင်းတည်း ထိုင်လျက် ဒူးတိုက်ဆွေးနွေး ပြောဆိုရလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မတွေးခဲ့မိဖူးပါ။ စိတ်ကျဉ်းကျပ်သည်၊ အနေကျုံ့သည်၊ နှစ်ဦးသားသည် ဘယ်က စပြောရမည်မသိ ဖြစ်နေကြသည်။ ဦးမျိုးမြင့်မိုရ်က လက်ညှိုးတစ်ချောင်းထောင်ကာ စားပွဲထိုးလေးအား ရေသန့် တစ်ဘူး မှာလိုက်၏။ ပြီးတော့ ဦးမျိုးမြင့်မိုရ်က စကားစပြောသည်။

"ငါတော့ စောစောစီးစီး အာခေါင်ခြောက်ပြီး ရေသောက်ချင်နေတယ် ရဲဝေ"

"အဲဒါ ကောင်းတာပေါ့ဗျာ၊ ဦးက ရေသောက်ချင်နေတယ်၊ ကျွန်တော်ကကျတော့ ရှူရှူးပေါက်ချင်နေတယ်"

ရိုင်းလိုက်တဲ့ ကောင်၊ လူကြီးကို လူကြီးမှန်းမသိ ဒါပေမယ့် သူ့ကို ကြည့် လိုက်တော့လည်း ဘာမှမသိနားမလည်တဲ့ ကလေးတစ်ယောက်လို မျက်နှာနှင့် ကြည်လင်နေသည်။ ဦးမျိုးမြင့်မိုရ်က ဒေါသကို အချိုသတ်ပြီး မေးသည်။

"ရှူရှူးပေါက်ချင်တယ် ဟုတ်လား၊ အဲဒါ ဘာအဓိပ္ပာယ်လဲကွ"

ဦးမျိုးမြင့်မိုရ်၏ စကားကြောင့် ရဲဝေ ခေါင်းကုတ်သည်။

"အဲဒါ ကျွန်တော်လည်း မသိပါဘူးဗျာ၊ သူများတွေ အဲလိုမဖြစ်ဘူး ကျွန်တော့်ကျမှ ဘာလို့ အဲလိုဖြစ်မှန်း မသိဘူး။ ကျွန်တော့်မှာ အဲဒီမကောင်းတဲ့အကျင့်နှစ်မျိုး ရှိတယ်ဗျ။ စိတ်ကျဉ်းကျပ်ပြီး ဘာလုပ်ရမှန်းမသိတော့ရင် ဆီးက ကတုန်ကယင်ဖြစ်ပြီး ရှူရှူးထွက်တတ်တယ်။ ပျော်စရာ ဝမ်းသာစရာတွေ့ရင် ရုတ်တရက် ကိုယ်ကြီး တောင့်ပြီး ဖွတ်တစ်ကောင် ပုတတ်တစ်ကောင်လို ကြောင်ပြီး သုံးမိနစ်လောက် မတ်တတ်ကြီး မေ့နေတတ်တယ်ဗျ။ ဘာရောဂါလဲ မသိပါဘူးဗျာ"

သူ့စကားကြောင့် ဦးမျိုးမြင့်မိုရ် သက်ပြင်းချသည်။ သည်ကောင်၏





အူကြောင်ကြောင် ရိုးအ,မှု ဒီဂရီအား စိတ်ထဲမှ ခန့်မှန်း၍ ပြဒါးတိုင်နှင့် တိုင်းကြည့်မိသည်။ ပြဒါးရည်သည် ပြဒါးတိုင်အထက်သို့ တက်ကာ ဖောက်ထွက်သွားသည်။ သည်လို ငအူလေးကို ကိုင်ဆော့ဖို့ကတော့ ဖျင်းတောင် ဖျင်းမိပါသေးရဲ့။ ဦးမျိုးမြင့်မိုရ်က ဂုဏ်ယူစွာ အသာစီးနှင့် ပြောလိုက်သည်။

"အေးပေါ့လေ၊ ငါက မင်းကိုတွေ့ရအောင်လို့ အခုလို ချိန်းလိုက်တော့ မင်းလည်း တော်တော်လေး တုန်လှုပ်ပြီး အံ့ဩသွားမှာပေါ့ ရဲဝေ"

"မအံ့ဩပါဘူးဗျာ၊ ဘာများ အံ့ဩစရာရှိလို့လဲ၊ ဦး ကျွန်တော့်ကို အခုလိုတွေ့ဖို့ ချိန်းမယ်ဆိုတာ ကျွန်တော် ကြိုသိခဲ့တယ်ဗျ"

"ဟေ. . . ဘယ်. . . ဘယ်လို ကြိုသိခဲ့တယ် ဟုတ်လား"

ဦးမျိုးမြင့်မိုရ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သည် ကောင်လေးအား လှော်တွက်လို့ မရတော့ပြီ။ ဦးမျိုးမြင့်မိုရ်သည် ရဲဝေအား ဖြုံသွားသည်။ ရဲဝေက ဂုဏ်ယူစွာ ပြောလိုက်၏။

"ဘယ်နှယ့်လဲ အခုလို ပြောလိုက်တော့ အံ့ဩသွားပြီ မဟုတ်လားဦး"

"ငါ ဝန်ခံပါတယ်ကွာ၊ တကယ် အံ့ဩမိပါတယ်။ မင်း ဘယ်လို ကြိုသိခဲ့တာလဲ ရဲဝေ"

"ကျွန်တော့်သူငယ်ချင်းက ပြောတာဗျ၊ ဒီကောင်က ကြိုပြီး ဟောကိန်းထုတ်ရင် အဲဒီအတိုင်းဖြစ်တာပဲ။ ဒီကောင်က ဗေဒင်သိပ်တော်တဲ့ကောင်"

ဦးမျိုးမြင့်မိုရ် မျက်နှာကြီး ရှုံ့သွားသည်။ စိတ်ပျက်စွာ ပြော၏။

"တော်ပါတော့ ရဲဝေရာ၊ ငါက အဟုတ်မှတ်လို့ အံ့ဩနေတာ။ မင်းက ဗေဒင်ဟောတာကြီး လာပြောနေတာပဲ အူကြောင်ကြောင်နဲ့ကွာ"

ရဲဝေသည် အရိပ်သုံးပါးလည်း နားမလည် အလိုက်ကန်းဆိုးလည်း မသိ ပြောချင်ရာ ဆက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားက ထွေးသွားလို့ပါဗျာ၊ အဲဒီသူငယ်ချင်းက ပြောတယ်ဗျ၊ ကျွန်တော်က အလွဲတွေ လေလံရထားတဲ့ကောင်တဲ့၊ ဘာမှ ဆက်မလုပ်ရှေးနဲ့တော့တဲ့၊ စောင့်ကြည့်နေတော့တဲ့၊ သဒ္ဒါရည်က သွေးအေးသွားတဲ့ အချိန်မှာ ကျွန်တော့်ကို စိတ်ပြန်လည်လာလိမ့်မယ်တဲ့။ အဲဒီအခါမှာ သဒ္ဒါရည်က ကျွန်တော့်ကို ဆက်သွယ်လိမ့်မယ်တဲ့ဗျ"

သူ့စကားကြောင့် ဦးမျိုးမြင့်မိုရ်၏ နှုတ်ခမ်းမဲ့သည်။ ပခုံးတွန့်သည်။ ဦးခေါင်းကို မအီမသာ ရမ်းခါသည်။

"ဝေးပါသေးရဲ့ကွာ၊ အဲလို မဖြစ်နိုင်ပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ၊ ဒီကောင် ပြောရင် ဖြစ်ကို ဖြစ်တယ်။ ဦးနဲ့ ကျွန်တော် ဘာကြေးလောင်းမလဲ။ ဒီကောင်ပြောတာက သဒ္ဒါရည် ကျွန်တော့်ကို မဆက်သွယ်ခင်မှာ သူ့အဖေကြီးက ကျွန်တော့်ကို သဒ္ဒါရည့် ထက် စောပြီး ဆက်သွယ်လိမ့်မယ်တဲ့။ ကဲ. . . အခု ဦးက ကျွန်တော့်ကို ဆက်သွယ်လာပြီလေ ကဲ. . . ဘာပြောချင်လဲ"

ဦးမျိုးမြင့်မိုရ် မလှုပ်။ ဒါပေမယ့် ရဲဝေ၏ စကားကိုလည်း လက်ခံချင်ပုံ မရ။

"ထားပါလေ ကဲ. . . ပြောပါဦး ငါက မင်းကို ဘာအကြောင်းနဲ့ ဆက်သွယ်မှာတဲ့လဲ"

"ကျွန်တော့်အပြစ်ပေါ့ဗျ၊ ကျွန်တော့်ကြောင့် အန်တီမြသွေးရည်နဲ့ ဦးကို ဦးရဲ့ ယောက္ခမကြီးက အမြင်စောင်းပြီး ကြက်ခြေခတ်ပြသွားပြီ။ အဲဒီကိစ္စကို ကျွန်တော်ကိုယ်တိုင် သွားပြီး ရှင်းပြရမယ်။ အဲဒါမှ ကျွန်တော့် တာဝန်ကျေမှာဗျ။ အခု ဦးလာတာ အဲဒီကိစ္စ မဟုတ်လား။ ဦးဆီက ခွင့်ပြုချက်ရတာနဲ့ ကျွန်တော် အညာကို လိုက်သွားပြီး ပြေလည်တဲ့အထိ တောင်းပန် ရှင်းပြပေးပါ့မယ်ဗျာ"

ဦးမျိုးမြင့်မိုရ်က နွေးထွေးစွာ ပြုံးပြလိုက်သည်။ အပြုံးသည် ရဲဝေ၏ ရင်အား ထိချက်ပြင်းစွာ ထုတ်ချင်းခတ် ဖောက်ထွက်သွား၏။





ဒါပေမယ့် ရဲဝေ၏ အလွဲလက်ဆကို သိထားတော့လည်း ရင်မအေးနိုင်ပါ။ စိတ်ဒုန်းဒုန်းချလို့ မရ။ မျက်ခုံးက ခပ်လှုပ်လှုပ်။

"ဖြစ်ပါ့မလား ရဲဝေ၊ မင်းကို ငါ ဘယ်လို စိတ်ချရပါ့မလဲကွာ"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော်က ပြောမှားဆိုမှား ဖြစ်တတ်လို့ဆိုပြီး စိတ်မချလို့ သူငယ်ချင်း သုံးယောက် လိုက်ခဲ့ကြမှာပါ။ သူတို့ရဲ့ ဘော်ဒီဂတ် ခြောက်ယောက်က ဝါးရင်းတုတ်သမားတွေ။ အဲဒီ ခြောက်ယောက်လည်း အတူလိုက်ခဲ့မှာပဲ။ အမှန်ကို ရိုရိုသေသေ ရှင်းပြကန်တော့လို့မှ လက်မခံဘဲ ခါးခါးသီးသီး ဆက်ဆံရင်တော့ တစ်အိမ်လုံးကို ရိုက်ပြီး ပြန်ခဲ့ကြမယ်လို့ သူတို့ စီစဉ်ထားတယ်တဲ့ဗျ။ မပူပါနဲ့ ဦးရာ"

ဦးမျိုးမြင့်မိုရ်တစ်ယောက် ငယ်ထိပ်အား 'ဒိန်း' ခနဲ မိုးကြိုးကြီး ပစ်ချလိုက်သလို ခန္ဓာကိုယ်ကြီး ဆတ်ခနဲ တုန်သွားသည်။ သည့်နောက် မျက်လုံးပြူးကြီးနှင့် အထိတ်တလန့် ပြောလိုက်သည်။

"မ. . . မ. . . မလုပ်ကြပါနဲ့၊ မသွားကြပါနဲ့၊ ရှိကြီးခိုးပါရဲ့ဗျာ။ ငါ ဘာပဲဖြစ်သွားသွားပါ။ မင်းတို့ အဲဒီကို သွားပြီး မတောင်းပန်ကြပါနဲ့တော့ကွာ၊ နော်. . . ရဲဝေ. . . နော်"

"ဗျာ. . . ဘယ်လို. . . သွားဖြစ်အောင်သွား ဟုတ်လား ဦး"

○

စက္ကန့်၊ မိနစ်တွေက ပြန်လမ်းမဲ့ မျဉ်းတစ်ကြောင်းပေါ်မှာ နရီကိုက် ဖြတ်သန်း ပဲ့ကြွေနေလေသည်။ နှစ်ဦးသားသည် အတန်ကြာ စကားမဆိုဖြစ်ကြ။ တိတ်ဆိတ် သွေ့ခြောက်နေရာမှ ဦးမျိုးမြင့်မိုရ်က စကားဝိုင်းလေးကို ပြန်လည် အသက်သွင်းလိုက်သည်။ သူ့ပုံစံက သည်ကိစ္စအား မည်သို့ ဖြေရှင်းရမည်ဆိုသည်ကို အဖြေရှာတွေ့သွားသည့်ပုံစံနှင့် ခေါင်းမော့. . . ရင်ကော့လျက်။

"ယောက္ခမကြီးဆီကို မင်းတို့ သွားတွေ့ပြီး ရှင်းပြကြမယ့်ကိစ္စ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ငါ့ဘက်က ဘာဆက်လုပ်မလဲဆိုတာ ငါသိသွားပြီ ရဲဝေ၊ တော်တော်လှတဲ့ ဆုံးဖြတ်ချက်ပါပဲ။ ငါ့မှာ ဦးနှောက်ပူအောင် စဉ်းစား လိုက်ရတာကွာ"

ရဲဝေက ဦးမျိုးမြင့်မိုရ်အား မော်ကြည့်သည်။ "ဦး ဘာဆက်လုပ် မလဲ အမိန့်ရှိပါခင်ဗျာ"ဟူသော ငံ့လင့်အမေးစကားကို ရဲဝေ၏ မျက်လုံး တွေက ဖော်ပြနေ၏။

"သဗ္ဗေ သတ္တာ ကမ္မဿကာပေါ့ကွာ၊ ဖြစ်ချင်ရာ ဖြစ်ပါစေတော့ ယောက္ခမကြီးတို့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေလို့ပဲ ဆုတောင်းနေရုံ ပေါ့ကွာ၊ ငါမှ ဘာလုပ်ရမှန်းမသိတာလေ"

ဩော်. . . အချိန်အကြာကြီး စဉ်းစားထားတဲ့ အဖြေက အားမာန် အပြည့်နှင့်ပါလား။ 'သဗ္ဗေ သတ္တာ ကမ္မဿကာ' တဲ့လေ။

"မင်းကို ငါ နောက်တစ်ခု ပြောစရာရှိသေးတယ် ရဲဝေ၊ အဲဒါ ကတော့ တူတော်မောင်ရဲ့ကိစ္စပဲ။ တူတော်မောင်ကို ငါ ဘာမှပြဿနာ မလုပ်ပါဘူးလို့ မင်းကို ကတိပေးပါတယ် ရဲဝေ၊ သူ့ကို အိမ်ပြန်လာဖို့ မင်းက နားချပေးပါကွာ"

ရဲဝေ ပြုံးသည်။ သည်ကိစ္စကတော့ သူ စီစဉ်ပြီးဟန်တူသည်။

"လွန်ခဲ့တဲ့ သုံးရက်ကပဲ အဘိဓာန်ကိုယ်တိုင် သူ အိမ်ပြန်သင့် မပြန်သင့်ကိစ္စကို ကျွန်တော့်သူငယ်ချင်း သုံးယောက်နဲ့ တိုင်ပင်ဖြစ် တယ်ဗျ"

"အား. . . လုပ်ပြန်ပြီလားကွာ၊ မင်းသူငယ်ချင်း သုံးယောက်က ပါလာပြန်ပြီလားဟ"

"ပါရမှာပေါ့ဗျာ၊ သူတို့က အဘိဓာန် အိမ်ပြန်ရမယ့်အချိန်ကို ရက် သတ်မှတ်ပေးလိုက်တယ်ဗျ"

"အို. . . မင်္ဂလာသတင်းပဲဟေ့၊ ပြောပါဦး ဘယ်ရက် ပြန်လာမလဲ ဆိုတာ"





"အဲဒီနေ့က ဦးရဲ့ တူတော်မောင်က သူ အိမ်ပြန်သင့် မပြန်သင့် ကျွန်တော့်ကို မေးတယ်။ ကျွန်တော့်အနေနဲ့ ပြန်ပါပြောလည်း မသင့်၊ မပြန်နဲ့ပြောလည်း မသင့်၊ အဲဒါကြောင့် ကျွန်တော့်သူငယ်ချင်း သုံး ယောက်နဲ့ ဖုန်းသုံးလုံး အထိုင်ထား၊ စပီကာတွေဖွင့်ပြီး ပြောဖြစ်ကြတယ်။ သူတို့သုံးယောက်လုံးကတော့ ပြန်သင့်တယ်လို့ တညီတညွတ်တည်း ဆုံးဖြတ်ကြတယ်ဗျ"

"that right မှန်တာပေါ့၊ သိပ်တော်တဲ့ ကလေးတွေပါပဲ"

"ဟုတ်တယ်ဗျ၊ ပြန်ရမယ့်အချိန်အခါကိုလည်း အသင့်တော်ဆုံး အချိန်ကို အခုလို တွက်ပြတယ်ဗျ"

○

ရဲဝေ တစ်လှည့်၊ အဘိဓာန် တစ်လှည့် ပြောအပြီးမှာ တစ်ဘက်မှ ဦးဆုံးကြားရသည်မှာ မိုးမြင့်ဇော်၏အသံ ဖြစ်သည်။

"ပြန်ရမှာပေါ့ အဘိဓာန်ရာ၊ ပြန်မှဖြစ်မှာပေ့ါ၊ အခုအချိန်ဆို မင်း ရဲ့ ဦးလေးလည်း နောင်တရပြီး မင်းကို လွမ်းနေမှာပဲ။ ဒီ့ထက် ပိုပြီး လွမ်းလာလို့ မင်းဆီကို လိုက်လာရင် နောင်တရတဲ့သူက ရဲဝေနဲ့ မင်းနဲ့ ဖြစ်သွားလိမ့်မယ်ကွ၊ ဟုတ်တယ် မဟုတ်လား ဆွေလှိုင်"

"ဟုတ်တယ်၊ ဘောစိပြောတာ အမှန်ပဲ၊ ရဲဝေက အူတူတူကောင်၊ ဒီကောင် ဒုက္ခရောက်တော့မှာ လက်တစ်လုံးလေးပဲ လိုတော့တာ။ ဒီ ကိစ္စကို ရဲဝေတောင်မှမသိဘူး။ ငါတို့ ဖွင့်ပြောဖို့ အချိန်ကျပြီလား လေဒီ ဂါဂါ ဖြိုးသန္တာ"

"အချိန်က လက်တစ်လုံးလောက် လိုသေးတယ်ကွ၊ ကဲကွာ. . . အခု အဘိဓာန်က အိမ်ပြန်တော့မှာဆိုတော့ သူ အိမ်ပြန်သင့်တဲ့ အချိန် အခါကို နေ့ကောင်းရက်သာရွေးဖို့ ခေါင်းပြတ်သရဲ ပုံပြင်နဲ့ တွက်ကြည့် ရလိမ့်မယ်ကွ၊ နင်ကော ဘာပုံပြင်နဲ့တွက်မလဲ ငါးမြွေထိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ငါးမြွေထိုး ဘဝင်မဆိုတော့ ခပ်မြင့်မြင့်ပဲ။ ကိုရီကားယား အိုဘားမားပုံပြင်ပေါ့။ ကဲ. . . လုပ်ပါဦး ဘောစိ၊ ဘောစိရော ဘာပုံပြင်နဲ့ အိမ်ပြန်မင်္ဂလာအချိန်အခါကို တွက်ကြည့်မလဲ"

"အချိန်မရှိတော့ဘူးကွ 'Time and tide wait for no man' တိုက်ထဲမှာ ဝိတ်မနေတာ ယောက်ျားမဟုတ်ဘူးတဲ့။ မင်းတို့ ပုံပြင်နှစ်ခုကို ပေါင်းပြီး ငါ တွက်ပြလိုက်မယ်။ အဖြေက ဒါပဲလေ"

'Time and tide wait for no man' 'အချိန်နှင့် ဒီရေသည် လူကို မစောင့်' ဟူသော ဆိုရိုးစကားကြီးအား ပြောင်ချော်ချော် ပြက်ရယ်ပြုပြီးနောက် ဘောစိမိုးမြင့်သည် ခေါင်းပြတ်သရဲနှင့် အိုဘားမားပုံပြင်အား ဤသို့ ဆက်လက်ပြောဆိုလေသည်။

"Barack Obama ဘားရက်အိုဘားမားဟာ အမေရိကန်နိုင်ငံရဲ့ (၄၄)ယောက်မြောက် သမ္မတအဖြစ်နဲ့ သမ္မတ ဖြစ်လာခဲ့တယ်ကွ။ တစ်နေ့ကျတော့ အိမ်ဖြူတော်မှာ ပါလီမန်အမတ်တွေနဲ့ ကြက်ဖခွပ်တမ်း ကစားကြဖို့ ဒူးတိုက်ဆွေးနွေးနေကြတုန်းမှာ သူ စားထားတဲ့ 'ဒေဝဩသခ ပန်းမနိုင် ဂန်ပွင့်' ဝမ်းနှုတ်ဆေးက အစွမ်းပြလာတယ်။ အဲဒါကြောင့် သူဟာ ရေအိမ်ရှိရာ အပြေး ရေအိမ်အခန်းပေါက်တံခါးဝမှာ မတ်တတ်ကြီး ငုတ်တုတ်ထိုင်နေတဲ့ ခေါင်းပြတ်သရဲကို တွေ့လိုက်ရတယ်။ သူ့ကို မြင်ပြီး ကြောက်မသွားတဲ့ အိုဘားမားကို ခေါင်းပြတ်သရဲက အံ့ဩသွားတာပေါ့။ 'မင်း ငါ့ကို မကြောက်ဘူးလား အိုဘားမား' လို့ မေးတော့ 'ကျုပ်ထက်ချောတဲ့သူတွေကို ကျုပ်က မကြောက်ဘူး' လို့ အိုဘားမားက ပြောရင်း 'ခင်ဗျား ဘယ်သူလဲ၊ ဘာလို့ ဒီအိမ်ဖြူတော်ထဲ ရောက်နေတာလဲ'လို့ မေးလိုက်တယ်။ 'ငါက ခေါင်းပြတ်သရဲပဲ၊ ငါက ကျောမှာ ဘုကြီးနဲ့ကောင် (ကျော့ဘု) လက်ထက်ထဲက ဒီမှာရောက်နေတာ။ ငါဟာ လူ့ဘဝမှာတုန်းကတော့ မြန်မာပြည်က လူကြီးတစ်ယောက်ပေါ့ကွာ၊ အဲဒီကတည်းက ငါ့မှာ ခေါင်းမှမရှိတာကွာ၊ သရဲဖြစ်တဲ့အထိပါပဲ' လို့ သရဲ





က ပြန်ပြောတယ်။ ပြီးတော့ ငါ့မှာ ပါမစ်တွေ၊ မုန့်ပုံးတွေ၊ ကျောက်စိမ်းနဲ့ ပတ္တမြားတွေ လျှိုထားတာ ရှိတယ်။ မင်း ဝယ်မလားလို့ သရဲက မေးတယ်။ 'ကျုပ်က အမေရိကန်သမ္မတပါဗျာ၊ ခင်ဗျားတို့လောက် မချမ်းသာပါဘူး၊ ဘယ်လိုလုပ်ပြီး ဝယ်နိုင်ပါ့မလဲ' လို့ ပြန်ပြောတော့ ခေါင်းပြတ်သရဲဟာ စိတ်ဆိုးသွားပြီး သွေးမျက်လုံးကြီးတွေကို လင်းကွင်းလောက်ပြူးပြ၊ လျှာကြီးကို တစ်တောင်လောက် ထုတ်ပြ၊ ဆံပင်ရှည်ကြီး စုတ်ဖွားကြီး ဖွပြလိုက်တော့ အိုဘားမားက ကြောက်သွားပြီး 'မလုပ်ပါနဲ့၊ ဝယ်နိုင်တဲ့သူနဲ့ ဆက်သွယ်ပေးပါ့မယ်' လို့ ခံဝန်ကတိပေးလိုက်တော့မှ သရဲက ငြိမ်သွားတယ်။ ဒါတောင်မှ 'သရဲဖြစ်နေလို့ မင်း ကံကောင်းသွားတာ၊ လူ့ဘဝတုန်းက ဒါ့ထက်ဆိုးတယ်ကွ' လို့ ခေါင်းပြတ်သရဲက ကြိမ်းလိုက်သေးတယ်"

"အိုဘားမားကို ခေါင်းပြတ်သရဲဟာ ပန်းကန်လုံးလောက် မျက်လုံးနီနီကြီးတွေနဲ့ ကြည့်ရင်း ကရုဏာသက်သွားတဲ့အတွက် ခေါင်းတညိတ်ညိတ်နဲ့ ပြုံးပြုံးကြီး ပြောလိုက်တယ်။ 'ငါက ၁၉၄၁ ဩဂုတ် (၄) ရက်မှာ မွေးတယ်၊ မင်းက ၁၉၆၁ ဩဂုတ် (၄) မှာ မွေးတယ်။ ဩဂုတ် (၄)ရက် မွေးတာချင်းတူပါလျက်နဲ့ မင်းက ကံဆိုးလို့ အမေရိကန်သမ္မတ ဖြစ်သွားတာကွ၊ ငါ စိတ်ကောင်းဝင်တုန်း မင်းကို နောင်ဘဝအတွက် အညံ့အဆိုးလွတ်အောင် ယတြာ လုပ်ပေးမယ်။ မင်းက သောကြာသားဖြစ်ပြီး 'အိုဘားမား' ဆိုတော့ နေ့နာမ် မကိုက်ဘူး။ ဒါကြောင့် မင်းနာမည်ကို 'သိုဘားမား' လို့ ပြောင်း၊ ဖိုးသူတော်ဝတ်စုံဝတ်၊ ပြီးရင် ဟင်္သာတောင်ပေါ်ကို ကင်းမြီးကောက်ထောင်ပြီးတက်၊ တောင်ထိပ်ရောက်ရင် တောင်အရပ်ကို မျက်နှာမူ၊ ကြက်ဥသုံးလုံးကို ပါးစပ်ထဲ ငုံပြီး 'အော်အီးအီးအွတ်လို့ (၆၁) ခါ ပီပီသသ အော်ရမယ်' လို့ ခေါင်းပြတ်သရဲက အိုဘားမား ကို ယတြာပေးလိုက်တယ်"

"ကဲ. . . Story ဆိုတဲ့ ပုံပြင်လေးကတော့ ဒါပါပဲ အဘိဓာန်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့မှာ မျက်လုံးကြီးပြူး၊ လျှာကြီးတစ်တောင်လောက်ထွက်နေတဲ့ ခေါင်းပြတ်သရဲနဲ့အတူ အိုဘားမားဟာ ဖိုးသူတော်ဝတ်စုံဝတ်၊ ဟသ်ာတောင်ပေါ်ကို ကင်းမြီးကောက်ထောင်ပြီးတက်၊ တောင်ထိပ်ရောက်ရင် တောင်အရပ်မျက်နှာမူ၊ ကြက်ဉသုံးလုံးကို မကွဲအောင် ပါးစပ်ထဲငုံပြီး အော်အီအီးအွတ်လို့ (၆၁) ခါ အော်လိမ့်မယ်။ အဲဒီနေ့မှာ မင်း အိမ်ပြန်ပါ။ အဲဒီအချိန်ဟာ မင်းရဲ့ အိမ်ပြန်မင်္ဂလာအတွက် အသင့်တော်ဆုံး နေ့ကောင်းရက်မြတ်ပဲ အဘိဓာန်"

○

သူ့စကားအဆုံးမှာ ဦးမျိုးမြင့်မိုရ်၏ မျက်နှာကြီး အိုဆင်းသွားကာ ကတုန်ကယင် ဖြစ်သွားသည်။

"ဒါ. . . ဒါဆို ငါ့တူက ဒီတစ်သက် အိမ်ကို ပြန်မလာတော့ဘူးပေါ့ ဟုတ်လား ရဲဝေ"

"အဲလိုကြီးလည်း မဟုတ်ပါဘူးဗျာ၊ သူတို့ပြောသလို ခေါင်းပြတ်သရဲက မျက်လုံးကြီးပြူးပြီး အိုဘားမားနဲ့အတူ"

"တော်ပါတော့ကွာ၊ ခေါင်းပြတ်သရဲပါဆိုမှတော့ ခေါင်းမှ မရှိတာကို ဘယ်နေရာက မျက်လုံးက လာပြူးလို့ရမှာလဲ။ အိုဘားမားကလည်း ဘာဖြစ်လို့ ခေါင်းတုံးကြီး တုံး၊ ဖိုးသူတော်ဝတ်စုံဝတ်ပြီး ဟသ်ာတောင်ကို ကင်းမြီးကောက်ထောင်ပြီး တက်ပါ့မလဲကွာ"

ခေါင်းငိုက်ချ ကျောက်ရုပ်ထုကြီးကို ထိုင်ခုံပေါ် တင်ထားသလိုပါပဲ။ ဦးမျိုးမြင့်မိုရ် မလှုပ်ပါ။ သက်ပြင်းကြီးလည်း ချသည်။ အတွေးကြီးလည်း တွေးသည်။ သည်လူကြီး ဘယ်သူ့အကြောင်းများ တွေးနေလေသည် မသိ။ အိပ့်ပုံ အတွေးအိတ်ကြီးအား ရဲဝေက အလိုက်မသိ လှန့်ပုတ်နှိုး လိုက်သည်။

"ဘယ်သူ့အကြောင်း တွေးနေတာလဲ ဦး"





"ဂျိုးရဲအကြောင်း. . . ဟိုက်"

ဦးမျိုးမြင့်မိုရ် ပါးစပ်က လွှတ်ခနဲ ယောင်ထွက်သွားသည့် နာမည်တစ်ခု၊ သည်နာမည်သည် ရဲဝေ၏ ရင်အား ဆယ်ပေါင်တူကြီးနှင့် ထု ရိုက်လိုက်သည့်နှယ် အသက်ရှူမှားသွားစေလေသည်။ ရဲဝေသည် ဦးမျိုးမြင့်မိုရ်အား ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိလေသည်။ ဦးမျိုးမြင့်မိုရ် သည်လည်း ရဲဝေအား ငေးကြောင်ကြည့်နေမိလေသည်။

သည့်နောက်မှာတော့. . .

○

"မင်းအဖေဆုံးတော့ မင်း ဘယ်အရွယ်မှာလဲ ရဲဝေ"

"ကျွန်တော် သုံးနှစ်သာသာအရွယ်မှာဗျ"

"ဘာရောဂါနဲ့ ဆုံးတာလဲ"

"ဝါတားနစ်ပေါ့ဗျာ"

"ဝါတားနစ် ဟုတ်လား၊ အဲဒီရောဂါ ငါ ခုမှကြားဖူးတာကွ၊ ဝါတားနစ် ဆိုတာ ဆစ်ဖလစ်လိုမျိုး ကာလသားရောဂါလား"

"အာ. . . ဘယ်က ကာလသားရောဂါရမှာလဲ။ ဝါတားနစ်ဆိုတာ ရေနစ်တာကို ပြောတာဗျ၊ ဒီလိုဗျာ မိန်းမတစ်ယောက် သင်္ဘောပေါ်က ပြုတ်ကျပြီး ရေနစ်တယ်၊ အဲ့ဒါကို အဖေက ရေထဲခုန်ဆင်းပြီး ကယ်တယ်။ အဲဒီမိန်းမကတော့ ရှင်တယ် အဖေကတော့ ရေနစ်ပြီးသေတယ်။ အဖေက ရေမကူးတတ်ဘူးလေဗျာ"

ကမ္ဘာကြီးက ကျဉ်းလိုက်တာ။ သည်သားအမိအား ရှာတုန်းက မတွေ့၊ လက်လျှော့ မေ့ပျောက်လုကာမှ လာတွေ့ရပြီလားမသိ။ ဦးမျိုးမြင့်မိုရ်၏ ရင်မှာ တဒိုင်းဒိုင်း ခုန်လှုပ်လာ၏။

"အဲဒီတုန်းက မင်းရွှေ့မှာဖြစ်ခဲ့တာ မဟုတ်လား ရဲဝေ၊ ဘယ်နေရာမှာ ဖြစ်ခဲ့တာလဲ မင်း မြင်ခဲ့တာ အသေးစိတ် ပြောပြစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သုံးနှစ်သာသာပဲရှိတဲ့ အရွယ်လေးဗျ။ ဘယ်လိုလုပ်ပြီး အသေးစိတ် မှတ်မိနိုင်ပါ့မလဲ။ တော်တော်များများကတော့ အမေက ပြန်ပြောပြခဲ့လို့ပါ။ အဲဒီတုန်းက ကျွန်တော် မှတ်မိတာ တစ်ခုတည်းပဲရှိတယ်။ အဲဒီ ရေထဲကျသွားတဲ့ မိန်းမရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ ပုလဲလုံးလေးတွေကို ကျွန်တော်က ဖန်ပေသီးလုပ်ပြီး ပစ်ချင်ခဲ့တာလေ"

ဦးမျိုးမြင့်မိုရ်သည် ရဲဝေအား ကြေကွဲမျက်ဝန်းတွေနှင့် ကြည့်နေ၏။

"ငါ သိပါတယ် ရဲဝေ၊ အဲဒီတုန်းက မင်းတို့မိသားစုက သင်္ဘောပေါ်မှာ လျက်ဆားလိုက်ရောင်းနေတာလေကွာ ဟုတ်တယ် မဟုတ်လား"

"အာ. . . ဘယ်က လျက်ဆားရောင်းရမှာလဲ။ ခင်ဗျားကတော့ ဖြီးဖြန်းပြောရမယ်ဆို နှစ်ယောက်မရှိဘူး။ အဖေက သူ သွားလေရာမှာ သူတို့ရဲ့ မင်္ဂလာဦးပစ္စည်းလေး အော်လံလေးကို အမြဲလွယ်သွားတယ်ဗျ၊ အဲဒီတုန်းက အဖေ့အမျိုးတွေရှိရာကို သွားကြတာ။ မန္တလေးကနေ ပြည်ကူးတဲ့ သင်္ဘောကြီး စီးပြီးသွားတာ၊ မြင်းမူဆိပ်ကမ်းနားကပ်ခါနီးအချိန်မှာဗျ. . ."

○

သင်္ဘောကြီးသည် မကြာခင်မှာ မြင်းမူဆိပ်ကမ်းသို့ ခဏတာ ကျောက်ချ ရပ်နားမည် ဖြစ်သည်။ ဝေသွယ်နှင့် ဂျိုးရဲသည် ရိုးရိုးတန်းမှာ ဖျာကလေးနှင့် ထိုင်နေ၏။ ဝရံတာ သံဆန်ကာနှင့် နည်းနည်းနီးတော့ ဂျိုးရဲက သားတော်မောင် ရဲဝေအား ရင်ခွင်ထဲ ထည့်ထားသည်။ ဂျိုးရဲသည် အော်လံကိုလည်း လွယ်ထား၏။ ကလေးပီပီ ပျင်းလာတော့ ရဲဝေက ကစားချင်လာသည်။ သူ၏ကစားဖော်သည် သူ့အဖေ ဂျိုးရဲ ဖြစ်၏။

"အဖေ ရက်ချားရောင်းတမ်း ကကျားရအောင်ဂျာ"

ဂျိုးရဲကလည်း သား ဘာလုပ်ခိုင်းခိုင်း အလိုလိုက်သည့်သူ၊ သည်တော့ အော်လံအားကိုးနှင့် သားအဖနှစ်ယောက်၏ လျက်ဆားရောင်းသံ





က သင်္ဘောပေါ်မှာ စီစီညံညံထွက်လာသည်။ သူတို့ သည်လို ကစားနေကျဖြစ်၏။

"ကဲ. . . ခင်ဗျာ. . . လျက်ဆား. . . လျက်ဆား၊ ဝယ်ကြပါခင်ဗျာ၊ တစ်ထုပ် တစ်ကျပ်. . . အစုတ်အပြတ်တော့ မဟုတ်ဘူးခင်ဗျ၊ တော်တော် လေးများစားရင် မော်တော်လေးများ သွားသလို ဘွတ်ဘွတ်ဘွတ်ဘွတ်နဲ့ ဘူဘူဘူ ဘွတ်ဘွတ်ဘွတ်"

"ရက်ချား. . . ရက်ချားဂျ. . . ဘူဘူဘူ ဘွတ်ဘွတ်ဘွတ်. . . အားဟားဟားဟား ခစ်ခစ်ခစ် ရက်ချား. . . တဂျပ်. . . တဂျပ်"

ဖအေနှင့်အတူ ရက်ချား. . . ရက်ချား အော်နေသော ရဲဝေ၏ နှုတ်မှ အော်သံလေးရပ်သွားသည်။ ကလေး၏ မျက်လုံးတွေသည် သူတို့ရှေ့တည့်တည့်မှာ လက်ရမ်းအား မှီနွဲ့ရပ်လျက် ပြုံးနေသော မိန်းမလှလေးထံမှ မရွေ့၊ ဂျိုးရဲက အကစားရပ်သွားသော သားတော်မောင်၏ အရိပ်အကဲကို ချက်ချင်း သိလိုက်သည်။ သားတော်မောင် လိုချင်သည်မှာ သူတို့ရှေ့မှာ ပြုံးပြုံးလေး ရပ်နေသည့် အမျိုးသမီး၏ လည်တိုင်မှ ပုလဲပုတီးလုံးလေးတွေ ဖြစ်နေသည်။

"အဖေ အဲဒီ ဖန်ပေတီးလုံးလေးတွေ တားယိုချင်တယ်၊ တား အဲဒီ ဖန်ပေတီးလုံးလေးတွေ ပေတီးကျစ်ချင်တယ်"

"အာ. . . အဲဒါ ဖန်ပေသီးလေးတွေ မဟုတ်ဘူး ပုလဲလို့ ခေါ်တယ်သားရဲ့၊ အဲဒါလေးတွေက ဟောဒီ ရေတွေရဲ့အောက်ဆုံးမှာ ရှိတာ။ နောက်ကျမှ သားအတွက် အဖေ ရေထဲကို ငုပ်ပြီး ယူပေးမယ်နော် သား"

"အား တား အခု ကဂျားမှာလေ၊ အပေ အခု ရေထဲငုပ်တော့လေ"

"အမလေးဗျာ အခုအချိန် ငုပ်လို့ကတော့ အဖေ ရေထဲက ပြန်ပေါ်လာမှာ မဟုတ်တော့ဘူး သားရဲ့"

အယူမသီးသော်ငြား ခရီးသွားတုန်းမှာ သည်လို နိမိတ်ပြစကားမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို အဘယ်မိန်းမက လက်ခံပါမည်နည်း။ ဝေသွယ်သည် သားအဖနှစ်ယောက်လုံးအား ခပ်မာမာ ပြောလိုက်၏။

"တော်ကြ သားအဖ နှစ်ယောက်လုံး တော်ကြ၊ နိမိတ်နမာမရှိကဲ သား. . . သား လိုချင်တယ် မဟုတ်လား၊ အမေဝယ်ပေးမယ် ဘယ်လောက် ပေးရ ပေးရ၊ အမေ ဝယ်ပေးမယ် သား"

ဝေသွယ်သည် ချစ်စရာကောင်းသော လူရည်သန့် အမျိုးသမီးလေးအနီးမှာ ရပ်လိုက်ကာ အပြုံးနှင့် အရောဝင်လိုက်၏။

"တစ်ယောက်တည်းလား ညီမလေး ဘယ်သူပါသေးလဲ"

"အမျိုးသားပါတယ် အစ်မရဲ့၊ အိပ်ခန်းထဲမှာ ကျန်ခဲ့တာ။ အဲဒါအစ်မသားလေးလား၊ ညီမမှာလည်း အဲဒီအရွယ် သမီးလေး ရှိတယ်။ ရန်ကုန်မှာ အဘိုးတွေနဲ့ ကျန်ရစ်ခဲ့လေရဲ့"

"သားကတော့ မြင်တဲ့အတိုင်းပဲ သူ့အဖေက ဘယ်သူနဲ့မှ စိတ်မချသွားလေရာခေါ်၊ အလိုလိုက်ထားတော့ သားက လိုချင်တာဆို ချက်ချင်းရမှလေ။ အဲဒါကြောင့်ပါ ညီမလေးကို ပြောရမှာ အားလည်းနာပါတယ် အဲဒီ ပုလဲပုတီးကုံးလေး အစ်မကို ရောင်းပါ။ ဘယ်လောက်ပေးရပေးရပါ။ အစ်မ ဝယ်ပါ့မယ်၊ ကူညီပါ ညီမ"

အမျိုးသမီးလေးက ဖွဖွလေး ရယ်သည်။ ကြည့်ရသည်ကတော့ သဘောကောင်းပုံရသည်။

"မရောင်းဘူး၊ လဲမယ်လေ အစ်မ၊ အမှတ်တရပေါ့ ဟင်း ဟင်း"

"ဘာနဲ့လဲမှာလဲ ညီမ"

"အခု အစ်မ ဝတ်ထားတဲ့ ယုန်မွှေးဆွယ်တာနဲ့ ဘယ်နှယ့်လဲ"

ဝေသွယ် ခေါင်းနားပန်းကြီးသွားသည်။ တန်ဖိုးက ပုလဲပုတီးလေးကို မမီသော်ငြား သည်ဆွယ်တာသည် ဂျိုးရဲ ကြုံရာအလုပ်တွေ လုပ်ပြီးငွေစု၍ ဝယ်ပေးထားသော အနွေးထည်လေး။ ပြီးတော့ 'ငါ သေမှပဲ ဒီ အင်္ကျီလေးကို စွန့်ပစ်ပါ ဝေသွယ်' ဟု ဂျိုးရဲက ပြောခဲ့ပြီး ပေးခဲ့သော





လက်ဆောင်၊ ဝေသွယ်သည် ဘာလုပ်ရမှန်း မသိတော့ ဂျိုးရဲအား လှမ်းကြည့်လိုက်၏။

"လဲလိုက်ပါ ဝေသွယ်၊ ဒီအချိန်မှာ ငါတို့အပေါ်မှာထားတဲ့ သားရဲ့ယုံကြည်အားကိုးမှုက အဓိကပါ"

သူမတို့နှစ်ဦး၏ အလဲအလှယ်ကိစ္စလေး ပြီးသွားသည်။

သင်္ဘောကြီးလည်း ကမ်းကိုကပ်ပြီ။

ဆိပ်ခံသင်္ဘောနှင့် ကိုယ်ထည်ချင်း တိုက်မိသည်။

သင်္ဘောသည် 'ဒိန်း' ခနဲ တစ်ချက်ခါသွား၏။

ဝေသွယ်သည် သားလက်ထဲသို့ ပုလဲပုတီးကုံးလေး ထည့်လိုက်စဉ်မှာပင် သူမ ကျောခိုင်းရာဘက်ဆီမှ 'အမလေး' ဟူသော အသံနှင့်အတူလူတွေ အလန့်တကြား အော်လိုက်သံကို ကြားလိုက်ရသည်။ သူမ လှည့်ကြည့်လိုက်၏။ ချစ်စရာကောင်းသော အမျိုးသမီးလေးအား မတွေ့ရတော့ပါ။ အမျိုးသမီးလေးသည် ရေထဲကျသွားပြီ ဖြစ်လေသည်။

"သားကို ကြည့်ထား ဝေသွယ်" ဟု ဆိုကာ ဂျိုးရဲသည် ကောင်မလေး ကျသွားရာသို့ ပြေးသွားသည်။ သူမ အံ့သြငေးကြောင်လျက် ဂျိုးရဲကို ကြည့်လိုက်စဉ်မှာပင် ဂျိုးရဲသည် "ဟိုမှာ. . . ဟိုမှာ" ဟု လက်ညှိုးညွှန်လျက် ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းလိုက်သည်ကို ဖျတ်ခနဲသာ တွေ့လိုက်ရသည်။ ဝေသွယ် မျက်လုံးတွေ ပြာသွား၏။

"ကလေးကို ခဏကြည့်ပေးပါ။ သူ ရေမကူးတတ်ဘူးရှင့်" ဟု ဆိုကာ ကလေးအား တွေ့ရာလူထံ အပ်လျက် ဝေသွယ်သည် ဂျိုးရဲ ခုန်ဆင်းရာဘက်သို့ ပြေးသည်။ အောက်သို့ ငုံ့ကြည့်ရင်း လက်ရမ်းမှာ ချည်ထားသည့် တစ်ခုတည်းသော ဘောကွင်းကို ဖြုတ်သည်။ သည်မှာပင် ဂျိုးရဲနှင့် အမျိုးသမီးလေး ယက်ကန်ယက်ကန်နှင့် ဒုတိယအကြိမ် ရေပေါ် ပေါ်အလာမှာ ဝေသွယ်သည် 'ဂျိုးရဲ' ဟု ဝမ်းခေါင်းသံကြီးနှင့် အော်လိုက်ပြီး ဘောကွင်းကို ဂျိုးရဲရှိရာ ပစ်ချလိုက်၏။ ဂျိုးရဲသည် ဘောကွင်းအား



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြောက်လန့်လန့်နှင့် ဖမ်းကိုင်လိုက်နိုင်ပြီ ဖြစ်သည်။ ဝေသွယ် ပျော်သွား၏။

ဒါပေမယ့် အပျော်သည် ခဏလေးသာ ဖြစ်သည်။

"မကြောက်နဲ့ ဒါယူ" ဟု အော်လျက် ဘောကွင်းကို ကောင်မလေး ဘက် တွန်းလွှတ်၏။ ကောင်မလေးက အထိတ်တလန့်နှင့် ဘောကွင်း အား ဖက်တွယ်လိုက်သည်။ ပါးစပ်ထဲမှာ ရေတွေ ဖလူး ဖလူးနှင့် ထွေး လိုက်ရင်း ဂျိုးရဲသည် 'ဝေသွယ်' ဟု သတော်ပေါ်ကြည့်ကာ အော်လိုက်ပြီး ယက်ကန် ယက်ကန်နှင့် လက်ညှိုးလေးထောင်ပြသည်။ ဤလက်ညှိုး လေးသည် နောက်ထပ် ဘောကွင်းတစ်ခုဟု တောင်းခြင်းလား၊ နောက် တစ်ဘဝမှ ဆုံစို့ ဂွတ်ဘိုင်ဟု နှုတ်ဆက်ခြင်းလား သူမ မသိပါ။ ဤ လက်ညှိုးလေးသည် ဂျိုးရဲအား သူမ နောက်ဆုံး မြင်လိုက်ရခြင်းပင် ဖြစ်ပါသည်။

မာယာများသော ရေလှိုင်းထုသည် ဂျိုးရဲအား မည်မျှ နက်ရှိုင်းသော မြစ်အဏ္ဏဝါ၏ ကြမ်းခင်းသို့ ဆွဲခေါ်သွားလေသည် မသိ။ ဘောကွင်း အား ဖက်တွယ် မေ့မြောနေသော အမျိုးသမီးလေးအား လူတွေ ဝိုင်းဝန်း ဆည်မနေသည်ကိုလည်း သူမ မသိ။ ကွဲကြေ နှလုံးအိမ်နှင့် အရူးတစ် ယောက်လို ဆောက်တည်ရာမဲ့ မျက်လုံးတွေက ဝဲယာရေပြင်အနှံ့မှာ ဘယ်နေရာကများ ပေါ်လာလေမည် မသိသော ဂျိုးရဲ၏ လက်တစ်ဖက် အား မျက်ဆံပွင့်ထွက်မတတ် လိုက်ရှာနေလေသည်။

ရေလှိုင်းကတော့ သူမဟုတ်သလို လျှို့ဝှက်ခြင်းကြီးစွာ ဆိတ်ဆိတ် ငြိမ်သက်နေလေသည်။

○

"အဲဒီတုန်းကတော့ ကျွန်တော် ထင်ခဲ့တာက အဖေဟာ ကျွန်တော် ဖန်ပေသီးပစ်ဖို့ ပုလဲလုံးလေးတွေ ရေထဲမှာ ငုပ်ပြီး ရှာနေတာလို့ ထင်ခဲ့





တာပေါ့။ ရက်တွေကြာလာတော့ ကျွန်တော် အဲဒီ ပုလဲလုံးလေးတွေကို မလိုချင်တော့ဘူး။ အဖေ့ကိုပဲ ကျွန်တော် ပြန်လိုချင်တော့တယ်။ အဖေ့ ကို ဘာနဲ့မှမလဲနိုင်ဘူးလို့ ကျွန်တော် သိလိုက်တဲ့အချိန်မှာ အဖေ့ကို ကျွန်တော် ဆုံးရှုံးလိုက်ရတာပါပဲ"

အဖေ့အကြောင်းကို ပြန်ပြောင်းပြောပြရင်းနှင့် ငယ်နုစဉ်ကအရွယ် နှင့်မမျှ ခံစားခဲ့ရသည်တို့က ရင်၌ အသစ်တစ်ဖန် ဖိစီးနင့်သက်လာ သည်။ စကားအဆုံးမှာမှ ရဲဝေသည် ဦးမျိုးမြင့်မိုရ်အား သတိရကာကြည့် လိုက်မိသည်။ မျက်ရည်တွေစီးကျနေသော ဦးမျိုးမြင့်မိုရ်၏ မျက်နှာ ကြီးကို မြင်လိုက်ရတော့ ရဲဝေ မျက်လုံးပြူးသွားသည်။ ရဲဝေသည် ဦးမျိုး မြင့်မိုရ် ၏ မျက်နှာကြီးအား လက်ညှိုးထိုးလျက် တအံ့တဩပြောသည်။

"ဟင်. . . ခင်ဗျား. . . ခင်ဗျား ငိုနေတာလား၊ ကျုပ်အဖေ သေ တာ ခင်ဗျား ဘာလို့ ငိုရတာလဲ၊ ခင်ဗျား. . . ခင်ဗျားကလည်း ကျုပ် အဖေရဲ့ သားများလားဗျာ"

"ဟော့ကောင် ဂျိုးရဲနဲ့ ငါနဲ့က ရွယ်တူကွ၊ ရွယ်တူချင်း ဘယ်လိုလုပ် သားအဖ ဖြစ်ပါ့မလဲ။ ငါ စိတ်မကောင်းလို့ပါ၊ ဝေသွယ့်ကို သနားလို့ပါ ကွာ"

ရဲဝေ ခန္ဓာကိုယ်ကြီး ဆတ်ခနဲ ခါသွားသည်။ ရဲဝေသည် သည်လူ ကြီးအား မသက်ာစွာ မျက်မှောင်ကျုံ့လျက် စူးစူးကြီး ကြည့်နေ၏။

"ခင်ဗျား ဦးမျိုးမြင့်မိုရ် အစစ်ရော ဟုတ်ရဲ့လား၊ အမှန်အတိုင်း ပြော၊ ခင်ဗျား ဦးလေးမောင်ကြီးများလား၊ ဦးလေးမောင်ကြီးက သရုပ် ဆောင်နေတာ မဟုတ်လား"

"ဘာကွ" ဟု အော်ကာ ဦးမျိုးမြင့်မိုရ် အထိတ်တလန့်နှင့် နောက် ဘက်သို့ ခြေနှစ်လှမ်းစာ ခုန်ဆုတ်လိုက်သည်။

"ဘာရမလဲ မျိုးမြင့်မိုရ်ကွ၊ ဟိုတစ်ခါက အလစ်မို့ ခံလိုက်ရတာ၊



www.burmeseclassic.com

www.burmeseclassic.com


လာလေကွာ စမ်းကြည့်လိုက်၊ လေးမောင်လား မျိုးမြင့်မိုရ်လား သိရအောင်"

သည်လူကြီး၏ သည်ပုံစံကို ကြည့်ကာ ရဲဝေသည် ဟက်ဟက်ပက်ပက်ကြီး ရယ်မောလျက် သည်ကနေ့ တွေ့ဆုံခြင်းအား အဆုံးသတ်လိုက်ပါတော့သည်။

"ဟား ဟား ဟား ဟား. . . ဒါမှ ဦးမျိုးမြင့်မိုရ် အစစ်ဗျ၊ ဦးလေးမောင် ဆို ဒီလို အူကြောင်ကြောင်အလုပ်မျိုး မလုပ်ဘူးလေဗျာ ဟား ဟား ဟား ဟား"

■



## အခန်း(၁၀)

"သမီးလေးက ချစ်စရာကောင်းလိုက်တာ၊ မိန်းကလေး တစ်ယောက်အတွက် အပြစ်အနာကင်းတဲ့အလှတရားကို မိခင်ဆီက အပြည့်အဝ ရခဲ့တာပါလား။ သမီးရဲ့မေမေကို သင်္ဘောပေါ်မှာ အမေ ခဏလေးပဲ မြင်ခဲ့ရတယ်။ ဒါပေမယ့် သင်္ဘောလက်ရမ်းကို မှီပြီး ရပ်နေတဲ့ သူ့ပုံလေးဟာ အမေ့မျက်စိထဲမှာ အခုထိ မြင်နေတုန်းပဲ။ အခု စဉ်းစား အခုပြန်မြင်တယ်။ မေတ္တာတရားကလည်း ဆန်းကြယ်လိုက်တာ။ နာမည်တောင် မသိကြဘဲ စကားလေး သုံးလေးခွန်း ပြောခဲ့ရတာနဲ့ပဲ ညီအစ်မရင်းချာလို ခံစားခဲ့ရတယ်။ သူ့ကို ကယ်လို့ ရဲဝေတို့အဖေ ဆုံးခဲ့ရပေမယ့် သမီးမေမေကို အမေ ဘယ်လိုမှ မမုန်းတီး မနာကြည်းခဲ့ပါဘူး။ အဲဒီအတွက် ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမိတယ် သမီး"

နေသွေးရည်တို့ ကြွကြွ လိမ်းခြယ်ထားသော ညနေခင်းလေးမှာ သဒ္ဒါရည်သည် ရဲဝေတို့အိမ်ပေါက်သို့ ရောက်ရှိလာ၏။ အိမ်မှာ ဒေါ်ဆွေသွယ် တစ်ယောက်တည်းပဲ ရှိနေသည့်အချိန်။ "ကျွန်မက ရဲဝေရဲ့သူငယ်ချင်းပါ အန်တီ" ဟု ဦးစွာ ပဋိသန္ထာရစကားဆို၍ ဝင်လာသော ချစ်စရာ


www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးအား "သမီးက သဒ္ဒါရည် မဟုတ်လား၊ လာ. . . သမီး"ဟု ဆို ကာ ဒေါ်ဝေသွယ်က နွေးထွေးစွာ ကြိုဆိုခဲ့သည်။ ဧည့်ခန်းထဲ မထိုင်မီမှာပင် "သမီးက ဦးမျိုးမြင့်မိုရ်နဲ့ ဒေါ်လှသွေးရည်တို့ရဲ့ သမီးပါ အန်တီ" ဟု ကောင်မလေးက ဆိုသည်။ ရဲဝေ၏အမေက "အမေ သိပြီးပါပြီ သမီး" ဟု ပြန်ပြောသည်။ တစ်ဆက်တည်းမှာပင် "အန်တီဆိုတဲ့ အခေါ်ကြီးက သမီးနဲ့ အမေ့ကို စည်းခြားပြီး အဝေးကြီး ပို့ပစ်လိုက်သလိုပဲ သမီး။ အဲ့ဒါကြောင့် 'အမေ' လို့ပဲ ခေါ်ပါ သမီး" ဟု ပြောကာ သဒ္ဒါရည်၏ လက်ကိုဆွဲ၍ ဧည့်ခန်းထဲသို့ ခေါ်လာခဲ့ခြင်း ဖြစ်သည်။

ဒေါ်ဝေသွယ်သည် သဒ္ဒါရည်အား စူးစူးကြည့်လျက် ပြောလိုက်၏။

"အခု သမီး ဒီကိုလာတာ ဘာကိစ္စနဲ့ လာတာလဲ သမီး၊ ရဲဝေနဲ့တွေ့ဖို့လား။ သမီး အစ်ကိုတော်ကို တွေ့ဖို့လား။ ရဲဝေကတော့ အညာဘက်က သမီးရဲ့အဘွားတွေဆီ သွားတယ်။ အဘိဓာန်လေးလည်း ပါသွားတယ်"

"အဲဒါ သမီး သိပါတယ် အမေ၊ သမီး ရဲဝေကို မတွေ့ချင်ပါဘူး။ အခုဟာက အမေ့ဆီကို သမီး တောင်းပန်ဖို့ လာခဲ့တာပါ။ ဖေဖေ ပြောပြလို့ သမီး အကုန်သိခဲ့ရပါပြီ အမေ"

သဒ္ဒါရည်သည် ဒေါ်ဝေသွယ်၏ ဖြူလှိုသော လက်ချောင်းလေးတွေကို အုပ်ကိုင်လိုက်၏။ ရင်ထဲမှ မေတ္တာစီးကြောင်းလေးသည် သူမ အုပ်ကိုင်ထားသော လက်ချောင်းများမှတစ်ဆင့် သွေးကြောတစ်လျှောက် ရှိန်းဖိန်းစီးမျောကာ အမေ့နှလုံးသည်းဆိုင်သို့တိုင် နွေးထွေးစွာ ရောက်ရှိသွားလေသည်။ အမေ့ မျက်ဝန်းတွေအား တွေတွေ စူးစူးကြည့်နေသော သူမ၏ မျက်ဝန်းတွေမှာ မျက်ရည်စတွေ ဝေ့သီလာသည်။

"တောင်းပန်ပါတယ် အမေ၊ လက်တွဲဖော်ကို ဆုံးရှုံးခဲ့ရပြီး အနှစ်နှစ်ဆယ်တိုင်အောင် ဘဝကိုလျှောက်လှမ်းခဲ့ရတယ်။ အမေ့ရင်မှာ ဘယ်လောက်များ နာကျင် ပင်ပန်းခဲ့ရရှာမလဲ။ အမေ အဲလို နာကျင်ပင်ပန်းခဲ့





ရတဲ့အချိန်တွေမှာ အမေတို့ပေးတဲ့ အသက်နဲ့ ဆက်ပြီး အသက်ရှင်ခဲ့တဲ့ မေမေကတော့ မိသားစုနဲ့အတူ အပျော်ရဆုံးအချိန်တွေကို ရရှိပျော်ရွှင်ခဲ့ရပါတယ်။ အဲဒီအတွက် အမေ့ကို တောင်းပန်ပါတယ်။ ကျေးဇူးတင်ပါတယ် အမေ"

ဒေါ်ဝေသွယ်သည် ဦးခေါင်းကို ညင်ညင်ညိတ်သည်။ ပြီးတော့ သူ့ လက်တွေကို အုပ်ကိုင်ထားသော သဒ္ဒါရည်၏ ဖယောင်းသွေး လက်ချောင်းလေးတွေကို ပြန်လည်၍ တင်းတင်းဆုပ်ကိုင်လိုက်လေသည်။

"အမေ လိုချင်ခဲ့တာ အဲဒါပါပဲသမီး။ အဲဒီလိုမျိုး စာနာမှု၊ နားလည်မှု မေတ္တာတရားပါ။ သတင်းစာထဲမှာ ဆက်တိုက်ထည့် ကြော်ငြာခဲ့တဲ့ 'သဘော်ပေါ်တွင် ဇနီးသည်၏ အသက်အား အသက်ပေး၍ ကယ်တင်ခဲ့သည့်အတွက် ကျန်ရစ်သူ လျက်ဆားသည် သားအမိအား ငွေကျပ်သိန်းငါးရာကျပ်နှင့်အတူ လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးအပ် ကျေးဇူးဆပ်လိုပါသဖြင့် သက်သေပြစရာ ပုလဲပုတီးလေးအား ယူလာလျက် ကျွန်တော်တို့ ဇနီးမောင်နှံထံ လာရောက် ဆက်သွယ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ကိုမျိုးမြင့်မိုရ် + မလှသွေးရည် မိသားစု ဆိုပြီး ခအောက်မှာ လိပ်စာလေးနဲ့ အမေ ဖတ်လိုက်ရတယ်။ ကံကြမ္မာကလည်း ဘာကြောင့်များ ဒီလောက် တိုက်ဆိုင်ခဲ့ရတာလဲ။ ဂျိုးရဲက အသက်စွန့်ကယ်တင်ခဲ့တဲ့ မိန်းကလေးဟာ မျိုးမြင့်မိုရ်ရဲ့ဇနီးဖြစ်နေခဲ့တာကို သတင်းစာမှာ တွေ့လိုက်မှပဲ သိလိုက်ရတယ်။ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ အဲဒီတုန်းက ရေပေါ်မှာ ပေါ်လာမယ့် ဂျိုးရဲရဲ့ လက်ကလေးပဲဖြစ်ဖြစ် ခြေထောက်တစ်ဖက်ပဲဖြစ်ဖြစ် ကျောကုန်းလေးပဲဖြစ်ဖြစ် အဲ့ဒါကို ရှာနေမိတာ။ အဲဒီမမြင်ရတဲ့အရာကိုပဲ ရှာနေမိတော့ မြင်နေတဲ့အရာအားလုံးကို ဘာမှမမြင်မိတော့ဘူး သမီး"

"ဖေဖေကလည်း ပြောပါတယ်။ အဲဒီတုန်းက မေမေက [illegible] တော့ မြင်းမူ ဆေးရုံကို ပွဲ့ပြေးပြီး အရေးပေါ်ကုရတယ်။ [illegible]လည်း



www.burmeseclassic.com

www.burmeseclassic.com



လာပေမယ့် အကြောက်လွန်ပြီး အပြင်းဖျားတဲ့အတွက် မန္တလေးဆေးရုံကြီးကို ဆက်တိုက်တင်ရတယ်။ အဲဒီမှာ သုံးရက် အဲဒါနဲ့ မေမေလည်း သက်သာလာရော လင်မယားနှစ်ယောက် မြင်းမူကိုလိုက်တော့ သူတို့ တွေ့ချင်တဲ့ လျက်ဆားသည် သားအမိက မနက်ခင်းကမှ စိတ်လျှော့ပြီး ပြန်သွားကြပြီတဲ့။ လိပ်စာလည်း ပေးမသွားဘူးတဲ့။ အဲလို ဖြစ်ခဲ့တာပါ အမေ"

"သမီးမေမေ ဆုံးသွားပြီလို့သိခဲ့ရတယ်။ အဲဒီအတွက် အမေ စိတ်မကောင်းပါဘူးကွယ်၊ သူ့ခမျာ အရာရာ ပြည့်စုံ သာယာနေပါလျက်နဲ့ ဘယ်တုန်းက ဆုံးခဲ့တာလဲ သမီး"

"သမီး ရှစ်တန်းနှစ်မှာပါ အမေ၊ ကျောက်ကပ် ပျက်စီးတာပါ။ ဖေဖေက အိန္ဒိယကို သွားပြီး အစားထိုးကုသဖို့ အားလုံး အဆင်ပြေသွားတဲ့အချိန်မှာမှ ရောဂါက အနိုင်ယူသွားတာပါ။ မေမေ ဆုံးခါနီးရက်တွေမှာ သမီးကို မှာစရာရှိတာတွေ အကုန်မှာပါတယ်။ အထူးသဖြင့် သူ့အသက်ကို ကယ်ခဲ့ပြီး အသက်ပေးခဲ့သူရဲ့ မိသားစုကို ရအောင်ရှာပြီး ကျေးဇူးဆပ်ဖို့ ပြောပါတယ်။ အမျိုးသားက လျက်ဆားသည်ဆိုတာ သေချာတယ်တဲ့။ အမျိုးသမီးကတော့ လူဂုဏ်တန်အသိုင်းအဝိုင်းက ဖြစ်လိမ့်မယ် ထင်တယ်တဲ့။ သတင်းစာထဲမှာ မေမေတို့ ကြော်ငြာ ဆက်တိုက်ထည့်ပြီး ဆယ်ရက်မြောက်တဲ့နေ့မှာ လူတစ်ယောက်နဲ့ ပုလဲပုတီး ပို့နိုင်းလိုက်တယ်။ မလိုလားအပ်တဲ့ မသမာမှုတွေ ပေါ်လာမှာစိုးလို့ သိန်းငါးရာနဲ့ ကျေးဇူးဆပ်မယ့် အစီအစဉ်ကို ဆက်မလုပ်ပါနဲ့တော့တဲ့။ သိန်းငါးရာကို သူ မလိုချင်ဘူး၊ သူ့ယောကျ်ားရဲ့ အသက်ကိုပဲ သူ ပြန်လိုချင်ပါတယ်တဲ့။ ပုလဲပုတီးလေး လက်ခံရရှိကြောင်း လက်မှတ်ထိုး အတည်ပြုချက်စာလေး ရေးပေးလိုက်ပါ။ တစ်ချိန်မှာ သူ့ယောကျ်ား အမှတ်တရ ဝယ်ပေးတဲ့ ယုန်မွှေးဆွယ်တာလေးကို အဲဒီအတည်ပြုချက်စာလေးနဲ့ လာပြီး ပြန်လဲပါမယ်တဲ့။ အဲဒီကိစ္စတွေ ရှိခဲ့တယ် သမီးလို့





ဆိုပြီး မေမေက အကုန်ပြောပြခဲ့ပါတယ်။ ပြီးတော့ သမီးကိုယ်တိုင် ပိုင်ရှင်လက်ထဲထည့်ပါဆိုပြီး ဟောဒီ ယုန်မွှေးဆွယ်တာလေး သမီးကို အပ်ထားခဲ့ပါတယ်။ အဲဒါကို အမေ လက်ခံပါနော်"

သဒ္ဓါရည်က သူမ၏ ကျောပိုးအိတ်ထဲမှ သေချာထုပ်ပိုးထားသော ဆွယ်တာအကျီလေးအား ထုတ်ယူကာ ဒေါ်ဝေသွယ့်အား တရိုတသေ ပေးလိုက်သည်။ ဆွယ်တာအကျီခေါက်လေးအား ကိုင်လျက် ကြည့်နေသော အမေ့မျက်ဝန်းတွေက လှဲ့လှဲ့ရီရီနှင့်။

"မနေ့ညက အမေ အိပ်မက်မက်တယ်။ ခြံအပြင်ဘက်မှာ နှင်းတွေ တအားကျနေတယ်။ အမေ ကြည့်လိုက်တော့ ခြံဝမှာ ရပ်ကြည့်နေတဲ့ ဂျိုးရဲကို တွေ့လိုက်ရတယ်။ ငါ မင်းဆီကို ပြန်လာပြီ ဝေသွယ်တဲ့။ ဒီနှစ်ဆောင်းက အေးမယ်တဲ့။ မင်း ချမ်းမှာစိုးလို့ မင်းကို ဖက်ထားပေးမလို့ ငါ ပြန်လာတာပါတဲ့။ ဩော်. . . ပြန်ပြောပြရင် လေးဆယ်ကျော် မုဆိုးမ လင်တရှူးထပြီး မက်တာလို့ အပြောခံရဦးမယ်။ လက်စသတ်တော့ ဒီဆွယ်တာလေး ပြန်ရောက်လာတာကိုး။ ဒီကရှေ့မှာ ဆောင်းဦးပိုင်း အေးတော့မှာနဲ့ အတော်ပဲ သမီးရယ်"

ဒေါ်ဝေသွယ်က သူမကို ပြုံးပြသည်။ နှုတ်ခမ်းက ပြုံးနေသော်လည်း မျက်ဝန်းမှ မျက်ရည်တစ်စက် ပေါက်ခနဲ စီးကျသည်ကို မထိန်းလိုက်နိုင်ရှာ။ အမေက အရှက်ပြေ စကားလွှဲသည်။

"ဩော်. . . သမီးကို ပြောပြဦးမယ်။ အဲဒီနေ့က အခုလိုမျိုးပဲ အိမ်မှာ အမေတစ်ယောက်တည်း ရှိနေတုန်း သမီးဖေဖေ ဒီကို ရောက်လာတယ်။ ဒါ ရဲဝေတို့အိမ် ဟုတ်ပါသလားတဲ့။ ကျွန်တော့်တူ အောင်ဇော်လတ်ကို တွေ့ချင်လို့ပါတဲ့။ အမေ့ကိုလည်း တွေ့လိုက်ရော သူ ခေါင်းနပန်းကြီးပြီး တုန်သွားတယ်။ 'ဝေသွယ်' ရဲဝေက နင်နဲ့ ဂျိုးရဲရဲ့ သားလားတဲ့။ ဂျိုးရဲရောတဲ့။ ဒီကောင် ဘယ်မှာလဲတဲ့။ အဲဒါနဲ့ အမေလည်း ဗီရိုထဲမှာ သိမ်းထားတဲ့ ပုလဲပုတီးလေး လက်ခံရရှိကြောင်း၊ သူတို့ လင်

www.burmeseclassic.com



မယား လက်မှတ်ထိုးပေးထားတဲ့ အတည်ပြုချက် စာရွက်လေးကို သူ့ကို ထုတ်ပေးလိုက်တယ်။ မျိုးမြင့်မိုရ် စာရွက်ကြီး ကိုင်ပြီး တော်တော်ကြီး တုန်လှုပ် ချောက်ချားသွားတယ်။ 'ကံတရားက တော်တော် ရက်စက်တာပဲ ဖြစ်မှ ဖြစ်ရလေဟာ၊ ငါ ဘာလုပ်ရမလဲ' ဆိုပြီး မျက်ရည်ပေါက်ပေါက် ကျလာတယ်။ဒါနဲ့ အမေလည်း သူများတွေမြင်ရင် တလွဲထင်ခံရမှာစိုးလို့ 'ဘာမှမလုပ်နဲ့၊ ငိုလည်း မငိုနဲ့တော့ မျိုးမြင့်မိုရ်၊ လောလောဆယ် နင် နင့်အိမ်ပြန်လိုက်တော့ နင် ဘာလုပ်သင့်လဲဆိုတာ ရဲဝေနဲ့တွေ့ပြီး နင့်ဘာသာ ဆုံးဖြတ်။ ရဲဝေက ငါ့ရဲ့ တစ်ဦးတည်းသော သားပါ။ ရဲဝေ စိတ်ချမ်းသာဖို့ ကြိုးစားပါ။ ရဲဝေ စိတ်ချမ်းသာမှ ငါလည်း စိတ်ချမ်းသာမှာပါ မျိုးမြင့်မိုရ်လို့ ပြောလိုက်တယ်။ အမေ ဘာလို့ အဲလိုပြောလိုက်တယ် ဆိုတာ သဘောပေါက်တယ် မဟုတ်လား သမီး"

သဒ္ဒါရည် ရှက်ရွံ့စွာ ခေါင်းငုံ့သွားသည်။ ပြီးတော့ တိုးတိုးလေး ပြောလေသည်။

"ဖေဖေ ပြောပြလို့ သမီး သိခဲ့ပြီးပါပြီ၊ ရဲဝေ အဖေရဲ့ သမီးတို့ မိသားစုအပေါ်မှာ ထားရှိတဲ့ ကျေးဇူးကို သမီးတို့ ဘယ်လိုပဲ ပေးဆပ်ရ ပေးဆပ်ရပါ။ ဖေဖေ ဆုံးဖြတ်တဲ့အတိုင်း သမီး ကန့်ကွက်စရာ မရှိပါဘူး၊ သမီး လက်ခံပါတယ်။ ရဲဝေကိုလည်း ဖေဖေက ဖုန်းနဲ့မေးပြီးပါပြီ။ သဒ္ဒါရည်နဲ့ တိုင်ပင်ပြီးသာ လုပ်ပါတဲ့။ သဒ္ဒါရည့်သဘောပါလို့ ပြောပါတယ် အမေ"

သူမ၏စကားကြောင့် ဒေါ်ဝေသွယ်၏ နှုတ်ခမ်းတွေက ကျေနပ်ခြင်း ကြီးစွာပြုံးသည်။ အတောက်ပဆုံးသော အပြုံးဖြစ်ပါသည်။

"လိမ္မာလိုက်တဲ့ သမီးလေး၊ အမေ ကတိပေးပါတယ်။ ဒီကရှေ့ သမီးအပေါ်မှာ အမေက မိခင်ကောင်းတစ်ယောက်အဖြစ် တစ်သက်လုံး စောင့်ရှောက်သွားပါ့မယ်ကွယ်"

"သမီးလည်း အမေ့ကို ချစ်ပါတယ် အမေ"





"ဒါဆို အမေ မင်္ဂလာရက်ကို ဟိုခေါင်းတုံးကြီးဆီမှာ နေ့ကောင်း ရက်မြတ် ရွေးလိုက်တော့မယ် သမီး၊ နောက်ရက်တွေကစပြီး အမေတို့ ခန်းဝင်ပစ္စည်း အကုန်လုံးရော၊ မင်္ဂလာ အခမ်းအနား၊ မိတ်ကပ် အားလုံးပေါ့ ခင်ဂျမ်းဝင်းနဲ့ စီစဉ်မယ်၊ ခန်းမကို ဘယ်ဟော်တယ် သမီးကြိုက်လဲ ပြောလေ"

"အ. . . အ. . . အမေ၊ အခု အမေပြောတာတွေက ဖေဖေ ပြောတာနဲ့ နည်းနည်းတော့ လွဲနေသလိုပဲ. . . ဟို. . . ဟိုလေ ဖေဖေ ပြောတာက မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ်တော့ မလုပ်တော့ပါဘူးတဲ့။ ဝေသွယ်က ရှက်တတ်တယ်တဲ့။ အသက်ကြီးမှ သားသမီးရှေ့မှာ သတို့သမီး၊ သတို့သားဝတ်စုံကြီးတွေနဲ့ သူရော ငါရော မနေပါရစေနဲ့တဲ့။ ဘုန်းကြီးနဲ့ မင်္ဂလာဆွမ်းကပ်ပြီး ဝေသွယ့်ကို ဖေဖေ့အိမ် ခေါ်လာခဲ့တော့မယ်တဲ့"

"ဘယ်. . . ဘယ်လို. . . ဘယ်လို မျိုးမြင့်မိုရ်က. . . သူနဲ့ ငါနဲ့ မင်္ဂလာဆွမ်းကပ်မယ် ဟုတ်လား"

"ဟင်. . . ဟုတ်တယ်လေ အမေကလည်း၊ မေဖေက ပြောတာ ဝေသွယ်ကတော့ ဖေဖေ့ကို ရှင့်ဘာသာ ဆုံးဖြတ်လို့ပြောလိုက်ပြီးသား။ ဖေဖေ ဝေသွယ့်ရဲ့ အနှစ်နှစ်ဆယ်ကြာ လစ်ဟာနေတဲ့ မေတ္တာကွက်လပ်လေးကို ဖြည့်ပါရစေတော့ သမီးတဲ့။ ရဲဝေကလည်း သမီး သဘောတူရင် သူ သဘောတူပါတယ်လို့ ပြောခဲ့တာတဲ့။ အဲဒါ. . . အဲဒါပဲလေ"

"အမလေး မြတ်စွာဘုရား" ဟု ဘုရားတမိလိုက်ပြီး ဒေါ်ဝေသွယ်သည် သူ့ရင်ဘတ် သူ ဖိလိုက်မိလေသည်။

"အမလေး ဘုရား. . . ဘုရား၊ ဘုရား ကယ်တော်မူပါ၊ ငါ. . . ငါ ပြောနေတာ နင်နဲ့ ရဲဝေတို့ မင်္ဂလာဆောင်ကြဖို့ကိစ္စဟဲ့၊ မျိုးမြင့်မိုရ်နဲ့ ငါက ဘာကိစ္စ မင်္ဂလာဆောင်ရမှာလဲ သဒ္ဒါရည်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရည်သည် ယခုမှ အလွဲအား သိလိုက်ရကာ မျက်လုံးပြူးလျက် ခေါင်းနားပန်းကြီးသွားရှာလေသည်။

“အဲ. . . အဲဒါဆို. . . ပြဿနာပဲ။ ဘာတွေဖြစ်ကုန်မှန်းတောင် မသိတော့ဘူး။ ဖေဖေက ရဲဝေကိုလည်း ပြောပြီးသွားပြီ၊ ရဲ. . . ရဲဝေကလည်း အမေ့ကို ဖေဖေနဲ့ သဘောတူပါတယ်လို့ ဖေဖေ့ကို ပြောလိုက်ပြီတဲ့”

ဒေါ်ဝေသွယ်၏ လက်ထဲမှာ ကိုင်ထားသော ယုန်မွေးဆွယ်တာ အင်္ကျီခေါက်လေး ကြမ်းပြင်ပေါ်သို့ ‘ဘုတ်’ ခနဲ ပြုတ်ကျသွားလေသည်။

○

“အဲဒါပါပဲ ရဲဝေရာ၊ ခရီးရောက်မဆိုက် မင်းကို ခေါ်တွေ့ပြီး ပြောရတာ အားလည်းနာပါတယ်၊ မင်းအမေပြောတဲ့အဓိပ္ပာယ်က တစ်မျိုး၊ ငါမြင်လိုက်တဲ့ အဓိပ္ပာယ်က တစ်မျိုးဆိုတော့ အဲဒီမှာ ဘာသာပြန်တွေလွဲပြီး key ကီးတွေ ကြောင်သွားတော့တာပါပဲ။ ငါက ဝေသွယ့်ကို လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်တည်းက ချစ်ခဲ့တဲ့သူပါ။ လူကြီးချင်းလည်း ရင်းနှီးကြတော့ သူနဲ့ငါက အဆင်မပြေစရာအကြောင်း မရှိပါဘူး။ ဒါပေမယ့် မင်းအမေက အူကြောင်ကြောင်ကွ၊ ငါ့လိုသူဌေးသား တက္ကသိုလ်ကျောင်းသားကို မကြိုက်ဘဲ ဘုန်းကြီးကျောင်းသားကို သွားကြိုက်တယ်။ ဂျိုးရဲကလည်း အရေးအခင်းကာလကြီးမှာ ရူးသလို ပေါသလိုလုပ်ပြီး ဝေသွယ့်ကို ခိုးပြေးသွားခဲ့လို့ ငါ့မှာ မင်းအမေကို ဆုံးရှုံးခဲ့ရတာပါကွာ။ ခုတော့ အဲဒီအခွင့်အရေးကို ငါ လက်မလွှတ်နိုင်တော့ဘူး ရဲဝေ”

ခရီးရောက်မဆိုက်မှာ သည်လူကြီးက အရေးပေါ် S.O.S ဟုဆိုကာ ဖုန်းဆက်ခေါ်သည်။ လက်ဖက်ရည်ဆိုင်လေးထဲမှာ နှစ်ဦးသားဆုံဆုံချင်းမှာပင် သည်လူကြီးက ရင်ကိုဖွင့်ပြသည်။ ရဲဝေအဖို့ ဟာဒ်ရွက်နုတွေပေါ် အကြည့်လွှဲနေသော်လည်းမရ။





“ရှေ့မျက်နှာ နောက်ထားပြီး ရက်ပါတွေ ဦးထုပ်ဆောင်းသလိုပေါ့။ မျက်နှာပူပူနဲ့ ပြောရတော့မှာပဲ ရဲဝေ၊ ငါတို့ ဒီလိုလုပ်ကြရအောင်ကွာ၊ ငါ မင်းကို မိသားဖသားပီပီ တောင်းရမ်းတာပါ။ မင်းအမေကို ငါ့ပေးပါ၊ ငါလည်း ငါ့သမီးကို မင်းကိုပေးမယ် ဘယ်နှယ့်လဲ ရဲဝေ”

သည်လူကြီး ပြဿနာရှာပြီလားမသိ။ သူပြောသလို အမေ့အား သူ့ကို ပေးလိုက်ပါလျှင် လူတွေက သူ့ကို မအေပေးကောင်ဟူ၍ ခေါ်ကြတော့မည်။ အလကားနေရင်း သူသည် မအေပေးကောင် ဖြစ်ရတော့မည်။ ရဲဝေ နှုတ်ခမ်းမဲ့သည်၊ ဦးခေါင်းကို ရမ်းခါသည်၊ သက်ပြင်းချသည်။

“Sorry ပဲဗျာ၊ အဲဒါ မဖြစ်နိုင်တဲ့ကိစ္စပဲ။ ဦးကို အားလည်းနာပါတယ်။ ကျွန်တော့်အမေကို ဦး ယူချင်ရင် ယူပါ၊ ဦး သမီးကိုတော့ ကျွန်တော် မယူနိုင်ပါဘူးခင်ဗျာ”

“ဘာကွ ငါ့သမီးကို မင်းက မယူနိုင်ဘူး ဟုတ်လား၊ မင်း ဘာခွေးစကားပြောတာလဲ ရဲဝေ”

ရဲဝေ တစ်ချက်တွေသွားသည်။ ဦးမျိုးမြင့်မိုရ်အား မျက်မှောင်ကြီးကုတ်လျက်ကြည့်သည်။ ပြီးတော့ မပွင့်တပွင့် ရယ်သည်။

“ဦးကလည်းဗျာ တော်တော်နောက်တာပဲ၊ အဲဒါ လူစကားပါဗျ၊ ခွေးစကားက ဒီလိုလေဗျာ ဝုတ်. . . ဝုတ်. . . အာဝု. . . အီ. . . အူ. . . အု. . . အု. . . အာဝု. . . ဝုတ်. . . ဝုတ်”

ကိုယ့်ရှေ့မှာ အူကြောင်ကြောင်နှင့် ခွေးလို လာအူပြနေသော ရဲဝေကို ကြည့်ကာ ဦးမျိုးမြင့်မိုရ် အတော်ကြီးကို စိတ်ချုပ်တည်းနေရသည်။ ဒေါသဖြစ်လို့ မရသေးသည့်အချိန်။ ဦးမျိုးမြင့်မိုရ် သက်ပြင်းချသည်၊ စိတ်ကို လျှော့ချသည်။

“ငါက မနောက်ဘူး၊ မင်းကသာ နောက်နေတာကွ၊ ငါ သိတယ်ပေါ့ မင်း ငါ့သမီးကို ယူမှာပါကွာ၊ ဟုတ်တယ် မဟုတ်လား ရဲဝေ”



www.burmeseclassic.com

www.burmeseclassic.com



လေပြေအေး အချော့စကားကို ကြားတော့ ရဲဝေ ခေါင်းကုတ်သည်။ စိတ်ရှုပ်ထွေးစွာ ညည်းတွားသည်။

"အဲဒါနောက်တာမဟုတ်ပါဘူးဗျာ၊ တကယ်ပြောတာပါ။ ကျွန်တော်က ဘာလို့ သူ့ကို ယူရမှာလဲ။ အစကတည်းက သဇ္ဇာရည်ကို ကျွန်တော် ယူဖို့အစီအစဉ် လုံးဝကို မရှိခဲ့တာပါဗျာ၊ ဒါကို သဇ္ဇာရည်လည်း သိပါတယ်။ သူကတောင် ပြောပါသေးတယ်၊ ရဲဝေ နင်နဲ့ ငါနဲ့က ဘယ်တော့မှ ချစ်သူရည်းစားဖြစ်နိုင်မှာ မဟုတ်ဘူးတဲ့။ နင်က ငါ့ကို အပျော်ကြံဖို့ လူဖြစ်လာတဲ့ကောင်တဲ့။ အဲဒါ သူ ပျော်နေတဲ့အချိန်မှာ ပြောနေကျစကားဗျ"

ယောက်ျားတို့ဇွဲ သေးကာမှလျှော့ ဆိုလား၊ သေကာမှလျှော့ ဆိုလားမသိ။ ဦးမျိုးမြင့်မိုရ် ဇွဲမလျှော့၊ ဆက်လက် အရေးဆိုသည်။

"ရဲဝေ ခု ငါပြောတာကို သေချာနားထောင်ပါကွာ၊ ဝေသွယ်က ငါ့ကိုပြောတယ်။ ရဲဝေနဲ့ သဇ္ဇာရည့်ကိုသာ မင်္ဂလာကိစ္စ အမြန်ဆုံး ဖြစ်မြောက်အောင် စီစဉ်ပါတဲ့။ ကလေးတွေကိစ္စပြီးသွားရင် နင်နဲ့ ငါနဲ့ ယူဖို့က ဘာခက်တာမှတ်လို့တဲ့ကွာ။ အဲဒါကြောင့် ငါ မင်းကို နားချနေတာပါ။ မင်း ငါ့သမီးကို ယူလိုက်ပါ ရဲဝေ"

ရဲဝေသည် ခေါင်းကို တွင်တွင်ရမ်းကာ ငြင်းဆိုပါလေသည်။

"မယူဘူး. . . မယူဘူးဗျာ၊ ဦး ကျွန်တော့်အမေကို ယူရင်ယူပါ ကျွန်တော်တော့ ဦးသမီးကို မယူပါရစေနဲ့ဗျာ"

ဦးမျိုးမြင့်မိုရ် သည့်ထက် ပိုပြီး သည်းမခံနိုင်တော့ပါ။

"မင်း ဘယ်လိုကောင်လဲ ရဲဝေ၊ ပြောရတာ လက်ပေါက်ကပ်လှချည်လား။ မင်း သဇ္ဇာရည့်ကို မချစ်ဘူးလား"

"ချစ်တာပေါ့ ကမ္ဘာပေါ်မှာ ကျွန်တော် အချစ်ရဆုံးသောသူပါဗျာ"

"အေးလေကွာ၊ မင်းကလည်း သူ့ကို ချစ်တယ်၊ သူကလည်း မင်းကို ချစ်တယ်။ နှစ်ဖက်မိဘတွေကလည်း သဘောတူလို့ မင်းတို့နှစ်ယောက်





ယူကြဖို့ မင်္ဂလာကိစ္စ စီစဉ်တယ်။ ဒီလောက် လွယ်ကူနေတာကို မင်းက ဘာအရှုပ်ထပြီး ငြင်းနေရတာလဲ"

"နေပါဦး ဦးရာ၊ ဦးပြောတာ မှားနေပြီ၊ သဇ္ဇာရည်က ကျွန်တော့်ကို ချစ်တာ မဟုတ်ဘူး ခင်တာဗျ၊ ခင်တာပါဗျာ"

'ရဲဝေ' ဟု ဦးမျိုးမြင့်မိုရ်သည် မျက်လုံးပြူးကြီးနှင့် အော်လိုက်ပြီး စိတ်တိုစွာ ဟန့်တားပစ်လိုက်သည်။

"မင်း အဲလောက်ထိတော့ မတုံးသင့်ဘူးကွ၊ ယောကျ်ားလေး တစ်ယောက်ဟာ ဘယ်လောက်ပဲ အူအူ၊ ဘယ်လောက်ပဲ အအ၊ မိန်းကလေးတစ်ယောက်ကိုတော့ ချစ်တတ်တယ်ကွ၊ အဲလိုပဲ မိန်းကလေးက ကိုယ့်ကို ချစ်နေတာကိုလည်း နှလုံးသားနဲ့ သိတယ်ကွ။ အဲဒါမှ မသိရင်တော့ အဲဒီ ကောင်ဟာ 'ငတုံး' ပဲ။ ဒီမှာ ရဲဝေ သဇ္ဇာရည်က မင်းကို ချစ်နေတာ မင်းရဲ့ပတ်ဝန်းကျင်က ဘယ်သူ့ပဲ မေးကြည့်ကြည့် အားလုံး သိတယ်ကွ။ မင်းသာ မသိတာ ငတုံးကောင်ရဲ့"

ရဲဝေသည် မျက်လုံးကြီး ပြူးလျက် ပါးစပ်အဟောင်းသားနှင့် ငေးကြောင်သွားသည်။ သူ့စိတ်သည် လေနှင် တိမ်နှယ် လွင့်ချင်ရာလွင့်မျောလျက်. . . သူ့နှုတ်မှ တိုးသက်စွာ ညည်းရွတ်ပြောဆိုနေလေသည်။

"ငါ. . . ငါ ငတုံးပါလား၊ ငါ့စိတ်ထဲမှာ ထင်တော့ ထင်တယ်။ နင် ငါ့ကို ချစ်နေတာလို့၊ နင် ငါ့ကို ညာတာပဲ။ နင်ပြောတော့ ငါ့ကို ခင်တာပါဆို။ ခုကျ ချစ်နေတာတဲ့၊ ချစ်နေတာ. . . တဲ့"

ရဲဝေသည် တစ်ယောက်တည်း ညည်းဆိုနေရာမှ ကောင်းကင်ယံသို့ မော့ကြည့်လိုက်လေသည်။ ပြာလဲ့ မိုးသားကောင်းကင်ကြီးသည် ရဲဝေအား ကရုဏာသက်စွာ စီးမိုးကြည့်နေ၏။ ရဲဝေသည် ကောင်းကင်ကြီးနှင့် စကားပြောလေသည်။

"မိုးနတ်မင်း ခင်ဗျာ၊ ကျွန်တော် ခင်ဗျားကို မမြင်ရပေမယ့် ခင်ဗျားက ကျွန်တော့်ကို မြင်နေရပါတယ်။ သဇ္ဇာရည်က ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်နေတာတဲ့။ အဲ့ဒါ ခင်ဗျားလည်းသိမှာပါ။ ပြီးတော့ ခုချိန်မှာ ကျွန်တော်ဟာ အူကြောင်ကြောင်လား ဝတုံးလား ပြောပါခင်ဗျာ"

ဦးမျိုးမြင့်မိုရ်သည်`ရဲဝေအား ကြည့်ကာ ထိတ်လန့်သွားသည်။ ဒီကောင် ရူးသွားပြီလားမသိ၊ ရူးကြောင်ကြောင်နဲ့ ဘာတွေလုပ်နေသည်မသိ။

"ရဲ. . . ရဲဝေ. . . အဲလို မလုပ်နဲ့လေကွာ၊ ခုချိန်မှာ မိုးကြိုးပစ်လိုက်ရင် ငါလည်း စက်ကွင်းမလွတ်ဘူးကွ၊ တော်. . . တော်ပြီလေကွာ"

ရဲဝေသည် ကောင်းကင်ကြီးကို မကြည့်တော့ ဦးမျိုးမြင့်မိုရ်၏ မျက်နှာကြီးကို စူးစူးကြည့်လျက် ပြောလေသည်။

"သဒ္ဒါရည်က သူ ပျင်းတဲ့အခါမျိုးမှာ ရဲဝေ ငါ ပျင်းလို့ ပျော်စရာလေး တစ်ခုလောက်ကြံစမ်းပါဦးလို့ပြောရင် ကျွန်တော်ကလည်း စဉ်းစားပြီး သူပျော်မယ့်အကြောင်းလေးတွေ ပြောပြရတယ်။ အဲဒါကြောင့် သူကပြောတာ 'ရဲဝေ တဲ့၊ နင်က ငါ့ကို အပျော်ကြံဖို့လူ ဖြစ်လာတဲ့ကောင်'တဲ့။ သူ ရယ်နေရင် ကျွန်တော့်ရင်ထဲမှာ ကြည်နူးတယ်။ အဲဒီတုန်းကတော့ သူက ကျွန်တော့်ကို တကယ်ခင်တာဗျ၊ ခုကျမှ ဘယ်လိုဖြစ်ပြီး ချစ်သွားတာတဲ့လဲဗျာ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ကို လက်မထပ်နိုင်ဘူး ဦး"ဟု ပြောကာ ရဲဝေသည် ထိုင်ရာမှ ထလိုက်လေသည်။

"ဦး စဉ်းစားကြည့်ပါ၊ ကျွန်တော်တို့ လက်ထပ်လိုက်ရင် ဦးသမီးနဲ့ ကျွန်တော်နဲ့ လင်မယားဖြစ်သွားပြီ။ သ. . . သဒ္ဒါရည်နဲ့ ကျွန်တော့်ကို အဲ. . . အဲလို ညစ်ပတ်တာတွေ မလုပ်ခိုင်းပါနဲ့ဗျာ၊ ကျွန်တော် သူ့ကို ချစ်တာ အဲဒါတွေ မပါဘူးဗျ၊ ခင်ဗျားဗျာ ဖအေဖြစ်ပြီး ဘာဖြစ်လို့ တော်ပါပြီဗျာ၊ ခင်ဗျားကိုလည်း မတွေ့ချင်တော့ဘူး သွားတော့မယ်ဗျာ"

ဤသို့ ပြောလျက် ရဲဝေသည် ဆိုင်ထဲမှ ကျောခိုင်းထွက်ခွာသွားသည်။ ဦးမျိုးမြင့်မိုရ်သည် ယောင်တောင်တောင်နှင့် မတ်တတ်ရပ်လိုက်





မိရင်း ရဲဝေ၏ ကျောပြင်အား ပါးစပ်အဟောင်းသား ကြည့်လျက် ကျန်ရစ်ခဲ့လေသည်။

"ဘယ်လိုကောင်လဲကွာ. . . အားလုံး ပြေလည်နေမှ ဘာလုပ်တာလဲကွာ၊ ငါတော့ ဒီလိုကောင်မျိုး ကြုံဖူးပေါင်ဗျာ၊ ခွေးမသား မင်းတော့ လားကွာ"

သူ့ဘာသာ ကြိမ်းဝါးပြီးမှ သတိဝင်ကာ ရှက်သွားသည်။ လောကကြီးအား ရှက်သွားခြင်း ဖြစ်ပါသည်။ အရှက်ပြေ သူ ပြောလိုက်မိလေသည်။

ကဲ. . . လောကကြီးခင်ဗျာ၊ ဒီကောင် ရဲဝေပဲ မှားသလား၊ ကျုပ် မျိုးမြင့်မိုရ်ပဲ မှားသလား၊ ဒါမှမဟုတ် လောကကြီးကပဲ မှားနေသလား ကျေးဇူးပြု၍. . . ကျေးဇူးပြု၍. . .

○

"ကျေးဇူးပြုပြီး ဒီအကြောင်းမပြောပါနဲ့တော့ ဒေါ်သဒ္ဒါရည်၊ ကျုပ်မှာ သမီးမိန်းကလေးရဲ့အဖေကြီးဖြစ်ပါလျက်နဲ့ အရှက်ကွဲလှပါပြီ။ သိက္ခာတွေလည်း ကျလှပါပြီ။ ခင်ဗျားလေးကသာ 'ရဲဝေကို သမီး ချစ်ပါတယ်' လို့ ဝန်ခံနေ ဟိုကောင် အူကြောင်ကြောင်က 'သဒ္ဒါရည့်ကို လက်မထပ်နိုင်ပါဘူး' တဲ့လေ။ ကဲ. . . ချစ်ချင်ဦး. . . ချစ်ချင်ဦး သဒ္ဒါရည်"

မနေ့ညက ဒေါ်သူပုန်ထကာ အရက်တွေ ခါတိုင်းထက် ပိုသောက်လျက် သူမအား ဆူပူနေသော ဖေဖေ့ရုပ်သွင်သည် အာရုံထဲက မထွက်။ ရဲဝေရယ် နင့်ကို ငါ ဘယ်လိုနားလည်ရမှန်း မသိတော့ပါဘူး။ နင်က နင်ထင်ရာ နင်လုပ်ဖို့ပဲသိတဲ့ကောင်၊ အလကား အူကြောင်ကျားကောင်။

"သမီး အခုတွေ့ပြီ မဟုတ်လား။ ဖအေတူသားလေ၊ သူ့အဖေတုန်းကလည်း ရေနစ်တဲ့သူကို ကိုယ်က ရေမကူးတတ်ဘဲနဲ့ ဆင်းဆယ်သတဲ့။ အခု သားလုပ်တဲ့သူကျတော့လည်း ကိုယ်က မယူချင်ဘဲနဲ့ သူ့ဘာသာနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မိန်းကလေးကို သွားချစ်သတဲ့လေ။ ဒင်းဘာသာ ဘာပဲဖြစ်ဖြစ် လွှတ်သာထားလိုက်တော့ သမီး"

ဒေါ်ဝေသွယ်၏စကားသံက နားထဲ တိုးဝင်လာပြန်သည်။ ရဲဝေကြောင့် သူမ စိတ်တွေ ရှုပ်ထွေးနေသည်။ 'သဒ္ဒါရည်ရေ ပေး မိကစ်ဖြနီမ. . . ဖြနီမ' ဟူသော အောက်ကလိအာ ခေါ်သံကြီး ကြားလိုက်ရသည်။ သူမ လှမ်းကြည့်လိုက်သည်။ ရဲဝေသည် အင်းလျားလမ်းမကြီး တစ်ဖက်မှ ရပ်လျက် သူမကို လှမ်းခေါ်နေသည်။ သူမ ပျော်သွားသည်။ ဒီကောင့်အား သူမ မတွေ့ရသည်မှာ ကြာပြီလေ။ သူမသည် တွေ့လိုဇောနှင့် ကတ္တရာလမ်းမကြီးအား သတိလက်လွတ် ဖြတ်ကူးလိုက်၏။ ရဲဝေသည် လမ်းလယ်ယာဉ်ကြောသို့ ကြည့်လျက် မျက်လုံးပြူးသွားကာ 'သဒ္ဒါရည်' ဟု အထိတ်တလန့် အော်လျက် သူမထံ ပြေးလာသည်။ လမ်းလယ်ယာဉ်ကြောမှ အရှိန်နှင့် မောင်းလာသော အဖြူရောင်ကားလေးကို သူမ အချိန်နှောင်းမှ မြင်လိုက်ရသည်။ အဖြူရောင်ကားလေးသည် သူမရှိရာသို့ လှစ်ခနဲ ရောက်လာသည်။ သူမ မျက်လုံးတွေ ပြာသွား၏။ ရဲဝေသည် သူမအား ဆောင့်တွန်းပစ်လိုက်သည်။ 'ဒိန်း' ခနဲ အသံက သူမကို လိပ်ပြာလွင့်စင်သွားစေသည်။ မှိတ်ထားသော မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တော့ သွေးအိုင်ထဲမှာ ခွေခေါက်ပုံလဲနေသော ရဲဝေကို မြင်လိုက်ရသည်။

ရဲဝေ. . . .

သူမ အာခေါင်ခြစ်လျက် ချောက်ချားစွာ ဟစ်အော်လိုက်လေသည်။

○

ဤသို့ ရဲဝေအား ကားနှင့်တိုက်သွားသောတရားခံသည် ကိုရီးယားဇာတ်လမ်းတွဲလား၊ မြန်မာဗီဒီယိုကားလား သူမ မသိပါ။ အခုတလော





ကိုရီးယားဇာတ်လမ်းတွဲပဲဖြစ်ဖြစ်၊ မြန်မာဗီဒီယိုပဲဖြစ်ဖြစ် ကားအတိုက်ခံရမည့်အချိန်မှာ ကိုယ်စားဝင် အတိုက်ခံတာတွေ၊ အသည်းအစားထိုးတာတွေချည်း တွေ့နေရသည်။ တော်သေးတာပေါ့ အိပ်မက်က ရဲဝေကားတိုက်ခံရသည့်နေရာမှာ ရပ်သွားလို့သာပေါ့။ ဒါပေမယ့် အိပ်မက်က အိပ်မက်ကောင်းတော့ မဟုတ်။ သွေးအိုင်ထဲမှာ ခွေခွေလေး လဲနေသော ရဲဝေ၏ပုံကို အာရုံမှာ မြင်ယောင်မိလိုက်သည်။ သူမ ရင်ထဲမှာ နင့်ခနဲဖြစ်သွား၏။ ပြီးတော့ စိုးရိမ်မှုတစ်ခုက ရင်ထဲ ရောက်လာသည်။ ဘုရား. . . ဘုရား ဒီကောင် တစ်ခုခုများဖြစ်လို့လား၊ နေမှကောင်းရဲ့လားမသိ။

သဒ္ဒါရည်သည် အိပ်ရာ ခုတင်ပေါ်မှ ဆင်းလိုက်ကာ အခန်းမီးကို ဖွင့်လိုက်သည်။ အိပ်ပျက်ညတွေကို ကျော်ဖြတ်ခဲ့ပြီးဖြစ်သည့် အန်တီလေးခမျာ အခုတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီ ဖြစ်သည်။ ဒီကောင်က ဆိုးတော့မဆိုးပါ။ သူ အူကြောင်ကြောင်လုပ်ခဲ့သည့် အန်တီလေး၏ကိစ္စအား သူကိုယ်တိုင်ပင် မကြောက်မရွံ့ အညာထိလိုက်ကာ ပြေလည်အောင် ရှင်းပြပေးခဲ့သည့် ကောင်လေ။ သူမသည် အိပ်ခန်းစားပွဲလေးရှိရာသို့ သွားကာ စားပွဲပေါ်မှ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ပြီးတော့ သူမ ဖုန်းဆက်သည်။ တစ်ဖက်မှ အိပ်ချင်မူးတူးနှင့် အဲဝူ၏မေတ္တာပို့သံကို ကြားလိုက်ရ၏။

"သဒ္ဒါ ငပျောက်မ အချိန်လည်း ကြည့်ဦး၊ သာသနာဖျက်မ ဒီမှာ အိပ်မက်လေးကောင်းနေတာ၊ အိပ်မက်ထဲမှာလေ မီးက ဘတ်စ်ကားစောင့်နေတုန်း ဂူဂွန်ဖြိုးက အိမ်ရှေ့မင်းသား ဝတ်စုံနဲ့ မြင်းဖြူကြီးစီးပြီး မီးမီးကို Junction Center လမ်းကြုံလိုက်မလား နှစ်ရာငါးဆယ်တော့ ပေးရမယ်ဆိုပြီး ခေါ်နေတုန်းရှိသေးတယ် လူဆိုးမ"

"ငါလည်း အိပ်မက်မကောင်းလို့ နင့်ဆီ မနေနိုင်လို့ ဆက်လိုက်တာပါ။ အဲဝူ နင် အရပ်ထဲမှာ ရဲဝေကို မြင်လား၊ သူ နေကောင်းရဲ့လား အဲဒါ. . . အဲဒါ ငါ သိချင်လို့ပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါ့တော် ကောင်းပါ့ နင့်အကောင်က ဒေါင်ဒေါင်ကို မြည်လို့"

"ကျေးဇူးပါပဲဟာ၊ သူ နေကောင်းရင် ပြီးတာပါပဲ မနက်ဖြန် ငါတို့ကျောင်းမှာ ဆုံရအောင်၊ ငါ သူ့အချစ်ကို စမ်းသပ်မလို့ပါ။ အကြံတစ်ခုရှိတယ်။ နင်တို့ကူညီရလိမ့်မယ်၊ ဒါ ရဲဝေနဲ့ ငါ့အတွက် နောက်ဆုံး ဆုံးဖြတ်ချက်ပါပဲ အိပ် . . . အိပ် . . . အဲဒူ Good night သူငယ်ချင်း"

ကဲ . . . နောက်ဆုံး . . . ဆုံးဖြတ်ချက်ဆိုပါလား ကိုယ့်ဆရာရေ။

■

## အခန်း (၁၁)

သဒ္ဓါရည်က သူမ ပြုလုပ်မည့် အစီအစဉ်ကို ပြောပြသောအခါ အားကိုးရာ သူငယ်ချင်းမနှစ်ယောက်စလုံးက ဤကဲ့သို့ ထောက်ခံကြလေသည်။

"အမလေး ကောင်းလိုက်တဲ့ အကြံအစည်၊ ဆန်းလိုက်တဲ့ ဇာတ်ကွက်ဟယ်၊ ငါ ဟောလိဝုဒ်က ဂျိန်းစ်ကင်မရွန်တို့ စပီးဘတ်တို့၊ ဘောလိဝုက ရပ်ချ်ချိုပရားတို့ဆီတောင် ရောင်းစားချင်လာတယ်။ နင့်ဦးနှောက်က ဒါပဲလားဟဲ့"

"အဲလိုကြီးတော့ မလုပ်ပါနဲ့ဟာ၊ နင့်ဟာကြီးက ဇာတ်လမ်းတွေထဲမှာ ဖန်တစ်ရာတေနေပြီ၊ ရဲဝေကလည်း အဲဒီဇာတ်ကွက်ကြီး ဟိုထဲပါ ဒီထဲပါနဲ့ ခဏခဏကြည့်နေရတော့ သိနေမှာပဲ။ မနက်ခင်း ဒီကောင် လမ်းလျှောက်ထွက်တာနဲ့ လမ်းထဲကနေ ရဲဝေ ထွက်လာတာကို ငါကနေ နင်နဲ့ အဲဒူဆီကို ဖုန်းနဲ့ပြောလိုက်မယ်။ နင်က လမ်းထိပ်မှာ ကျောက်လမ်းမကြီးရဲ့ ဟိုဘက်က စောင့်နေမယ်။ အဲဒူက ခပ်လှမ်းလှမ်းကနေ တားကို ပုံမှန်လေး မောင်းလာမယ်။ နင်က ကားလာတာ မသိတဲ့ပုံစံနဲ့





www.burmeseclassic.com

www.burmeseclassic.com



ရဲဝေလို့ လှမ်းခေါ်ပြီး ကျောက်လမ်းမကို ဖြတ် ရဲဝေက နင့်ကို ကားတိုက်တော့မှာပဲဆိုပြီး ပြေးလာပြီး တွန်းပစ်လိုက်မယ်။ အဲဒါဆို ရဲဝေက နင့်ကို အသက်ထက်ပိုပြီး ချစ်တယ်လို့ နင် သတ်မှတ်မယ်။ လာပြီးတော့ နင့်ကို မကယ်ဘူးဆိုရင် ရဲဝေက နင့်ကို တကယ်မချစ်လို့လို့ နင် သတ်မှတ်မယ်။ အဲလိုလုပ်ပြီး နင်တို့နှစ်ယောက် ပေါင်းဖို့ ခွဲဖို့ ဆုံးဖြတ်မယ်၊ အဲဒါကြီးက ရိုးမနေလွန်းဘူးလား သဒ္ဒါရယ်၊ ရဲဝေကလည်း ဇာတ်ကားတွေ ကြည့်ထားတော့ နင့်ကို ကားတိုက်တော့မယ်ဆိုရင် အဲဗျာ ဇာတ်လမ်းတွေထဲကလိုတော့ဖြစ်ပြီ ထုံးစံအတိုင်း ငါတော့ ကယ်ရတော့မှာပဲဆိုပြီး နင့်ဆီ ပြေးလာကယ်မှာပဲလေဟာ။ သိနေတာကြီးကိုဟာ"

ခေါင်းမာသော ကောင်မလေး သဒ္ဒါရည်က ဦးခေါင်းကို ရမ်းခါသည်။ မိထက်တို့ ဘာပဲပြောပြော သူမကတော့ သည်အတိုင်း လုပ်ကို လုပ်မည့်သူ။

"အဲဒါက ဇာတ်လမ်းထဲမှာပဲလေဟာ၊ အပြင်မှာတော့ ဘယ်သူမှ အဲလိုမဖြစ်ကြသေးဘူးဟ၊ ငါကတော့ လုပ်ကိုလုပ်မှာပဲ၊ အရေးကြီးတာက နင်တို့က သစ္စာဖောက်ပြီး ရဲဝေကို သတင်းမပို့ဖို့ပဲ။ အဲလို သစ္စာဖောက်ရင်တော့ ဒီတစ်သက် နင်တို့ လင်ရမှာ မဟုတ်ဘူး"

ဤစကားသည် မိထက်နှင့် အဲဝူတို့ အကြောက်ဆုံးသော ကျိန်စာဖြစ်လေသည်။

○

လင်းသန့် နံနက်ခင်းလေးပဲဖြစ်သည်။ ကောင်းကင်ကလည်း ကြည်လင်နေသည်။ နေရည်ကလည်း ပျပျလေးသာနေသည်။ ကျောက်လမ်းမဟိုဘက်မှာ သဒ္ဒါရည်သည် လမ်းကို ဖြတ်ကူးဖို့ အသင့်ဖြစ်နေပြီ။ မိထက်ကလည်း ရဲဝေ ထွက်လာပြီဟု သတင်းပို့လိုက်ပြီ။ လမ်းထဲမှ ထွက်လာသော ရဲဝေကို သူမ မြင်တွေ့လိုက်သည်။ သူမ၏ ရင်သည် တဒိတ်ဒိတ်





ခုန်လှုပ်လာ၏။ ရဲဝေကလည်း ကျောက်လမ်းမကို ရောက်တော့မည်။ အဲဝူ ကလည်း ကားကို မှန်မှန်လေး မောင်းလာနေပြီ။ သူမသည် အဲဝူကို မကြည့်တော့ဘဲ မသိဟန်ဆောင်လျက် ရဲဝေအား နာမည်လှမ်းခေါ်ဖို့အား ယူလိုက်၏။ ဒါပေမယ့် သူမ မခေါ်လိုက်ရပါ။ ဖြစ်ချင်တော့. . .

မိုးနတ်မင်းက ပညာပြပြီလား မသိ။ တစ်မနက်လုံး ငြိမ်သက်နေသော မိုးစက်တွေက ယခုမှ ကျဲကျဲလေး ခုန်ဆင်းကျလာသည်။ ရဲဝေသည် သူမကို မမြင်ပါ။ ကောင်းကင်ကို မတ်တတ်ရပ် မော်ကြည့်ပြီးနောက် ခေါင်းတစ်ချက်ညိတ်ကာ လမ်းထဲသို့ ပြန်ဝင်သွားသည်။

ကျောက်လမ်းမပေါ် ရပ်နေသော သူမ အနီးသို့ အဲဝူသည် ကားမောင်းလျက် ရောက်လာကာ ရပ်လိုက်သည်။ အဲဝူက ကားပေါ်မှ ဆင်းလာကာ သူမအနီးမှာ ရပ်လိုက်သည်။

"စိတ်မကောင်းပါဘူး သဒ္ဒါ၊ ဒါဆို သူ့စိတ်ကို သိလိုက်ရပြီပဲ။ ဒီကောင် နင့်ကို မြင်တာနဲ့ လမ်းထဲပြန်ပြေးသွားပြီ မဟုတ်လား"

"မဟုတ်ဘူးဟ၊ ငါ့ကို ဒီကောင်မမြင်ဘူး။ မိုးက ရုတ်တရက် ကျလာလို့ မိုးပေါ်မော့ကြည့်ပြီး ပြန်လှည့်သွားတာဟ၊ ငါ့အထင်တော့ ဦးထုပ်ပြန်ယူတယ် ထင်တာပဲ"

"ဟင်. . . အဲဒါဆို ငါတို့ ဘယ်လိုဆက်လုပ်မလဲ၊ ငါကလည်း ကားကို ဒီထိ မောင်းလာခဲ့ပြီးနေပြီ"

"ဘယ်တတ်နိုင်မလဲ ကျောင်းအစ်မရဲ့၊ နင်လည်း ကားကို back ပြန်ဆုတ်. . . ငါလည်း ခြေလှမ်းလေးတွေ ငါးလှမ်းခြောက်လှမ်း ပြန်ဆုတ်၊ ကဲ. . . မိထက်ကိုလည်း ဟိုကောင် ထွက်လာရင် ထပ်သတင်းပို့ဖို့ ဖုန်းဆက်ရမယ်။ ကဲ. . . လူစု ပြန်ခွဲရအောင်၊ မြန်မြန်လေး"

ဤသည်မှာ လွဲချော်စရာတစ်ခု ဖြစ်လာစေတော့မည်။ အဲဝူသည် ကားမောင်းကျွမ်းကျင်သော်လည်း ကားကို back ပြန်ဆုတ်ရာ၌ အကြောက်ရှာသည်။ ဘာပဲဖြစ်ဖြစ် အဲဝူသည် ကားကို ဘုရားသိကြား တ,တာ



www.burmeseclassic.com

www.burmeseclassic.com



မရဲတရဲနှင့် နောက်သို့ back ဆုတ်မောင်းခဲ့ပါလေသည်။ ခြေလှမ်းလေးတွေ နောက်ဆုတ်လာသော သဒ္ဒါရည်သည် မိထက်ထံသို့ ဖုန်းဆက်လိုက်လေသည်။

၁

ဖုန်းမြည်သံ ကြားရသည်။ နံပါတ်ကို ကြည့်လိုက်တော့ သဒ္ဒါရည် ဖြစ်နေသည်။ မိထက်သည် ပျော်ရွှင်စွာ ဖုန်းဖွင့်လိုက်၏။

"မြန်လှချည့်လား သဒ္ဒါရဲ့၊ ခုတော့ ရဲဝေနဲ့ အိုကေ စိုပြေ ဟျှိမေကိုရေပေါ့ ဟုတ်လား"

"မဟုတ်ဘူး မိထက်၊ အစီအစဉ်က ဆိုင်းငံ့ဖြစ်နေတယ်။ မိုးကျလို့ ရဲဝေ လမ်းထဲ ပြန်လှည့်သွားတယ်။ ငါထင်တာတော့ ဦးထုပ်ပြန်ယူတာယ် ထင်တယ်။ အဲဒါ သူ ပြန်ထွက်လာရင် နင်ထပ် သတင်းပို့ ဒါပဲနော်"

မိထက် သဘောပေါက်သွားသည်။ မိထက်သည် ပျာပျာသလဲနှင့် အိမ်ထဲမှပြေးထွက်လိုက်သည်။ သူမ အိမ်ရှေ့သို့ ရောက်လာသော ရဲဝေနှင့် တိုက်မိမလို ဖြစ်သွားသည်။ "အမလေး" ဟု ရဲဝေက သတ္တိကောင်းစွာ အလန့်တကြား အော်လိုက်မိသည်။

"လန့်သွားတာပဲ မိထက်ရာ၊ မဲမဲအကောင်ကြီး ဝုန်းဆို အိမ်ထဲက ခုန်ထွက်လာတော့"

"လန့်တာ အသာထား၊ နင် ဘာလုပ်တာလဲ၊ လမ်းလျှောက်ထွက်တာ ဦးထုပ်မေ့ရတယ်လို့ တစ်ခါတည်း ဆောင်သွားမှပေါ့ဟ"

"ဦးထုပ်မေ့လို့ မဟုတ်ပါဘူးဟာ၊ မိုးကျလာတော့ ငါ ဒီနေ့ လမ်းမလျှောက်တော့ဘူးဟ အိမ်ပဲ ပြန်နေတော့မလို့"

"ဘာရယ်. . . နင် ဘာပြောလိုက်တာလဲ ရဲဝေ"

ဒေါကန်သွားသော မိထက်ကို ကြည့်ကာ ရဲဝေ မျက်မှောင်ကျုံ့သည်။



"ဘာလဲဟ ငါ့ဘာသာ လမ်းမလျှောက်တော့ဘူးဆိုတာနဲ့ နင့်ဟာက ငါ့ကို သတ်တော့မယ့်အတိုင်းပဲ"

မိထက် အမှားမခံပါ။ သည် အွေကောင်သည်လည်း ဤမျှလောက် ရိပ်မိနိုင်မည် မဟုတ်ပါ။ မိထက် ရယ်သွမ်းသွေးသည်။

"ရဲဝေကလည်းဟာ ငါက ငါ့သူငယ်ချင်း လမ်းလျှောက်ပျက်မှာစိုးလို့ စေတနာနဲ့ ပြောတာပါဟာ၊ ဒီမှာ ငါ့အိမ်က ဦးထုပ်ယူသွား၊ ဒီမိုးလေးကြောင့်တော့ လမ်းလျှောက်မပျက်နဲ့"

"ဒီမိုးကြောင့်ပေါ့ဟာ၊ ငါက ဖျားနေတာ၊ မိုးမိခံလို့ မဖြစ်ဘူးဟာ၊ မိုးမိရင် ပိုဆိုးသွားမှာ နင် စိတ်ချမ်းသာအောင် မနက်ဖြန်ကျ ငါ လမ်းလျှောက်ထွက်ပါ့မယ်ဟာ"

မိထက် ခြေမကိုင်မိ လက်မကိုင်မိ ပျာသွားသည်။ သည်အတိုင်းဆိုပါလျှင် သဒ္ဒါ၏အစီအစဉ်က ပျက်ရာတော့မည်။ မိထက် အကြီးအကျယ် ဣန္ဒြေပျက်နေပြီ။ ပိုဆိုးသည်မှာ ရဲဝေသည် မျက်မှောင်ကြီးကြုတ်လျက် ရိပ်မိသွားခြင်းပဲ ဖြစ်လေသည်။

"ငါ အ အ မဟုတ်ဘူး မိထက်၊ ငါ့ကို ဇွတ်လမ်းလျှောက်ထွက်ခိုင်းတာ နင်မရိုးသားဘူး၊ ငါ့ကို နင် တစ်ခုခု ကြံစည်ထားတယ်။ ငါ စဉ်းစားမယ်၊ ငါ ဒီအတိုင်းမနေဘူး မိထက်"

မိထက် မတတ်နိုင်တော့ပါ။ ဒေါသနှင့် ကြိမ်းကာ ထွက်သွားသော ရဲဝေအား မျက်နှာမသာမယာနှင့် ကြည့်လျက် အိမ်ထဲဝင်ခဲ့သည်။ ပြီးတော့ သဒ္ဒါရည့်ထံ ဖုန်းဆက်လိုက်သည်။

"စိတ်မကောင်းပါဘူး သဒ္ဒါရည်၊ ဒီနေ့ ရဲဝေက လမ်းလျှောက်မထွက် ဖြစ်တော့ဘူးတဲ့"

ဤအခိုက်မှာပင် 'မိထက်' ဟု သူ့နောက်မှ ကပ်လျက်ခေါ်လိုက်သော ရဲဝေ၏အသံကြီးကို အထိတ်တလန့် ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်အကြံ ဒါအကုန်ပဲလား မိထက်"

သည်မှာပင် မိထက်သည် ဖုန်းကို ပိတ်ပစ်လိုက်၏။

○

မိထက် ဘာမှမတတ်နိုင်တော့ပါ။ ရဲဝေသည် အောင်နိုင်သူ စစ်သူကြီး တစ်ယောက်၏မျက်နှာနှင့် အသာစီးမှ ကြည့်နေသည်။ ဘာပဲဖြစ်ဖြစ် အဖြစ်မှန်ကို ရဲဝေအား ရှင်းပြလိုက်တော့မည်ဟု မိထက် စိတ်ဒုန်းဒုန်းချလိုက်၏။

"ငါ အားလုံးကို ရှင်းပြပါ့မယ် ရဲဝေ"

"ဘာမှရှင်းမပြနဲ့ မိထက်၊ ရဲဝေဆိုတဲ့ကောင်က နင်တို့ ရှင်းပြမှသိရမယ့်ကောင် မဟုတ်ဘူး။ ငါ ငအူငအ မဟုတ်ဘူး ပြောစမ်း သဒ္ဒါရည်က ဘာစားချင်လို့တဲ့လဲ"

"ဘာရယ်. . ."

"ဟား ဟား ဟား ငါ မပိန်းပါဘူးဟ၊ ငါ လမ်းလျှောက်ထွက်တဲ့လမ်းမှာ သဒ္ဒါရည် စားချင်တဲ့အစားအစာ နင်က ငါမသိအောင် မှာလိုက်မယ်။ ပြီးတော့ နင် သဒ္ဒါရည့်ဆီ သွားပေးမယ်၊ ဟုတ်တယ် မဟုတ်လား မိထက်"

"အဲ. . . အဲ မဟုတ်ဘူး အဲ. . . အဲ. . . ဟုတ်တယ်"

ရဲဝေက သဘောကျစွာ ရယ်သည်။

"နင်ကလည်းဟာ မပူပါနဲ့ ငါ မသိချင်ယောင်ဆောင်နေလိုက်ပါ့မယ် ပြော၊ သဒ္ဒါရည်က ဘာစားချင်တာလဲ"

"မ. . . မသိဘူး. . . အဲ. . . အဲ. . . နင် ခန့်မှန်းကြည့်ပေါ့ ရဲဝေ"

"မုန့်ဟင်းခါး ခြောက်လမ်းထိပ်က မုန့်ဟင်းခါး"

"အဲတော့ ကွက်တိပဲ"

အမှန်က သဒ္ဒါရည်သည် မုန့်ဟင်းခါး ကြိုက်သူ မဟုတ်ပါ။





ရဲဝေသည် ကျေနပ်စွာ 'ဟက်' ခနဲ တစ်ချက်ရယ်လိုက်ပြီးနောက် မိထက်၏ခေါင်းကို လက်နှင့် ဖွပစ်လိုက်ရင်း ပြောသည်။

"ကဲ. . . မိထက် ငါ သွားဝယ်လိုက်မယ်၊ နင် ဒီကစောင့် ဟုတ်လား"

ကျဲကျဲမိုးစက်လေးတွေအောက်မှာ လမ်းမဘက် ထွက်သွားသော ရဲဝေ၏ ကျောပြင်ကို မိထက် ကြည့်လျက် ကျန်ခဲ့သည်။

ပြီးမှ သတိရကာ သဒ္ဒါရည့်ထံသို့ ဖုန်းဆက်လိုက်သည်။

○

အဲဝူသည် ကားကို သတိထား၍ back ဆုတ်လိုက်သည်။ မူလသတ် မှတ်ရာ နေရာရောက်ခါနီးမှာ သဒ္ဒါရည်၏ဖုန်း ဝင်လာသည်။ အဲဝူသည် ဖုန်းကိုဖွင့်လျက် နားထောင်လိုက်သည်။

"ငါတို့ ဘာဆက်လုပ်မလဲ အဲဝူ၊ မိထက်က ပြောတယ်။ ရဲဝေ ဒီနေ့ လမ်းလျှောက်မထွက်ဖြစ်ဘူးတဲ့"

အဲဝူ ဘာဖြေရမှန်းမသိခင်မှာပင် နောက်ဘက်နားဆီမှ အလန့်တကြား အော်သံကြီး ကြားလိုက်ရသည်။ အဲဝူ ကားကို ဘရိတ်ဆွဲကာ နောက်လှည့်ကြည့်လိုက်၏။ သွားပြီ သတိအလွတ်မှာ နောက်မှ ဗယာကြော်ဗန်းကို တိုက်မိပြီ။ အဲဝူ ဖုန်းကို ကိုင်လျက် ကားပေါ်မှ ဆင်းကြည့်သည်။

"ငါတို့ ဘာဆက်လုပ်မလဲ အဲဝူ"

"ခဏစောင့် ခဏစောင့်ပါဦး သဒ္ဒါ"

အဲဝူသည် ဖုန်းကို ပိတ်လိုက်၏။ ဗယာကြော် ဗန်းကလေးသာ မြင်လိုက်ရတော့ အဲဝူ ရင်အေးသွားသည်။

"တော်သေးတာပေါ့ဟယ်၊ ဗယာကြော်ဗန်းကလေးပဲ တိုက်မိလို့ဟဲ့. . . လူက ဘယ်ရောက်နေတာလဲ ဗယာကြော် ဗယာကြော်သည်. . . ဗယာကြော်သည်. . . နင် ဘယ်သွားနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်မှာပင် အဲဝူ၏ နံဘေး မြောင်းထဲမှ အသံတစ်သံ ကြားလိုက်ရသည်။

"ချွန်ဒေါ် ဘယ်မှမသွားပါဘူး အမား၊ အမားဘက်ဆုတ်ဒယ်၊ မူတူးကို မမြင်ဘူး၊ ချွန်ဒေါ် ဒီမြောင်းထဲ အလျှင်းအမြန် ခုန်ဆင်းလိုက်ရဒယ်၊ ချွန်ဒေါ် အသက်ဘေးက သီးသီလေး လွတ်သွားဒယ်. . . ကဲ. . . အမား ဗျေးဦးဘောက်ကြီး. . . မင်းဂလာ မရှိတော့ဘူး. . . အမား ဘယ်လိုး ရှင်းမလဲ အမား အိုင်အမ်မူတူး. . . ချွန်ဒေါ့်နာမယ် မူတူးဘာ. . . ခု အမား မူတူးကို အရင်အပေါ်ပွေ့တင်ဘာ"

"ဘာရယ် ငါက နင့်ကိုပွေ့တင်ရမယ် ဟုတ်လား ကောင်းပြီလေ"

အဲဝူသည် စိတ်ပေါက်ပေါက်နှင့် မူတူး၏ချိုင်းအား ကိုင်ကာ ဗိုးခနဲ ဆွဲမလိုက်သည်။ မူတူးသည် အလန့်တကြားအော်လိုက်၏။

"အား. . . ဟိုး. . . ဟိုးအမား. . . မူတူး. . . ပဆိုး ကျွတ်. . . ကျွတ်. . . ဟိုးအမား"

အဲဝူ ထိတ်လန့်စွာပင် မူတူးအား ရုတ်တရက် ပြန်လွှတ်ချပစ်လိုက်သည်။ မူတူးအား အဲဝူ မကြည့်ရဲပါ။ ဩော်. . . ဒါကြောင့်လည်း မနေ့ညက အိပ်မက်ထဲမှာ ဂူဇွန်ဖြိုးက မြင်းဖြူကြီးနှင့် လာခေါ်ခြင်းလားမသိ။

"ပ. . . ပ. . . ပဆိုးကျွတ်မယ်လို့. . . ကျွတ်မှာစိုးလို့ ပြောတာဘာ အမား"

သည်အခိုက်မှာပင် သဒ္ဒါရည့်ထံမှ ဖုန်းဝင်လာလေသည်။

"မိထက် ဖုန်းဆက်တယ်။ အခြေအနေက ပြန်ပြောင်းသွားပြီ။ ရဲဝေ အခုပဲ ထွက်လာပြီတဲ့။ နင်လည်း စပြီး မောင်းလာတော့ အဲဝူ၊ ငါ နင့်ကို မကြည့်တော့ဘူးနော်"

"အေး. . . အေး. . . ငါ့ကို စိတ်ချထားလိုက်၊ နင် လုပ်စရာရှိတာ ဆက်လုပ်တော့ သဒ္ဒါ"

ပြောသာ ပြောလိုက်ရသည်။ အဲဝူတစ်ယောက် သည်နေရာမှ





ပြဿနာအား ပြေလည်ရန် မည်မျှကြာအောင် ဖြေရှင်းရဦးမည်မသိ၊ သေချာသည်ကတော့ အဲဝူသည် သဒ္ဒါရည် စီစဉ်ထားသော ကားတိုက်ရန် ဇာတ်ကွက်သို့ မပါဝင်နိုင်တော့ပြီ ဖြစ်ပါသည်။

၀

ခုချိန်ထိတော့ မိုးစက်လေးတွေ ကျဲကျဲ ကျဆင်းနေသည်မှလွဲ၍ နံနက်ခင်းလေးက လင်းသန့်နေဆဲ ဖြစ်သည်။ ကောင်းကင်ကလည်း ကြည် လဲ့နေဆဲ၊ နေခြည်ကလည်း ပျပျလေးသာနေဆဲ။

ကျောက်လမ်းမ ဟိုဘက်မှာ သဒ္ဒါရည်သည် လမ်းကို ဖြတ်ကူးဖို့ အသင့်ဖြစ်နေပြီ။ သည်အခိုက်မှာပင် လမ်းထဲမှ ထွက်လာသော ရဲဝေကို သူမ မြင်တွေ့လိုက်သည်။ သူမ၏ရင်သည် တဒိတ်ဒိတ်ခုန်လှုပ်လာ၏။ ရဲဝေကလည်း ကျောက်လမ်းမသို့ ရောက်ပြီ။ သည်တစ်ခါတော့ ရဲဝေသည် ကောင်းကင်ကို မော်မကြည့်တော့ပါ။

သူမ၏ခြေထောက်လေးတွေကလည်း ကျောက်လမ်းမပေါ် ခုနစ်လှမ်းစာ လျှောက်လာပြီး ရပ်လိုက်သည်။ အဲဝူလည်း ကားမောင်းလာနေသည်အထင်နှင့် သူမသည် အဲဝူရှိရာဘက်သို့ မကြည့်တော့ဘဲ မသိဟန် ဆောင်ကာ လမ်းမထက်မှနေ၍ ရဲဝေအား လှမ်းခေါ်လိုက်၏။

"ရဲဝေ. . ."

သာသာစူးစူးအသံလေးက လမ်းမကြီးကို ဖြတ်ကာ အနီသကောင့်သား အူကြောင်ကျား၏ နားစည်သို့ ရိုက်ခတ်သွားသည်။ ရဲဝေသည် ရုတ်ချည်းပင် လှမ်းကြည့်လိုက်သည်၊ သဒ္ဒါရည့်အား မြင်လိုက်ရပြီ၊ မျက်နှာကြီးက ပြုံးသွားသည်။ ပြီးတော့ ပါးစပ်အဟောင်းသားနှင့် ကျောက်လမ်းမပေါ်မှာ မလှုပ်မယှက်ကြီး ရပ်ကာ သူမအား ငေးကြောင်ကြည့်နေလေသည်။

ဘာလုပ်နေတာလဲ။ ဟိုဘက်မှာ အဲဝူရဲ့ကားက ငါ့ဆီကို တိုက်မလို့



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာနေပြီလေ။ နင် ငါ့နာမည်ခေါ်ပြီး လမ်းကို ဖြတ်ကူးပြေးလာခဲ့လေ။ ဟဲ့. . . နင် ဘာလို့ ကြောင်ပြီးရပ်နေတာလဲ။ ဟဲ့. . . အဲဝူကလည်း ငါ့မျက်လုံးထောင့်ထဲတောင် ရောက်မလာသေးပါလား။

ဤသို့သော ယောက်ယက်ခတ် အတွေးတွေနှင့်ကြောင့် သူမသည် အဲဝူအား စိတ်မရှည်စွာ အဲဝူရှိရာဘက် 'ဖတ်'ခနဲ လှမ်းကြည့်လိုက်သည်။ အဲဝူ၏ ကားသည် သတ်မှတ်ထားရာနေရာမှ ရပ်မြဲ ရပ်နေဆဲ။ လုံးဝထွက်မလာသေးပါ။ သူမ စိတ်ခေတ်ကျသွားသည်။ ရဲဝေဘက်သို့ ပြန်ကြည့်လိုက်၏။ ရဲဝေသည် ကျောက်လမ်းမအစပ်မှာ ကျောက်ရုပ်ကြီးချထားသကဲ့သို့ ရပ်နေကာ သူမအား ငေးကြောင်ကြည့်နေဆဲ။ သည်မှာပင် ဖေဖေ ပြောခဲ့သည့်အကြောင်းတစ်ချက်က သူမ၏နားထဲမှာ သတိပေး ဝင်ရောက် လှုပ်နှိုးလိုက်လေသည်။

"ဒီကောင်က ရောဂါတစ်ခုရှိတယ်။ သိပ်ကို ပျော်စရာ၊ ဝမ်းသာစရာ တွေ့ရင် ရုတ်တရက် ကိုယ်ကြီး တောင့်သွားပြီး ဖွတ်တစ်ကောင် ပုတတ်တစ်ကောင်လို ကြောင်ပြီး သုံးမိနစ်လောက် မတ်တတ်ကြီး မေ့နေတတ်တယ် သမီးရဲ့"

သည်စကားကြောင့် သူမသည် ရဲဝေအား သေချာကြည့်လိုက်သည်။ ဘုရား. . . ဘုရား. . . ဒါဆို ဒီကောင်ပျော်ပြီး ကျောက်လမ်းမပေါ်မှာ မတ်တတ်ကြီး မေ့နေတာပါလား။ သည်အခိုက်မှာပင် ဟိုဘက်ယာဉ်ကြောထဲမှ ရဲဝေ့ရှိရာ မောင်းလာနေသော ကားတစ်စီးကို မြင်လိုက်ရသည်။ သူမ တစ်ကိုယ်လုံး ဖျဉ်းခနဲ သွေးကြောတွေ ဆူကြွသွားကာ ခေါင်းနားပန်းကြီးသွားပါလေသည်။ 'ရဲဝေ' ဟု အော်လိုက်ရင်း သူမသည် ရဲဝေ ရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားကာ ရဲဝေ၏ခန္ဓာကိုယ်အား တွန်းပစ်လိုက်ပါတော့သည်။

တဒင်္ဂမျှသော အချိန်ကလေးအတွင်းမှာပင် ဘာတွေ ဘယ်လိုဖြစ်သွားသည်ကို သူမ မသိလိုက်တော့ပါ။ သူမ နှစ်ပတ် သုံးပတ်လည်





ထွက်သွားသည်။ အရာအားလုံးသည် လေဆင်နှာမောင်းဝဲ ကတော့ကြီးထဲမှာ ဝဲလည်လွင့်ပါသွားသည့်နှယ်။ သူမ၏ မျက်လုံးတွေ ပြာဝေသွားကာ ပိန်းပိတ်အမှောင်ကန့်လန့်ကာကြီး ဖြုတ်ကျလာလေသည်။

"သဒ္ဒါရည်. . . သဒ္ဒါရည်" ဟူသော ရဲဝေ၏ ခေါ်သံက နားထဲမှာ တိုးဝင်လာသည်။ "သဒ္ဒါရည်. . . သဒ္ဒါရည် သတိထားပါ. . . သတိထားပါဟာ"

ရဲဝေ၏ စိုးရိမ်တကြီး လှုပ်နှိုးသံ။

သဒ္ဒါရည်သည် မျက်လုံးတွေကို ဖွင့်ကြည့်လိုက်၏။ သူမအား စိုးရိမ်စွာ ကြည့်နေသော ရဲဝေ၏မျက်နှာ။ ပြီးတော့ သူမသည် ရဲဝေ၏ ရင်ခွင်ထဲမှာ ရဲဝေက သူမကို ထွေးပွေ့ထားသည်။

"သဒ္ဒါရည်. . . သဒ္ဒါရည်. . . မိုက်လိုက်တာဟာ၊ နင် ဘာလို့ ဒီလိုလုပ်ရတာလဲ။ ငါ့လိုကောင်ဟာ နင် အသက်ပေးရလောက်အောင် တန်ဖိုးမရှိပါဘူး။ အဲလို မလုပ်ပါနဲ့။ နောက်ကို အဲလိုမလုပ်ပါနဲ့၊ နင် တစ်ခုခုဖြစ်သွားရင် ငါလည်း ရင်ကွဲပြီး သေသွားမှာလေ။ အဲဒါကို နင် ဘာလို့ မသိရတာလဲ သဒ္ဒါရည်"

သဒ္ဒါရည်သည် ရဲဝေ မေးစင်းနေသော မျက်ဝန်းတွေနှင့် ကြည့်နေ၏။ နှုတ်ခမ်းတွေက ကျေနပ်စွာ ပြုံးနေသည်။ ရင်သည် ကြွလိုက် နိမ့်လိုက်နှင့် မောဟိုက်နေ၏။ လှိုက်ခုန်ရင်ခုန်နှုန်းကျလာမှ သူမ စကားပြောနိုင်လေသည်။

"ရဲဝေ နင် ဘာမှမဖြစ်ပါဘူးနော်"

"ငါ ဘာမှမဖြစ်ပါဘူးဟာ၊ နင် ဘာလို့ ငါ့အသက်ကို ကယ်ရတာလဲ၊ နင့်အတွက် ငါ ဘာလုပ်ပေးရမလဲ၊ နင် ဘာဖြစ်ချင်လဲ၊ ပြောပါ သဒ္ဒါရည်"

သဒ္ဒါရည်၏ မျက်နှာသည် ရှက်ရိပ်ရည်တို့ကြောင့် ပန်းနုရောင်သန်းသွားပြေးလာ၏။ သူမ တိုးသဲ့စွာ ဖွင့်ဟသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို လက်ထပ်ပါ ရဲဝေ"

ရဲဝေ၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ တစ်ချက်တုန်သွား၏။ ပြီးတော့ သဒ္ဓါရည်နှင့် ပါးချင်းကပ်လိုက်ကာ သဒ္ဓါရည့်အား တင်းတင်းဖက်ထားလိုက်သည်။

"လက်ထပ်မှာပေါ့၊ နင့်ကို ငါ လက်ထပ်မှာပေါ့ သဒ္ဓါရည်ရယ်၊ အဲဒီစကားဟာ နင့်ကို ငါ အပြောချင်ဆုံး စကားပါ"

○

ရဲဝေ၏ဖုန်းမှ အသံမြည်လာသည်။ သူငယ်ချင်း မိုးမြင့်ဇော်၏ဖုန်းဝင်လာခြင်း ဖြစ်သည်။ ရဲဝေ ဖုန်းဖွင့်လိုက်၏။ ဘောစိ မိုးမြင့်၏အသံကို ကြားလိုက်ရသည်။

"ဗေဒင်ကိန်းခန်းကတော့ အချိန်အခါကောင်းရပြီ ရဲဝေ၊ မင်း သဒ္ဓါရည့်ကို လက်ထပ်ဖို့ပြောလို့ရပြီ။ နက္ခတ်စုံသွားပြီ သူငယ်ချင်း၊ ဒါပဲနော် ရဲဝေ"

"တကယ်လား. . . တကယ်လား မိုးမြင့်ဇော် ဝမ်းသာလိုက်တာကွာ၊ ငါက ပြောတောင်ပြီးသွားပြီ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ"

သဒ္ဓါရည် မျက်လုံးပြူးသွားသည်။ ရဲဝေ၏ နှုတ်ခမ်းမှ ထွက်လာသော စကားတွေအနက် သူ အကြောက်ဆုံးသော စကားမှာ 'ဝမ်းသာလိုက်တာ' ဟူသောစကား ဖြစ်၏။ ဝမ်းသာလျှင် သည်ကောင်သည် မတ်တတ်ကြီး ငုတ်တုတ်ကြီး မေ့ပေတော့မည်။ သဒ္ဓါရည်သည် ရင်ခွင်ထဲမှ အမြန်ထလိုက်ကာ ငေးကြောင်စပြုနေသော ရဲဝေအား ပါးကို ဖြန်းခနဲ ရိုက်ပစ်လိုက်၏။

"နင် မေ့တော့မလို့လေ၊ နောင်ကျရင် နင့်ပါးစပ်က ဝမ်းသာလိုက်တာလို့ ပြောတိုင်း ပါးတစ်ချက်ရိုက်မယ်၊ ဒီကရှေ့ နင် ဝမ်းသာရဲရင်သာ ကြည့်လိုက် ရဲဝေ"





"ကျေးဇူးပဲဟာ" ဟု ပြောရင်း ရဲဝေက သဒ္ဓါရည်အား ဆွဲထူလိုက်သည်။ သူတို့နှစ်ဦးသည် ယခုမှ တိုက်မိမလို ဖြစ်သွားသော ရပ်ထားသည့် ကားကို သတိပြုမိလိုက်သည်။ အားနာစရာတော့ဖြစ်နေပြီ။ နှစ်ဦးသား အလွမ်းသယ်နေသည်နှင့် သူ့ခမျာ ကားမထွက်နိုင်ရှာသေး။ ကားပိုင်ရှင်သည် စိတ်မရှည်စွာဖြင့် ကားပေါ်မှ ပစ္စည်းတွေကို သုန်မှုန်မျက်နှာကြီးနှင့် ပလက်ဖောင်းပေါ် ချနေသည်။ ရဲဝေသည် အားနာစွာ နှုတ်ဆက်လိုက်၏။

"အားနာစရာတော့ ဖြစ်နေပါပြီဗျာ၊ တောင်းပန်ပါတယ်၊ ကဲ. . . ခင်ဗျားလည်း သွားလိုရာ ဆက်သွားပါတော့ဗျာ"

ဤတွင် ပစ္စည်းထုပ်ကြီး မ,လျက်ရှိနေသော ကားပိုင်ရှင်ကြီးက ရဲဝေအား ဘုကြည့်ကြည့်ကာ ပြောလိုက်သည်။

"ငါက ဘယ်ကိုသွားရမှာလဲ၊ ငါက ငါ့အိမ်ရှေ့ရောက်လို့ ငါ့ဘာသာ ကားရပ်လိုက်တာ၊ မင်းတို့သာ အူကြောင်ကြောင်နဲ့ ကားရှေ့လာပြီး ပြေးလိုက် တွန်းလိုက် ဖက်လိုက် တက်လိုက် ငိုလိုက် ရယ်လိုက် ပါးရိုက်လိုက် နဲ့ မျက်စိကို နောက်နေတာပဲ။ ဘာတွေမှန်းလဲ မသိပါဘူးကွာ"

ကဲ. . . ဘာပြောချင်သေးလဲ ကိုယ့်ဆရာ. . .

■



www.burmeseclassic.com

www.burmeseclassic.com

## အချုပ်ပို - တစ်

"ဟယ်လို ပြောပါ ဦးမျိုးမြင့်မိုရ်ပါ"

"အရာအားလုံးဟာ ဒီမှာပဲ ပြီးဆုံးသွားပြီလို့ ထင်ပါသလား အန်ကယ်"

"ဘာကိုပြောတာလဲ အန်ကယ် မပေါက်ဘူး ဖြစ်နေတယ်"

"ရဲဝေနဲ့ သဒ္ဒါရည်တို့ကိစ္စလေ"

"အာ. . . ဒါလား ပြီးပြီပေါ့ ပွဲသိမ်းပြီလေ၊ သူတို့ပွဲသိမ်းပြီးရင် အန်ကယ်လည်း ပွဲသိမ်းပြီကွယ့် ဟား ဟား ဟား"

"သမီးတို့ရဲ့ အူကြောင်ကြောင် ဆိုက်ကိုမှာတော့ မငိုခင်မှာ ရယ်၊ မရယ်ခင်မှာ ငို၊ တစ်ကျပ်ဖိုး ရယ်ရင် တစ်ကျပ်ဖိုး ငိုရတယ်။ ကျေးဇူးပြု ပြီး မရယ်ပါနဲ့ အန်ကယ်"

"ဟ. . . ဘာလဲကွ၊ ဘာအူကြောင်ကြောင် ဆိုက်ကိုလဲ"

"ရဲဝေက အူကြောင်ကြောင် ကောင်လေ၊ သူက သာမန်လူငယ် မဟုတ်ဘူး၊ အူကြောင်ကြောင် ကောင်လေးတစ်ယောက်ပါ၊ အဲဒါကြောင့် သူ့ကို စိတ်ချပြီး နေလို့မရဘူး။ သဒ္ဒါရည်ဟာ လောကကြီးမှာ အန်ကယ် အချစ်ဆုံး မိန်းကလေး ဟုတ်ပါသလား။ ရဲဝေ အူကြောင်ကြောင်လုပ်တဲ့ အတွက် မင်္ဂလာဆောင်တဲ့နေ့မှာ အန်ကယ် အချစ်ဆုံး မိန်းကလေးကို အန်ကယ် ဆုံးရှုံးရမယ်၊ သူ့ကို အန်ကယ် မပိုင်သလို ရဲဝေလည်း မပိုင် ဘူး။ တခြားသူ ပိုင်သွားမယ်။ အဲဒါ အန်ကယ် သိသင့်တဲ့ အချုပ်ပို- တစ် ပဲ။ အချုပ်ပို-နှစ်ကို သမီး သူငယ်ချင်းက ဆက်ပြောလိမ့်မယ်"

"ဘာတွေလဲ. . . ဘာတွေလဲကွ၊ နေပါဦး မင်း ဘယ်သူလဲ"

"သမီးက လေဒီဂါဂါ ဖြိုးသန္တာပါ ဂွတ်လပ်ပါ အန်ကယ်"

■



## အချုပ်ပို - နှစ်

"ဟယ်လို. . . ပြောပါ ဦးမျိုးမြင့်မိုရ်ပါ"

"အရာအားလုံးဟာ ဒီမှာပဲ ပြီးဆုံးသွားပြီလို့ ထင်ပါသလား အန်ကယ်"

"ဘာကိုပြောတာလဲ အန်ကယ် မပေါက်ဘူးဖြစ်နေတယ်"

"ရဲဝေနဲ့ သဒ္ဒါရည်တို့ကိစ္စလေ"

"အား. . . လာပြန်ပြီလား တစ်ယောက်၊ ဘာလဲ မင်းက အချုပ်ပို- နှစ်ကို ပြောမယ့်သူလား၊ ကောင်းပြီလေ ပြောပါ ကလေးမ"

"မိုးနတ်မင်းကို မြင်ဖူးပါသလား အန်ကယ်"

"ဟော့ ကလေးမ ဒါ နောက်ရမယ့်ကိစ္စ မဟုတ်ဘူးနော်"

"မိုးနတ်မင်းကို မြင်ဖူးပါသလား အန်ကယ်"

"မမြင်ဖူးဘူးကွ၊ မမြင်ဖူးဘူး၊ မင်းက ဘာလုပ်မလို့ မေးရတာလဲ"

"အန်ကယ် မမြင်ဖူးရင် ရဲဝေနဲ့ လိုက်သွားပါ။ ရဲဝေက မိုးနတ်မင်း ကို အရှိအသေပေးပြီး တောင်းပန်ပါလိမ့်မယ် အန်ကယ်။ ဒါ Top Secret ထိပ်တန်းလျှို့ဝှက်ချက်ပါ။ ဘယ်သူမှ မသိပါစေနဲ့"

"မင်းတို့ ငါ့ကိုရှူးအောင်လုပ်နေတာတော့ မဟုတ်ပါဘူးနော်။ ယုတ္တိ တော့ မရှိဘူး။ အဲဒါ တကယ်ဆိုရင်တော့ တော်တော် အံ့သြဖို့ကောင်း တယ်။ အဲဒီကိစ္စ ရဲဝေက ဘယ်တော့လုပ်မှာလဲ"

"မင်္ဂလာပွဲပြီးတာနဲ့ ချက်ချင်း သွားတောင်းပန်ပါလိမ့်မယ် အန်ကယ်"

"ကျေးဇူးပဲ ကလေးမ နေပါဦး မင်းက ဘယ်သူလဲ"

"သမီးက ငါးမြွေထိုး ဘဝင်မ ဆွေလှိုင်ပါ ဂွတ်ဒ်လပ် အန်ကယ်"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

မနက်ဖြန် မနက်ဆိုလျှင် သဒ္ဒါရည်နှင့် ရဲဝေတို့ အာဝါဟ ဝိဝါဟ ထိမ်းမြားမင်္ဂလာပြုလျက် နှစ်ပါးဂဟေဆက် ရွှေလက်မြဲမြဲ တွဲကြပေတော့မည်။ သဒ္ဒါရည်တို့သားအဖသည် ရဲဝေတို့အိမ်သို့ ရောက်နေကြသည်။ အချိန်က ညခုနစ်နာရီပင် ရှိတော့မည်။ ဦးမျိုးမြင့်မိုရ်သည် ရဲဝေအား အရိပ်တကြည့်ကြည့်နှင့် စောင့်ကြည့် အကဲခတ်နေသည်။ ရဲဝေ၏ပုံစံက အခုအချိန်ထိတော့ ဘာမှထူးခြားမှု မတွေ့ရ၊ ခါတိုင်းလို နေမြဲပုံစံပါပဲ။ သမီးလေးကတော့ ဖခင်၏ရင်ထဲမှ ကြောင့်ကြမှုကို မသိရှာ၊ အပြစ်ကင်း စွာ ပျော်နေရှာသည်။

အဘိုးနှင့်အတူ မန္တလေးမှ ဧည့်သည်တွေနှင့် သူငယ်ချင်း သုံးယောက်အား ရှမ်းကန်မှာ ညစာ ဧည့်ခံကာ ဟိုတယ်သို့ ပြန်ပို့ပေးခဲ့ပြီ။ တစ်နေကုန် ဧည့်သည်တွေ၏ ဝေယျာဝစ္စတွေနှင့် ဂျင်ခြေလည်နေခဲ့တော့ ရဲဝေ တော်တော်လေး ပင်ပန်းနေပြီ။ သဒ္ဒါရည်က ရဲဝေ၏ လက်ကိုကိုင်ကာ ခြံထဲက ခုံတန်းလေးရှိရာသို့ဆွဲခေါ်သွားသည်။ ဧည့်ခန်းထဲမှာ ဒေါ်ဝေသွယ်နှင့် ဦးမျိုးမြင့်မိုရ် ကျန်ရစ်သည်။ ဦးမျိုးမြင့်မိုရ် မျက်နှာညှိုးနေသည်ကို ဒေါ်ဝေသွယ် သတိပြုမိပါသည်။





"မျက်နှာမကောင်းပါလား မျိုးမြင့်မိုရ်၊ နင့်ကို ငါ ကြည့်နေတာ၊ နင် သမီးလေးကို နှမြောနေတာ မဟုတ်လား၊ သားသမီးဆိုတာ အမြဲတမ်း ကိုယ့်ရင်ခွင်မှာ ဘယ်ရှိနေနိုင်ပါ့မလဲ။ ငှက်ကလေးတွေကိုသာ အဝေးမပျံနိုင်အောင် အတောင်အလက်တွေကို ကိုက်ထားလို့ရမယ်။ သားသမီးရဲ့အရွယ်ရောက်လာတဲ့ အတောင်အလက်တွေကိုတော့ ဘယ်မိဘမှ ကိုက်ထားလို့ မရနိုင်ပါဘူး။ ဒီအချိန်က ငါတို့ ယူထားတဲ့အရာတွေကို ပြန်ပေးကြရမယ့်အချိန်ပဲလေ"

"နင်ပြောတာတွေလည်း မှန်ပါတယ်။ အဲဒါက မြင်ရတဲ့အရာတွေပါ။ ငါ စိုးရိမ်မိတာက မမြင်ရတဲ့အရာတွေကိုပါ။ လူတွေဟာ ကံကြမ္မာစည်းဝိုင်းကြီးရဲ့အပြင်ဘက်ကို ထွက်နိုင်တဲ့သူ ဘယ်သူများ ရှိလို့လဲ။ မမျှော်လင့်တာတွေ လက်ခံလိုက်ရမှာကို ငါ ကြောက်တာပါ ဝေသွယ်။ ငါ့စိတ်ထဲမှာ ထင့်နေတာက မနက်ဖြန် မင်္ဂလာပွဲမှာ ရဲဝေက တစ်စုံတစ်ခု အူကြောင်ကြောင်လုပ်လိုက်လို့ ငါတို့နှစ်ဦးနှစ်ဖက် အခုမှ လက်ချောင်းလေးတွေ ဆုပ်ကိုင်မိခါစလေး ရှိသေးတာကို ပြန်ဆက်လို့ မရအောင် အက်ကြောင်းကြီး ထသွားမှာ ငါ စိုးရိမ်မိတာပါ"

"နင် စိုးရိမ်လွန်နေတာပါ မျိုးမြင့်မိုရ်၊ ငါကရော အဲလို အဖြစ်မခံသလို ရဲဝေကလည်း အဲလိုလုပ်မယ့်သူ မဟုတ်ပါဘူး။ အဲဒီအတွက်တော့ နင် စိတ်အေးပါ မျိုးမြင့်မိုရ်"

"ကျေးဇူးတင်ပါတယ် ဝေသွယ်၊ အဲဒီအတွက်တော့ ငါ စိတ်အေးလိုက်ပါတော့မယ်။ တခြားတစ်ခုအတွက်လည်း ငါ စိတ်အေးချင်ပါပြီ ဝေသွယ်"

"အဲဒါကတော့ နင့်ကို သိပ်ပြီး မမျှော်လင့်စေချင်ဘူး။ မျှော်သူရဲ့ လက်ချောင်းတွေဟာ အမြဲပဲ ရင်မောခြင်းကို ပွေ့ပိုက်ထားတယ်ဘဲ။ နင့်ကို မမောစေချင်ဘူး မျိုးမြင့်မိုရ်။ ငါ့ရဲ့ နှလုံးအိမ်က ရေသောက်မြစ် ပြုတ်ထွက်သွားတဲ့ သစ်ငုတ်တိုကြီး ဖြစ်သွားပါပြီ။ ရွက်နု ရွက်ညွန့်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်လိုမှထွက်မလာနိုင်တော့ပါဘူး။ သားကို ပြုစုရင်း အနှစ်နှစ်ဆယ် နေလာခဲ့တာ ခေါက်ရိုးကျေသွားတော့ လင်ယောကျ်ားဆိုတာ ငါ့အတွက် အသုံးမဝင်တဲ့ အပိုပစ္စည်းသက်သက် ဖြစ်သွားသလိုပါပဲ မျိုးမြင့်မိုရ်"

သည့်အခိုက်မှာပင် ရဲဝေနှင့် သဒ္ဓါရည်က ဧည့်ခန်းထဲဝင်လာသည်။ လူနှင့်အတူပါလာသော အသံကတော့ လုံးဝ ဘရိတ်မရှိ။

"ဘာမှလျှောက်ပြီး စကားလုံးတွေ ရွတ်ပြမနေနဲ့တော့ အမေ၊ ဒီမုဆိုးဖိုနဲ့ မုဆိုးမကို ကျွန်တော်တို့ ပေးစားမယ်။ သားသမီးတွေက ကောင်းဖို့ စီစဉ်တဲ့ကိစ္စ မျက်နှာပျက်အောင်မလုပ်ပါနဲ့ အမေ"

"ဟဲ့ . . . ရဲဝေ နင် ဘယ်လိုပြောလိုက်တာလဲ၊ အမေ ကန်တော့နော် ဖေဖေ သမီးတို့ ပြန်ရအောင်၊ အမေ ပြန်တော့မယ်နော်"

"ဟင် . . . ပြန်တော့မလို့လား သမီးရဲ့"

"ပြန်တော့မယ် အမေ၊ ဒီမယ် အမေ့သားက ရှစ်နာရီထိုးတော့မယ်တဲ့ ပြန်တော့ အိပ်တော့တဲ့။ သမီးကို နှင်လွှတ်နေတာ အမေ"

"သဒ္ဓါရည် ငါ့ကို အူယားအောင် မလုပ်နဲ့နော်၊ မနက် (၄) နာရီ မိတ်ကပ်ပြင်တဲ့သူလာမှာ၊ နင့်ကို အိပ်ရေးဝစေချင်လို့ စေတနာနဲ့ ပြောတာ ငါ့ကို အူယားအောင် မလုပ်နဲ့ ငါ အူယားရင် နင့်ကို နမ်းပစ်မှာနော်"

"အာ . . . အာ . . . မယားပါနဲ့ မနမ်းပါနဲ့ ရဲဝေ၊ ပြန်တော့မယ် ငါတို့ ပြန်တော့မယ်၊ ကဲ . . . သမီး မိကစ် ဖေဖေတို့ ပြန်ကြရအောင်"

သဒ္ဓါရည်တို့ကား ခြံအပြင်ဘက် ရောက်သွားသည်နှင့် ဆိုဖာပေါ်မှာ မျက်နှာတင်းတင်းနှင့် ထိုင်နေသော အမေ့အား နောက်မှ သိုင်းဖက်လိုက်သည်။ အမေ့ကိုယ်က နွေးနေသည်။ ဩော် . . . အမေသည် အဖေဝယ်ပေးထားသော ဆွယ်တာလေးကို ဝတ်ထားလေသည်။ သူက အမေ့ကို တိုးတိုးလေး မေးလိုက်သည်။

"အမေ . . . အဖေ့ကို သတိရနေတာလားဟင်"





အမေ မဖြေပါ။

မျက်ရည်စီးကြောင်းလေးတစ်ခု အမေ့ပါးပြင်ပေါ်မှ စီးကျလာသည်။

○

မြောက်ပြန်လေက တိမ်ညွန့်တွေပေါ်မှာ မြူးထူးလူးပျော်နေသည့် နဂါးတစ်ကောင်လို လွန့်လွန့်သွဲ့သွဲ့ ဦးခေါင်းပြန်လှည့်လာသည်။ ဘုရားခန်းမှ ပြတင်းတံခါးကို ရဲဝေ ဖွင့်လိုက်တော့ ဤလေပြေတွေက သူ့မျက်နှာအား အေးစက် လက်ချောင်းတွေနှင့် ပွတ်သပ် ကျီစယ်လာပြန်သည်။ ပြတင်းပေါက်မှ ဘုရားခန်းထဲသို့ အအေးဓာတ်တွေလည်း ဝင်လာသည်။ ကျောက်လမ်းမထက်မှ အသံတွေလည်း ဝင်လာသည်။ ရဲဝေသည် ပြတင်းမှာ ရပ်လျက် ခပ်လှမ်းလှမ်းမှ ကျောက်လမ်းမပေါ်သို့ အစိမ့်ဟယ်မဲ့ ငေးရပ်ကြည့်နေလေသည်။ သူ ကျောပေးထားရာ ဘုရားစင်ရှေ့မှာ စိတ်ရှည်ရှည် ပုတီးစိပ်နေသော အမေ့ဆီမှ စိတ်မရှည်သော အသံကို ကြားလိုက်ရသည်။

"နင် မအိပ်နိုင်သေးဘူးလား ရဲဝေ"

"အမေ မနက်ဖြန် ဒီအချိန်ဆို ကျွန်တော်က အဘိုးဝယ်ပေးတဲ့ ရှစ်မိုင်က ခြံမှာ သဒ္ဓါရည်နဲ့အတူ ရှိနေရတော့မယ်။ အမေ့ကို တစ်ယောက်တည်း ကျွန်တော် မထားခဲ့ချင်ဘူး အမေ"

အမေက ဘာမှမပြောဘဲ ငိုင်တွေနေလေသည်။

"အဲဒါကြောင့် အမေ့ကို လင်ပေးစားထားခဲ့ချင်တယ် အမေ"

ကျောပေးထားတော့ ထောင်းခနဲ အမေ ဒေါသဖြစ်သွားသည်ကို သူ မမြင်ပါ။

"ရဲဝေ နင် နောက်လှည့်ကြည့်လိုက်စမ်း၊ ဟိုဟာ ဘာလဲဆိုတာ"

ရဲဝေ လှည့်လိုက်သည်။ အမေ ညွှန်ပြရာသို့ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စီစီညီညီ ထပ်ထားသော အသစ်ကျပ်ချွတ် ဝတ်စုံသုံးစုံနှင့် လွယ်အိတ်ညိုလေး တစ်လုံး၊ ပြီးတော့ ဆေးအမယ်စုံ အဖုံဖုံ။

"ဘွားသီလရှင်ယူနီဖောင်းပဲ ကောင်းတာပေါ့ သာဓုပါဗျာ၊ အမေဘယ်ဆရာလေးကို လှူမလို့လဲ ကျွန်တော်နဲ့ သင့်ဝါလည်း ကုသိုလ်ပါမယ်လေ"

သူ့စကားကြောင့် အမေမျက်နှာ ပိုတင်းသွားသည်။

"နင့်ကို ငါ အစုကတည်းက အပြတ်ပြောထားမယ် ရဲဝေ၊ ငါ့ကို ငါ သဘောမတူဘဲ မျိုးမြင့်မိုရ်နဲ့ ဖွတ်ပေးစားရင်တော့ အဲဒါကို ကြည့်ထား၊ ငါ တစ်သက်လုံး သီလရှင်ဝတ်ပစ်လိုက်တော့မယ်"

အမေ့ကိုကြည့်ကာ ရဲဝေ ဟက်ဟက်ပက်ပက်ကြီး ရယ်သည်။

သူ့ ရယ်လေ အမေက ဒေါကန်လေ ဖြစ်သည်။ ရဲဝေသည် ရယ်ခြင်းအား ရပ်လိုက်ကာ အိမ်ရှေ့လမ်းမဆီသို့ တွေတွေကြီး ကြည့်နေပြန်လေသည်။ အမေက မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ဟူးခနဲ သက်ပြင်းချလိုက်ပြီး လက်နှစ်ဖက်အား ပုဆစ်ဒူးတုပ် ပေါင်ပေါ် ချလိုက်သည်။

"နင် ငါ့ကိုမနှောင့်ယှက်နဲ့တော့ ရဲဝေ၊ ငါ ပြန်ပြီး အစကနေ ပြန်ရှိခိုးရတော့မယ်။ နင့်ဘာသာ ဘာလာပြောနေနေ အိမ်ကြီးတစ်ခုလုံး မီးလောင်သွားတောင်မှ ငါ ထမကြည့်တော့ဘူး ရဲဝေ"

ဒေါ်ဝေသွယ့် မျက်လုံးလေးတွေ မှိတ်သွားသည်။ လက်အုပ်ချီသည်။ ရတနာသုံးပါးအား အာရုံပြုသည်။ ဒေါ်ဝေသွယ် ညတိုင်း ဘုရားရှိခိုးသည်။ လိမ်မပြောပါ ကျန်တဲ့အချိန်တွေမှာ ဂျိုးရဲအား ဘယ်လောက်ပဲ မေ့နေနေ ဘုရားရှိခိုးသည့်အချိန်မှာတော့ အမြဲသတိရသည်။ ရမှာပေါ့လေ။ "နင့်ကို ယူလိုက်တာ တခြားမိန်းမတွေထက် ငါက သာသွားပြီ ဂျိုးရဲ၊ ငါ သူတို့လို ဘုရားရှိခိုးစာတွေ ကျက်စရာ မလိုတော့ဘူးလေ။ ငါ့ယောက်ျား ဘုန်းကြီးကျောင်းသားက အကုန်ရပြီးသား၊ ကဲ. . . ဂျိုးရဲ နင် ငါ့ကို ရှေ့ကနေပြီး ဘုရားရှိခိုးစာ စချပေးပေတော့"





ဤသည်မှာ ဂျိုးရဲ ရှိစဉ်က ဘုရားရှိခိုးတိုင်း သူမ ပြုလုပ်နေကျ အစဉ်အလာပင် ဖြစ်ပါသည်။ အတွေးကြောင့် ဦးခေါင်းကို ရမ်းမိလိုက်သည်။ ကိုယ့်လိပ်ပြာ ကိုယ် မရှက်မိတော့လည်း လွမ်းဆွတ်စွာ ပြုံးလိုက်မိသည်။ ဝေသွယ်သည် ဘုရားရှိခိုးခြင်းအား စတင်လိုက်သည်။ အာရုံမှာ ဂျိုးရဲ၏ ဘုရားရှိခိုး စာချသံကို ကြားလိုက်ရသည်။ ဝေသွယ် လိုက်ဆို လိုက်လေသည်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"

"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ. . . . . . . . . . . . . ဂစ္ဆာမိ"

"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ. . . . . . . . . . . . . ဂစ္ဆာမိ"

"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ. . . . . . . . . . . . . ဂစ္ဆာမိ"

"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ. . . . . . . . . . . . . ဂစ္ဆာမိ"

"အာမဘန္တေပါ အရှင်ဘုရား"

"အာမဘန္တေပါ အရှင်ဘုရား"

"ရတနာသုံးပါးအား ဤသို့ ရှိခိုးဦးခိုက် သရဏဂုံဆောက်တည်ပြီး နောက်"

"ရတနာသုံးပါးအား ဤသို့ ရှိခိုးဦးခိုက် သရဏဂုံဆောက်တည်ပြီး နောက်"

"ကျွန်တော်၏ လျက်ဆားရောင်းခြင်းအား စတင်ပါမည်ခင်ဗျား"

"ကျွန်တော်၏ လျက်ဆားရောင်းခြင်းအား စတင်ပါမည်ခင်ဗျား"

"မိဘပြည်သူအပေါင်းတို့ခင်ဗျား. . ."

"မိဘပြည်သူအပေါင်းတို့ခင်ဗျား. . ."

"ပန်းနာ ချောင်းဆိုး ရင်ကျပ် ချွဲသလိပ်ကပ်နေပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းနာ ချောင်းဆိုး ရင်ကျပ် ချွဲသလိပ်ကပ်နေပါသလား"

"ဘာတွေလိုက်ဆိုနေတာလဲ အမေ"

ရဲဝေ၏ သတိပေးသံကြောင့် ဝေသွယ် မျက်လုံးနှစ်လုံး 'ဖျတ်'ခနဲ ပွင့်သွားသည်။ ဒါပေမယ့် သူမ ကြားနေသော ဂျိုးရဲ၏အသံသည် ပျောက်မသွားဘဲ ပိုပြီးပင် ပီပီပြင်ပြင်ကြီး ကြားနေရလေသည်။

"ခံတွင်းပျက်၊ ရင်ပြည့် ရင်ကယ်၊ လေထိုးလေအောင့် ဖြစ်နေပါသလား"

အသံ. . . ဒီအသံသည် ဂျိုးရဲ၏အသံ။

ဂျိုးရဲ. . . အော်လံနှင့် ပြောနေသည့်အသံ။

ဝေသွယ် ကြက်သီးဖြန်းဖြန်း ထသွားသည်။ ခန္ဓာကိုယ်ထဲက သွေးကြောတွေ ရုတ်ချည်း ဆူကြွလာသည်။ ရင်သည် တဒိုင်းဒိုင်း ခုန်လှုပ်လာ၏။ သူမသည် ဝုန်းခနဲ ထလိုက်ကာ ရဲဝေရှိရာ ပြတင်းတံခါးကို ရောက်သွားသည်။ အသံကြားရရာ ကျောက်လမ်းမဆီသို့ လှမ်းကြည့်လိုက်သည်။

ပိတ်ထားသော ခြံတံခါးဝရှေ့မှာတော့ ခမ်းနားသော တိုက်ကြီးအား မော်ကြည့်လျက် အော်လန်နှင့် အော်နေသော လျက်ဆားသည်။ ကျောမှာ အိတ်ကြီးတစ်လုံး လွယ်ထားသည်။ ဘေးမှာ လျက်ဆားပုံးကို လွယ်ထားသည်။ ပြတင်းတံခါးမှ ရဲဝေ ဘေးလာရပ်သော ဝေသွယ့်ကို မြင်လိုက်တော့ သူ အော်နေသော သူ့ဆေးမဟာ လျက်ဆားအညွှန်းကြီးတိခနဲ ရပ်သွားသည်။ ပြီးတော့ ဝေသွယ့်ကို ငေးကြောင်ပြီး ကြည့်နေရှာသည်။ သူနှင့် ဝေသွယ်သည် အချိန်အကြာကြီး မှင်သက်ငေးကြောင်ကြည့်နေမိကြလေသည်။ ဂျိုးရဲသည် လက်တစ်ဖက်အား မြှောက်လိုက်ကာ 'ဝေသွယ်' ဟု လှမ်းအော်လိုက်သည်။ ဒါပေမယ့် ဘာသံမှ ထွက်မလာ။ လည်ချောင်းထဲမှာ တစ်ဆို့နေလေသည်။ ဝေသွယ်သည် ခြံတံခါးဂိတ်ဝမှာ ရပ်နေသော အစောင့်အား လှမ်းအော်လိုက်၏။





"မျိုးသန့် ခြံတံခါး အမြန်ဖွင့် နင်တို့အစ်ကို ပြန်လာပြီလေ"

နံဘေးမှာ ရပ်နေသော ရဲဝေ၏လက်ထဲသို့ ဝေသွယ်က ယောင်တိယောင်မှားနှင့် သူမ၏ စိပ်ပုတီးကို ထည့်ပေးလိုက်သည်။

"ရော့. . . ရဲဝေ နင် ဆက်စိပ်လိုက်"

ပြီးတော့ သူမသည် ဂျိုးရဲ ရှိရာသို့ ပြေးဆင်းသွားပါလေတော့သည်။

○

ဖွင့်ထားသော ခြံတံခါးကြီးမှ ဝေသွယ် ပြေးထွက်လာသည်။ ဂျိုးရဲသည် အော်လံကြီး လက်တစ်ဖက်မှ ကိုင်ရင်း ဝေသွယ့်အား အလိုက်သင့် ဖက်ထားလိုက်သည်။ ဝေသွယ်သည် ဂျိုးရဲ၏ ရင်ဘတ်ကြီးအား လက်သီးဆုပ် နှစ်ဘက်နှင့် တဘုန်းဘုန်းထုလျက် ငိုကြွေးသည်။

"ဂျိုးရဲ နင် မသေဘူးနော်၊ ဘာလို့ အခုမှ ပြန်လာရတာလဲ။ ငါ့ကို ဘာလို့အကြာကြီး ပစ်ထားရတာလဲ။ နင့်ကို လွမ်းလို့ ငါ သေသွားရင် ဘယ့်နှယ်လုပ်မလဲဟင်"

"ငါ. . . ငါလည်း နင် အဲလိုမျိုး ငါ့ကို လွမ်းလို့ သေသွားမလား စိုးရိမ်ပြီး အဲဒီတုန်းက လာလာပြီး ချိုးချိုးကြည့်ပါတယ်။ နင် ဘာမှမဖြစ်ဘူး ဆိုတာ မြင်ရတော့မှ စိတ်ချပြီး ငါ လျက်ဆားလိုက်ရောင်းနေတာပါ"

"အဲဒါများ နင် အဲဒီကတည်းက တစ်ခါတည်း ပြန်လာပါလား။ အနှစ်နှစ်ဆယ်ရှိမှ အိမ်ပြန်လာရသလား ကျေးဇူးရှင်ရဲ့"

ဂျိုးရဲ ငိုင်တွေသွားသည်။ ဆို့နင့်စွာ ပြောသည်။

"ဝေသွယ်ရယ် နင် ခုဝတ်ထားတဲ့ အနွေးထည်လေး ဝယ်ပေးဖို့ တောင်မှ ငါ့မှာ ခြောက်လလောက် ရှာခဲ့ရတာပါ။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က သိန်းငါးရာဆိုတာ နင်နဲ့ သားအတွက် ငါ ဘယ်လိုမှ အလွယ်မမိတဲ့ ငွေပါဟာ။ ငါ သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ မျိုးမြင့်ဖိုတို့ တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆပ်တဲ့ ငွေလေ။ ငါ အသက်ရှင်ပြီး ပြန်လာရင် အဲဒီ သိန်းငါးရာကို သူတို့ကို နင်တို့သားအမိက ပြန်ပေးလိုက်ရမှာပေါ့။ အဲဒါကြောင့် ငါ ပြန်မလာဘဲ ပုန်းနေခဲ့တာပါ။ ငါ့ကို စိတ်မဆိုးပါနဲ့ဟာ"

"ငါ မယူခဲ့ပါဘူး။ အဲဒီငွေကို ငါ နင်နဲ့ မလဲနိုင်ပါဘူး။ နင်က ငါ့ အတွက် သိန်းငါးရာထက် ပိုပြီး တန်ဖိုးရှိပါတယ်။ နောက်ပြီး နင့်မိန်းမ က မျိုးမြင့်မိုရ်တို့ထက် ချမ်းသာတဲ့ သူဌေးသမီးပါ"

ဂျိုးရဲ တွေသွားသည်။ မေးကြောကြီးတွေ ထောင်ထလာသည်။ ပြီးတော့ မချိတင်ကဲ ပြောရှာသည်။

"ဟုတ်တာပေါ့၊ နင်က သူဌေးသမီးပဲ။ ငါ အဲဒါကို မစဉ်းစားမိဘူး။ ငါ တော်တော်တုံးတာပဲဟာ"

ဝေသွယ်သည် ဂျိုးရဲ၏မျက်နှာအား ပျောက်ကွယ်သွားတော့မည့် အရာတစ်ခုလို ကြည့်နေမိလေသည်။ နင် ဘယ်လိုများ ဖြတ်သန်းခဲ့ရတာ လဲ။ ဘာတွေဖြစ်ခဲ့ရတာလဲ ဂျိုးရဲရယ်ဟု စိတ်ထဲမှ မေးလိုက်မိလေသည်။ ဒါပေမယ့် . . .

"ဘာတွေဖြစ်ခဲ့တာလဲဆိုတာတော့ ငါလည်း မသိလိုက်တာရှိတယ်။ ဆီမီးခုံကိုကျော်တော့ ကျီကုန်းဆိုတဲ့ ရွာလေးမှာ ငါက ဘူးသီးခြောက် ကြီး ဖက်ပြီး မျောလာတာတဲ့။ သတိလည်း မေ့နေတယ်တဲ့။ ရေနစ်တဲ့ အချိန်နဲ့ မသေဘဲ အဲဒီရွာ ရောက်သွားတဲ့အချိန်ကြားမှာ ဘာတွေဖြစ် တယ်ဆိုတာ ငါ မသိလိုက်ဘူး။ စဉ်းစားလို့လည်း မရဘူး ဝေသွယ်"

လောကကြီးကိုလည်း မေ့၊ သားတစ်ယောက်လုံး ငုတ်တုတ်ကြီး ရှိနေသည်ကိုလည်း မေ့နေကာ အလွမ်းသယ်ကောင်းနေသော လင် မယား အား ရဲဝေသည် ပြတင်းမှ ကြည့်နေရင်း မြင်ပြင်းကပ်စွာ လှမ်း အော်လိုက်၏။

"ဒီမှာ အဖေနဲ့ အမေ၊ ခင်ဗျားတို့ နောက်ကြောင်းပြန်နေတာ မပြီးနိုင်ကြသေးဘူးလား။ မိုးချုပ်ပြီ၊ အိမ်ထဲဝင်ကြတော့ဗျ"





သားတော်မောင်အား ကြည့်ကာ ဂျိုးရဲ ပခုံးတွန့်သည်။ ပြီးတော့ ဝေသွယ် ဘယ်လိုမှ ထင်မှတ်မထားသော စကားကို ဂျိုးရဲထံမှ ကြား လိုက်ရလေသည်။

"မေတ္တာတရားဟာ တော်တော့်ကို ဆန်းကြယ်ပါတယ် ဝေသွယ်။ သားဟာ အဖေ မသေသေးဘူးဆိုတာ ဘယ်လိုများ အာရုံတွေ့ရသလဲ မသိပါဘူး။ သားနဲ့ သား သူငယ်ချင်းသုံးယောက်က သူ့အဘိုးနဲ့ တိုင်ပင် ပြီး မင်း မသိအောင် ငါ့ကို လိုက်ရှာနေတာ ငါးနှစ်ရှိပြီကွ။ လောကကြီး မှာ ရှာရအခက်ဆုံးအရာဟာ ပုန်းနေတဲ့သူပါပဲ။ ဒါပေမယ့် နောက်ဆုံးမှာ မိုးမြင့်ဇေတို့ သုံးယောက်က ငါ့ကို ဖမ်းမိလိုက်တယ်။ သားက မျိုးမြင့်မိုရ် ရဲ့ သမီးကို လက်ထပ်ဖို့ကိစ္စကိုတောင်မှ အဖေ အိမ်ပြန်ရောက်မှ သူ လက်ထပ်လို့ ဖြစ်မှာတဲ့။ အဖေ ပြန်မလာရင်တော့ အမေ့ကို မျိုးမြင့်မိုရ် ကို ပေးရတော့မှာတဲ့။ အဲဒါကြောင့် ငါ အချိန်ကိုက် ပြန်လာခဲ့တာပါ ဝေသွယ်။ ရဲဝေက အူကြောင်ကြောင်ဆိုပေမယ့် ခေါင်းမာတယ် ဝေသွယ် မင်းအတိုင်းပါပဲ"

ပြီးတော့ နိဂုံးချုပ်စကားကို သရော်တော်တော် ပြောဆိုသည်။

"ဩော် . . . အခုမှ ငါသိလိုက်ရတယ်၊ ရက်စက်လိုက်တာကွာ၊ ငါ မောမှာပေါ့ကွ၊ အနှစ်နှစ်ဆယ်စာကြီးကို တောက်လျှောက်ပဲ မတ်တတ် ကြီး ပြောလိုက်ရတာကိုး။ မင်းတို့ဘဝကြီးထဲမှာ ငါ့အခန်းကလည်း အနှစ် နှစ်ဆယ်စာ ပျောက်နေခဲ့ရတာပါလား ဝေသွယ်ရယ်"

○

ရဲဝေနှင့် သဒ္ဓါရည်တို့၏ မင်္ဂလာပွဲက စည်စည်ကားကား ခမ်းခမ်း နားနား ပျော်ပျော်ရွှင်ရွှင်နှင့် ဖြစ်ပါသည်။ မင်္ဂလာပွဲပြီးခါနီးတွင် ရဲဝေ သည် သဒ္ဓါရည်အား အူကြောင်ကြောင် မေးခွန်းတစ်ခု မေးလေသည်။

"နင် ငါ့ကို ဘာလို့ချစ်တာလဲ သဒ္ဓါရည်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ချစ်တာလဲဆိုတော့ နင်က အူကြောင်ကျားမို့လို့ပေါ့ ရဲဝေ ရဲ့"

"ငါက အူကြောင်ကျား မဟုတ်ရင်ကော နင် ငါ့ကို ချစ်မှာလား သဒ္ဒါရည်"

"မချစ်လောက်ဘူး ထင်တယ် ရဲဝေ၊ ငါ့နှလုံးသားက သာမန်ကောင်လေးတွေအတွက် ရင်ခုန်တဲ့ ဆော့ဝဲ ထည့်မထားဘူး။ အဲဒီမေးခွန်းကို နင် ဘာလို့မေးရတာလဲ ရဲဝေ"

ရဲဝေသည် သဒ္ဒါရည်၏ လက်ကလေးကို ဆုပ်ကိုင်လိုက်လေသည်။

"နင်နဲ့ ငါနဲ့ ချစ်သူ ရည်းစားမဟုတ်ကြတော့ပါဘူး။ အခုဆို အကြင်လင်မယား ဖြစ်သွားကြပြီ။ ငါ အူကြောင်ကျား မဖြစ်ချင်တော့ဘူး။ တခြားသူတွေလိုပဲ တည်တည်ကြည်ကြည်နဲ့ စီးပွားရှာချင်တယ်။ ငါ တည်တည်ပဲ နေချင်တော့တယ်"

သဒ္ဒါရည်သည် သူ့အား အံ့သြသည့်ပုံစံနှင့် ကြည့်သည်။

"အခုရော ရဲဝေဆိုတဲ့ အူကြောင်ကျားက သူသူငယ်ချင်း အူကြောင်ကြောင် သုံးယောက်နဲ့ မန္တလေးမှာ Super Market ဖွင့်ထားတာ ငါမသိဘူး မှတ်လို့လား။ ဦးရဲကတောင် ပြောတယ် အဖေ လျက်ဆားလည်မရောင်းတော့ဘူးတဲ့။ ငါ့လျက်ဆားကို ရဲဝေရဲ့ Super Market မှာပဲ တင်ရောင်းတော့မယ်တဲ့။ မလုပ်ပါနဲ့ ရဲဝေရယ်၊ စိတ်ကူးမလွဲပါနဲ့ ဒီအတိုင်းပဲ အူကြောင်ကျားက အူကြောင်ကျားလိုပဲ နေပါ။ နင် သာမန်ကောင်လေးတွေလို တည်တည်ကြီးဆို ငါ နင့်ကို ချစ်မှာမဟုတ်တော့ဘူး ရဲဝေ"

ရဲဝေ စဉ်းစားသည်။ ပြီးတော့ ပိုင်ပိုင်ဆုံးဖြတ်ချက်ချသည်။

"ဒါဆိုရင်လည်း ငါ မိုးနတ်မင်းကို တောင်းပန်ရတော့မှာပေါ့ သဒ္ဒါရည်၊ မင်္ဂလာပွဲပြီးပြီးချင်းသာ နင် ငါ့ကို မိုးနတ်မင်းရှိရာ ကားမောင်းပြီး လိုက်ပို့ပေးပါ"





ဘယ်နေရာဆိုသည်ကို မသိသော်လည်း သဒ္ဒါရည်က ကြည်နူးစွာ ခေါင်းညိတ်ပြလိုက်လေသည်။

○

မင်္ဂလာပွဲအပြီးမှာတော့ ဧည့်သည်တော် မန္တလေး၊ စစ်ကိုင်း၊ ပုသိမ်ကြီးတို့မှ ကောင်မလေး သုံးယောက်သည် ဦးမျိုးမြင့်မိုရ်ရှိရာ ရောက်လာကာ အချိုသတ်လျက် ရန်စကြလေသည်။ သူတို့၏ ရည်ရွယ်ချက်မှာ ရဲဝေအတွက် ယောက္ခမအား ဦးချိုးထားခြင်းဟူ၍ ဖြစ်လေသည်။

"စိတ်မကောင်းပါဘူး အန်ကယ်၊ ဦးဂျိုးရဲကို မင်္ဂလာဆောင်အမီ အချိန်ကိုက်ပို့ပေးလိုက်တာ ကျွန်တော်ပါပဲ။ ကျွန်တော် ဦးဂျိုးရဲကို ခေါ်လို့ရပြီဆိုတဲ့ စကားဝှက်က 'ဗေဒင်ကိန်းခန်းကတော့ အချိန်အခါကောင်းရပြီ။ မင်းသဒ္ဒါရည့်ကို လက်ထပ်ဖို့ ပြောလို့ရပြီ။ နက္ခတ်စုံသွားပြီ' ဆိုတာပါပဲ။ ကျွန်တော်က ဘောစိမိုးမြင့်ပါ၊ ဟောဒါက အချပ်ပို-တစ်ပါ"

လေဒီဂါဂါ ဖြိုးသန္တာက ဦးမျိုးမြင့်မိုရ်အား ပြုံးပြသည်။

"မင်္ဂလာပွဲမှာ အန်ကယ့်မျက်နှာကတော့ မြတ်လေးရဲ့ နာမည်ကြီးရုပ်ရှင်ကား ငို၍ ရယ်၍မရသော မျက်နှာပါပဲ။ အချပ်ပို-တစ်မှာ သမီးဖတ်ပြခဲ့သားပဲ။ 'မင်္ဂလာဆောင်တဲ့နေ့မှာ အန်ကယ် အချစ်ဆုံး မိန်းကလေးကို အန်ကယ် ဆုံးရှုံးရမယ်။ သူ့ကို အန်ကယ်မပိုင်သလို ရဲဝေလည်း မပိုင်ဘူး။ တခြားသူ ပိုင်သွားမယ်' ဆိုတာလေ။ အခုကျ အန်တီဝေသွယ့်ကို ဦးဂျိုးရဲ ပိုင်သွားပြီ မဟုတ်လား အန်ကယ်"

ဦးမျိုးမြင့်မိုရ် မချိတင်ကဲနှင့် ခေါင်းညိတ်ပြသည်။

○

"သူကတော့ အချပ်ပို-နှစ်ပါ အန်ကယ်"

ငါးမြွေထိုးမ. . . ဆွေလှိုင်က ပြုံးပြသည်။ အချပ်ပို-နှစ်ဆိုမှ ဦးမျိုးမြင့်မိုရ်သည် မိုးနတ်မင်းအား သတိရလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အချုပ်ပို-နှစ်၊ ဟုတ်ပြီ သတိရပြီ ရဲ. . . ရဲဝေ ရဲဝေ အခု ဘယ်မှာလဲ ကလေးမ"

"ရဲဝေ မိုးနတ်မင်းဆီ သွားတယ်။ သဒ္ဒါရည်က ကားနဲ့ လိုက်ပို့ပေးတာလေ။ ဘာဖြစ်လို့လဲ အန်ကယ်"

"ငါ. . . ငါလည်း မိုးနတ်မင်းကို မမြင်ဖူးလို့ပါ"

ဦးမျိုးမြင့်မိုရ်သည် သဒ္ဒါရည့်ထံသို့ ဖုန်းဆက်လိုက်လေသည်။

■



နီပိုး

# မိုးနတ်မင်းသို့... လိပ်စာ

www.burmeseclassic.com

www.burmeseclassic.com

မိုးနတ်မင်း၏ လိပ်စာကို သူ မသိပါ။ မိုးနတ်မင်း ဘယ်မှာရှိသည်ကိုလည်း သူ မသိပါ။ သေချာစွာ ပြောနိုင်သည်ကတော့ မိုးနတ်မင်းဆိုသည့်အတွက် မိုးပေါ်မှာပဲ ရှိနေမည်က သေချာပါသည်။ ဟိုတယ်၏ မင်္ဂလာခန်းမမှအထွက်မှာ အဖြူရောင် သတို့သမီးဝတ်စုံ ဂါဝန်ဖားဖားကြီးနှင့် သဒ္ဒါရည်က ကားမောင်းသူနေရာမှာ ထိုင်ရင်း 'ဘယ်ဘက်ကို မောင်းရမှာလဲ' မေးတော့ သူက မျက်စိမှိတ်လျက် လက်ညှိုးညွှန်သည်။ သူ ညွှန်ရာအရပ်သည် မြောက်အရပ် ဖြစ်နေသည်။ သဒ္ဒါရည်သည် မြောက်ဘက်သို့ ကားကို မောင်းထွက်ခဲ့သည်။

"မြို့ပြင်ထိ မောင်းရလိမ့်မယ် သဒ္ဒါရည်"

"မိုးနတ်မင်းက မြို့ပြင်မှာ နေတာလား"

"အဲလိုတော့ မဟုတ်ပါဘူး၊ မြို့ထဲမှာဆိုရင် ငါက လူတွေအများကြီးထဲမှာ ရောနေမှာ။ မြို့ပြင်ဘက်က ကွင်းပြင်ကျယ်ကြီးထဲမှာဆိုတော့ ငါတစ်ယောက်တည်း ထီးထီးကြီး သူ မြင်ရမှာပေါ့"

သဒ္ဒါရည်သည် အူတိအူကြောင်နှင့် တခစ်ခစ် ရယ်လျက် ကားကို မောင်းလာခဲ့သည်။ ရဲဝေက နံဘေးမှာ အတည်ပေါက်နှင့် ထိုင်လိုက်လာသည်။ ရဲဝေ ဤသို့ အူကြောင်ကြောင်လုပ်နေသည်ကို ကြည့်နေရလျှင်





သူမ ဘာကြောင့် ပျော်ရွှင်နေသည် မသိပါ။ သည်အခိုက်မှာပင် သူမထံသို့ ဖေဖေ့ဖုန်းဝင်လာသည်။

"ဟုတ်ကဲ့ ပြောပါ ဖေဖေ"

"သမီး အခု ဘယ်ဘက်ကို မောင်းနေတာလဲ။ ဖေဖေ အခု သမီးတို့နောက်ကို လိုက်လာနေတာ။ သမီးတို့ မိုးနတ်မင်းဆီ သွားနေတာ မဟုတ်လား"

"ဟင် . . . ဖေဖေလည်း သိနေတာလား"

"သိတာပေါ့။ ဖေဖေလည်း မိုးနတ်မင်းကို မမြင်ဖူးလို့ပါ"

ရဲဝေက နေရာကို ညွှန်လျက် ဝင်ပြောလိုက်သည်။

"စော်ဘွားကြီးကုန်း၊ အဝေးပြေးဂိတ်ကို ကျော်လိုက်တော့ လမ်းရဲ့ ဘယ်ဘက်ခြမ်းက ကွင်းပြင်ကျယ်ကြီးထဲ လိုက်ခဲ့ပါ အဖေ၊ အဲဒီမှာ ကျွန်တော်တို့ကားလည်း ရပ်ထားမှာပါ"

○

ကွင်းပြင်ကျယ်ကြီး၏အစပ်မှာ ကားရပ်လိုက်သည်။

"ကားပေါ်ကပဲ စောင့်နေပေးပါ သဒ္ဒါရည်၊ မိုးနတ်မင်းကို တောင်

ပန်ပြီးရင် ငါ ပြန်လာမှာပါ"

သဒ္ဒါရည်က ပြုံးနေသော နှုတ်ခမ်းလေးနှင့်အတူ ခေါင်းညိတ်

သည်။ ရဲဝေသည် ကားပေါ်မှ ဆင်းကာ ကွင်းပြင်ကျယ်ကြီး၏အလ

သို့ လျှောက်လာခဲ့သည်။ ကွင်းပြင်ကျယ်ကြီး၏ အလယ်မှာ သူ ရပ်လို

၏။ ဤမျှဝေးသော အကွာအဝေးမှာ သူ အသံကျယ်ကျယ်ပြောသော

စကားတွေကို သဒ္ဒါရည် မည်သို့မျှ ကြားနိုင်မည် မဟုတ်ပါ။

ရဲဝေသည် ကောင်းကင်ကြီးအား မော့ကြည့်လိုက်သည်။ ပြီးနော

မိုးနတ်မင်းအား အာရုံပြုလျက် အရိုအသေပေးလိုက်သည်။ ကော

ပြာကြီးသည် မိုးသားရိပ်ခြည်ကင်းလျက် ကြည်လဲ့နေသည်။ နတ် (ဒ

www.burmeseclassic.com



နာရီ (၁၀) မိနစ်ဆိုသော်ငြား ဆောင်းနေက မပြင်းပါ။ ကောင်းကင်ကြီး အား တွေတွေစူးစူးကြီးကြည့်နေသော ရဲဝေ၏ မျက်ဝန်းတွေထဲမှာ ဘာတွေ မြင်နေရသည်တော့ မသိပါ။ နှုတ်ခမ်းတွေမှ စကားသံတွေ ပွင့်ထွက်လာ၏။

“ကတိပျက်တဲ့လူတစ်ယောက်၊ သစ္စာရှိတဲ့လူတစ်ယောက်အနေနဲ့ တောင်းပန်ပါတယ် မိုးနတ်မင်း ခင်ဗျာ၊ လွန်ခဲ့တဲ့ နှစ်နှစ်နီးပါးအချိန်က အဘိုးရဲ့ သွေးအပြည့်နဲ့ ငွေရှာဖို့တစ်ခုကလွဲပြီး ဘာမှမသိတဲ့ ရယ်ခြင်း ပြုံးခြင်း မရှိတဲ့ ကောင်လေးတစ်ယောက်ဟာ ရန်ကုန်က သူ့အမေရှိရာ အလည်ရောက်နေခိုက်မှာ သဒ္ဒါရည်ဆိုတဲ့ ကောင်မလေးကို မြင်လိုက်ရပြီး မြင်မြင်ချင်းပဲ ချစ်မိသွားပါတယ်။ သဒ္ဒါရည်ဟာ ချစ်စရာကောင်းသလောက် မာနကြီးပါတယ်။ ယောက်ျားတွေကိုလည်း ဘယ်သူ့မှ အထင်မကြီးပါဘူး။ သူ့အနားကို ဘယ်ယောက်ျားလေးမှလည်း မချဉ်းကပ်နိုင်ခဲ့ပါဘူး။ အဲဒီကောင်လေးလည်း ဘယ်လိုမှ ချဉ်းကပ်လို့ရမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် အဲဒီကောင်လေးဟာ သဒ္ဒါရည့်ကို ဘယ်လို ချဉ်းကပ်ပြီး သဒ္ဒါရည်ရဲ့အချစ်ကို ဘယ်လိုနည်းနဲ့ရအောင် လုပ်ရမလဲလို့ စဉ်းစားလိုက်တဲ့အခါမှာ အကောင်းဆုံးနည်းလမ်းကို တွေ့ရှိခဲ့ပါတယ်။ အဲဒါကတော့ မာနကြီးပြီး အေးဆေးတည်ငြိမ်တဲ့ သဒ္ဒါရည့်ကို အူကြောင်ကြောင် ရူးကြောင်ကြောင်ပုံစံနဲ့ ဝင်ရောပြီး သဒ္ဒါရည်ရဲ့အချစ်ကို အရယူမယ်ဆိုတဲ့ နည်းလမ်းပါပဲ။ သိပ်ကို ကြောက်စရာကောင်းပြီး မာယာများတဲ့ ကောင်ပါပဲ။ သူဟာ သူလိုချင်တာတစ်ခုကို ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် ရအောင်ယူတတ်တဲ့သူပါ။ အဲဒီမှာပဲ သူဟာ အခုလို ကွင်းပြင်ကျယ်ကြီးထဲကို ရောက်လာပြီး မိုးနတ်မင်းကို တိုင်တည်ခဲ့ပါတယ်။ သူဟာ ရိုးသားတဲ့ အူကြောင်ကြောင် အတတ ကောင်လေးတစ်ယောက်လို ဟန်ဆောင်ပြီး သဒ္ဒါရည့်ကို အရယူမယ်၊ သဒ္ဒါရည့်ကို ပိုင်ဆိုင်ပြီးတဲ့ အခါမှာ သဒ္ဒါရည့် အလိုကျ အားလုံးလိုက်လျောမယ်၊ သူလည်း အူ





ကြောင်ကြောင်ဘဝကို စွန့်လွှတ်မယ်။ သူ့ရဲ့ မူလပုံစံ အရယ်အပြုံးမရှိတဲ့ စီးပွားရေးသမားအဖြစ် ပြန်နေပါ့မယ်လို့ မိုးနတ်မင်းကို တိုင်တည်ပြီး သစ္စာပြုခဲ့ပါတယ်။ (အရယ်အပြုံးမရှိဆိုတာကတော့ သူ့မှာ ဝမ်းသာရင် မေ့သွားတတ်တဲ့ရောဂါ ရှိလို့ပါပဲ)

“အဲဒီနောက်မှာ မန္တလေးမှာ ဆယ့်တစ်လတိတိ အူကြောင်ကြောင် သူငယ်ချင်းသုံးယောက်နဲ့တွဲပြီး အူကြောင်ကြောင် အမူအကျင့်နဲ့ စရိုက်တွေ လေ့ကျင့်ခဲ့ပါတယ်။ အခုတော့ အဲဒီကောင်လေးဟာ ရိုးသားတဲ့ အူကြောင်ကြောင် ကောင်လေးအဖြစ်နဲ့ လိမ်ညာပြီး သဒ္ဒါရည့်ကို ပိုင်ဆိုင်ခဲ့ပါပြီ။ အဲဒီကောင်လေးဟာ ချစ်သူကောင်မလေးကို ရိုးသားစွာ ချစ်ခဲ့တာပါ။ အဖေဟာ သဒ္ဒါရည့်အမေရဲ့အသက်ကို ကယ်ခဲ့တဲ့သူဆိုတာကိုတောင်မှ သူဟာ မနေ့တစ်နေ့ကမှ သိခဲ့ရတာပါ။ အဲဒီကိစ္စကိုတော့ ကောင်လေးရဲ့အချစ်နဲ့ မရောထွေးပါနဲ့ခင်ဗျာ”

ထိုစဉ်မှာပင် သဒ္ဒါရည်၏ ကားအနီးသို့ ကားတစ်စီးလာရပ်သည်ကို ပါးနပ်သော သူ့မျက်လုံးတွေက မျက်လုံးထောင့်ထဲမှာ မြင်လိုက်ရသည်။ ကားပေါ်မှ ဦးမျိုးမြင့်မိုရ် ဆင်းလာသည်ကို မျက်လုံးထောင့်ထဲမှာပင် မြင်လိုက်ရတော့ သဒ္ဒါရည့်အတွက် စိတ်အေးသွားသည်။

“သဒ္ဒါရည်က အဲဒီကောင်လေးကို အူကြောင်ကြောင်ကောင်လေးမို့လို့ ချစ်ခဲ့တာပါ၊ သဒ္ဒါရည်ရဲ့ဆန္ဒက သူ့ချစ်သူကောင်လေးကို အူကြောင်ကြောင် ကောင်လေးအဖြစ်နဲ့ပဲ တစ်သက်လုံးရှိစေချင်တာပါ”

“ခွင့်လွှတ်ပါ မိုးနတ်မင်းခင်ဗျာ၊ သဒ္ဒါရည့်ကို ပိုင်ဆိုင်ပြီးရင် လိမ်ညာ ဟန်ဆောင်ထားတဲ့ အူကြောင်ကျားဘဝကို စွန့်လွှတ်ပါ့မယ်လို့ မိုးနတ်မင်းကို ပေးထားတဲ့ကတိကို ကျွန်တော် မတည်နိုင်တော့ပါဘူး။ သဒ္ဒါရည့်ကို ပိုင်ဆိုင်ပြီးရင် သဒ္ဒါရည့်အလိုကျ အားလုံး လိုက်လျောပါ့မယ်ဆိုတဲ့ မိုးနတ်မင်းကို တိုင်တည်ထားတဲ့သစ္စာကိုပဲ ကျွန်တော် ထာဝရ စောင့်သိပြီး သစ္စာတည်ပါတော့မယ်။ ချစ်သူ့အလိုကျ အူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြောင် အတတ ပုံစံနဲ့ပဲ ကျွန်တော် တစ်သက်လုံး ဟန်ဆောင်ပြီး နေသွားပါတော့မယ် ခင်ဗျား"

ကွင်းပြင်ကျယ်ကြီး၏ အစပ်မှ လှမ်းလာနေသော ဦးမျိုးမြင့်မိုရ်ကို မျက်လုံးထောင့်မှာ မြင်လိုက်ရသည်။ ရဲဝေ ပြုံးသည်။ ကိစ္စမရှိ သူပြောစရာအားလုံးလည်း ပြောဆိုပြီးသွားပြီ ဖြစ်သည်။

၀

သည်လူကြီးသည် မိုးနတ်မင်းအား ဘာကြောင့်များ မြင်ဖူးချင်လေသည် မသိ။ အူကြောင်ကြောင်တွေနှင့် အနေများလျှင် ကိုယ်ပါ အူကြောင်ကြောင် ဖြစ်သွားသည်ဆိုသော သင်ခန်းစာအား ဒီကရှေ့မှာ သည်လူကြီး တစ်ခုပြီးတစ်ခု သိလာပါလိမ့်မည်။

ကောင်းကင်ပြာသည် မိုးသားရိပ်ခြည်ကင်းကာ ကြည်လဲ့နေသည်။ ရဲဝေသည် ကြည်လဲ့ ကောင်းကင်ပြာကြီးအား မတ်တတ်ရပ်လျက် ငေးငေးစူးစူးကြီး ကြည့်နေ၏။ သူ့အနားမှာ ဦးမျိုးမြင့်မိုရ် ရောက်လာသည်။

"မိုးနတ်မင်းက ဘယ်မှာလဲ ရဲဝေ"

ရဲဝေက ကောင်းကင်ယံတစ်နေရာကို လက်ညှိုးညွှန်ပြသည်။

သူ ညွှန်ပြရာသို့ ဦးမျိုးမြင့်မိုရ် ကြည့်လိုက်သည်။ အားပြုပြီး ကြည့်သည်။ မျက်လုံးတွေ မှေးကြည့်သည်။ မျက်လုံးတစ်ဖက် မှိတ်ကြည့်သည်။ ဦးမျိုးမြင့်မိုရ် အမျိုးမျိုး ကြိုးစားကြည့်သည်။

ဘာမှ . . . မမြင်ရပါ . . . ။

နီကိုရဲ



BURMESE CLASSIC
www.burmeseclassic.com